မြန်မာနိုင်ငံ ဒေသဆိုင်ရာ အုပ်ချုပ်မှုစနစ် ဆွေးနွေးချက် စာတမ်းများ

# မြန်မာနိုင်ငံ၏ မြူနီစီပယ်အုပ်ချုပ်မှုစနစ်
# စည်ပင်သာယာရေး အဖွဲ့များအကြောင်း သုံးသပ်ဆွေးနွေးခြင်း









မက်သယူးအာနိုးလ်၊ ရဲသူအောင်၊ ဆူဆန်ကမ့်ဘဲနှင့် ကြည်ပြာချစ်စော

ဇူလိုင် ၂၀၁၅

ဆွေးနွေးချက်စာတမ်း အမှတ် - ၇

MDRI CESD

The Asia Foundation
Improving Lives, Expanding Opportunities

# မြန်မာနိုင်ငံ၏ မြူနီစီပယ်အုပ်ချုပ်မှုစနစ်
# စည်ပင်သာယာရေးအဖွဲ့များအကြောင်း သုံးသပ်ဆွေးနွေးခြင်း

မက်သယူးအာနိုးလ်၊ ရဲသူအောင်၊ ဆူဆန်ကမ့်ဘဲနှင့် ကြည်ပြာချစ်စော

ဇူလိုင် ၂၀၁၅

**မက်သယူးအာနိုးလ်** နှင့် **ရဲသူအောင်** တို့သည် အာရှဖောင်ဒေးရှင်း မြန်မာနိုင်ငံဆိုင်ရာရုံးမှ အစီအစဉ်ညွှန်ကြားရေးမှူးနှင့် အကြီးတန်းအစီအစဉ်အရာရှိ တို့ဖြစ်ကြသည်။ **ဆူဆန်ကမ့်ဘဲ** မှာ မြန်မာနိုင်ငံ၏ ဒေသန္တရအုပ်ချုပ်ရေးစနစ်ကို အထူးပြု လေ့လာသော သီးခြားလွတ်လပ်သည့် အတိုင်ပင်ခံတစ်ဦးဖြစ်သည်။ **ကြည်ပြာချစ်စော**မှာ မြန်မာ့ဖွံ့ဖြိုးရေး အရင်းအမြစ်အဖွဲ့အစည်း၊ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးရေးအဖွဲ့ (MDRI-CESD) မှ တွဲဘက်သုတေသနမှူးဖြစ်သည်။ စာရေးသူများအနေနှင့် ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ စည်ပင်သာယာ ရေးဝန်ကြီးများ၊ စည်ပင်သာယာရေးအဖွဲ့ရုံးဝန်ထမ်းများနှင့် ကော်မတီဝင်များကို ယခုသုတေသနအတွက် သတင်းအချက် အလက်များ ကောက်ခံ စုဆောင်းရာတွင် ပံ့ပိုး ကူညီခဲ့ကြသည့်အတွက် အထူးကျေးဇူးတင်ရှိပါသည်။ ထို့အပြင် စာရေးသူများသည် ဂျူရတ်ဘစ်ဆင်ဂျာ၊ တင်မောင်သန်း၊ ဂေးလ်(စ်) ဒစ်ဆင်ဂျုန်း(စ်)၊ အက်(စ်)ကနေဒီနှင့် ကင်(မ်)နင်တို့အားလည်း ယခုစာတမ်းနှင့် ပတ်သက်၍ လေးလေးနက်နက်သုံးသပ်ပြီး အပြုသဘော ထောက်ပြ အကြံပြုခဲ့ကြခြင်းအတွက် အထူးကျေးဇူးတင်ပါသည်။ နောက်ဆုံးအနေဖြင့် အာရှဖောင်ဒေးရှင်းမှ သီဒါနွဲ့အား ယခုသုတေသနစာတမ်းအပြင်အဆင်အတွက် အထူးလုံ့လထုတ်ပေးခဲ့ခြင်း ကြောင့်လည်းကောင်း၊ အန်းဘိရှော့ အား တည်းဖြတ်ရာတွင် ပံ့ပိုးကူညီခဲ့ခြင်းကြောင့်လည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**မြန်မာ့ဖွံ့ဖြိုးရေး အရင်းအမြစ်အဖွဲ့အစည်း၊ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးရေးအဖွဲ့ (MDRI-CESD)** သည် မြန်မာနိုင်ငံ၏ လူမှုစီးပွား တိုးတက်ပြောင်းလဲရေးအတွက် ရည်ရွယ်သော သီးခြားလွတ်လပ်သည့် သုတေသနနှင့် အတိုင်ပင်ခံအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ MDRI-CESD သည် စီးပွားရေးကဏ္ဍပြုပြင်ပြောင်းလဲမှု၊ ဆင်းရဲမွဲတေမှုလျော့ချရေး၊ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက် ရေးနှင့် အုပ်ချုပ်မှုစနစ်ကောင်းများ စသောကဏ္ဍများတွင် သက်ဆိုင်သူများ ကိုယ်တိုင်ပါဝင်သော မူဝါဒရေးရာ သုတေသန လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် လက်ရှိပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေကြသော အဓိကအရေးပါသည့် အဖွဲ့အစည်းများအတွက်လည်း လေ့ကျင့်သင်တန်းပေးခြင်းနှင့် ပညာရေးဆိုင်ရာဝန်ဆောင်မှုများကို ဆောင် ရွက်ပေးလျက် ရှိပါသည်။

**အာရှဖောင်ဒေးရှင်း (The Asia Foundation)** သည် အကျိုးအမြတ်မယူသည့် နိုင်ငံတကာ ဖွံ့ဖြိုးရေးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် အာရှဒေသရှိ လူများ၏ လူနေမှုဘဝမြှင့်တင်ပေးသည့် လုပ်ငန်းများကို ဆောင်ရွက် လျက်ရှိပါသည်။ ဆယ်စုနှစ် ခြောက်နှစ်ကြာ ကာလအတွင်း ရရှိထားသည့် လုပ်ငန်းနှင့် ဒေသတွင်း အတွေ့အကြုံများတို့အပေါ် အခြေခံ၍ ၂၁ ရာစုတွင် အာရှဒေသတွင်း တွေ့ကြုံနေရသည့် စိန်ခေါ်မှုများဖြစ်သော စီမံအုပ်ချုပ်မှုနှင့် ဥပဒေ၊ စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှု၊ အမျိုးသမီး စွမ်းဆောင်ရည်မြင့်မားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများကို လုပ်ဆောင်လျက် ရှိပါသည်။ ထို့ပြင် Books for Asia အစီအစဉ်နှင့် ပညာရပ်ဆိုင်ရာ အပြန်အလှန်ဖလှယ်မှုများကိုပါ ဆောင်ရွက် ခြင်းဖြင့် အာရှဒေသ ငြိမ်းချမ်း၊ တရားမျှတကာ ဖွံ့ဖြိုးသာယာရေးအတွက် ကူညီဆောင်ရွက်လျက်ရှိပါသည်။ ဆန်ဖရန်စစ္စကိုတွင် ရုံးချုပ်တည်ရှိပြီး အာရှနိုင်ငံပေါင်း (၁၈) နိုင်ငံနှင့် ဝါရှင်တန်၊ ဒီ စီ တို့တွင် ရုံးများရှိပါသည်။ အာရှဖောင်ဒေးသည် အစိုးရဌာန ဆိုင်ရာနှင့် ပုဂ္ဂလိက မိတ်ဖက်များဖြင့် လုပ်ငန်းများတွဲဖက်လုပ်ဆောင်ကာ၊ ရန်ပုံငွေများအား နှစ်နိုင်ငံနှင့် နိုင်ငံပေါင်းစုံ ပါဝင်သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများ၊ ကော်ပိုရေးရှင်းများ နှင့် တစ်သီးပုဂ္ဂလအလှူရှင်များမှ လက်ခံရရှိပါသည်။

## အမှာ

မြန်မာ့ဖွံ့ဖြိုးရေး အရင်းအမြစ်အဖွဲ့အစည်း၊ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးရေးအဖွဲ့ (MDRI-CESD) နှင့် အာရှဖောင်ဒေးရှင်းတို့သည် *မြန်မာနိုင်ငံ ဒေသဆိုင်ရာအုပ်ချုပ်မှုစနစ် ဆွေးနွေးချက်စာတမ်းများ* (Subnational Governance in Myanmar Discussion Paper Series) မှ သတ္တမမြောက်စာစဉ်ဖြစ်သော ယခုစာတမ်းကို ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ဖြန့်ချီအပ်ပါသည်။

မြန်မာနိုင်ငံတွင် ဖြစ်ထွန်းနေသောအပြောင်းအလဲများ၏ အရှိန်က မြန်ဆန်ပြီး အမြဲတမ်းပြောင်းလဲဖြစ်ပေါ်နေသည်။ ဗဟိုချုပ်ကိုင်မှု လျှော့ချရေးနှင့် ဒေသန္တရအုပ်ချုပ်ရေးတို့သည် တိုင်းပြည်၏ရေရှည်ဖွံ့ဖြိုးရေးနှင့် အစိုးရ၏ ပြုပြင်ပြောင်းလဲရေးအစီအစဉ်များအတွက် အလွန်အရေးပါသော ကိစ္စရပ်များဖြစ်သည်။ ထို့ကြောင့် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးနှင့် ဒေသန္တရအုပ်ချုပ်ရေးတို့နှင့်ဆက်စပ်သည့် ပြုပြင်ပြောင်းလဲရေးကဏ္ဍများအတွက် အချိန်နှင့်တပြေးညီဆောင်ရွက်မည့် သုတေသနများနှင့် လေ့လာဆန်းစစ်မှုများ အရေးတကြီး လိုအပ်လျက်ရှိသည်။ ယခုသုတေသန ဆွေးနွေးချက်စာတမ်းများသည် အာရှဖောင်ဒေးရှင်းနှင့် MDRI-CESD တို့အကြား ကာလရှည်ပူးပေါင်းဆောင်ရွက်မှုမှ ပေါ်ထွက်ခဲ့ပြီး အမျိုးသားအဆင့်နှင့် ဒေသန္တရအဆင့် မူဝါဒချမှတ်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးမိတ်ဘက်အဖွဲ့များနှင့် အခြားစိတ်ပါဝင်စားသူများအားလုံးကို ပြည်နယ်/တိုင်းဒေသကြီးနှင့် ဒေသန္တရအဆင့် အုပ်ချုပ်ရေးကိစ္စရပ်များနှင့်ပတ်သက်သော သုတေသနတွေ့ရှိချက်များကို မျှဝေပေးရန်ရည်ရွယ်ပါသည်။ ယခုသုတေသန တွေ့ရှိချက်များသည် အထူးသဖြင့် မူဝါဒချမှတ်ရေးနှင့် ပြုပြင်ပြောင်းလဲရေးတို့တွင် တိုက်ရိုက်အထောက်အပံ့ဖြစ်စေပါလိမ့်မည်။

မြန်မာနိုင်ငံသည် သမိုင်းအစဉ်အလာအားဖြင့် ကျေးလက်မြေယာလူ့အဖွဲ့အစည်းတစ်ခုဖြစ်သော်လည်း မြို့ပြဖြစ်ထွန်းမှုများသည် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နေ့တခြားပိုမိုအရေးပါလာခဲ့သည်။ မြန်မာနိုင်ငံ၏ အကြီးဆုံးမြို့ကြီးများဖြစ်သော ရန်ကုန်နှင့် မန္တလေးတို့သည် စီးပွားရေးအလျင်အမြန်ဖွံ့ဖြိုးလာပြီး တည်ဆောက်ရေးစီမံကိန်းသစ်များ အများအပြားဆောင်ရွက်လာသည်နှင့်အမျှ အများ၏အာရုံစိုက်မှုကို ပိုမိုရရှိသော်လည်း နိုင်ငံတဝှမ်းမှ အခြားသော မြို့ကြီးများနှင့် မြို့ငယ်များသည်လည်း မြန်မာနိုင်ငံ၏အသွင်ကူးပြောင်းရေးနှင့်အတူ အလျင်အမြန်ဖွံ့ဖြိုးပြောင်းလဲလာနေကြသည်။ မြူနီစီပယ်အဖွဲ့များဟုခေါ်တွင်ခဲ့သော စည်ပင်သာယာရေးအဖွဲ့များသည် မြို့နယ်တိုင်းတွင်တည်ရှိပြီး သောက်သုံးရေနှင့် အညစ်အကြေးစွန့်လုပ်ငန်း၊ အမှိုက်သိမ်းဆည်းခြင်း၊ လမ်းပြုပြင်ထိန်းသိမ်းခြင်းစသည်တို့ကို ဝန်ဆောင်ပေးသည့်အပြင် စီးပွားရေးလုပ်ငန်းလိုင်စင်များနှင့် အဆောက်အအုံ ဆောက်လုပ်ခွင့်များထုတ်ပေးခြင်း၊ အဆောက်အအုံ အခွန်များကောက်ခံခြင်း စသည်တို့ကိုလည်း စီမံဆောင်ရွက်နေကြသည်။

စည်ပင်သာယာရေးအဖွဲ့များသည် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်မြို့များမှအပ ကျန်မြို့ပြဒေသများအားလုံးအတွက် မြူနီစီပယ်အဖွဲ့အစည်းများဖြစ်ကြသော်လည်း ၎င်းတို့၏ဖွဲ့စည်းတည်ဆောက်ပုံနှင့် အမှန်တကယ် ဆောင်ရွက်သောလုပ်ငန်းရပ်များအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် သိနားလည်ထားခြင်းမရှိပါ။ မြူနီစီပယ်အုပ်ချုပ်ရေးစနစ်နှင့်ပတ်သက်သည့် သတင်းအချက်အလက်နှင့် သိနားလည်မှုဆိုင်ရာကွက်လပ်ကို ဖြည့်ရန်အလို့ငှာ ယခုသုတေသနတွင် စည်ပင်သာယာရေးအဖွဲ့များအကြောင်းကို အသေးစိတ်လေ့လာသုံးသပ်ပြထားပါသည်။ ယခုစာတမ်းသည် စည်ပင်သာယာရေးအဖွဲ့များ၏ သမိုင်းကြောင်း၊ ဖွဲ့စည်းတည်ဆောက်ပုံ၊ လုပ်ငန်းရပ်များ၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့်များတွင် လက်တွေ့လုပ်ငန်းဆောင်ရွက်ပုံများနှင့် များမကြာမီနှစ်များအတွင်းက နိုင်ငံတွင် စတင်မိတ်ဆက်ခဲ့သော နိုင်ငံရေးနှင့်အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများကြောင့် ယင်းအဖွဲ့အစည်းများ၏ အသွင်သဏ္ဍာန်နှင့် အနှစ်သာရပြောင်းလဲမှုများကိုပါ နည်းစနစ်တကျ သုံးသပ်ဆွေးနွေးထားပါသည်။

ဤစာတမ်းအတွက် လိုအပ်သောရန်ပုံငွေကို ဗြိတိန်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးရေးဌာန (DFID) ကထောက်ပံ့ပေးပါသည်။ စာတမ်းတွင် ဖော်ပြထားသော ထင်မြင်သုံးသပ်ချက်များသည် ကာယကံရှင်စာရေးသူများ၏ထင်မြင်ချက်များသာဖြစ်ပြီး DFID၊ MDRI-CESD နှင့် အာရှဖောင်ဒေးရှင်းတို့၏ သဘောထားများမဟုတ်ပါ။

ဒေါက်တာဇော်ဦး
အမှုဆောင်ဒါရိုက်တာ
MDRI-CESD

ဒေါက်တာကင်(မ်)နင်
မြန်မာနိုင်ငံဌာနေကိုယ်စားလှယ်
အာရှဖောင်ဒေးရှင်း

# မာတိကာ


**အတိုကောက်ဝေါဟာရများ** ---------- v

**အစီရင်ခံစာအနှစ်ချုပ်** ---------- vi

**တစ်။ နိဒါန်း** ---------- 1

**နှစ်။ စည်ပင်သာယာရေးအဖွဲ့များ၏ သမိုင်းနောက်ခံနှင့် ခေတ်ပြိုင်ပြောင်းလဲဖွံ့ဖြိုးလာမှုဖြစ်စဉ်** ---------- 5

**သုံး။ ဥပဒေလုပ်ပိုင်ခွင့်များနှင့် ပြည်နယ်/တိုင်းဒေသကြီး ဒေသန္တရအုပ်ချုပ်ရေးစနစ်အတွင်း ဖွဲ့စည်းတည်ရှိမှုအနေအထား**

၃.၁။ စည်ပင်သာယာရေးအဖွဲ့များ၏ ဥပဒေကြောင်းအရလုပ်ပိုင်ခွင့်များ ---------- 10

၃.၂။ မြန်မာနိုင်ငံ၏ ပြည်နယ်/တိုင်းဒေသကြီး ဒေသန္တရအုပ်ချုပ်ရေးစနစ်အတွင်း
စည်ပင်သာယာရေးအဖွဲ့များ၏နေရာ ---------- 13

**လေး။ ပြည်နယ်/တိုင်းဒေသကြီးနှင့် မြို့နယ်များရှိ စည်ပင်သာယာရေးအဖွဲ့ရုံးများ၏လုပ်ငန်းရပ်များ** ---------- 16

၄.၁။ ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံးများ ---------- 16

၄.၂။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးများ ---------- 19

**ငါး။ မြို့နယ်စည်ပင်သာယာရေးအထောက်အကူပြုကော်မတီများနှင့် အရေးကြီးသောဆက်နွယ်မှုများ** ---------- 36

၅.၁။ မြို့နယ် စည်ပင်သာယာရေးအထောက်အကူပြုကော်မတီများ ---------- 36

၅.၂။ အဓိကဆက်နွယ်ပတ်သက်မှုများ ---------- 42

**ခြောက်။ မူဝါဒရေးရာအကြံပြုချက်များ** ---------- 48

၆.၁။ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာစိန်ခေါ်မှုများနှင့် မူဝါဒရေးရာဦးစားပေးလုပ်ငန်းစဉ်များ ---------- 48

၆.၂။ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးတွင် စည်ပင်သာယာရေးအဖွဲ့များ၏ နိုင်ငံရေးအရ အရေးပါမှု ---------- 55

**ကိုးကားစာရင်း**

**နောက်ဆက်တွဲများ**

နောက်ဆက်တွဲ - ၁။ ။ တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျား/မ အလိုက် လူဦးရေပျံ့နှံ့နေထိုင်မှု ---------- 60

နောက်ဆက်တွဲ - ၂။ ။ပြည်နယ်/တိုင်းဒေသကြီးအစိုးရဖွဲ့စည်းပုံ ---------- 61

နောက်ဆက်တွဲ - ၃။ ။ မြူနီစီပယ်စီမံခန့်ခွဲမှု၏ ပင်မလုပ်ငန်းတာဝန် (၃၁) ခု ---------- 62

နောက်ဆက်တွဲ - ၄။ ။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/၉၃ ----------63

နောက်ဆက်တွဲ - ၅။ ။ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ နောက်ဆက်တွဲ ဇယား- ၂ ---------- 64

နောက်ဆက်တွဲ - ၆။ ။ မြန်မာနိုင်ငံတွင် စည်ပင်သာယာရေးဥပဒေများ အဆင့်ဆင့်ပြောင်းလဲလာပုံ ---------- 66

နောက်ဆက်တွဲ - ၇ ။ ။ ပြည်နယ်နှင့်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံးများ၏ ဖွဲ့စည်းပုံဇယား ---------- 67

နောက်ဆက်တွဲ - ၈ ။ ။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များ ---------- 68

နောက်ဆက်တွဲ - ၉ ။ ။ မြို့နယ်စည်ပင်သာယာရေးရုံးအဖွဲ့ ဖွဲ့စည်းပုံ ---------- 69

နောက်ဆက်တွဲ- ၁၀။ ။ စည်ပင်သာယာရေးအဖွဲ့များ၏ ဒဏ်ငွေနှင့် ပြစ်ဒဏ်များကွာခြားမှု နမူနာ ---------- 70

နောက်ဆက်တွဲ - ၁၁။ ။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား (၅) ---------- 71

နောက်ဆက်တွဲ - ၁၂။ ။ မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ---------- 72

နောက်ဆက်တွဲ- ၁၃။ ။ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများကိုယ်တိုင်ထုတ်ဖော်ပြောကြားသော
အဖွဲ့အစည်း ဖွံ့ဖြိုးမှုဆိုင်ရာ လိုအပ်ချက်များ ---------- 74

## အတိုကောက်ဝေါဟာရများ

| | |
|---|---|
| စီအက်(စ်)အို | အရပ်ဘက်အဖွဲ့အစည်းများ |
| ဒီအေအို | စည်ပင်သာယာရေးအဖွဲ့ |
| ဒီဒီအေ | စည်ပင်သာယာရေးဦးစီးဌာန |
| ဒီအာ(လ်)ဒီ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| ဂျီအေဒီ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| အမ်စီဒီစီ | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ |
| အမ်အိုဘီအေ | နယ်စပ်ရေးရာဝန်ကြီးဌာန |
| အမ်အိုစီ | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| အမ်အိုအိပ်(ရှ်)အေ | ပြည်ထဲရေးဝန်ကြီးဌာန |
| အမ်အိုအယ်(လ်)အက်(ဖ်)အာဒီ | မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| အမ်အက်(စ်)အမ်အီး(လ်) | အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ |
| အက်(စ်)အယ်(လ်)အိုအာ(လ်)စီ | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| အက်(စ်)ပီဒီစီ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ |
| တီဒီအေစီ | မြို့နယ်စည်ပင်သာယာရေးကော်မတီ |
| ယူစီအက်(စ်)ဘီ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ |
| ဝိုင်စီဒီစီ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ |

# အစီရင်ခံစာအနှစ်ချုပ်

မြန်မာနိုင်ငံသည် သမိုင်းတွင်မည့် အုပ်ချုပ်မှုစနစ်ပြုပြင်ပြောင်းလဲရေးများကိုဆောင်ရွက်လျက်ရှိပြီး အကျိုးဆက်အနေဖြင့် ပြည်နယ်/တိုင်းဒေသကြီးနှင့် ဒေသန္တရအုပ်ချုပ်မှုစနစ်များ၊ ဗဟိုချုပ်ကိုင်မှုလျော့ချခြင်းနှင့် ဗဟိုနှင့် ဒေသန္တရဆက်ဆံရေး သဘောသဘာဝများ အားလုံးလည်း လိုက်ပါပြောင်းလဲလျက်ရှိသည်။ အစဉ်အလာအားဖြင့် မြန်မာနိုင်ငံသည် ကျေးလက်စိုက်ပျိုးရေးအခြေပြု လူ့အဖွဲ့အစည်းတစ်ခုဖြစ်သော်လည်း ယခုအခါ လူဦးရေ၏ သုံးပုံတစ်ပုံနီးပါးမှာ မြို့ကြီးပြကြီးများနှင့် မြို့ငယ်များတွင် နေထိုင်လာကြပြီဖြစ်သဖြင့် မြို့ပြဒေသများမှာ တစ်နေ့တခြားပိုမိုအရေးပါလာပြီဖြစ်သည်။ ယင်းအခြေအနေတွင် မြို့ပြစည်ပင်သာယာရေး စီမံခန့်ခွဲမှုစနစ် (မြူနီစီပယ်အုပ်ချုပ်ရေး) မှာ တိုင်းပြည်ဖွံ့ဖြိုးရေးနှင့် နိုင်ငံရေးအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် ပိုမိုအရေးပါသော အခန်းကဏ္ဍ၌ ရှိလာပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နောက်ဆက်တွဲပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကြောင့် အချို့သောနိုင်ငံ့လုပ်ငန်းတာဝန်များကို အသစ်ဖွဲ့စည်းတည်ထောင်လိုက်သော ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့ ၁၄ ခုသို့ လွှဲပြောင်းပေးခဲ့ပြီး မြို့နယ်အဆင့်တွင်လည်း စီမံခန့်ခွဲမှုယန္တရားအသစ်များ ဖွဲ့စည်းတည်ထောင်ပေးနိုင်ခဲ့သည်။ သို့တိုင်အောင် မြန်မာနိုင်ငံသည် ဗဟိုချုပ်ကိုင်မှုပမာဏ ကြီးမားသော နိုင်ငံတစ်နိုင်ငံဖြစ်နေသေးသည်။ ထိုအခြေအနေတွင် အသစ်ပေါ်ထွန်းလာသော စည်ပင်သာယာစီမံခန့်ခွဲရေးစနစ်မှာ အစဉ်အလာကို ဖောက်ထွက်မှုတစ်ခုဖြစ်လာသည်။ ယခုအခါ မြန်မာနိုင်ငံရှိ မြို့နယ်များ အားလုံးတွင် မြန်မာဘာသာဖြင့် စည်ပင်သာယာရေးအဖွဲ့ (Development Affairs Organisations) များရှိနေပြီဖြစ်ကာ ယင်းအဖွဲ့များသည် လူမှုဝန်ဆောင်မှု အမျိုးအစားများစွာကို ဝန်ဆောင်ပေးခြင်း၊ ဒေသတွင်းစီးပွားရေးလုပ်ငန်းများကို စီမံခန့်ခွဲခြင်းစသော လုပ်ငန်းတာဝန်များ ကိုဆောင်ရွက်သည့် အရေးပါသော မြို့ပြစီမံခန့်ခွဲရေးအဖွဲ့အစည်းများဖြစ်လာကြပြီဖြစ်သည်။

စည်ပင်သာယာရေးအဖွဲ့များ၏ အဓိကဝိသေသလက္ခဏာများမှာ အောက်ပါတို့ဖြစ်သည်။

- ယင်းအဖွဲ့များသည် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများ၏ ထိန်းချုပ်မှုအောက်တွင်လုံးဝရောက်ရှိနေသော အပြည့်အဝဒေသန္တရအာဏာခွဲဝေကျင့်သုံးခွင့်ရသည့် တစ်မျိုးတည်းသော စီမံခန့်ခွဲရေးအဖွဲ့အစည်းများဖြစ်သည်။
- ယင်းအဖွဲ့များသည် မိမိတို့မြို့နယ်အတွင်းကောက်ခံရရှိသော အခွန်ဘဏ္ဍာငွေကို သုံးစွဲပြီး ဘဏ္ဍာရေးအရ မိမိခြေထောက်ပေါ်မိမိ အပြည့်အဝရပ်တည်သော အဖွဲ့အစည်းများဖြစ်သည်။ ကောက်ခံရရှိသော အခွန်ဘဏ္ဍာငွေကိုလည်း လွတ်လပ်စွာစီမံသုံးစွဲခွင့်ရှိကြသည်။ အခြားသော ဒေသန္တရ ဌာနဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်မှာမူ ပြည်ထောင်စုအစိုးရထံမှ ရန်ပုံငွေကို တစ်နည်းမဟုတ်တနည်း လက်ခံရရှိနေကြခြင်းဖြစ်သည်။
- ယင်းတို့သည် အဓိကကျသော အခြေခံလူမှုဝန်ဆောင်မှုအဖွဲ့များဖြစ်သည့် မြို့ပြရေရှိရေး၊ ရေဆိုးစွန့်ပစ်ခြင်း၊ အမှိုက်သိမ်းဆည်းခြင်း၊ လမ်းနှင့် တံတားများ၊ လမ်းမီးများနှင့် ရေနုတ်မြောင်းများအစရှိသည့် ဝန်ဆောင်မှုများစွာကို ဆောင်ရွက်နေကြသည်။ ထို့အပြင် မြို့နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းများအတွက် လိုင်စင်နှင့် ပါမစ်များထုတ်ပေးခြင်း၊ အခွန်နှင့်ဝန်ဆောင်ခများကောက်ခံခြင်း၊ ဒေသတွင်းကူးတို့လုပ်ငန်းနှင့် လမ်းအသုံးပြုခကောက်ခံခြင်းလုပ်ငန်းများကို လေလံခေါ်ယူချထားပေးခြင်းစသော ဒေသတွင်းစီးပွားရေးကဏ္ဍစီမံခန့်ခွဲမှုကိုလည်း ဆောင်ရွက်ကြသည်။
- ယင်းတို့သည် ဒေသခံကော်မတီဖြစ်သော မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ကြီးကြပ်သောတစ်ခုတည်းသော ဒေသန္တရစီမံခန့်ခွဲရေးအဖွဲ့အစည်းဖြစ်သည်။ စည်ပင်သာယာရေးကော်မတီသည် ဆုံးဖြတ်ပိုင်ခွင့်ရှိပြီး အဖွဲ့ဝင်အများစုကို ဒေသခံလူထုကရွေးကောက်တင်မြှောက်ထားခြင်းဖြစ်သည်။

သီးခြား 'တတိယအလွှာ' အုပ်ချုပ်ရေးမရှိသောတိုင်းပြည်တစ်ခုတွင် စည်ပင်သာယာရေးအဖွဲ့များသည် နိုင်ငံတော်နှင့် ပြည်သူလူထုအကြားကြားခံဆက်သွယ်ပေးသော အရေးအပါဆုံးအဖွဲ့အစည်းများပင်ဖြစ်သည်။ ထို့ကြောင့် စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် လူထုလိုအပ်ချက်ကို တုန့်ပြန်ဆောင်ရွက်နိုင်မှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှု ပိုမိုအားကောင်းလာပါက ပိုမိုကောင်းမွန်သော ပြည်သူ့ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်ရုံမျှမက မြန်မာနိုင်ငံ၏ အားနည်းနေသော ပြည်သူနှင့်အစိုးရကြား ဆက်ဆံရေးကိုပါ ပြည်လည်တည်ဆောက်ပေးနိုင်မည်ဖြစ်သည်။ သို့ရာတွင် စည်ပင်သာယာရေးအဖွဲ့များ၏ ပေါ်ပေါက်လာပုံနှင့် သမိုင်းကြောင်း၊ လက်ရှိဥပဒေကြောင်းဆိုင်ရာ လုပ်ပိုင်ခွင့်များ၊ လုပ်ငန်းရပ်များ၊ ဖွဲ့စည်းပုံနှင့် လုပ်ငန်းစဉ်၊ ကြုံတွေ့နေရသော စိန်ခေါ်မှုများစသည်တို့နှင့်ပတ်သက်ပြီး အနည်းငယ်သာ သိရှိနားလည်ထားကြသည်။ ယခုအစီရင်ခံစာသည် စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် မြန်မာနိုင်ငံ၏ မြို့ပြစီမံခန့်ခွဲမှုစနစ် (မြူနီစီပယ်အုပ်ချုပ်ရေးစနစ်) ကိုမည်သို့စီမံဆောင်ရွက်နေကြသည်ကို ချိုင့်ဖော်ပြရန်ရည်ရွယ်ပြီး နောက်ထပ်မူဝါဒရေးရာဖွံ့ဖြိုးမှုများအတွက် ထည့်သွင်းစဉ်းစားသင့်သည့်အချက်များကိုလည်း အကြံပြုတင်ပြမည်ဖြစ်ပါသည်။ ရန်ကုန်နှင့် မန္တလေးမြို့များ၏ မြို့တော်စည်ပင်သာယာရေးအဖွဲ့များ (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ) အတွက် မြို့တော်အုပ်ချုပ်ရေးဆောင်ရွက်ရန် သီးခြားဥပဒေ ပြဋ္ဌာန်းချက်များရှိပြီး သီးခြားလုပ်ပိုင်ခွင့်အာဏာများ ရှိနေကြသဖြင့် ၎င်းတို့ကို ယခုအစီရင်ခံစာတွင် ထည့်သွင်းဆွေးနွေးသွားမည်မဟုတ်ပါ။

## သမိုင်းနောက်ခံနှင့် ဥပဒေကြောင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ

မြန်မာနိုင်ငံရှိ စည်ပင်သာယာအုပ်ချုပ်ရေးစနစ်နှင့်ပတ်သက်သည့် ဥပဒေကြောင်းဆိုင်ရာနောက်ခံများကို နောက်ကြောင်းပြန်ခြေရာကောက်လျှင် ၁၈၇၄ ခုနှစ် မြူနီစီပယ်အက်ဥပဒေကို တွေ့ရမည်ဖြစ်သည်။ ထိုအက်ဥပဒေအရ မြန်မာနိုင်ငံရှိအဓိကမြို့ကြီးများရှိ မြူနီစီပယ်အုပ်ချုပ်ရေးကို မြူနီစီပယ်ကော်မတီများသို့ လုပ်ပိုင်ခွင့်ပေးထားခဲ့သည်။ ထို့နောက် မြူနီစီပယ်ဥပဒေများကို ၁၈၈၄ ခုနှစ် မြူနီစီပယ်အက်ဥပဒေနှင့် ၁၈၈၈ အထက်မြန်မာနိုင်ငံမြူနီစီပယ်အက်ဥပဒေများဖြင့် အသစ်ပြင်ဆင်ရေးဆွဲခဲ့သည်။ ၁၈၉၈ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးအကျုံးဝင်သော မြူနီစီပယ်အက်ဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့သည်။ ထိုဥပဒေတွင် အခွန်ကောက်ခံမှု အခွင့်အာဏာအပြင် သောက်သုံးရေ၊ လမ်းမများ၊ ရေဆိုးထုတ်ခြင်း၊ ရေနုတ်မြောင်း၊ လမ်းမီးများ၊ မြေယာ၊ ဈေး၊ သားသတ်လုပ်ငန်း၊ မော်တော်ယာဉ်၊ ရေယာဉ်၊ ဆိပ်ကမ်းစသည်တို့ကို စီမံခန့်ခွဲခြင်း၊ ဒေသဝန်ဆောင်မှု အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်ခြင်း၊ မွေး/သေစာရင်းနှင့် လက်ထပ်မှတ်တမ်းများ ထုတ်ပေးခြင်းစသည်တို့ကို ဆောင်ရွက်ပိုင်ခွင့်များပေးအပ်ထားသည်။ လုပ်ပိုင်ခွင့်များထဲတွင် ကျန်းမာရေး (ဆေးပေးခန်းနှင့် ဆေးရုံများ ဆောက်လုပ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း)၊ ပညာရေး (စာသင်ကျောင်းများ ဆောက်လုပ်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း)၊ ဘေးကင်းလုံခြုံရေး (မီးဘေးအန္တရာယ် ကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး)၊ လုံခြုံရေး (သီးခြားမြူနီစီပယ်ရဲတပ်ဖွဲ့) စသည်တို့လည်း ပါဝင်သည်။

၁၈၉၈ ခုနှစ် မြူနီစီပယ်အက်ဥပဒေသည်  မူလပုံစံအတိုင်း နှစ်ပေါင်း ၉၅ နှစ်ကြာအသက်ဝင်တည်မြဲခဲ့ပြီး ၁၉၉၃ ခုနှစ်ရောက်မှသာ အပြည့်အစုံ ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့သည်။ ၁၈၉၈ ခုနှစ်ဥပဒေကို ၁၉၉၃ တွင်အသစ်ပြဋ္ဌာန်းသော စည်ပင်သာယာရေးအဖွဲ့များ ဥပဒေဖြင့် အစားထိုးခဲ့ပြီး၊ ၁၉၉၃ ခုနှစ် ဥပဒေ ကို ၁၉၉၇ တွင်ပြန်လည်ပြင်ဆင်ခဲ့သည်။ အဓိကပြင်ဆင်သည့်အချက်မှာ စည်ပင်သာယာရေးလုပ်ငန်းများ လုပ်ပိုင်ခွင့်တာဝန်ကို ပြည်ထဲရေးဝန်ကြီးဌာအောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အသစ်ဖွဲ့စည်းသော နယ်စပ်ရေးရာဝန်ကြီးဌာနလက်အောက်ရှိ စည်ပင်သာယာရေးဦးစီးဌာနလက်အောက်သို့ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။ ထိုအချိန်မှစ၍ စည်ပင်သာယာရေးဦးစီးဌာနသည် မြို့ပြနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှစ်မျိုးလုံးကို တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၂၀၁၁ ခုနှစ်မှစ၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား - ၂ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ၏ အုပ်ချုပ်မှုအောက်၌ရှိသော တစ်ခုတည်းသော အဖွဲ့အစည်းများဖြစ်လာကြသည်။ ပြည်ထောင်စုဝန်ကြီးဌာနများ၏ လက်အောက်ခံမဟုတ်တော့သော စည်ပင်သာယာရေအဖွဲ့များသည် ယခုအခါ မြို့ပြစီမံခန့်ခွဲရေး လုပ်ငန်းများသာ ပိုမိုအလေးထားဆောင်ရွက်လာရပြီး သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များက စည်ပင်သာယာရေးဥပဒေများကို အသီးသီးပြဋ္ဌာန်းကာ မိမိတို့ဒေသအတွင်းရှိ စည်ပင်သာယာ စီမံခန့်ခွဲမှုစနစ်ကို ပြဋ္ဌာန်းသတ်မှတ်ပေးကြသည်။ ၂၀၁၂ ခုနှစ်မှ စတင်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုတို့တွင် ပြဋ္ဌာန်းခဲ့သော စည်ပင်သာယာရေးဥပဒေများမှာ ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥပဒေကို အခြေခံပြီးပြဋ္ဌာန်းခြင်းဖြစ်သဖြင့် တူညီမှုများစွာ ရှိကြပါသည်။

## ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်ပုံ

သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များလက်အောက်တွင် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၏ လုပ်ပိုင်ခွင့်အောက်တွင်ရှိပြီး ဝန်ကြီးက တစ်ဖန် ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးချုပ်ကို တာဝန်ခံရသည်။ ထိုသို့နိုင်ငံရေးအဆင့်ခေါင်းဆောင်မှု အောက်ဖက်သို့ရောက်လာသောအခါ ညွှန်ကြားရေးမှူးအဆင့်ရှိသော နိုင်ငံ့ဝန်ထမ်းက သက်ဆိုင်ရာမြို့နယ်များရှိ စည်ပင်သာယာရေးအဖွဲ့ရုံးများကို ကြီးကြပ်ကွပ်ကဲသည်။ မြို့နယ်အဆင့်တွင် စည်ပင်သာယာရေးအဖွဲ့ရုံးများ၌ အပြန်အလှန်အထောက်အကူပြုသော အဖွဲ့အစည်းနှစ်ခု ပေါင်းစပ်ပါဝင်နေသည်။ ပထမတစ်ခုမှာ တစ်စိတ်တပိုင်း ရွေးကောက်ခံဖြစ်သော မြို့နယ်စည်ပင်သာယာရေးအထောက်အကူပြုအဖွဲ့ဖြစ်ပြီး လုပ်ငန်းများကို စောင့်ကြည့်ထိန်းချုပ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းများကို ဆောင်ရွက်သည်။ ဒုတိယတစ်ဖွဲ့မှာ နိုင်ငံ့ဝန်ထမ်းများနှင့်ဖွဲ့စည်းထားသည့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးဖြစ်ပြီး ဝန်ဆောင်မှုများပေးအပ်ခြင်းကို စီမံခန့်ခွဲခြင်း၊ ဒေသတွင်းစီးပွားရေးကဏ္ဍ စီမံကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်သည်။ မြန်မာနိုင်ငံ၏ မြို့နယ်အဆင့်အုပ်ချုပ်မှုစနစ်တွင် စည်ပင်သာယာရေးအဖွဲ့များသည် အပြည့်အဝ ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ပေးထားသည့် တစ်ခုတည်းသော ဌာနအဖွဲ့အစည်းများဖြစ်ကာ၊ များသောအားဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများကသာ လွှမ်းမိုးထားသော ရှုပ်ထွေးသည့် လုပ်ငန်းဝန်းကျင်တွင် လုပ်ကိုင်ဆောင်ရွက်နေကြသည်။

စည်ပင်သာယာရေးအဖွဲ့များ၏ အဓိကရည်ရွယ်ချက်မှာ မြို့ပြနေလူထုသို့ လူမှုဝန်ဆောင်မှုအမျိုးမျိုး ဆောင်ရွက်ပေးရန်နှင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းများကို စီမံခန့်ခွဲရန်ဖြစ်သည်။ စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းရပ်များအားလုံးကို ဒေသတွင်းမှ ကိုယ်တိုင်ကောက်ခံရရှိသော ဝင်ငွေအမျိုးမျိုးဖြင့်သာ အပြည့်အဝကျခံသုံးစွဲရသည်။ စည်ပင်သာယာရေးအဖွဲ့များသည် မြန်မာနိုင်ငံတွင် လူမှုဝန်ဆောင်မှုများ ဆောင်ရွက်သော အကြီးဆုံးအဖွဲ့အစည်းများထဲမှတစ်ခုဖြစ်ပြီး၊ ပြည်ထောင်စုဝန်ကြီး ဌာနများနှင့် မတူကွဲပြားသော လုပ်ပိုင်ခွင့်များရှိကြသည်။ စည်ပင်သာယာရေးအဖွဲ့များကဆောင်ရွက်ပေးသော ဝန်ဆောင်မှု လုပ်ငန်းများထဲတွင် အမှိုက်သိမ်းခြင်း၊ လမ်းတံတားအငယ်စား ဆောက်လုပ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊ ရေနုတ်မြောင်း၊ မြို့ပြရေ ရရှိရေး၊ လမ်းမီးများ၊ ပန်းခြံနှင့်ကစားကွင်းများပြုပြင်ထိန်းသိမ်းခြင်း၊ သုသာန်မြေများနှင့် မီးသင်္ဂြိုဟ်စက်များ စီမံခန့်ခွဲခြင်းစသည်တို့ ပါဝင်ကြသည်။

စည်ပင်သာယာရေးအဖွဲ့များ၏ ဥပဒေအရလုပ်ပိုင်ခွင့်များထဲတွင် မြို့ပြဖွံ့ဖြိုးမှုစီမံကိန်း ရေးဆွဲခြင်းပါဝင်သော်လည်း ပြည်နယ်/တိုင်းဒေသကြီးအဆင့်နှင့် မြို့နယ်အဆင့်နှစ်ခုစလုံးတွင် မြို့ပြစီမံကိန်းရေးဆွဲခြင်းဆိုင်ရာ သီးသန့်လုပ်ငန်းရပ်များကို မတွေ့ရချေ။ ယင်းအချက်သည် မြို့ပြဖွံ့ဖြိုးမှုနှင့် ဝန်ဆောင်မှုကဏ္ဍတို့ကို ပေါင်းစပ်ရာတွင် အဟန့်အတားဖြစ်စေနိုင်သည်။

| ***ပြည်သူ့ဝန်ဆောင်မှုတာဝန်များနှင့် လုပ်ငန်းရပ်များ*** | |
|---|---|
| ▪ မြို့ပြစီမံကိန်းရေးဆွဲခြင်း<br>▪ သောက်သုံးရေရရှိရေး<br>▪ ပတ်ဝန်းကျင်သန့်ရှင်းရေး<br>▪ ရေဆိုးစွန့်ပစ်ရေး<br>▪ သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး<br>▪ လမ်းမီး<br>▪ လမ်း/တံတား<br>▪ အိုးမဲ့အိမ်မဲ့များအရေး<br>▪ လေလွင့်တိရစ္ဆာန်ထိန်းချုပ်ရေး<br>▪ ပန်းခြံ၊ ရေကူးကန်၊ အများပြည်သူသန့်စင်ခန်းနှင့် အပန်းဖြေနေရာများ | ▪ လမ်းစည်းကမ်း၊ လမ်းအမည်ပေးခြင်းနှင့် လိပ်စာ သတ်မှတ်ခြင်း<br>သုသာန်မြေများနှင့် မီးသင်္ဂြိုဟ်စက်များ<br>▪ သုသာန်မြေများဖယ်ရှားခြင်း<br>▪ အများပြည်သူအကျိုးအလို့ငှာဆောင်ရွက်သော အခြားသော တည်ဆောက်ဖွံ့ဖြိုးရေးလုပ်ငန်းများ<br>▪ အခြားထမ်းဆောင်ရန် လိုအပ်သည့်တာဝန်များ<br>▪ စည်ပင်သာယာရေးအဖွဲ့များ၏ စီမံခန့်ခွဲမှုအောက် တွင်ရှိသော ပြည်သူပိုင်အဆောက်အအုံများ<br>▪ တရားမဝင်အဆောက်အအုံများဖျက်ဆီးခြင်း<br>▪ ပုဂ္ဂလိကအဆောက်အအုံများ ဆောက်လုပ်ခွင့် ထုတ်ပေးခြင်း |

မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍစီမံအုပ်ချုပ်ရေးကို ပြည်ထောင်စုအစိုးရ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ၎င်းတို့၏ မြို့နယ်ရုံးခွဲများမှ အဓိကဆောင်ရွက်ခြင်းဖြစ်သည်။ ယင်းတို့က အမြတ်အစွန်းကြီးမားသော စီးပွားရေးကဏ္ဍများ၊ အထူးသဖြင့် သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများအတွက် ပါမစ်များနှင့် လိုင်စင်များချထားပေးခြင်း၊ သွင်းကုန်ထုတ်ကုန်လိုင်စင်များချထားပေးခြင်း စသည်တို့ကို ဆောင်ရွက်ကြသည်။ ဒေသန္တရစီးပွားရေးစီမံခန့်ခွဲမှုအဆင့်တွင်မူ စည်ပင်သာယာရေးအဖွဲ့များကအရေးပါသော အခန်းကဏ္ဍရှိနေပြီး ဒေသတွင်းစီးပွားရေးလုပ်ငန်းအမျိုးမျိုး၊ အဓိကအားဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) အတွက် လိုင်စင်၊ ပါမစ်၊ ခွင့်ပြုချက်များချထားပေးခြင်းကို ဆောင်ရွက်သည်။ ယင်းတွင် စီးပွားရေးလုပ်ငန်းအမျိုးမျိုးဖြစ်သော လက်လီအရောင်းဆိုင်များ၊ လမ်းဘေးဈေးသည်များ၊ သားသတ်လုပ်ငန်း၊ ဟိုတယ်၊ စားသောက်ဆိုင်နှင့် 'အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းများ' အဖြစ်သတ်မှတ်ထားသော ဒေသတွင်းစက်ရုံများ၊ ဆေးပေးခန်းများ၊ ဓာတ်ခွဲစမ်းသပ်ခန်းများနှင့် သံရည်ကျိုလုပ်ငန်းစသည်တို့အတွက် လိုင်စင်များထုတ်ပေးခြင်း၊ စီးပွားရေးအဆောက်အအုံနှင့် လူနေအဆောက်အအုံများအတွက် ဆောက်လုပ်ခွင့်များထုတ်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းများကို ပုံမှန်စစ်ဆေးခြင်းစသည့်လုပ်ငန်းများကို ဆောင်ရွက်ကြသည်။ ထို့သို့ ပုံမှန်ထမ်းဆောင်သော လုပ်ငန်းတာဝန်အမျိုးမျိုးအပြင် စည်ပင်သာယာရေးအဖွဲ့များသည် အရေးပါသော ဒေသတွင်းလုပ်ငန်းများ ဖြစ်သည့် သားသတ်ရုံများနှင့် အသားစားတိရစ္ဆာန်ဈေးကွက်ကို ထိန်းချုပ်ခြင်း၊ ကူးတို့လုပ်ငန်း အငယ်စားများကို စီမံကွပ်ကဲခြင်း၊ ဒေသတွင်း ဈေးများကို စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်းစသည့် သီးခြားအခန်းကဏ္ဍများကိုလည်း တာဝန်ယူဆောင်ရွက်ကြသည်။

| **စီးပွားရေးကဏ္ဍစီမံခန့်ခွဲမှုဆိုင်ရာ တာဝန်နှင့်လုပ်ငန်းရပ်များ** | |
|---|---|
| ▪ စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ<br>▪ ပုဂ္ဂလိကပိုင်ဈေးများ<br>▪ ကျွဲနွား ပွဲဈေးများ<br>▪ သားသတ်ရုံများ<br>▪ လမ်းဘေးဈေးဆိုင်များ<br>▪ အသေးစားငွေချေးလုပ်ငန်းများ | ▪ စားသောက်ကုန်လုပ်ငန်းများနှင့် စားသောက်ဆိုင်များ<br>▪ ဘေးအန္တရာယ်ရှိစေနိုင်သော လုပ်ငန်းများ<br>▪ တည်းခိုခန်းများ<br>▪ တိရစ္ဆာန်သားဖောက်ခြင်းနှင့် တိရစ္ဆာန်ရုပ်ကြွင်းများ စနစ်တကျဖျက်ဆီးခြင်း<br>▪ ကူးတို့လုပ်ငန်း<br>▪ အနေးယာဉ်များ |

အထက်တွင်ဖော်ပြထားသကဲ့သို့ပင် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်ထောင်စုအစိုးရထံမှသော်လည်းကောင်း၊ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများထံမှသော်လည်းကောင်း ရန်ပုံငွေတစ်စုံတရာရရှိခြင်းမရှိပေ။ ၎င်းတို့၏ရန်ပုံငွေမှာ အောက်ပါ အဓိကအရင်းအမြစ်သုံးခုမှ ရရှိခြင်းဖြစ်သည်။

၁။ ***အသုံးပြုခကောက်ခံငွေများ*** ။ ။ လူနေအိမ်များနှင့် စီးပွားရေးလုပ်ငန်းများကို အဆောက်အအုံနှင့် မြေငှားရမ်းခ၊ လမ်းမီးခ၊ အမှိုက်သိမ်းဆည်းခြင်းနှင့် သောက်သုံးရေအတွက် ဝန်ဆောင်ခ စသည့်သက်ဆိုင်ရာဝန်ဆောင်မှုများအတွက် အသုံးပြုခများ ကောက်ခံသည်။ မော်တော်ယာဉ်ပိုင်ရှင်များထံမှ ဘီးခွန်ကိုလည်း ကောက်ခံနိုင်သည်။

၂။ ***ပုံမှန်ပေးဆောင်ရသော လုပ်ငန်း လိုင်စင်ကြေးများ*** ။ ။ ဒေသတွင်းစီးပွားရေးလုပ်ငန်းများသည် စည်ပင်သာယာရေးအဖွဲ့ များ၏ အဓိကဝင်ငွေအရင်းအမြစ်ဖြစ်သည်။ ဒေသတွင်းစီးပွားရေးလုပ်ငန်းအများအပြားသည် လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် စည်ပင်သာယာရေးအဖွဲ့များထံမှ လုပ်ငန်းလိုင်စင်ရရှိရန်လိုသည်။

၃။ ***အချို့သော စီးပွားရေးလုပ်ငန်းများအတွက် တင်ဒါလိုင်စင်ကြေး (အရပ်ရပ်အခွင့်အရေးလိုင်စင်)*** ။ ။ စည်ပင်သာယာရေးအဖွဲ့များသည် ဥပမာအားဖြင့် သားသတ်လုပ်ငန်းများနှင့် ကူးတို့လုပ်ငန်းများအတွက် အများပြည်သူသို့ တင်ဒါခေါ်ယူပြီး လိုင်စင်ကြေးကောက်ခံရယူသည်။

စီးပွားရေးလုပ်ငန်းများအတွက် လုပ်ငန်းလိုင်စင်ကြေးများမှာ ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုအတွင်း တသမတ်တည်း တူညီခြင်းမရှိပါ။ မြို့နယ်တိုင်းတွင် စည်ပင်သာယာရေးအဖွဲ့များက လုပ်ငန်းလိုင်စင်ကြေးများသတ်မှတ်ခြင်းနှင့် လိုင်စင်နှင့် တင်ဒါများချထားပေးခြင်းဆိုင်ရာ နည်းဥပဒေများရှိကြပြီး ယင်းတို့ကို အခါအားလျော်စွာပြုပြင်ပြောင်းလဲသည်။ များသောအားဖြင့် သားသတ်လုပ်ငန်းများမှရရှိသော တင်ဒါလိုင်စင်ကြေးများမှာ စည်ပင်သာယာရေးအဖွဲ့များ၏ အကြီးဆုံးဝင်ငွေအရင်းအမြစ်ဖြစ်လေ့ရှိသည်။ သို့ရာတွင် ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးများတွင် ဘီးခွန်နှင့် မြေငှားရမ်းခတို့မှာ စည်ပင်သာယာရေးအဖွဲ့များအတွက် တစ်နေ့တခြား ပိုမိုအရေးပါလာသော ဝင်ငွေအရင်းအမြစ်များဖြစ်လာကြသည်။ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့်တိုင်းဒေသကြီးများအတွက်အရေးပါသော အခွန်ဘဏ္ဍာအရင်းအမြစ်ဖြစ်သော်လည်း ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများအနေနှင့် ကောက်ခံရရှိသောငွေအများစုကို သက်ဆိုင်ရာမြို့နယ်အတွက်သာ ပြန်လည်သုံးစွဲရပြီး ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိကိုသာ ပြည်နယ်/တိုင်းဒေသကြီးအတွင်းရှိ အခြားစည်ပင်သာယာရေးအဖွဲ့ရုံးများအကြား ခွဲဝေသုံးစွဲပိုင်ခွင့်ရှိသည်။ စည်ပင်သာယာရေးအဖွဲ့များသည် လုပ်ပိုင်ခွင့်အကျယ်အပြန့်ရရှိထားသည့်အပြင် အခွန်ငွေနှုန်းထားကိုလည်း ပြည်ထောင်စုဝန်ကြီးဌာန၏ ခွင့်ပြုမိန့်ယူစရာမလိုပဲ ပြင်ဆင်ခွင့်ရှိနေရာ ယခုထက်ပိုမိုသော အခွန်ဘဏ္ဍာငွေများကို ကောက်ခံရရှိနိုင်သည့် အလားအလာရှိသည်။

စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံရရှိသော အခွန်ဘဏ္ဍာငွေများကို ငွေလုံးငွေရင်းသုံးငွေနှင့် ပုံမှန်သုံးငွေဟူသော ခေါင်းစဉ်နှစ်ခုအောက်တွင် ဝန်ဆောင်မှုအခြေခံအဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းများနှင့် ဝန်ထမ်းစရိတ်များအတွက် သုံးစွဲကြသည်။ မြန်မာနိုင်ငံရှိ အစိုးရအဖွဲ့အစည်းများအနက် နှစ်စဉ်ကောက်ခံရရှိသော စုစုပေါင်းအခွန်ဘဏ္ဍာငွေ၏ ၃၀ ရာနှုန်းထက်မပိုသော ပမာဏကိုသာ ဝန်ထမ်းစရိတ်အတွက် ကျခံသုံးစွဲရမည်ဟု ကန့်သတ်ကျင့်သုံးသော တစ်ခုတည်းသော အဖွဲ့အစည်းမှာ စည်ပင်သာယာရေးအဖွဲ့ရုံးများပင်ဖြစ်သည်။ ငွေလုံးငွေရင်းအသုံးစရိတ်များကိုမူ အဓိကအားဖြင့် လမ်းတံတားလုပ်ငန်းများ၊ ရေနုတ်မြောင်းနှင့် အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းများအတွက် အသုံးပြုကြသည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးများအားလုံးတွင် အခွန်ဘဏ္ဍာငွေများကို သိမ်းဆည်းထားရှိရန် ကိုယ်ပိုင်ဘဏ်စာရင်းများရှိကြသည်။ သက်ဆိုင်ရာဘတ်ဂျက်နှစ်အကုန်တွင် ပိုလျှံသော ငွေများအားလုံးကို ပြည်နယ်/တိုင်းဒေသကြီးအစိုးရ ဘတ်ဂျက်ဌာနသို့ ပြန်လည်လွှဲပြောင်းအပ်နှံရပြီး နောက်ဆုံးတွင် ပြည်ထောင်စုရန်ပုံငွေထဲသို့ ရောက်သွားသည်။ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများထံမှလည်းကောင်း၊ နိုင်ငံတကာအဖွဲ့များအပါအဝင် အစိုးရမဟုတ်သောအဖွဲ့အစည်းများထံမှလည်းကောင်း ချေးငွေများ ချေးယူပိုင်ခွင့်ရှိသော်လည်း ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိမည်ကို စိုးရိမ်ကြသောကြောင့် ချေးယူလိုခြင်းမရှိကြချေ။

## မြို့နယ်စည်ပင်သာယာရေးကော်မတီ

မြို့နယ်စည်ပင်သာယာရေးကော်မတီများကို ဒေသခံပြည်သူလူထုကိုယ်စားလှယ်များပါ ပါဝင်စေလျက် ဖွဲ့စည်းစေခြင်းမှာ မြန်မာနိုင်ငံ၏ ခေတ်ပြိုင်မြို့ပြစည်ပင်သာယာအုပ်ချုပ်ရေးကဏ္ဍတွင် အရေးအပါဆုံးအပြောင်းအလဲတစ်ခုဖြစ်သည်။ ဆယ်စုနှစ်ပေါင်းများစွာအတွင်း ပထမဦးဆုံးအကြိမ်အဖြစ် အစိုးရသည် မြို့နယ်အဆင့်စီမံအုပ်ချုပ်ရေးအဖွဲ့အစည်းကို အဓိကကြီးကြပ်ထိန်းချုပ်နိုင်မည့် ကော်မတီတစ်ခုကို ဒေသခံပြည်သူ့ကိုယ်စားလှယ်များနှင့်ပါ ပါဝင်ဖွဲ့စည်းခွင့်ပေးခဲ့ခြင်းပင်ဖြစ်သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများအားလုံးရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီများအားလုံးတွင် အဖွဲ့ဝင်ခုနစ်ဦး ရှိပြီး ဒေသခံလူထုမှ လေးဦးနှင့် ဌာနဆိုင်ရာမှ သုံးဦးစီပါဝင်သည်။ မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ သက်တမ်းမှာ ငါးနှစ်ဖြစ်ပြီး ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့ သက်တမ်းနှင့် တူညီသည်။ ကော်မတီဝင်များထဲမှ အနည်းငယ်သာ အမျိုးသမီးများဖြစ်ကြပြီး ကော်မတီဝင်များသည် နိုင်ငံရေးပါတီများတွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့်မရှိပေ။ ကော်မတီဝင်များကို တိုက်ရိုက်မဟုတ်သောနည်းဖြင့် ရွေးချယ်ကြပြီး၊ ရွေးချယ်ပုံနည်းလမ်းများမှာ ပြည်နယ်နှင့်တိုင်းဒေသကြီး တစ်ခုချင်းစီအလိုက် ကွဲပြားခြားနားသည်။ တိုက်ရိုက်မဟုတ်သောနည်းဖြင့် ရွေးကောက်ခြင်းသည် ကော်မတီများတွင် ဒေသခံလူထု၏ကိုယ်စားပြုမှုကို အတိုင်းအတာတစ်ခုအထိ ပိုမိုတိုးတက်စေသော်လည်း၊ နိုင်ငံတကာတွင်လက်ခံကျင့်သုံးလေ့ရှိသော ဒေသန္တရဒီမိုကရေစီစံနှုန်းများနှင့်တော့ ကိုက်ညီခြင်းမရှိသေးပေ။

### မြို့နယ်စည်ပင်သာယာရေးကော်မတီဖွဲ့စည်းပုံ

| *မြို့နယ်ရပ်မိရပ်ဖ* | **ရွေးကောက်ခံ** | **ဥက္ကဋ္ဌ** |
| ---: | --- | --- |
| *စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ* | ခန့်အပ် | အတွင်းရေးမှူး |
| *မြို့နယ်ရပ်မိရပ်ဖ* | ရွေးကောက်ခံ | အဖွဲ့ဝင် |
| *စီးပွားရေးကဏ္ဍကိုယ်စားလှယ်* | ရွေးကောက်ခံ | အဖွဲ့ဝင် |
| *လူမှုရေးကဏ္ဍကိုယ်စားလှယ်* | ရွေးကောက်ခံ | အဖွဲ့ဝင် |
| *ထွေ/အုပ် ဒုတိယမြို့နယ်ဦးစီးမှူး* | ခန့်အပ် | အဖွဲ့ဝင် |
| *ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယမြို့နယ်ဦးစီးမှူး* | ခန့်အပ် | အဖွဲ့ဝင် |

မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတို့၏ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေများတွင် တိကျစွာခွဲခြားသတ်မှတ်ထားခြင်းမရှိသော်လည်း ကော်မတီသည် စည်ပင်သာယာရေးအဖွဲ့ရုံး၏ လုပ်ငန်းတာဝန်များကို ဆုံးဖြတ်ချက်ချပေးခြင်း၊ စည်ပင်သာယာရေးကဏ္ဍ ဦးစားပေး လုပ်ငန်းများ ရေးဆွဲခြင်း၊ အခြားသော အစိုးရဌာနများ၊ ဒေသခံလူထုများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဒေသတွင်းဖွံ့ဖြိုးရေးစီမံချက်များကို ရေးဆွဲဆုံးဖြတ်ခြင်းနှင့် ဒေသခံလူထုထံ ကွင်းဆင်းလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း စသောတာဝန်များကို ထမ်းဆောင်ရမည်ဟု ညှိနှိုင်းသဘောတူညီမှုများရှိကြသည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးက စည်ပင်သာယာရေးဝန်ဆောင်မှုလုပ်ငန်းများကို နေ့တဓူဝ စီမံခန့်ခွဲခြင်းနှင့် စီးပွားရေးစီမံအုပ်ချုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ပြီး၊ အမှုဆောင်အရာရှိတွင် လုပ်ပိုင်ခွင့်အကျယ်အပြန့်ရှိသည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးမှ ဝန်ထမ်းများ၏အဆိုအရ စည်ပင်သာယာရေး အထောက်အကူကော်မတီများဖွဲ့စည်းခြင်းသည် လူထုကွင်းဆင်းလုပ်ငန်းများကို ပိုမိုထိရောက်စေပြီး ဒေသခံလူထုများနှင့်ဆက်ဆံရေးကို ပိုမိုကောင်းမွန်စေသည်ဟု သိရသည်။

## မူဝါဒရေးရာ အကြံပြုသုံးသပ်ချက်များ

စည်ပင်သာယာရေးအဖွဲ့များသည် လုပ်ငန်းဆောင်ရွက်မှုနှင့် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ စိန်ခေါ်မှုနစ်မျိုးစလုံးကို ရင်ဆိုင်နေကြရသည်။ စိန်ခေါ်မှုအများစုမှာ လူသားအရင်းအမြစ်နှင့်ရန်ပုံငွေမလုံလောက်မှုပြဿနာ၊ ပြည်သူလူထုနှင့်အစိုးရကြား ဆက်ဆံရေးအားနည်းခဲ့သည့်ပြဿနာများနှင့် အဓိကဆက်စပ်လျက်ရှိသည်။ လူမှုဝန်ဆောင်မှုများ၊ အခွန်ဘဏ္ဍာငွေကောက်ခံခြင်းနှင့် စီမံခန့်ခွဲမှု၊ လူထုနှင့် ထိတွေ့ဆက်ဆံမှု စသည်တို့တွင် ပိုမိုတိုးတက်စေရန် အရေးတကြီးလိုအပ်လျက်ရှိပြီး ထိုလိုအပ်ချက်များသည် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးစနစ်တစ်ခုလုံးကြုံတွေ့နေရသည့် ပြဿနာများပင်ဖြစ်သည်ဟု ယေဘုယျဆိုနိုင်သည်။

## လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စိန်ခေါ်မှုများနှင့် လိုအပ်ချက်များ

အခွန်ဘဏ္ဍာငွေကောက်ခံခြင်းနှင့် စီမံခန့်ခွဲခြင်း ။ ။ အရင်းအမြစ်များစွာမှ အခွန်ဘဏ္ဍာငွေများကို ကောက်ခံစုဆောင်းပြီး ယင်းတို့ကို ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ထိထိရောက်ရောက်စီမံသုံးစွဲနိုင်ရေးသည် စည်ပင်သာယာရေးအဖွဲ့များ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အကြီးမားဆုံးစိန်ခေါ်မှုဖြစ်သည်။ အရည်အသွေးပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်ရေးအတွက် အခွန်ဘဏ္ဍာများတိုးတက်ကောက်ခံရရှိရန်လိုအပ်သော်လည်း ဒေသတွင်းစီးပွားရေးလုပ်ငန်းများနှင့် လူထုကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေပဲ ဘဏ္ဍာငွေများ တိုးတက်ရရှိနိုင်မည့် နည်းလမ်းများကိုလည်း ရှာဖွေဖော်ထုတ်နိုင်ရန်လိုသည်။ ယင်းတွင် အောက်ပါစိန်ခေါ်မှုများ အကျုံးဝင်သည်။

- အခွန်နှင့် ဝန်ဆောင်ခများပေးဆောင်ရန်လိုက်နာမှုအားနည်းခြင်း၊
- ဘဏ္ဍာနှစ်အကုန်တွင် ပိုလျှံသောရန်ပုံငွေများကို ပြည်နယ်/တိုင်းဒေသကြီးအစိုးရထံသို့ (ထိုမှတစ်ဆင့် နောက်ဆုံး ပြည်ထောင်စုအစိုးရထံသို့) ပြန်အပ်ရခြင်းကြောင့် ဘတ်ဂျက်စီမံကိန်းရေးဆွဲရာတွင် အခက်အခဲဖြစ်စေရုံသာမက အခွန်ဘဏ္ဍာများတိုးတက်ကောက်ခံရရှိရေးအတွက် တွန်းအားလည်းမရှိဖြစ်ရခြင်း၊
- စီမံချက်များအားလုံးကို ဘဏ္ဍာနှစ်တစ်ခုအတွင်းပြီးအောင်ဆောင်ရွက်ရသဖြင့် တစ်နှစ်ထက်ပိုသောနှစ်ကာလများ အတွက် ဘတ်ဂျက်ရေးဆွဲရန်မဖြစ်နိုင်တော့ပဲ ပမာဏကြီးမားသော စီမံချက်များကိုအကောင်အထည်ဖော်ရန်ကြိုးပမ်းရာတွင် ပိုမိုအခက်အခဲဖြစ်စေခြင်း၊
- အငယ်စားနှင့် အလတ်စားအရွယ်ရှိသည့် မြို့များတွင် ရန်ပုံငွေအလုံအလောက်ကောက်ခံရရှိရန် ခက်ခဲခြင်း၊
- စည်ပင်သာယာရေးအဖွဲ့များ၏ စီမံကိန်းရေးဆွဲခြင်းသည် အခြေခံအဆင့်တွင်သာရှိနေပြီး မဟာဗျူဟာစီမံကိန်း သို့မဟုတ် ဘတ်ဂျက်အစီအစဉ်ရေးဆွဲနိုင်ခြင်းများမရှိသည့်အပြင် မြို့ပြဒေသများတွင်လုပ်ငန်းများဆောင်ရွက်နေသော

အခြားအစိုးရ ဌာနများနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ခြင်း၊ စီမံကိန်းအတွင်းပေါင်းစပ်ထည့်သွင်းခြင်းစသည်တို့ အားနည်းခြင်း/မရှိခြင်း။

*လူမှုဝန်ဆောင်မှုများ* ။ ။ စည်ပင်သာယာရေးအဖွဲ့များသည် လမ်းတံတားကဲ့သို့သော ကဏ္ဍများတွင် ပုံမှန်ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်ကြသော်လည်း အခြားအရေးကြီးသောကဏ္ဍများဖြစ်သည့် မြို့ပြရေရရှိရေးနှင့် ရေဆိုးစွန့်ပစ်ရေးစသည်တို့တွင်မူ များသောအားဖြင့် ဝန်ဆောင်ပေးနိုင်ခြင်းမရှိကြပေ။ ဒေသအလိုက်ကွာခြားမှုအချို့ရှိသော်လည်း အကျယ်ပြန့်ဆုံးတိုးတက်ဆောင်ရွက်နိုင်သည့်ကဏ္ဍများမှာ လမ်းတံတားနှင့် ရေနုတ်မြောင်းများ အသစ်တည်ဆောက်ခြင်းနှင့် မွမ်းမံပြုပြင်ခြင်းလုပ်ငန်းများပင်ဖြစ်သည်။ ဒုတိယဦးစားပေးကဏ္ဍမှာ အမှိုက်သိမ်းဆည်းရေးဖြစ်ပြီး ယင်းကို ပြည်သူတို့က စည်ပင်သာယာရေးအဖွဲ့များ၏အဓိကလုပ်ငန်းဟု ယူဆထားကြသည်။ တတိယဦးစားပေးကဏ္ဍမှာ မြို့ပြရေရရှိရေးလုပ်ငန်းဖြစ်သည်။

*ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံခြင်း* ။ ။ စည်ပင်သာယာရေးအဖွဲ့များသည် (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့်အတူ) မြန်မာနိုင်ငံတော်နှင့်ပြည်သူလူထုအကြား ထိတွေ့ဆက်စပ်ပေးသည့် အရေးပါသော ကြားခံအဖွဲ့အစည်းများဖြစ်ကြသည်။ စည်ပင်သာယာရေးအဖွဲ့များ၏ ပြည်သူနှင့်ထိတွေ့ဆက်ဆံမှုစွမ်းရည်ကို မြှင့်တင်ပေးခြင်းသည် သမိုင်းအစဉ်အဆက်အားနည်းခဲ့သော အစိုးရနှင့်ပြည်သူ အကြားဆက်ဆံရေးကို ပြန်လည်တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရာတွင် အရေးအပါဆုံး လိုအပ်ချက်တစ်ခုဖြစ်သည်။ စည်ပင်သာယာရေးအဖွဲ့များ၏ တာဝန်ဝတ္တရားများ အောင်မြင်အောင်ထမ်းဆောင်ရာတွင် ဒေသခံပြည်သူလူထု၏ပူးပေါင်းပါဝင်မှုသည်အရေးကြီးပေရာ ပြည်သူလူထုနှင့်ဆက်ဆံရေး တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ဝန်ဆောင်မှုများ၏အရည်အသွေးအပေါ် စိတ်ကျေနပ်မှု တိုးတက်ကောင်းမွန်လာနိုင်သည်။ ဝန်ဆောင်မှုများအပေါ် ပြည်သူလူထုစိတ်ကျေနပ်မှုရခြင်းသည်ပင် အခွန်ဘဏ္ဍာများ တိုးတက်ကောက်ခံရရှိစေရေးအတွက် လိုအပ်နေသောအခြေခံ အကြောင်းအထောက်အပံ့ တစ်ခုဖြစ်နေပြန်သည်။ ထို့ကြောင့် မြို့နယ်စည်ပင်သာယာရေးကော်မတီကို မြို့နယ်အတွင်း မဲဆန္ဒပေးပိုင်ခွင့်ရှိသူများအားလုံး၏ မဲပေးရွေးချယ်မှုဖြင့်တင်မြှောက်မည်ဆိုပါက စည်ပင်သာယာရေးလုပ်ငန်းများအပေါ် လူထုစိတ်ပါဝင်စားမှု၊ မိမိတို့နှင့်သက်ဆိုင်သည်ဟု ခံယူနားလည်မှုများ တိုးတက်လာနိုင်ပါသည်။

*ဒေသစီးပွားရေးစီမံအုပ်ချုပ်မှု* ။ ။ စည်ပင်သာယာရေးအဖွဲ့များသည် ဒေသန္တရစီးပွားရေးစီမံအုပ်ချုပ်မှုတွင် အရေးအပါဆုံးအာဏာပိုင်အဖွဲ့အစည်းများပင်ဖြစ်သည်။ ထို့ကြောင့် စည်ပင်သာယာရေးအဖွဲ့များနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများအကြားရှိ အဆက်အစပ်ကို ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်ခြင်းသည် 'အားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်ရေး' ဆီသို့တက်လှမ်းရာတွင် အလွန်အရေးကြီးသော အဆင့်တစ်ဆင့်ဖြစ်သည်။ ဒေသတွင်းစီးပွားရေးလုပ်ငန်းများသည် စည်ပင်သာယာရေးအဖွဲ့များကောက်ခံရရှိသည့် အခွန်နှင့်ဝန်ဆောင်ခများတွင် ရာခိုင်နှုန်းအများဆုံးပါဝင်သူများဖြစ်ကြသည်နှင့်အညီ ၎င်းတို့က စည်ပင်သာယာရေးအဖွဲ့များ၏ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုအပေါ်စိုးရိမ်မကင်းဖြစ်ကြောင်း ထုတ်ဖော်ပြောလေ့ရှိသည်။ အထူးသဖြင့် ပြည်သူ့ဝန်ဆောင်မှုအခြေခံအဆောက်အအုံဆောက်လုပ်ခြင်းဆိုင်ရာ ဦးစားပေးအစီအစဉ်များ၊ အခွန်အခနှင့် ဝန်ဆောင်ကြေးများသတ်မှတ်ဆုံးဖြတ်ခြင်းစသည်တို့တွင် ပွင့်လင်းမြင်သာရန်နှင့် တာဝန်ခံ/တာဝန်ယူမှုရှိရန်ဖြစ်သည်။

*ဥပဒေ/ပြဌာန်းချက်များအသက်ဝင်အောင်ဆောင်ရွက်နိုင်သည့်စွမ်းဆောင်ရည်* ။ ။ သက်ဆိုင်ရာပြည်သူများအနေနှင့် အခွန်ငွေများနှင့် ဝန်ဆောင်ကြေးများကို အပြည့်အဝပေးဆောင်စေရန် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများအနေဖြင့် မစွမ်းဆောင်နိုင်သည့်ပြဿနာရှိနေသည်ဟု ၎င်းတို့ကိုယ်တိုင် ထုတ်ဖော်ပြောကြသည်။ စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် အခွန်အခများပေးဆောင်ရန်ပျက်ကွက်သူများကို ဒဏ်ကြေးငွေပေးဆောင်စေခြင်းနှင့် ရုံးတင်တရားစွဲဆိုခြင်းများ ဆောင်ရွက်နိုင်သည်မှန်သော်လည်း တရားရုံး တင်ခြင်းသည် အချိန်ကြာညောင်းလွန်းပြီး မထိရောက်ပဲဖြစ်လေ့ရှိသည်။ ယေဘုယျအားဖြင့် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရဲတပ်ဖွဲ့များကို ၎င်းတို့နှင့်သက်ဆိုင်သော ဥပဒေပြဌာန်းချက်များ အသက်ဝင်စေရေးအတွက် အားကိုးအားထားပြုနိုင်သော်လည်း ယင်းကိစ္စသည် အချိန်ယူရန်လိုအပ်ပြီး မထိရောက်ပဲရှိနေပြန်သည်။

*ပြည်နယ်/တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံးများ* ။ ။ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ စည်ပင်သာယာရေးအဖွဲ့ရုံးများသည် မိခင်ပြည်ထောင်စုဝန်ကြီးဌာန တစ်ခုခု၏ တိုက်ရိုက်စီမံခန့်ခွဲမှုအောက်တွင် ရှိမနေတော့သောအခါ မူဝါဒများရေးဆွဲဖော်ထုတ်ရေး၊ လူ့အရင်းအမြစ်စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးစနစ်စီမံခန့်ခွဲမှုနှင့် ဝယ်ယူဖြည့်တင်းခြင်းလုပ်ငန်းများကို ၎င်းတို့ကိုယ်တိုင်ဆောင်ရွက်ရန်လိုအပ်လာသည်။ အဆိုပါကိစ္စရပ်များသည် ယခင်ကနေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးဌာနများကသာ ဆောင်ရွက်သောလုပ်ငန်းများဖြစ်နေသဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်စည်ပင်သာယာရေးအဖွဲ့ရုံးများအတွက် ကျယ်ကျယ်ပြန့်ပြန့်စွမ်းဆောင်ရည်မြှင့်တင်မှုများဆောင်ရွက်ပေးရန်လိုအပ်လာသည်။

*အလှူရှင်အဖွဲ့အစည်းများ၏ ဦးစားပေးလုပ်ငန်းများ* ။ ။ ကျေးလက်ဒေသများသည် နိုင်ငံတကာဖွံ့ဖြိုးရေးအလှူရှင်အဖွဲ့အစည်းများ၏ ဖွံ့ဖြိုးရေးအထောက်အပံ့များကို အဓိကရရှိနေကြသည်။ သို့သော် မြို့ပြနေလူဦးရေ တစ်နေ့တခြားတိုးပွားလာသည်နှင့်အမျှ မြို့ပြဒေသများရှိ ကျယ်ပြန့်လှသော အခြေခံလူမှုဝန်ဆောင်မှုများနှင့် စီးပွားရေးဖွံ့ဖြိုးမှုကဏ္ဍများတွင်လည်း ဖွံ့ဖြိုးရေး

အထောက်အပံ့များပေးအပ်ရန်လိုအပ်လာသည်။ စည်ပင်သာယာရေးအဖွဲ့များသည် စုစုပေါင်းလူဦးရေ ၁၅ သန်းခန့်တို့အတွက် အရေးပါသော အခြေခံလူမှုဝန်ဆောင်မှုများနှင့် ဒေသန္တရစီးပွားရေးကဏ္ဍဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိရာ လူထု၏ ဘဝအရည်အသွေးကိုမြှင့်တင်ပေးလိုသော နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီများအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်တော်ဆုံး အနေအထားတွင်ရှိသော အစိုးရအဖွဲ့အစည်းများပင်ဖြစ်သည်။

## ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ စိန်ခေါ်မှုများနှင့်လိုအပ်ချက်များ

စည်ပင်သာယာရေးအဖွဲ့များကို နယ်စပ်ရေးရာဝန်ကြီးဌာနလက်အောက်တွင် ဆက်လက်ထားရှိခြင်းမပြုတော့သောကြောင့် ယင်းအဖွဲ့များအနေဖြင့် နေပြည်တော်အခြေစိုက် 'မိခင်ဝန်ကြီးဌာန' တစ်ခုမရှိပဲဖြစ်သွားသည်။ ထိုသို့ ဗဟိုလမ်းညွှန်အဖွဲ့အစည်းတစ်ခုမရှိတော့သော အခြေအနေကြောင့် စည်ပင်သာယာရေးအဖွဲ့များသည် ယခင်ကကြုံတွေ့ခဲ့ရဖူးခြင်းမရှိသော မတည်ငြိမ်မှုများနှင့် ပြင်ဆင်ပြောင်းလဲရမှုများကို ရင်ဆိုင်ကြရပါသည်။ လက်တွေ့အားဖြင့် မြန်မာနိုင်ငံတွင် သီးခြားဝိသေသများရှိကြသော စည်ပင်သာယာရေးအဖွဲ့စနစ် ၁၄ ခုဖြစ်ထွန်းလာပြီး ယင်းတို့တွင် ကိုယ်ပိုင်ဥပဒေကြောင်းလုပ်ပိုင်ခွင့်များ၊ မူဝါဒများ၊ ဝန်ထမ်းခန့်ထားမှုနှင့် လေ့ကျင့်သင်တန်းပေးမှုအစီအစဉ်များရှိလာကြသည်။ ထို့ကြောင့် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများ၏ ဗျူရိုကရေစီယန္တရားအသစ်များဖြစ်လာကြပြီး တစ်ချိန်တည်းမှာပင် စိန်ခေါ်မှုပေါင်း များစွာကိုလည်း ကိုယ်စားပြုလျက်ရှိသည်။

*လူသားအရင်းအမြစ်ဆိုင်ရာစနစ် ။* ။ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာမူဝါဒများသည် နိုင်ငံအနှံ့အပြားရှိ စည်ပင်သာယာရေးအဖွဲ့များကို စနစ်တကျအကဲဖြတ်နိုင်ပြီး ပြည်နယ်/တိုင်းဒေသကြီးအစိုးရများလက်အောက်တွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများသည်လည်း ပြည်ထောင်စုအစိုးရအောက်ရှိ နိုင်ငံ့ဝန်ထမ်းများနည်းတူ ပြောင်းရွှေ့ခြင်း၊ ရာထူးတိုးမြှင့်ခြင်းနှင့် လေ့ကျင့်သင်ကြားခြင်းများတွင် တန်းတူအခွင့်အရေးများရရှိစေရန် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။

*စွမ်းဆောင်ရည်နှင့် တရားဝင်လုပ်ပိုင်ခွင့်အချိုးကျမှု ။* ။ စည်ပင်သာယာရေးအဖွဲ့များ၏ ကျယ်ပြန့်လှသော တရားဝင်လုပ်ငန်းတာဝန်ဝတ္တရားများကြောင့် ခန့်အပ်မည့်ဝန်ထမ်းများသည် ယင်းတာဝန်နှင့်ဝတ္တရားများကို ကျေပွန်အောင်ထမ်းဆောင်နိုင်စေရန်လိုအပ်သည့် အသိပညာနှင့်ကျွမ်းကျင်မှုများရှိ/မရှိ စနစ်တကျစမ်းစစ်အကဲဖြတ်နိုင်ရန်လိုသည်။ စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ကိုယ်ပိုင်ရန်ပုံငွေများကို ကောက်ခံစုဆောင်းပြီး ဝန်ဆောင်မှုများကိုဆောင်ရွက်ပေးရမည်ဖြစ်ခြင်းကြောင့်လည်း ဝန်ထမ်းစွမ်းဆောင်ရည်မှာ အရေးပါရခြင်းဖြစ်သည်။

*မြို့ပြဖွံ့ဖြိုးမှုအစီအစဉ်ရေးဆွဲခြင်း ။* ။ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများမှအပ မြန်မာနိုင်ငံရှိမည်သည့်မြို့တွင်မှ ကဏ္ဍစုံပေါင်းစပ်ရေးဆွဲထားသော မြို့ပြဖွံ့ဖြိုးမှုအစီအစဉ်များရှိမနေပါ။ လက်ရှိဆောင်ရွက်နေသော မြို့ပြဒေသဖွံ့ဖြိုးမှုစီမံကိန်းများကို အချင်းချင်းပေါင်းစပ်ညှိနှိုင်းမှု အားနည်းသောရှိသော အစိုးရဌာနများကဆောင်ရွက်နေကြခြင်းဖြစ်ပြီး လတ်တလော လိုအပ်ချက်များကို တုန့်ပြန်ဖြေရှင်းသည့် စီမံကိန်းများကိုသာ တစ်နှစ်ထက်မကျော်သော ဘတ်ဂျက်ဖြင့်ဆောင်ရွက်နေကြသည်။ စည်ပင်သာယာရေးအဖွဲ့များတွင် မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းရေးဆွဲခြင်းအတွက် တာဝန်ရှိသော်လည်း လက်ရှိတွင် ယင်းတာဝန်ကိုဆောင်ရွက်နိုင်ခြင်း မရှိပါ။ အကယ်၍ စည်ပင်သာယာရေးအဖွဲ့များကို မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းများရေးဆွဲသည့်တာဝန်ပေးအပ်ပါက ရေတိုလိုအပ်ချက်နှင့် ရေရှည်စီမံချက်နှစ်မျိုးစလုံးကို ရေးဆွဲနိုင်စေသင့်သည်။

*စည်ပင်သာယာရေးကော်မတီ ။* ။ ဒေသခံပြည်သူ့ကိုယ်စားလှယ်များက နေရာအများစုရယူထားသော စည်ပင်သာယာရေးကော်မတီများ စတင်ဖွဲ့စည်းစဉ်အခါက စနစ်သစ်ဖြင့်အကျွမ်းဝင်မှုမရှိသည့် ဝန်ထမ်းအချို့သည် အရပ်သားများက ၎င်းတို့၏လုပ်ငန်းအပေါ် တစုံတရာစွက်ဖက်မှုရှိသည်ဆိုသည့် အထင်ဖြင့် တင်းမာမှုများဖြစ်ပွားခဲ့သည်။ သို့ရာတွင် ကော်မတီသည် လူထုနှင့်ပိုမိုထိတွေ့ဆက်ဆံနိုင်ခြင်း၊ လူထုပူးပေါင်းပါဝင်မှုအားကောင်းလာစေရန်စည်းရုံးနိုင်ခြင်းစသည်ဖြင့် စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ ပိုမိုတိုးတက်ကောင်းမွန်လာအောင် ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ခဲ့သည်။

*ဥပဒေကြောင်းသုံးသပ်ချက် ။* ။ စည်ပင်သာယာရေးကော်မတီများ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် စည်ပင်သာယာရေးအဖွဲ့ရုံးတို့အကြားရှိ အခန်းကဏ္ဍများနှင့် ရည်ရွယ်ချက်များ ကွဲကွဲပြားပြား ရှိစေရန်အတွက် သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီး စည်ပင်သာယာရေး ဥပဒေပါပြဋ္ဌာန်းချက်များကို ပြန်လည်လေ့လာ သုံးသပ်မှုပြုသင့်သည်။ ကော်မတီများကို မည်ကဲ့သို့ရွေးချယ်တင်မြှောက်ရမည်ဆိုသည်ကိုလည်း ရှင်းလင်းစွာဖော်ပြထား သင့်သည့်အပြင် သက်ဆိုင်ရာမြို့နယ်အတွင်းရှိ မဲဆန္ဒပေးခွင့်ရှိသူအားလုံးတို့မှ ရွေးကောက်တင်မြှောက်ခြင်းမျိုး ဖြစ်စေရန်အတွက်လည်း ထည့်သွင်းစဉ်းစားသင့်သည်။

*အစိုးရနှင့် စည်ပင်သာယာရေးအဖွဲ့များအကြားပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း ။* ။ မြို့နယ်အတွင်းတွင် အစိုးရဌာနများစွာနှင့် အတူအသစ်ပေါက်ဖွားလာသော ကော်မတီများစွာ၊ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေစီမံချက်များစွာ

ရှိနေသောကြောင့် ဒေသတွင်းပေါင်းစပ်ညှိနှိုင်းရေးမှာ ခက်ခဲလှသော စိန်ခေါ်မှုတစ်ခုဖြစ်လာသည်။ ထို့အပြင် ဒေသန္တရစည်ပင်သာယာအုပ်ချုပ်မှုစနစ်အတွက် မူဝါဒလမ်းညွှန်များချမှတ်ပေးခြင်း၊ သီးခြားစီရှိနေသော စည်ပင်သာယာအုပ်ချုပ်ရေးစနစ် ၁၄ ခုတို့အတွက်နည်းပညာအထောက်အကူပေးခြင်းနှင့် အခွန်နှုန်းထားများ၊ ပါမစ်နှင့်ဝန်ဆောင်ခများသတ်မှတ်ရာတွင် ချိတ်ဆက်ညှိနှိုင်းပေးခြင်းစသည်တို့ကိုဆောင်ရွက်မည့် ဗဟိုအဆင့်အဖွဲ့အစည်းသို့မဟုတ် တာဝန်ခံသူ ရှိမနေပါ။ ထို့အပြင် စည်ပင်သာယာရေးအဖွဲ့များ အပြန်အလှန်ဆက်သွယ်နိုင်မည့်၊ အတွေ့အကြုံများကို မျှဝေနိုင်မည့်၊ ပြည်ထောင်စုအစိုးရ၏ အထောက်အပံ့အတွက် ပူးပေါင်းတင်ပြနိုင်မည့် အမျိုးသားအဆင့်ဖိုရမ် သို့မဟုတ် အစည်းအရုံးမျိုးလည်း မရှိသေးပါ။ ထို့ကြောင့် မြန်မာနိုင်ငံစည်ပင်သာယာအုပ်ချုပ်ရေးအဖွဲ့များအစည်းအရုံး သို့မဟုတ် အလားတူဖိုရမ်တစ်ခုတည်ထောင်ဖွဲ့စည်းနိုင်လျှင် အကောင်းဆုံးဖြစ်နိုင် သည်။

## မြန်မာ့အသွင်ကူးပြောင်းရေးတွင် စည်ပင်သာယာရေးအဖွဲ့များ၏နိုင်ငံရေးအရအရေးပါမှု

စည်ပင်သာယာရေးအဖွဲ့များသည် မြန်မာနိုင်ငံ၏အသွင်ကူးပြောင်းမှုတွင် လုပ်ငန်းစဉ်အရ၊ ဖွဲ့စည်းတည်ထောင်ပုံအရနှင့် နိုင်ငံရေးအရ အရေးပါမှုများရှိနေသည်။ ကိုယ်ပိုင်ရန်ပုံငွေစနစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများကို တာဝန်ခံမှုနှင့် အကျယ်အပြန့်လုပ်ပိုင်ခွင့်အာဏာများရှိနေခြင်းကြောင့် ယင်းတို့သည် မြန်မာနိုင်ငံ၏ ဗဟိုချုပ်ကိုင်မှုလျော့ချရေးလုပ်ငန်းစဉ်ကို ရှေ့သို့တိုးတက်ဆောင်ရွက်ရာတွင် အရေးပါသော အကောင်အထည်ဖော်မှု အသစ်တစ်ခုလည်းဖြစ်သည်။ ယင်းတို့၏ လုပ်ငန်းဆောင်ရွက်မှုအပိုင်းတွင် ထိရောက်မှုကို မြှင့်တင်ပေးနိုင်ပါက ဒေသန္တရအခြေခံပြည်သူ့ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုတို့အတွက် အလွန်အရေးပါသော ကဏ္ဍမှတာဝန်ထမ်းဆောင်နိုင်မည်ဖြစ်သည်။ လက်ရှိအုပ်ချုပ်မှုစနစ်တွင် တတိယအလွှာပျောက်ဆုံးနေရာ စည်ပင်သာယာရေးအဖွဲ့များသည် ဒေသန္တရစီမံအုပ်ချုပ်ရေးအဖွဲ့အစည်းအများအပြားကြားတွင် တတိယအလွှာဟု ခေါ်ဆိုနိုင်မည့်တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်သည်။ ယင်းတို့သည် ဗဟိုချုပ်ကိုင်မှုလျော့ချပြီး ဒေသန္တရလုပ်ပိုင်ခွင့်ပိုပေးထားသော လုပ်ငန်းကဏ္ဍများနှင့် ရန်ပုံငွေစနစ်များရှိကြသော်လည်း ဒေသန္တရစီမံအုပ်ချုပ်ရေးစနစ်တစ်ခု၏ အခွင့်အာဏာများနှင့် ဖွဲ့စည်းတည်ဆောက်ပုံတို့ အပြည့်အဝရှိမနေသောကြောင့် စပ်ကူးမတ်ကူးအဖွဲ့အစည်းများဖြစ်နေသည်။ လက်ရှိ မြန်မာနိုင်ငံ၏အသွင်ကူးပြောင်းရေးဆိုင်ရာနောက်ခံအခြေအနေများကြောင့် ဒေသန္တရစည်ပင်သာယာစီမံခန့်ခွဲရေးစနစ်များ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းစဉ်များကို လက်ရှိအနေအထားထက် ပိုမိုကျော်လွန်စေရန် ပြန်လည်စဉ်းစားသုံးသပ်သင့်သည်။ မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေး ရှေ့ဆက်တိုးတက်ခြင်း၊ မြို့ပြဖွံ့ဖြိုးမှုဆက်လက်ဖြစ်ပေါ်နေခြင်းတို့ကြောင့် အုပ်ချုပ်မှုအရေးအရာများတွင် ဒေသန္တရချုပ်ကိုင်မှု ပိုမိုရရှိရေး၊ စည်ပင်သာယာဝန်ဆောင်မှုများ အရည်အသွေးပိုကောင်းလာစေရေးနှင့် လူထုပူးပေါင်းပါဝင်မှု ပိုမိုမြင့်မားရေးစသည့် တောင်းဆိုမှုများ ပိုမိုမြင့်မားလာနိုင်သည်။ လူထုလိုအပ်ချက်များကို တုန့်ပြန်ဆောင်ရွက်နိုင်မှု၊ တာဝန်ခံယူမှုနှင့် ပွင့်လင်းမြင်သာမှု ပိုမိုကောင်းမွန်လာသော စည်ပင်သာယာရေးအဖွဲ့များဖြစ်လာပါက မြန်မာနိုင်ငံ၏အုပ်ချုပ်မှုစနစ်သည် ဝန်ဆောင်မှုများတနေ့တခြား ပိုမိုကောင်းမွန်လာပြီး၊ ယခင်ကအားနည်းခဲ့သော နိုင်ငံတော်နှင့်နိုင်ငံသားများဆက်ဆံရေးကို ပြန်လည်တည်ထောင်နိုင်ကာ အာဏာရှင်အုပ်ချုပ်ရေးစနစ်အောက်တွင် ဆယ်စုနှစ်များစွာ အတွင်းရရှိခဲ့သော လူ့အဖွဲ့အစည်း၏ ဒဏ်ရာဒဏ်ချက်များကိုလည်း ပြန်လည်ကုစားနိုင်မည်ဖြစ်ကြောင်း သက်သေပြနိုင်မည့် စံနမူနာအုပ်ချုပ်ရေးအဖွဲ့အစည်းများဖြစ်လာကြပေမည်။

# တစ်။ ။ နိဒါန်း

မြန်မာနိုင်ငံ၏ ပြည်နယ်/တိုင်းဒေသကြီးများနှင့် ဒေသန္တရအုပ်ချုပ်ရေးစနစ်တွင် မြူနီစီပယ်အုပ်ချုပ်ရေးသည် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံ ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ ရွှေ့ပြောင်းလူဦးရေစာရင်း အရ မြန်မာနိုင်ငံ၏ လူဦးရေ ၅၀.၂ သန်း (အနီးဆုံး) ၏ ၂၉.၆% မှာ မြို့ပြဒေသတွင်နေထိုင်ကြသူများဖြစ်သည် (နောက်ဆက်တွဲ - ၁)။[1] မြန်မာနိုင်ငံ၏ စုစုပေါင်းလူဦးရေတိုးနှုန်းသည် ၀.၉% သာရှိသော်လည်း[2] မြို့ပြလူဦးရေတိုးတက်နှုန်းမှာ ၂.၈% အထိရှိသည်။[3] လာမည့်ဆယ်စုနှစ်များတွင် ယခုကဲ့သို့အရှိန်အဟုန်ဖြင့် တိုးတက်နေသော မြို့ပြလူဦးရေများကို စီမံခန့်ခွဲနိုင်ရေးအတွက် နိုင်ငံတွင်းရှိ ပြည်နယ်/တိုင်းနှင့် ဒေသန္တရအုပ်ချုပ်ရေးစနစ်များ၊ အထူးသဖြင့် မြူနီစီပယ်အုပ်ချုပ်ရေးစနစ်များကို သိသိသာသာတိုးတက်ပြောင်းလဲနိုင်ရန်အတွက် ဆောင်ရွက်ရန်လိုအပ်ပါသည်။

ယခုအစီရင်ခံစာတွင် ရန်ကုန်၊ မန္တလေးမြို့တော်များနှင့် နေပြည်တော်ပြည်ထောင်စုနယ်မြေ၏အပြင်ဘက်ရှိ မြူနီစီပယ်အုပ်ချုပ်ရေးကိုအဓိကတာဝန်ယူဆောင်ရွက်သော အဖွဲ့အစည်းများဖြစ်သည့် စည်ပင်သာယာရေးအဖွဲ့များအကြောင်းကို အဓိကလေ့လာထားခြင်းဖြစ်သည်။ နိုင်ငံအနှံ့အပြားတွင်ရှိနေကြသော ရာနှင့်ချီသည့် စည်ပင်သာယာရေးအဖွဲ့များသည် မြို့နယ်အဆင့်တွင် မြူနီစီပယ်လုပ်ငန်းများကို စီမံခန့်ခွဲနေကြသည်။ ယင်းအဖွဲ့များတွင် ဘုံတူညီသောနောက်ခံသမိုင်းနှင့် ဥပဒေကြောင်းအရလုပ်ပိုင်ခွင့်များရှိနေကြပြီး ယခုအစီရင်ခံစာ၏ရည်ရွယ်ချက်မှာ ယင်းစည်ပင်သာယာရေးအဖွဲ့များက နိုင်ငံ၏တနေ့တခြားတိုးတက်များပြားလာနေသော မြို့ပြနေပြည်သူများအတွက် မည်သို့သောအရေးပါသည့်တာဝန်များကို ထမ်းဆောင်ပေးနေသည်ကို လေ့လာဖော်ထုတ်ရန်ဖြစ်ပါသည်။

ရန်ကုန်နှင့် မန္တလေးမြို့တော်များရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီများမှာ သီးခြားဥပဒေပြဋ္ဌာန်းချက်များအရ သီးခြားမြို့ပြအုပ်ချုပ်ရေး လုပ်ပိုင်ခွင့်များရှိနေကြသဖြင့် ၎င်းတို့ကို ယခုအစီရင်ခံစာတွင် ထည့်သွင်းဆွေးနွေးမည်မဟုတ်ပါ။[4] စည်ပင်သာယာရေးအဖွဲ့အရာရှိတစ်ဦးက “ရန်ကုန်နှင့် မန္တလေးစည်ပင်သာယာရေးကော်မတီနှစ်ခုမှာ ကျန်တစ်နိုင်ငံလုံးရှိ စည်ပင်သာယာရေးအဖွဲ့များနှင့် တူညီခြင်းမရှိ” ဟု မှတ်ချက်ပေးခဲ့သည့် အတိုင်းပင်ဖြစ်သည်။[5] ပြည်ထောင်စုနယ်မြေဖြစ်သော နေပြည်တော်ရှိ နေပြည်တော်စည်ပင်သာယာရေးကော်မတီတွင်လည်း ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံ အခြေခံဥပဒေကို အခြေခံသော သီးခြားပြဋ္ဌာန်းချက်များရှိသည်။[6] ယင်းအဓိကမြို့တော်ကြီးသုံးခုမှအပ ကျန်တစ်နိုင်ငံလုံးရှိ မြို့ပြဒေသများမှ စည်ပင်သာယာရေးအဖွဲ့များအကြောင်းကို ယခုအစီရင်ခံစာက အဓိကသုံးသပ်ဆွေးနွေးသွားမည်ဖြစ်ပါသည်။

၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေသည် မြန်မာနိုင်ငံရှိ ပြည်နယ်/တိုင်းဒေသကြီးနှင့် ဒေသန္တရအုပ်ချုပ်ရေးစနစ်များတွင် ကြီးမားသော အပြောင်းအလဲများကို ပြုလုပ်ခဲ့သည်။ အာရှဖောင်ဒေးရှင်းနှင့် MDRI-CESD တို့၏ အစောပိုင်းသုတေသနအစီရင်ခံစာများတွင်ဖော်ပြထားသကဲ့သို့ပင် အရေးအပါဆုံးအပြောင်းအလဲမှာ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးဆိုင်ရာ သီးခြားလုပ်ငန်းရပ်များပါဝင်သော ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ (၁၄) ဖွဲ့ကို ဖွဲ့စည်းခြင်းပင်ဖြစ်သည်။[7] သို့သော်လည်း မြန်မာနိုင်ငံမှာ ဗဟိုချုပ်ကိုင်မှုကြီးမားသော နိုင်ငံတစ်နိုင်ငံဖြစ်နေဆဲပင်ဖြစ်သည်။ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ အသစ်ဖွဲ့စည်းသော ပြည်နယ်နှင့်တိုင်းဒေကြီးအစိုးရအဖွဲ့များကို စီမံအုပ်ချုပ်ရေးလုပ်ငန်းတာဝန်များနှင့် ရန်ပုံငွေအရင်းအမြစ်များကို ခွဲဝေပေးထားသော်လည်း ယင်းအစိုးရအဖွဲ့များတွင် ပြည်ထောင်စုအစိုးရနှင့် သီးခြားကင်းလွတ်စွာ လုပ်ငန်းလည်ပတ်ဆောင်ရွက်နိုင်သော ဗျူရိုကရေစီယန္တယားများ မရှိကြပေ။ မြန်မာနိုင်ငံရှိ ပြည်ထောင်စုအဆင့်မှအပသော အခြားအုပ်ချုပ်ရေးအဆင့်များသည် ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်တွင်ရှိသော ပြည်ထောင်စုဝန်ကြီးဌာနရုံးများအပေါ်တွင် ဆက်လက်မှီခိုနေကြရသည်။ ပြည်ထဲရေး ဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည်လည်း ပြည်နယ်/တိုင်းဒေသကြီးနှင့် ဒေသန္တရအုပ်ချုပ်ရေးစနစ်ထဲတွင် အခန်းကဏ္ဍကြီးမားစွာရယူထားသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီး

[1] မြို့ပြနေလူဦးရေအချိုးသည် အမြင့်ဆုံးရန်ကုန်တိုင်းဒေသကြီးတွင် ၇၀.၁% အထိရှိပြီး အနိမ့်ဆုံးဖြစ်သော ဧရာဝတီတိုင်းဒေသကြီးတွင် ၁၄.၁% သာရှိသဖြင့် ကွဲပြားမှုပမာဏကြီးမားသည်။

[2] *World Development Indicators (2014) - Population growth (annual %)*. [http://data.worldbank.org/indicator/SP.POP.GROW]တွင်ကြည့်ရှုနိုင်သည်။

[3] World Bank. 2015. *East Asia's Changing Urban Landscape: Measuring a Decade of Spatial Growth,* p. 106.

[4] ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥပဒေ (၂၀၁၃)၊ ရန်ကုန်စည်ပင်သာယာရွေးကောက်ပွဲနည်းဥပဒေ (၂၀၁၄)၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥပဒေ (၂၀၁၄)၊ မန္တလေးမြို့တော်စည်ပင်သာယာရွေးကောက်ပွဲနည်းဥပဒေ (၂၀၁၅)တို့တွင် ကြည့်ရှုနိုင်သည်။

[5] ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန ညွှန်ကြားရေးမှူးနှင့် အင်တာဗျူး

[6] ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၂၈၄။

[7] အသေးစိတ်သိလိုပါက Nixon, et al. 2013. State and Regional Governments in Myanmar တွင်ကြည့်ရှုနိုင်သည်။

အဆင့်ဟူပြီး အစိုးရအလွှာနှစ်လွှာသာရှိပြီး သီးခြားလုပ်ပိုင်ခွင့်တာဝန်များနှင့် ရန်ပုံငွေအရင်းအမြစ်များရှိ၍ ၎င်းတို့ကို ကိုယ်တိုင်ဆုံးဖြတ် ဆောင်ရွက်နိုင်သော 'ဒေသန္တရအစိုးရ' ဟုခေါ်ဆိုနိုင်သော တတိယအလွှာမရှိခဲ့ပေ။

ထိုအခြေအနေမှနေပြီး လောလောလတ်လတ်ဖောက်ထွက်မှုတစ်ခုမှာ မြူနီစီပယ်ရုံးများဟုလည်းခေါ်သော စည်ပင်သာယာရေးအဖွဲ့များပင်ဖြစ်သည်။[8] ရန်ကုန်၊ မန္တလေးမြို့များနှင့် နေပြည်တော်နယ်မြေအပြင်ဘက်ရှိ မြို့များအားလုံးတွင် သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေကြီးအစိုးရ တိုက်ရိုက်ထိန်းချုပ်မှုအောက်၌ရှိသော မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးများရှိကြသည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးဟူပြီး အပြန်အလှန်ဆက်စပ်နေသော အစိတ်အပိုင်းနှစ်ခုရှိသည်။ စည်ပင်သာယာရေးကော်မတီများကို များသောအားဖြင့် တစ်ဆင့်ခံ ရွေးချယ်တင်မြှောက်သော လူထုကိုယ်စားလှယ်လေးဦးအပါအဝင် အဖွဲ့ဝင်ခုနစ်ဦးဖြင့် ဖွဲ့စည်းလေ့ရှိသည်။ စည်ပင်သာယာရေးအဖွဲ့ရုံးကိုမူ လခစားနိုင်ငံ့ဝန်ထမ်းများဖြစ်သော စည်ပင်သာယာရေးအဖွဲ့ရုံးဝန်ထမ်းများက စီမံခန့်ခွဲသည်။ ယခုအစီရင်ခံစာတွင် သီးခြားမှတ်ချက် ပေးထားခြင်းမရှိပါက စည်ပင်သာယာရေးအဖွဲ့များဆိုရာ၌ စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့ရုံးနှစ်မျိုးစလုံး ကို ရည်ညွှန်းခြင်းဖြစ်သည်ဟု မှတ်ယူရပါမည်။

စည်ပင်သာယာရေးအဖွဲ့များ၏ အရေးပါသောအခန်းကဏ္ဍ အများအပြားရှိပါသည်။

- ပထမဦးဆုံးနှင့် အရေးအကြီးဆုံးအချက်မှာ စည်ပင်သာယာရေးအဖွဲ့များသည်ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များလက်အောက်ရှိ အပြည့်အဝဒေသန္တရစီမံခန့်ခွဲရေးရရှိသော တစ်ခုတည်းသော အဖွဲ့အစည်းများဖြစ်သည်။ အခြားသောပြည်နယ်/တိုင်းဒေသကြီးနှင့် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့အစည်းများမှာ ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခု၏အစိတ်အပိုင်းများသာဖြစ်ပြီး နေပြည်တော်သို့ အစီရင်ခံရသည် (နောက်ဆက်တွဲ - ၂ ကိုကြည့်)။

- ဒုတိယအချက်မှာ စည်ပင်သာယာရေးအဖွဲ့များသည် အပြည့်အဝ ရန်ပုံငွေအမှီအခိုကင်းသောအဖွဲ့အစည်းများ ဖြစ်ကြခြင်း ဖြစ်သည်။ သက်ဆိုင်ရာမြို့နယ်အတွင်းမှကောက်ခံရရှိသော အခွန်ဘဏ္ဍာငွေများကို မိမိမြို့နယ်အတွင်း၌သာ ပြန်လည် သုံးစွဲရန်လိုပြီး ရန်ပုံငွေသုံးစွဲခြင်းနှင့်ပတ်သက်၍လည်း ဆုံးဖြတ်ခွင့်အများအပြားရှိသည်။ အခြားသော ပြည်နယ်/တိုင်း ဒေသကြီးနှင့် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့အစည်းအားလုံးမှာ တစ်နည်းနည်းဖြင့် ပြည်ထောင်စုအစိုးရ၏ ရန်ပုံငွေကို လက်ခံရယူကြသူများ ဖြစ်သည်။

- တတိယအချက်မှာ စည်ပင်သာယာရေးအဖွဲ့များသည် အဓိကအကျဆုံးပြည်သူ့ဝန်ဆောင်မှုပေးသူများဖြစ်ပြီး မြို့ပြရေရှိရေး၊ အညစ်အကြေးစွန့်ပစ်ခြင်း၊ အမှိုက်သိမ်းဆည်းခြင်း၊ လမ်း၊ တံတား၊ လမ်းမီးများ၊ ရေစီးရေလာကောင်းမွန်ရေး စသည်တို့အားလုံးကို ဝန်ဆောင်မှုပေးနေကြသည်။ ထို့အပြင် ဒေသတွင်းစီးပွားရေးလုပ်ငန်းများကို လိုင်စင်ထုတ်ပေးခြင်း၊ အခွန်နှင့်ဝန်ဆောင်ခများကောက်ခံခြင်း၊ ကူးတို့လုပ်ငန်းနှင့် လမ်းအသုံးပြုခကောက်ခံခြင်းများအတွက် တင်ဒါလေလံများ စီမံဆောင်ရွက်ခြင်းစသည်တို့ကို တာဝန်ယူပြီး ဒေသစီးပွားရေးစီမံခန့်ခွဲမှုကဏ္ဍတွင်လည်း အလွန်အရေးပါသော နေရာ၌ရှိနေကြသည်။ နှိုင်းယှဉ်ချက်အားဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများသည် ကဏ္ဍတစ်ခုတည်းကိုသာ သီးသန့်တာဝန်ယူသူများဖြစ်ကြပြီး စည်ပင်သာယာရေးအဖွဲ့များက ကဏ္ဍစုံတာဝန်ယူသည့်အဖွဲ့များဖြစ်ကြသည်။

- နောက်ဆုံးအချက်မှာ စည်ပင်သာယာရေးအဖွဲ့များသည် ဒေသခံလူထုကော်မတီ (စည်ပင်သာယာရေးကော်မတီ) က စောင့်ကြည့်ကြပ်မတ်နိုင်သော တစ်ခုတည်းသော ဒေသန္တရစီမံခန့်ခွဲရေးအဖွဲ့အစည်းများဖြစ်ကြသည်။ စည်ပင်သာယာရေးကော်မတီတွင် ဆုံးဖြတ်ပိုင်ခွင့်ရှိနေပြီး အဖွဲ့ဝင်အများစုမှာ ရပ်ရွာလူထုမှာရွေး ကောက်တင်မြှောက်ထားခြင်းဖြစ်သည်။ ဒေသန္တရအုပ်ချုပ်ရေးစနစ်ကို တိုးတက်စေရန်နှင့် လူထုပူးပေါင်းပါဝင်မှုကို အားပေးမြှင့်တင်ရန်ရည်ရွယ်ပြီး သမ္မတ ဦးသိန်းစိန်က ၂၀၁၂ ခုနှစ်တွင် ဖွဲ့စည်းစေခဲ့သော အခြားမြို့နယ်အဆင့် ကော်မတီသုံးခုမှာမူ အကြံပေးနိုင်သည့် အခန်းကဏ္ဍသာရှိခြင်း သို့မဟုတ် အစိုးရအရာရှိများဖြင့်သာ လုံးလုံးလျားလျားဖွဲ့ စည်းထားခြင်းတို့ကိုတွေ့ရသည်။[9]

---

[8] စည်ပင်သာယာရေးအဖွဲ့ကို စည်ပင်သာယာရေးအဖွဲ့အစည်းဟုပြန်ဆိုသည်။ အဖွဲ့ဟူသော ဝေါဟာရသည် လွန်စွာ အရေးပါပြီး၊ ၎င်းအသုံးအနှုန်းက စည်ပင်သာယာရေးအဖွဲ့များသည် ပြည်ထောင်စုဝန်ကြီးဌာနတစ်ခု၏ လက်အောက်မှ ဌာနခွဲတစ်ခု မဟုတ်တော့ကြောင်း ပြဆိုနေသည်။

[9] မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ၊ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဟူသည့် မြို့နယ်အဆင့် ကော်မတီ သုံးခုရှိသည်။ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ၏ အဓိက ခြားနားချက်မှာ အဖွဲ့ဝင်ပါဝင်ဖွဲ့စည်းမှုမဟုတ် စည်ပင်သာယာကော်မတီများက ဆုံးဖြတ်ပိုင်ခွင့်ရှိပြီး မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီက အကြံပေးခွင့်သာရှိဖြင်းဖြစ်သည်။မြို့နယ်အဆင့် ကော်မတီများ၏

စည်ပင်သာယာရေးအဖွဲ့များ၏ အဓိကတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဥပဒေကြောင်းအရ ပြဌာန်းပေးထားပြီး မြို့ပြဒေသများတွင် ပြည်သူ့ဝန်ဆောင်မှုများဆောင်ရွက်ပေးခြင်းနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများကို စီမံအုပ်ချုပ်မှုတို့ပါဝင်သည်။ စစ်အုပ်ချုပ်ရေးစနစ်အောက်၌ မြန်မာဗျူရိုကရေစီပုံစံသစ်များ မကြာခဏပေါ်ထွန်းခဲ့သည်မှန်သော်လည်း ယင်းတို့သည် အဓိကအားဖြင့် ဗြိတိသျှကိုလိုနီခေတ်မှဆင်းသက်လာသော မြူနီစီပယ်အုပ်ချုပ်ရေးအဖွဲ့အဓိကလုပ်ငန်းရပ်ကြီး ၃၁ ခုကို အစဉ်အဆက် အကောင်အထည်ဖော်လာခဲ့ကြသည် (နောက်ဆက်တွဲ - ၃ ကိုကြည့်)။

**ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတာဝန်များ**

- မြို့ပြစီမံကိန်းရေးဆွဲခြင်း၊
- ရေအရင်းအမြစ်၊
- ရေဆိုးစွန့်ပစ်ရေး၊
- အမှိုက်သိမ်းဆည်းခြင်း၊
- သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ခြင်း၊
- လမ်းမီးများ၊
- လမ်းတံတားနှင့် ရေနုတ်မြောင်းများ၊
- အိုးမဲ့အိမ်မဲ့များ၊
- တိရစ္ဆာန်ထိန်းချုပ်ရေး၊
- ပန်းခြံ၊ ရေကူးကန်၊ အများသုံးသန့်စင်ခန်းနှင့် အပန်းဖြေနေရာများ၊
- လမ်းစည်းကမ်းများ၊ လမ်းအမည်သတ်မှတ်ခြင်းနှင့် လိပ်စာ၊
- သုသာန်မြေများနှင့် မီးသင်္ဂြိုဟ်စက်များ၊
- သုသာန်မြေများဖယ်ရှားခြင်း၊
- အများပြည်သူအကျိုးအတွက် ဆောင်ရွက်သော အခြားဖွံ့ဖြိုးရေးလုပ်ငန်းများ၊
- အခြားလိုအပ်သော တာဝန်များ၊
- စည်ပင်သာယာရေးအဖွဲ့များ၏ စီမံခန့်ခွဲမှုအောက်ရှိ နိုင်ငံပိုင်အဆောက်အအုံများ၊
- ကျူးကျော်နေအိမ်များဖယ်ရှားရေး၊
- ပုဂ္ဂလိကအဆောက်အအုံများအတွက် ဆောက်လုပ်ခွင့်ပါမစ်များ၊

**ဒေသတွင်းစီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာတာဝန်များ**

- စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ
- ပုဂ္ဂလိကပိုင်ဈေးများ
- ကျွဲ၊ နွား ပွဲဈေးများ
- သားသတ်ရုံများ
- လမ်းဘေးဈေးဆိုင်ခန်းများ
- အသေးစားငွေချေးလုပ်ငန်းများ
- မုန့်တိုက်များနှင့် စားသောက်ဆိုင်များ
- အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းများ
- တည်းခိုဆောင်များ
- တိရစ္ဆာန်မွေးမြူရေးနှင့် တိရစ္ဆာန်အသေကောင်များစွန့်ပစ်ရေး
- ကူးတို့လုပ်ငန်း
- အနေးယာဉ်လုပ်ငန်း

**အထက်ပါလုပ်ငန်းရပ်များအားလုံးသည် စည်ပင်သာယာရေးအဖွဲ့များ ဒေသအတွင်းမှကောက်ခံရရှိသည့် ရန်ပုံငွေတစ်ခုတည်းဖြင့် ဆောင်ရွက်သော လုပ်ငန်းများဖြစ်သည်။**

ယခုအစီရင်ခံစာတွင် စည်ပင်သာယာရေးအဖွဲ့များ၏ မူလအရင်းအမြစ်နှင့် သမိုင်းစဉ်၊ လက်ရှိ ဥပဒေကြောင်းအရ လုပ်ပိုင်ခွင့်များ၊ တာဝန်နှင့် လုပ်ငန်းရပ်များအကြောင်းကို အသေးစိတ်ဆွေးနွေးသုံးသပ်ထားပြီး ယင်းအဖွဲ့အစည်းများ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးတွင် ထည့်သွင်းစဉ်းစားသင့်သော မူဝါဒဆိုင်ရာ အကြံပြုချက်များဖြင့် နိဂုံးချုပ်ထားပါသည်။ ယခုအစီရင်ခံစာသည် အဓိကအားဖြင့် ဖွင့်ဆိုရှင်းပြသည့် အစီရင်ခံစာအမျိုးအစားဖြစ်ပြီး စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းရပ်များ၊ ဖွဲ့စည်းတည်ဆောက်ပုံနှင့် လုပ်ငန်းစဉ်များကို အဓိကထားလေ့လာခြင်းဖြစ်သည်။ ဖွင့်ဆိုရှင်းပြရာတွင်လည်း စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းရပ်၊ ဖွဲ့စည်းပုံနှင့် လုပ်ငန်းစဉ်များကို တရားဝင်သတ်မှတ်နားလည်ထားသည့်အတိုင်း ဖွင့်ဆိုရှင်းပြခြင်းသာဖြစ်ပါသည်။ ယခုအစီရင်ခံစာကို စည်ပင်သာယာရေးအဖွဲ့များ၏ အမှန်တကယ်လုပ်ငန်းဆောင်ရွက်ပုံအား အရည်အသွေးအကဲဖြတ်သည့် အစီရင်ခံစာအဖြစ် မမှတ်ယူနိုင်ပါ။

ထိုရည်ရွယ်ချက်များ ထားရှိပြီးနောက် ယခုအစီရင်ခံစာကို လေ့လာရေးသားသည့် အဓိကအချက်အလက်ကောက်ယူနည်းမှာ အကြောင်းအရာအခြေခံလူတွေ့တွေ့ဆုံမေးမြန်းခြင်း (qualitative interview) များကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခြင်းပင်

---

ဖွဲ့စည်းပုံနှင့် တာဝန်ဝတ်တရားများကို အသေးစိတ်သိလိုပါက Chit Saw and Arnold. 2014. *Administering the State in Myanmar*, Annexes 1-3 တွင် ကြည့်နိုင်သည်။

ဖြစ်ပြီး၊ သက်ဆိုင်ရာ ဥပဒေများ၊ ဘဏ္ဍာရေးဆိုင်ရာ ပြန်တမ်းများ၊ မီဒီယာသတင်းဖော်ပြမှုများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ မူဝါဒလမ်းညွှန်ချက်များကို လေ့လာသုံးသပ်ခြင်းများလည်း ပါဝင်သည်။ အဓိကသတင်းအချက်အလက်ပေးနိုင်သူများကို တွေ့ဆုံမေးမြန်းခြင်း၊ ဦးတည်အုပ်စုဆွေးနွေးပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ၂၀၁၄ အောက်တိုဘာနှင့် ၂၀၁၅ မတ်လအကြားတွင် ပြုလုပ်ခဲ့ပြီး စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းဟောင်းများနှင့် လက်ရှိဝန်ထမ်းများ၊ စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးဝန်ကြီးများ၊ အခြားအစိုးရအရာရှိများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် အရပ်ဖက်အဖွဲ့အစည်းများပါဝင်ခဲ့ကြသည်။[10] စည်ပင်သာယာရေးအဖွဲ့များနှင့်ပတ်သက်သည့် ကနဦးခြုံငုံသုံးသပ်မှုများအတွက် အဓိကသုတေသနပြုလုပ်သော နယ်ပယ်မှာ စည်ပင်သာယာရေးအဖွဲ့ ရုံးဝန်ထမ်းများပင်ဖြစ်သည်။ သုတေသနမေးခွန်းများသည် စည်ပင်သာယာရေးအဖွဲ့များ၏ တရားဝင်အခန်းကဏ္ဍ၊ လုပ်ပိုင်ခွင့်များနှင့် ဖွဲ့စည်းပုံတို့ပေါ်ပေါက်လာပုံ၊ ယင်းတို့ကို ကျယ်ပြန့်သော အုပ်ချုပ်ရေးစနစ်ဝန်းကျင်၊ အထူးသဖြင့် မြူနီစီပယ်လုပ်ငန်းကဏ္ဍဝန်းကျင်တွင် ထည့်သွင်းကျင့်သုံးပုံစသည်တို့ကို အဓိကလေ့လာဖော်ထုတ်သော မေးခွန်းများဖြစ်သည်။ လူတွေ့တွေ့ဆုံမေးမြန်းခြင်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို မွန်နှင့် ရှမ်းပြည်နယ်၊ တနင်္သာရီနှင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် ဆောင်ရွက်ခဲ့သည်။ အထူးသဖြင့် စည်ပင်သာယာရေးအဖွဲ့များနှင့်ဆိုင်သော အုပ်ချုပ်ရေးအဆင့်များအားလုံးကို တွေ့ဆုံမေးမြန်းနိုင်ရန် အဓိကထားပြီးဆောင်ရွက်ခဲ့သည်။ စည်ပင်သာယာရေးအဖွဲ့များနှင့်ပတ်သက်ပြီး အဓိကတာဝန်ရှိသော ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ဝန်ကြီးများမှစ၍ ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များမှသည် သက်ဆိုင်ရာမြို့နယ်များရှိ စည်ပင်သာယာရေးအဖွဲ့ရုံး အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများအထိ အဆင့်အားလုံးကို တွေ့ဆုံမေးမြန်းခဲ့သည်။

[10] စုစုပေါင်းအင်တာဗျူး ၄၅ ခုနှင့် အုပ်စုဖွဲ့ဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။ ၂၀၁၅ မတ်လတွင် The Asia Foundationနှင့် VNG International သည် ဧရာဝတီတိုင်း၊တနင်္သာရီတိုင်းနှင့်ရှမ်းပြည်နယ်တို့တွင် စည်ပင်သာယာရေးအဖွဲ့ဝင် ၄၂၀ပါဝင်သောအလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။

## နှစ်။ ။ စည်ပင်သာယာရေးအဖွဲ့များ၏ သမိုင်းနောက်ခံနှင့် ခေတ်ပြိုင်ပြောင်းလဲဖွံ့ဖြိုးလာမှုဖြစ်စဉ်

ယခုအပိုင်းတွင် စည်ပင်သာယာရေးအဖွဲ့များ၏ သမိုင်းကြောင်းနှင့် အဆင့်ဆင့်ဖြစ်ပေါ်ပြောင်းလဲလာမှုများကို အကျဉ်းဆွေးနွေး သုံးသပ်သွားမည်ဖြစ်သည်။ ထိုသို့သုံးသပ်ခြင်းသည် ယင်းအဖွဲ့အစည်းများ လက်ရှိထမ်းဆောင်နေသော အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို နောက်ခံဝန်းကျင်နှင့်တကွ ပိုမိုနားလည်သဘောပေါက်စေရန် အထောက်အကူပြုမည်ဖြစ်သည်။ မြန်မာနိုင်ငံရှိ မြူနီစီပယ်အုပ်ချုပ်ရေးသမိုင်းကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် သိနားလည်ထားခြင်းမရှိသောကြောင့် ယခုအစီရင်ခံစာ တွင်လည်း ယေဘုယျသဘော ခြုံငုံသုံးသပ်ချက်ကိုသာ ဖော်ပြနိုင်မည်ဖြစ်သည်။ ကိုလိုနီခေတ်မတိုင်ခင် အနီးဆုံးကာလများက မြူနီစီပယ် အုပ်ချုပ်ရေးနှင့် ယေဘုယျသဘော ပြည်သူ့စီမံခန့်ခွဲရေးတို့မှာ များစွာကွာခြားခြင်းမရှိလှပါ။ မြို့နယ် သို့မဟုတ် မြို့ အုပ်ချုပ်ရေး အရာရှိဖြစ်သော မြို့ဝန်သည် သက်ဦးဆံပိုင်ဘုရင်ကိုယ်စား သက်ဆိုင်ရာပိုင်စားနယ်မြေအတွင်း 'အထွေထွေစီမံ အုပ်ချုပ်မှု လုပ်ငန်းများ'ကို ဆောင်ရွက်သူဖြစ်သည်။[11] သို့ရာတွင် ဗြိတိသျှလက်အောက်သို့ ကျရောက်သွားပြီးနောက်၌ သီးခြား ဝိသေသ ရှိသော မြို့ပြအုပ်ချုပ်မှုစနစ်ဟူသည့် အယူအဆကို စတင်မိတ်ဆက်ပေးခဲ့သည်။ လက်ရှိမြန်မာနိုင်ငံရှိ မြူနီစီပယ် အုပ်ချုပ်ရေးစနစ်၏ ဥပဒေကြောင်းနောက်ခံကို ဗြိတိသျှဘားမား မြူနီစီပယ်အက်ဥပဒေ စတင်ပြဋ္ဌာန်းသော ၁၈၇၄ ခုနှစ် မတ်လ ၂၄ ရက်နေ့သို့ တိုက်ရိုက်ခြေရာကောက်နိုင်သည်။

၁၈၇၄ ခုနှစ် မြူနီစီပယ်အက်ဥပဒေသည် မြို့ကြီးခုနစ်မြို့ဖြစ်သော ရန်ကုန်၊ မော်လမြိုင်၊ ပုသိမ်၊ စစ်တွေ၊ ဟင်္သာတ၊ ပြည်နှင့် တောင်ငူတို့၏ မြူနီစီပယ်အုပ်ချုပ်ရေးကို သက်ဆိုင်ရာ မြူနီစီပယ်ကော်မတီများသို့ တာဝန်လွှဲပြောင်းပေးခဲ့သည်။[12] မြူနီစီပယ် ကော်မတီများသည် မြေခွန်၊ လှေခွန်၊ လှည်းခွန်၊ မော်တော်ယာဉ်ခွန်၊ တိရစ္ဆာန်ခွန်နှင့် ရေခွန်များအပါအဝင် အခွန် အမျိုး အစားပေါင်းများစွာ ကောက်ခံနိုင်သော အခွင့်အာဏာရှိလာကြသည်။[13] ယင်းကော်မတီများသည် ဈေးများ၊ သားသတ်ရုံနှင့် ဆိပ်ကမ်းများစသည်တို့ကို လေလံပစ်ခြင်းအား စီစဉ်ဆောင်ရွက်ကြပြီး လမ်းဖောက်လုပ်ခြင်း၊ စာသင်ကျောင်းနှင့် ဆေးရုံများ ဆောက်လုပ်ခြင်းလုပ်ငန်းများကိုလည်း တာဝန်ယူသည်။ မြူနီစီပယ်ကော်မတီများသည် အခြားသော ပြည်သူ့ဝန်ဆောင်မှု အခြေခံ အဆောက်အဦစီမံချက်များကိုလည်း လိုအပ်သလိုတာဝန်ယူသကီးကြပ်ကြသည်။ အချို့သောကော်မတီဝင်များကို ရွေးကောက်တင် မြှောက်ပြီး အချို့ကိုမူ ဗြိတိသျှအစိုးရက ခန့်အပ်သည်။ ဥပမာအားဖြင့် ၁၈၇၄ ခုနှစ် ရန်ကုန်မြူနီစီပယ်ကော်မတီတွင် အဖွဲ့ဝင် ၃၂ ဦးရှိရာ ခြောက်ဦးသာ အစိုးရက တိုက်ရိုက်ခန့်အပ်တာဝန်ပေးထားခြင်းဖြစ်သည်။[14]

ဗြိတိသျှအုပ်ချုပ်ရေး၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ထွန်းလာသော မြို့ပြထွန်းကားလာမှုကြောင့် မြူနီစီပယ်ဥပဒေများကို ၁၈၈၄ မြူနီစီပယ်အက်ဥပဒေဖြင့် အသစ်ပြင်ဆင်ရေးဆွဲခဲ့သည်။[15] အခြားသော မြို့များတွင်ပါ မြူနီစီပယ်ကော်မတီများကို ဖွဲ့စည်းတည် ထောင်ပြီး သီးခြားရုံးအမည်၊ တံဆိပ်တုံးစသည်တို့ကို သုံးစွဲခွင့်ရှိကာ အစဉ်အဆက်ဆက်ခံခြင်း၊ ကော်မတီအမည်ဖြင့် တရားစွဲဆို ခြင်းနှင့် တရားစွဲဆိုခံပိုင်ခွင့်စသော အခွင့်အရေးများကို ပေးအပ်ခဲ့သည်။ ထို့အပြင် မြူနီစီပယ်ကော်မတီများ၏ လုပ်ပိုင်ခွင့် တာဝန် များကိုလည်း ပိုမိုတိုးချဲ့ပေးခဲ့ပြီး ကျန်းမာရေး၊ အညစ်အကြေးစွန့်ပစ်ခြင်း၊ မီးဘေးအန္တရာယ်ကာကွယ်ရေး၊ သဘာဝ ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး၊ ပညာရေးနှင့် မြို့လုံခြုံရေးကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဒေသအတွင်းမှ အခွန်အခ များနှင့် ဝန်ဆောင်ခများကိုလည်း ကောက်ခံခွင့်ပြုခဲ့သည်။ ၁၈၇၄ နှင့် ၁၈၈၄ မြူနီစီပယ်ဥပဒေနှစ်ခုမှာ မြန်မာနိုင်ငံအောက်ပိုင်း အတွက်သာ အကျုံးဝင်သည်။ အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက်တွင် ၁၈၈၇ ခုနှစ်၌ အထက် မြန်မာနိုင်ငံ မြူနီစီပယ်ဥပဒေ

[11] ဦးဘဦးက ဆိုထားသည်မှာ မြို့နယ်တစ်ခုနှင့် ၎င်း၏ပတ်ဝန်းကျင်ဒေသတစ်ပိုက် လုံခြုံစိတ်ချမှုရှိစေရန်၊မြို့နယ်တစ်ခုအတွင်း စီးပွားရေး ဆောင်ရွက်ကြသော ရောင်းသူဝယ်သူတို့ အလေးချိန်တွယ် မှန်ကန်မှု ရှိစေရန်၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အရောင်းဒိုင်များ၊ ကုန်သည်များထံမှ အခွန်မှန်မှန်ကန်ကန်ရရှိစေရန်၊ မြို့နယ်တစ်ခုတွင် ဝင်ထွက်ပေါက် ဆယ့်နှစ်ခုရှိစေပြီး အပေါက်တစ်ခုစီတွင် မြို့နယ်သို့ ဝင်ထွက်သွားလာသူ စာရင်းမှတ်သားထားမည့် ဂိတ်မှူးတစ်ဦးရှိစေရန်၊ ရုံးသို့ အသိပေးခြင်း၊ ခွင့်ပြုချက်ယူခြင်းမရှိဘဲ ဧည့်သည်လက်ခံခြင်း မရှိစေရန်၊ မြို့နယ်အတွင်း ရာဇဝတ်မှုမရှိစေရန်နှင့် ရှိခဲ့လျှင် ရာဇဝတ်သားအား ဖမ်းဆီးရပါက အထက်သို့ တင်ပြရန်နှင့် အထက်မှ ညွှန်ကြားချက်အတိုင်း လုပ်ဆောင်စေရန်ဟု ဖြစ်သည်။ U Ba U. 2011. *Myanmar Administration,* p. 152.

[12] ၁၈၇၄ ခုနှစ် မြူနီစီပယ်အက်ဥပဒေတွင် အခန်းခြောက်ခန်း ပါသည်။ ၎င်းတို့မှာ ၁)ပဏာမ၊ ၂) မြူနီစီပယ်ကော်မတီများ ခန့်ထားခြင်း၊ ၃) ရုံးနှင့် ကော်မတီအစည်းအဝေးများ၊ ၄) ကော်မတီ၏ လုပ်ပိုင်ခွင့်များ၊ ၅) ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ၆) ပြစ်ဒဏ်များ၊ တရားစွဲဆိုခြင်းနှင့် အခွန် ကြွေးကျန်များ ကောက်ခံခြင်း။ ဦးဘခင် (၂၀၀၉) *Gradual Development of Development Affairs Laws and Articles on Development Affairs Works*, pp. 2-9.

[13] ခရိုင်ကောင်စီနှင့် ခရိုင်ရန်ပုံငွေအဖွဲ့သည် ကျေးလက်ဒေသ အခြေခံအုပ်ချုပ်ရေးအတွက် ဖွဲ့စည်းထားခြင်း ဖြစ်သည်။၎င်း ဒေသဆိုင်ရာ အဖွဲ့အစည်းများသည် ခရိုင်ကော်မစ်ရှင်နာများ၏ ကြီးကြပ်မှုအောက်တွင် တည်ရှိကြသည်။

[14] ဒေသဆိုင်ရာ မဲဆန္ဒနယ်များအစား မြို့၏ အရပ်ဖက်လူမှုအဖွဲ့အစည်းများက ကော်မတီဝင်များကို ရွေးချယ်ခြင်းဖြစ်သည်။ ဥပမာဆိုသော် ၁၈၈၂ ရန်ကုန်မြူနီစီပယ်ကော်မတီတွင် အဖွဲ့ဝင် ၂၂ ယောက်အထိ လျော့ချခဲ့သည်။ ဗမာလူမျိုး ၅ ယောက်၊ ဥရောပလူမျိုး ၅ယောက်၊ တရုတ်လူမျိုး ၁ယောက်၊ ဟိန္ဒူလူမျိုး ၂ယောက်၊ မွတ်စလင်လူမျိုး ၂ယောက်၊ ကုန်သည်အဖွဲ့မှ ၁ယောက်၊ အစိုးရအဖွဲ့မှ ၆ယောက် ဖြစ်သည်။

[15] ၁၈၈၄ ခုနှစ် မြူနီစီပယ် ဥပဒေတွင် အခန်း ၉ ခန်းပါဝင်ကာ ခေါင်းစဉ်ခွဲ ၁၆၁ ခု ရှိသည်။ယင်းတို့မှာ ၁) ပဏာမ၊ ၂) မြူနီစီပယ်များဖွဲ့စည်းတည်ထောင်ခြင်း၊ ၃) မြူနီစီပယ်ကော်မတီများဖွဲ့စည်းခြင်း၊ ၄) အခွန်များစည်းကြပ်ကောက်ခံခြင်း၊ ၅) ရန်ပုံငွေများနှင့် ပစ္စည်းများ၊ ၆) ကျန်းမာသန့်ရှင်းရေးကိစ္စများနှင့် အခြားကိစ္စများ၊ ၇) ပြည်သူကျန်းမာရေး၊ လုံခြုံရေး သို့မဟုတ် သက်သာချောင်ချိရေးကိုထိခိုက်စေသည့် ပြစ်မှုများ၊ ၈) ကြီးကြပ်ခြင်းနှင့် ၉) နောက်ဆက်တွဲ။

ကို စတင်ပြဌာန်းခဲ့သည်။[16] အထက်မြန်မာနိုင်ငံမြူနီစီပယ်ဥပဒေသည် တောင်တန်းဒေသများဟု ခေါ်တွင်သော ဒေသများအတွက် အကျုံးမဝင်ပေ။[17]

၁၉၉၈ ခုနှစ်တွင် မြန်မာနိုင်ငံတဝှမ်းလုံးအကျုံးဝင်သော မြူနီစီပယ်ဥပဒေသစ်ကို ပြဌာန်းသည်။[18] အသစ်ပြဌာန်းသော ထို အက်ဥပဒေသည် ယခင်ကဥပဒေများနှင့် အနှစ်သာရအရများစွာမကွာခြားပဲ လုပ်ပိုင်ခွင့်နှင့် တာဝန်အသစ်များ ထပ်မံပေါင်းထည့်ပေး ခြင်းသာပိုမိုသည်။[19] ၁၈၉၈ မြူနီစီပယ်ဥပဒေတွင် လမ်းမီးထွန်းခြင်း (လျှပ်စစ်ကို စတင်သုံးစွဲ)နှင့် မြူနီစီပယ်ကော်မတီက ဝန်ဆောင် ပေးသော မြို့ပြရေပေးဝေခြင်းကဲ့သို့သော ဝန်ဆောင်မှုများအတွက် အခကြေးငွေများကောက်ခံခြင်း စသည်တို့ကို ထပ်မံတိုးချဲ့ ထားသည်။ ထို့အပြင် မြူနီစီပယ်ကော်မတီများသည် ဖွား/သေစာရင်းနှင့် လက်ထပ်ထိမ်းမြားခြင်းအတွက် အသိအမှတ်ပြု လက်မှတ်များ စတင်ထုတ်ပေးလာသည်။ သက်ဆိုင်ရာ မြို့ပြဒေသများတွင်လည်း လမ်း၊ ရေနုတ်မြောင်းနှင့် ရေကန်များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လာကြသည်။ ဒေသတွင်းကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်စင်ရေး လုပ်ငန်းများအနေဖြင့်လည်း ဆေးရုံနှင့် ဆေးပေးခန်းများစီမံခန့်ခွဲမှုကို ၎င်းတို့၏လက်အောက်၌ ထားရှိသည်။ ဈေးများ တည်ထောင် ဖွင့်လှစ်ခြင်း၊ အပန်းဖြေပန်းခြံများ ဖွင့်လှစ်ခြင်းနှင့် လုံခြုံရေးဝန်ဆောင်မှုပေးခြင်းများမှာလည်း ၎င်းတို့၏ လုပ်ငန်း တာဝန်များ ဖြစ်လာကြသည်။ မြူနီစီပယ်ကော်မတီများသည် ကိုယ်ပိုင်မြူနီစီပယ်ပုလိပ်အဖွဲ့ကိုလည်း တည်ထောင်ပိုင်ခွင့် ရှိသည်။ ထို့အပြင် လူထုပညာရေးမြှင့်တင်မှုအနေနှင့် စာသင်ကျောင်းအသစ်များ ဆောက်လုပ်ခြင်းနှင့် လက်ရှိစာသင်ကျောင်းများကို ထောက်ပံ့ပေး ခြင်းများကိုလည်း ဆောင်ရွက်လာကြ သည်။

၁၈၉၈ မြူနီစီပယ်ဥပဒေအရ ဗြိတိသျှအုပ်ချုပ်ရေးကာလက မြူနီစီပယ်ကော်မတီအဖွဲ့များရရှိခဲ့သော လုပ်ပိုင်ခွင့်များသည် ယခု လက်ရှိ စည်ပင်သာယာရေးအဖွဲ့များရရှိသော လုပ်ပိုင်ခွင့်များနှင့် များစွာဆင်တူသည်။ ဥပမာ- ကူးတို့လုပ်ငန်း၊ ဆိပ်ခံတံတားများ၊ အနေးယာဉ်များ၊ သားသတ်ရုံများစသည်တို့ကို စီမံအုပ်ချုပ်ခြင်းနှင့် စည်းမျဉ်းစည်းကမ်းများသတ်မှတ်ခြင်းအခွင့်အာဏာစသည်ဖြင့် တူညီချက်များစွာရှိသည်။ အထူးစိတ်ဝင်စားစရာကောင်းသည်မှာ ထိုခေတ်က မြူနီစီပယ်ကော်မတီများသည် ယနေ့ခေတ်တွင် မြင် တွေ့နေကျပုံမှန်လုပ်ငန်းတာဝန်များအပြင် လက်ရှိပြည်ထောင်စုဝန်ကြီးဌာနများ၏ စီမံခန့်ခွဲမှုအောက်သို့ရောက်နေသော ကဏ္ဍများ ဖြစ်သည့် လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေးစသည်တို့တွင်လည်း လုပ်ပိုင်ခွင့်များရှိနေခဲ့ကြသည့်အချက်ဖြစ်သည်။ ၁၈၉၈ မြူနီစီပယ် အက်ဥပဒေသည် နှစ်ပေါင်း ၉၅ နှစ်ကြာတည်တံ့ခဲ့ပြီး ၁၉၉၃ ခုနှစ်တွင်မှ ရုပ်သိမ်းခြင်းခံခဲ့ရသည်။ ထိုသို့ ကာလရှည်ကြာရခြင်း အကြောင်းရင်းတစ်ရပ်မှာ ဥပဒေ၏ ကျယ်ကျယ်ပြန့်ပြန့်လွှမ်းခြုံနိုင်မှုကြောင့်လည်း ဖြစ်နိုင်သည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးရရှိခဲ့ပြီးနောက် နိုင်းယှဉ်ချက်အားဖြင့် တိုတောင်းသောကာလတစ် ခုတွင် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သည်။ သို့ရာတွင် မြူနီစီပယ်ကော်မတီများနှင့် ဒိစတြိတ် (ခရိုင်) ကောင်စီများအတွက် ရွေးကောက်ပွဲများကို ချက်ချင်းကျင်းပပေးနိုင်ခြင်းမရှိပေ။[20] ဒိစတြိတ်ကောင်စီများမှာ ပိုမိုကျယ်ပြန့်သောကျေးလက်ဒေသများတွင် မြူနီစီပယ်ကော်မတီများနှင့် အလားတူအခန်းကဏ္ဍရှိသောအဖွဲ့အစည်းများဖြစ်သည်။ ၁၉၄၆ တွင် ပြဌာန်းခဲ့သော ဒေသန္တရ အာဏာပိုင်များ (ရပ်ဆိုင်းခြင်း) အက်ဥပဒေအရ ကြားကာလတွင် အစိုးရမှခန့်အပ်သောအရာရှိများက မြူနီစီပယ်ကော်မတီများကို ယာယီစီမံခန့်ခွဲသည်။ လွတ်လပ်ရေးရပြီးနောက် ပထမဦးဆုံးအကြိမ်အဖြစ် ရန်ကုန်မြို့တော်မြူနီစီပယ်ကော်မတီရွေးကောက်ပွဲကို ၁၉၄၉ ခုနှစ်တွင် ကျင်းပခဲ့ပြီး အခြားမြို့ကြီးများရှိ မြူနီစီပယ်ကော်မတီရွေးကောက်ပွဲများကို ၁၉၅၁ တွင် ကျင်းပခဲ့သည်။ ၁၉၅၃ တွင် ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးအက်ဥပဒေကို ပြဌာန်းခဲ့သည်။ ထိုအက်ဥပဒေမှာ ကိုလိုနီခေတ်အမွေခံ အုပ်ချုပ်ရေးအဖွဲ့ အစည်းများကို လူထုပါဝင်မှုနှင့် ထိန်းချုပ်မှုပိုမိုကောင်းမွန်သော အဖွဲ့အစည်းများဖြင့် တစ်နိုင်ငံလုံးတွင် အစားထိုးရန်ရေးဆွဲပြဌာန်း ခြင်းဖြစ်သည်။

---

[16] ဤဥပဒေတွင်အခန်း (၄) ခန်း၊ခေါင်းစဉ်ခွဲ (၂၂) ခု ရှိသည်။အခန်းများမှာ ၁။မိတ်ဆက် ၂။ ကော်မတီများဖွဲ့စည်းမှု၊ ကော်မတီ၏ တာဝန်ဝတ္တရားများနှင့် လုပ်ပိုင်ခွင့်များ ၃။ ဘဏ္ဍာရေးနှင့် တရားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ၄။ပြစ်ဒဏ်များ။

[17] မြန်မာပြည်အောက်ပိုင်းသည် အကြမ်းဖျင်းအားဖြင့် တောင်ဘက်ပိုင်းနှင့် ကမ်းရိုးတန်းဒေသများ ပါဝင်ပြီး ဧရာဝတီ၊ပဲခူး၊ တနင်္သာရီ၊ ရန်ကုန်၊ ရခိုင်နှင့်မွန်တို့ ဖြစ်ကြသည်။မြန်မာပြည် အထက်ပိုင်းသည် ယနေ့မြန်မာနိုင်ငံ၏ အလယ်ပိုင်းဒေသကို ရည်ညွှန်းပြီး မန္တလေး၊စစ်ကိုင်းနှင့်မကွေးတို့ ဖြစ်သည်။ နယ်စပ်ဒေသများတွင် ချင်း၊ ကချင်၊ ကရင်၊ ကယား၊ ရှမ်းတို့ ပါဝင်သည်။

[18] ၁၈၉၈မြူနီစီပယ် ဥပဒေတွင် အခန်း (၁၀) ခန်းနှင့် ခေါင်းစဉ်ငယ် (၂၄၉) ခု ပါရှိသည်။အခန်းများမှာ ၁။ နိဒါန်း ၂။ မြူနီစီပယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ၃။ မြူနီစီပယ်ကော်မတီများအဖွဲ့ ၄။ အခွန်ကောက်ခံခြင်း ၅။ ရန်ပုံငွေနှင့် ပိုင်ဆိုင်မှုများ ၆။အညစ်အကြေးစွန့်ပစ်ရေးနှင့် အခြားကိစ္စရပ်ဆိုင်ရာ လုပ်ပိုင်ခွင့်များ ၇။ ပြည်သူ့ကျန်းမာရေး၊ လုံခြုံရေးနှင့်အဆင်ပြေချောမွေ့စေရေးကို နှောက်ယှက်ဟန့်တားခြင်း ၈။ စီမံထိန်းချုပ်ခြင်း ၉။ ဖြည့်စွက်ခြင်း ၁၀။ မြို့ငယ်များ။

[19] မြူနီစီပယ်ကော်မတီများထပ်မံဖွဲ့စည်းရာတွင် မြို့ကြီးများထက် မြို့ငယ်များအတွက် မြို့ကော်မတီများ ဖွဲ့စည်းပေးခဲ့သည်။

[20] ၁၉၂၁ ကျေးလက်ကိုယ်ပိုင် အုပ်ချုပ်ခွင့် ဥပဒေအရ ခရိုင်ကောင်စီများ ဖွဲ့စည်းလာပြီး ၎င်းမှတဆင့် ကျေးလက်ဒေသများအတွက် ခရိုင်ကော်မရှင် ရပ်ကျေးရန်ပုံငွေအဖွဲ့များ ပေါ်ပေါက်လာခဲ့သည်။

၁၉၆၂ ခုနှစ်တွင် တပ်မတော်က အာဏာယူပြီးနောက် ၁၉၅၃ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးအက်ဥပဒေကို ဖျက်သိမ်းလိုက်သည်။ သို့ရာတွင် ၁၈၉၈ ခုနှစ် မြူနီစီပယ်အက်ဥပဒေနှင့် ၁၉၂၁ ခုနှစ် ကျေးလက်ဒေသန္တရ ကိုယ်ပိုင်အုပ်ချုပ်ရေးဥပဒေ တို့ကိုမူ ဖျက်သိမ်းခြင်းမပြုပဲ မြို့ပြနှင့် ကျေးလက်အုပ်ချုပ်ရေးအတွက် အဓိကလမ်းညွှန်ဥပဒေများအဖြစ် ဆက်လက်ထားရှိသည်။[21] မြူနီစီပယ်ကော်မတီများမှာ မြို့ပြဒေသစီမံခန့်ခွဲရေးဌာနများ အဖြစ်ဆက်ရှိနေပြီး ခရိုင်ကောင်စီများမှာလည်း ကျေးလက်အုပ်ချုပ်ရေးအတွက် ဆက်လက်တည်ရှိနေခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီအစိုးရက ဝန်ကြီးဌာနဖွဲ့စည်းပုံများကို ပြင်ဆင်ရေးဆွဲသောအခါ မြူနီစီပယ်ကော်မတီများနှင့် ခရိုင်ကောင်စီများသည် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အောက်သို့ကျရောက်သွားခဲ့သည်။[22] ၁၉၇၄ ခုနှစ်တွင် မြူနီစီပယ်ကော်မတီများနှင့် ခရိုင်ကောင်စီများကဲ့သို့သော ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့အစည်းများကို အသစ်ဖွဲ့စည်းသော မြို့နယ်ဖွံ့ဖြိုးရေးကော်မတီများ လက်အောက်သို့ ပေါင်းစည်းပြီး မြို့ပြအုပ်ချုပ်ရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးနှစ်ခုစလုံးကို တာဝန်ယူဆောင်ရွက်စေသည်။[23] မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အုပ်ချုပ်သည့် ၁၉၇၄ မှ ၁၉၈၈ ကာလအတွင်း ၁၉၈၄ တွင် မြူနီစီပယ်ဥပဒေတစ်ခုကို ပြဌာန်းခဲ့သော်လည်း ယခင်ဥပဒေများအား အနည်းငယ် ပြုပြင်ပြောင်းလဲမှုများသာ ပါဝင်သည်။[24]

၁၉၈၈ ခုနှစ်တွင် တပ်မတော်မှ နိုင်ငံတော်အာဏာရယူကာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ) အစိုးရဖွဲ့စည်းပြီး[25]နောက်၊ ဒေသန္တရအုပ်ချုပ်ရေးဆိုင်ရာ ပြောင်းအလဲတချို့ကို ၁၉၉၃ ခုနှစ် စည်ပင်သာယာရေး အဖွဲ့များ ဥပဒေဖြင့် ပြဌာန်းခဲ့သည်။ ၁၉၉၃ ခုနှစ် ဥပဒေတွင် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဝန်ကြီးဌာန လက်အောက်ရှိ သက်ဆိုင်ရာအရာရှိထံသို့ အစီရင်ခံရမည်ဟု အတိအလင်းပြဌာန်းလိုက်သည်။ သို့ရာတွင် ၁၉၉၄ ဇန်နဝါရီလ၌ စည်ပင်သာယာရေး အဖွဲ့များကို ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်မှနေ၍ အသစ်ဖွဲ့စည်းလိုက်သော နယ်စပ်ရေးရာ ဝန်ကြီးဌာနအောက်သို့ ရွှေ့ပြောင်းလိုက်သည်။[26] ဤနည်းအားဖြင့် မြူနီစီပယ်ကော်မတီနှင့် ခရိုင်ကောင်စီများအဖြစ် အစပြုခဲ့သော အဖွဲ့အစည်းများသည် မြို့နယ်စည်ပင်သာယာရေးကော်မတီအဖြစ်ပြောင်းလဲကာ နယ်စပ်ရေးရာဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနအသစ်ဖြစ်သော စည်ပင်သာယာရေးဦးစီးဌာန လက်အောက်သို့ လွှဲပြောင်းရောက်ရှိသွားခဲ့သည်။ ထိုသို့ လုပ်ငန်းသဘောသဘာဝ ပြောင်းလဲသွားခြင်းကြောင့် ၁၉၉၃ ဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲရန်လိုအပ်လာပြီး ၁၉၉၇ ခုနှစ်တွင် ပြင်ဆင်ပြဌာန်းနိုင်ခဲ့သည်။[27] ၁၉၉၇ ခုနှစ် ပြင်ဆင်ပြဌာန်းချက်အရ ဒေသဖွံ့ဖြိုးရေးနှင့်သက်ဆိုင်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းရပ်များ အားလုံးကို နယ်စပ်ရေးရာဝန်ကြီးဌာန လက်အောက်သို့ တရားဝင်ရွှေ့ပြောင်းခဲ့သည်။ ၁၉၉၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်၊ ဧပြီလ အစိုးရသစ်ပြောင်းလဲသည့်အချိန်အထိ နယ်စပ်ရေးရာဝန်ကြီးဌာနသည် စည်ပင်သာယာရေးဦးစီဌာနမှတစ်ဆင့် မြို့ပြစီမံခန့်ခွဲရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှစ်ခုစလုံးကို တာဝန် ယူဆောင်ရွက်သည်။[28]

၂၀၀၈ ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ပြည်နယ်/တိုင်းဒေသကြီးနှင့် ဒေသန္တရအုပ်ချုပ်ရေးများ၊ အထူးသဖြင့် မြူနီစီပယ်အုပ်ချုပ်ရေးစနစ်တို့အတွက် ကြီးမားသောအပြောင်းအလဲများကို ဆောင်ကြဉ်းလာသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ စည်ပင်သာယာရေးဦးစီဌာနကို နယ်စပ်ရေးရာဝန်ကြီးဌာနလက်အောက်မှထုတ်ပြီး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ ရုံးခွဲများ ကို ၂၀၁၁ ဧပြီ တွင် အသစ်စတင်ဖွဲ့စည်းသော ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများ၏ ထိန်းချုပ်စီမံမှုအောက်သို့ အပြည့်အဝ လွှဲပြောင်းပေးလိုက်သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား - ၂ ပါ ပြဌာန်းချက်များအရ ယင်းရုံးများသည် ပြည်နယ်နှင့်တိုင်း

[21] ထို့အပြင် ကိုလိုနီခေတ်ဥပဒေများကိုပါ ဆက်လက်အသုံးပြုကြသည်။ 1892 Government Management of Private Estates Act, 1899 Government Buildings Act, 1946 Buildings (Regulations of Construction and Repair) Act, 1898 Ferries Act, 1947 Cattle Slaughter Prohibition Act, 1879 Hackney Carriage Act, 1914 Local Authorities Loans Act, and the 1946 Local Authorities (Suspension) Act.

[22] ၁၉၇၂တွင် ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးနှင့် ဒေသန္တရအဖွဲ့အစည်းများဝန်ကြီးဌာန သည် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနအဖြစ် ပြောင်းလဲလာခဲ့သည်။ထို့နည်းတူစွာ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးနှင့် ဒေသန္တရအဖွဲ့အစည်းများဝန်ကြီးဌာနလက်အောက်ရှိ မြူနီစီပယ် ကော်မတီနှင့် ခရိုင်ကောင်စီများကို ကြီးကြပ်ရသော ဒီမိုကရေစီဒေသန္တရအုပ်ချုပ်မှုနိုင်မာရေး ဦးစီးဌာနသည် ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနလက်အောက်သို့ ရွှေ့ပြောင်းသွားခဲ့သည်။

[23] ခရိုင်အဆင့်မရှိတော့သောအခါ ခရိုင်ကောင်စီနှင့် ခရိုင်ကော်မရှင် ရပ်ကျေးရန်ပုံငွေအဖွဲ့လည်း ပျက်ပြယ်သွားသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနဝက်ဘ်ဆိုက် http://www.drdmyanmar.org/index.php?page=YWJvdXQ တွင်ကြည့်ပါ။

[24] ၁၉၈၄ ဥပဒေကို မရုတ်သိမ်းသေး၍ မြို့ကြီးများအတွက် မြို့တော်ဝင်ခန့်အပ်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းများအတွက် ဆက်လက် အသုံးပြုကြသည်။

[25] နောင်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟု အမည်ပေးခဲ့သည်။

[26] ဤဝန်ကြီးဌာန၏ အမည်အပြည့်အစုံမှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေး နှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဖြစ်သည်။


[27] နယ်စပ်ရေးရာဝန်ကြီးဌာနလက်အောက်သို့ ရွှေ့ပြောင်းခြင်းကို နဝတ ကြေညာချက်အမှတ် ၁၅/၉၄ (၃၀ ဇန်နဝါရီ၊ ၁၉၉၄) ဖြင့် အတည်ပြု ပြဌာန်းသည်။ ထိုကြေညာချက်အရ ဝန်ကြီးဌာန၏အမည်ကိုလည်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနဟု ပြောင်းလဲခဲ့သည်။ Aung Myat Kyaw. 2013. *Study on Myanma Democratic Local Organizations and Laws*, p. 55.

[28] ရောဝတီတိုင်းရှိ ဒုတိယညွှန်ကြားရေးမှူးနှင့် အင်တာဗျူး

ဒေသကြီးအစိုးရများ ထိန်းချုပ်မှုအောက်၌ လုံးလုံးလျားလျားရှိနေသော တစ်ခုတည်းသော စီမံခန့်ခွဲရေး အဖွဲ့အစည်း များဖြစ်သည်။ စည်ပင်သာယာရေးဦးစီဌာနကိုမူ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ဦးစီးဌာနတစ်ခုအဖြစ်မှ ဖျက်သိမ်းပစ်ခဲ့သည်။[29]

ပြည်ထောင်စုဝန်ကြီးဌာနတစ်ခု၏ လက်အောက်ခံမဟုတ်တော့သောနောက်တွင် စည်ပင်သာယာရေးဦးစီဌာနရုံးများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများလက်အောက်၌ စည်ပင်သာယာရေးအဖွဲ့ဟုပြောင်းလဲခေါ်ဆိုပြီး၊ မြို့ပြအုပ်ချုပ်ရေး တစ်မျိုးထဲကိုသာ တာဝန်ယူဆောင်ရွက်စေသည်။ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်များက မိမိတို့ဒေသအတွက် စည်ပင်သာယာရေး ဥပဒေများကို အသီးသီးရေးဆွဲပြဋ္ဌာန်းခဲ့ကြသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများလက်အောက်သို့ရောက်ရှိသွားသော စည်ပင်သာယာရေးအဖွဲ့များကို ပြည်နယ်/တိုင်းဒေကြီးအစိုးရအဖွဲ့ ဝန်ကြီးကိုးဦးအနက်မှ တစ်ဦးဖြစ်သော စည်ပင်သာယာရေး ဝန်ကြီးက တာဝန်ယူကြီးကြပ်သည်။ အခြားပြည်နယ်/တိုင်းဒေသကြီးအဆင့်ဝန်ကြီးများကဲ့သို့ပင် စည်ပင်သာယာရေးဝန်ကြီး ကိုလည်း သက်ဆိုင်ရာဝန်ကြီးချုပ်က တိုက်ရိုက်ခန့်အပ်တာဝန်ပေးသည်။ ဖော်ပြပါ နိုင်ငံရေးခေါင်းဆောင်မှု အဆင့်အောက်၌ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးများရှိ သက်ဆိုင်ရာမြို့နယ်များအားလုံးမှ စည်ပင်သာယာရေးအဖွဲ့ရုံးများကို ညွှန်ကြားရေးမှူး အဆင့်ရှိသော နိုင်ငံ့ဝန်ထမ်းက စီမံအုပ်ချုပ်သည်။

**စည်ပင်သာယာရေးအဖွဲ့များအဆင့်ဆင့်ပြောင်းလဲပုံ**




ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရသည့် နယ်စပ်ရေးရာဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့်များကိုမူ စည်ပင်သာယာရေး အဖွဲ့များနည်းတူ ပြည်နယ်နှင့်တိုင်းဒေကြီးအစိုးရများဆီသို့ ရွှေ့ပြောင်းတာဝန်ပေးခြင်းမရှိပဲ အသစ်ပြင်ဆင်ဖွဲ့စည်းသည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးဝန်ကြီးဌာနဆီသို့ ၂၀၁၃ ခုနှစ် ဇွန်လတွင် ပြောင်းရွှေ့လုပ်ပိုင်ခွင့်ပေးသည်။[30] ထိုဝန်ကြီးဌာန သစ်လက်အောက်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အဓိက တာဝန်ယူပြီး ယင်း၏ ဝန်ထမ်းအများစုမှာ ဖျက်သိမ်းလိုက်ပြီဖြစ်သော စည်ပင်သာယာရေးဦးစီဌာနမှ ဝန်ထမ်းဟောင်းများ ဖြစ်သည်။[31] ဤနည်းအားဖြင့် မြို့ပြဒေသဆိုင်ရာတာဝန်များ (စည်ပင်သာယာရေးအဖွဲ့များ) နှင့် ကျေးလက်ဒေသဆိုင်ရာ တာဝန်များ (ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန) ဟူ၍ တရားဝင်ပြန်လည်ခွဲထုတ်လိုက်သည်။[32]

နိဂုံးချုပ်အားဖြင့် ယနေ့စည်ပင်သာယာရေးအဖွဲ့များသည် ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးခေတ်အထိ ရောက်ရှိသော ရှည်လျားသည့် သမိုင်းကြောင်းရှိပြီး ယခင်အစိုးရနှစ်ဆက်ကာလအတွင်း၌လည်း ပြောင်းလဲမှုများကို အကြိမ်ကြိမ်ကြုံတွေ့ခဲ့ရသည်။ ထိုသို့

[29] စည်ပင်သာယာရေးဦးစီဌာနမှ ဝန်ထမ်းများကို ပြည်နယ်နှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များသို့ ပြောင်းရွှေ့ရန် တရားဝင် အမိန့်စာကို ၂၀၁၂ မတ်လ ၃၁ ရက်တွင် ထုတ်ပြန်သည်။

[30] ၂၀၁၃ ဩဂုတ်လ ၁၃ ရက်နေ့တွင် ထုတ်ပြန်သော သမ္မတရုံးအမိန့်စာ အမှတ်(၆/၂၀၁၃)။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝက်ဆိုက်အရ ဇွန်လ ၂၀၁၂တွင် စည်ပင်သာယာရေးဦးစီဌာနကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဟုအမည်ပြောင်းခဲ့ပြီး ကျစ်လစ်အောင် ဖွဲ့စည်းခဲ့သည်။ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးရေးကို အာရုံထားလုပ်ဆောင်ရာမှ ကျေးလက်ဖွံ့ဖြိုးရေးကိုသာ ပြောင်းလဲလုပ်ဆောင်ခဲ့သည် http://www.drdmyanmar.org/index.php?page=YWJvdXQ

[31] ယင်းသို့ပြောင်းလဲမှုကြောင့် စည်ပင်သာယာရေးဦးစီဌာန၏ ညွှန်ကြားရေးမှူးချုပ်သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဖြစ်လာသည်။ ထို့အတူ ပြည်နယ်ဒေသတစ်ခုချင်းစီ၏ ညွှန်ကြားရေးမှူးများသည် ပြည်နယ်ဒေသအသီးသီးမှ အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုအောက်တွင် ၎င်း ပြည်နယ်ဒေသတစ်ခုချင်းစီ၏ စီနီယာအကြီးအကဲများဖြစ်လာကြသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အသစ်များအတွက် ရုံးအဆောက်အဦး မရှိသဖြင့် ရုံးအဆောက်အဦးများပြီးစီးသည်အထိ စည်ပင်သာယာရေးအဖွဲ့များနှင့်ပူးပေါင်းနေရသည်။ စည်ပင်သာယာရေးအဖွဲ့များအနေနှင့်လည်း ၂၀၁၁မှ ၂၀၁၃ခုနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအသစ်များသို့ ဝန်ထမ်းများ ပြောင်းရွှေ့သွားသည့်အတွက် နေရာလွတ်များစွာ ဖြစ်ပေါ်ပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ခက်ခဲမှုများရှိကြောင်း ရှမ်းပြည်နယ်ရှိ စည်ပင်သာယာ ဝန်ထမ်းများနှင့် အင်တာဗျူးမှ သိရသည်။

[32] ရပ်ကွက်အားလုံးသည် အလိုအလျောက် စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ပိုင်ခွင့်အောက်သို့ရောက်ခဲ့သည်။ သို့သော် ကျေးရွာလမ်းပိုင်းများ ကိုမူ စည်ပင်သာယာရေး ဧရိယာအဖြစ် သတ်မှတ်ထားဆဲ ဖြစ်သည်။၂၀၁၄အထိ စည်ပင်သာယာရေးအဖွဲ့များသည် ကျေးလက်ဒေသလမ်းပိုင်း များတွင် လုပ်ငန်းအနည်းငယ်ကို ဆောင်ရွက်လျက်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆင်ခြေဖုန်းနှင့် နီးစပ်ဒေသများတွင် အများပြည်သူနှင့် ဆိုင်သော လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြဒေသလုပ်ငန်းများ ကိုသာ လုပ်ကိုင်ခဲ့သကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖွဲ့သည် ကျေးရွာလမ်းပိုင်းတစ်လျှောက်ရှိ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကိုသာ အဓိက လုပ်ကိုင်ခဲ့ကြောင်း ရောဝတီတိုင်းမှ စည်ပင်ဝန်ထမ်းများနှင့် အင်တာဗျူးမှ သိရသည်။

ရှည်လျားလှသည့် သမိုင်းစဉ်အပြောင်းအလဲများကို ဖြတ်သန်းခဲ့ရသည့်တိုင်အောင် စည်ပင်သာယာရေးအဖွဲ့များအခန်းကဏ္ဍများနှင့် လုပ်ငန်းရပ်များမှာ၊ ပို၍ကျယ်ကျယ်ပြန့်ပြန့်ဆိုရသော် မြူနီစီပယ်အုပ်ချုပ်မှုအခန်းကဏ္ဍတွင် ၁၉၈၉ မြူနီစီပယ်အက်ဥပဒေတွင် ပြဋ္ဌာန်းထားသော အချက်များနှင့် သိသိသာသာကွဲလွဲသွားခဲ့ခြင်းမရှိဟု ဆိုနိုင်ပါသည်။

## ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်မြို့များရှိ မြူနီစီပယ်အုပ်ချုပ်ရေးဖွဲ့စည်းပုံများ

ရန်ကုန်နှင့် မန္တလေးမြို့များရှိ စည်ပင်သာယာရေးလုပ်ငန်းများကို စီမံအုပ်ချုပ်ပုံမှာကျန်တစ်နိုင်ငံလုံးရှိ စနစ်များနှင့်ကွဲပြားခြားနားသည်။ ထိုမြို့တော်ကြီးနှစ်ခုကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့က စီမံခန့်ခွဲပြီး မြူနီစီပယ်လုပ်ငန်းများနှင့် ပြည်သူ့ဝန်ဆောင်မှုအခြေခံအဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများ (စွန့်ပစ်အမှိုက်များ စီမံခန့်ခွဲရေး၊ ရေပေးဝေရေး၊ လမ်းနှင့်တံတားများ၊ ပန်းခြံနှင့် အားကစားကွင်းများ၊ လမ်းမီးထွန်းခြင်း၊ နာရေးဝန်ဆောင်မှုလုပ်ငန်း၊ မီးသတ်လုပ်ငန်းစသည်)၊ မြို့ပြစီမံကိန်းရေးဆွဲခြင်း၊ မြို့ပြမြေယာစီမံခန့်ခွဲခြင်း၊ အခွန်ကောက်ခံခြင်း (စီးပွားရေးလုပ်ငန်းများအတွက် လိုင်စင်နှင့် မှတ်ပုံတင်ကြေးများအပါအဝင်)၊ လူထုကျန်းမာရေးနှင့် မြို့ပြဖွံ့ဖြိုးရေးကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်ကြသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့ကို ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရများမှ အုပ်ချုပ်ရေးတာဝန်များကို လွှဲပြောင်းအပ်နှင်းထားခြင်းဖြစ်သည်။ ထို့ကြောင့် ယင်းအဖွဲ့အစည်းနှစ်ခုသည် အပြည့်အဝကိုယ်ပိုင်အုပ်ချုပ်စီမံခွင့်ရသော အဖွဲ့များမဟုတ်ချေ။ မြန်မာနိုင်ငံမြို့ကြီးများရှိသီးခြားမြူနီစီပယ်အုပ်ချုပ်ရေးအဖွဲ့များပေါ်ထွန်းခဲ့သည်မှာ ကိုလိုနီခေတ်ကတည်းကဖြစ်ပြီး ရန်ကုန်မြို့၏ ပထမဦးဆုံး မြူနီစီပယ်အုပ်ချုပ်ရေးအဖွဲ့ကို ၁၈၇၄ ခုနှစ်ကစတင်ဖွဲ့စည်းခဲ့သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အုပ်ချုပ်စဉ်ကာလ ၁၉၉၀ အစောပိုင်းနှစ်များက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့၏ ဖွဲ့စည်းပုံများကို ပြောင်းလဲမှုအများအပြားလုပ်ခဲ့သည်။ ထိုအပြောင်းအလဲများတွင် နဝတအစိုးရက ခန့်အပ်တာဝန်ပေးသော ကော်မတီများက သက်ဆိုင်ရာအဖွဲ့အစည်းကိုဦးဆောင်စေရန် ဥပဒေပြဋ္ဌာန်းခြင်းလည်း ပါဝင်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဆိုင်ရာ ဥပဒေများကို ၂၀၁၃- ၁၄ ခုနှစ်များတွင် ပြုပြင်ပြောင်းလဲပြီးနောက် ယင်းအဖွဲ့အစည်းနှစ်ခုကို ရွေးကောက်တင်မြှောက်ခံကိုယ်စားလှယ် တစ်စိတ်တပိုင်းပါဝင်သော ကော်မတီများကအုပ်ချုပ်လျက်ရှိသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌများသည် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စည်ပင်သာယာရေးဝန်ကြီးများလည်းဖြစ်ကြသည်။ ထိုအဖွဲ့ အစည်းနှစ်ခုသည် သက်ဆိုင်ရာ မြို့နယ်များ (ရန်ကုန်- ၃၉၊ မန္တလေး- ၇) အားလုံးကို တစုတစည်းတည်း စီမံအုပ်ချုပ်ခွင့်ရသော သီးခြားဝိသေသရှိသည့်အဖွဲ့အစည်းများလည်းဖြစ်သည်။ ၎င်းတို့သည် အရွယ်အစားကြီးမားသော အစိုးရဌာနများလည်းဖြစ်ပြီး ဥပမာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဝန်ထမ်းပေါင်းတစ်သောင်းကျော်ရှိသည်။

ပြည်ထောင်စုနယ်မြေအဖြစ်သတ်မှတ်ထားသော မြန်မာနိုင်ငံ၏အစိုးရရုံးစိုက်ရာမြို့တော် နေပြည်တော်ကိုမူ ရန်ကုန်နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီများနှင့်လည်းကောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများနှင့်လည်းကောင်း မတူညီသည့် သီးခြားအုပ်ချုပ်မှုပုံစံဖြင့်အုပ်ချုပ်သည်။ နေပြည်တော်ကို အဖွဲ့ဝင် ၁၀ ဦးပါနေပြည်တော်ကောင်စီကအုပ်ချုပ်ပြီး အဖွဲ့ဝင် ၉ ဦးကို သမ္မတမှ ခန့်ထားကာ ကျန်တစ်ဦးကို တပ်မတော်မှခန့်အပ်သည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်ကို အုပ်ချုပ်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။

## သုံး။ ။ ဥပဒေအရလုပ်ပိုင်ခွင့်များနှင့် ပြည်နယ်/တိုင်းဒေသကြီးနှင့် ဒေသန္တရအုပ်ချုပ်ရေးစနစ်အတွင်း ဖွဲ့စည်းတည်ရှိမှုအနေအထား

မြန်မာနိုင်ငံ၏ မြူနီစီပယ်အုပ်ချုပ်ရေးစနစ်တွင် စည်ပင်သာယာရေးအဖွဲ့များ၏အခန်းကဏ္ဍကို နားလည်သဘောပေါက်စေရန် အတွက် ယခုအခန်းတွင် ယင်းအဖွဲ့များ၏ လက်ရှိဥပဒေကြောင်းအရ လုပ်ပိုင်ခွင့်အာဏာများအကြောင်းကို အသေးစိတ်လေ့လာ သုံးသပ်သွားမည်ဖြစ်သည်။ ထို့အပြင် စည်ပင်သာယာရေးအဖွဲ့များအား ဥပဒေကြောင်းအရ ပေးအပ်ထားသော လုပ်ပိုင်ခွင့် အာဏာများကို လက်ရှိအခြေအနေနှင့် ထင်ဟပ်သုံးသပ်နိုင်ရန်အတွက် ယင်းအဖွဲ့များအနေဖြင့် ဒေသန္တရစီမံအုပ်ချုပ်ရေးစနစ်၊ အထူးသဖြင့် မြို့နယ်အဆင့်အုပ်ချုပ်ရေးစနစ်မူဘောင်များအတွင်း မည်သို့မည်ပုံပါဝင်ဆောင်ရွက်နေကြသည်ကို ဒုတိယပိုင်းတွင် ဆွေးနွေးသွားပါမည်။

### ၃.၁။ စည်ပင်သာယာရေးအဖွဲ့များ၏ ဥပဒေကြောင်းအရလုပ်ပိုင်ခွင့်များ

ခေတ်ပြိုင်သမိုင်းနောက်ခံဖြင့် ကြည့်မည်ဆိုပါက လက်ရှိ စည်ပင်သာယာရေးအဖွဲ့များ၏ ဥပဒေကြောင်းအရ လုပ်ပိုင်ခွင့်များသည် နဝတ/နယက အစိုးရများလက်ထက်တွင် မြစ်ဖျားခံသည်ကို တွေ့ရမည်။ အထူးသဖြင့် စည်ပင်သာယာရေးအဖွဲ့များ၏ ဥပဒေကြောင်း နောက်ခံသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/၉၃၊ ၁၉၉၃ ခုနှစ် စည်ပင်သာယာရေး အဖွဲ့များ ဥပဒေပေါ်တွင် အခြေခံသည်။ (ယင်းဥပဒေကို ယခင်အခန်းတွင်လည်း ဖော်ပြခဲ့သည်။ နောက်ဆက်တွဲ ၄ ကိုကြည့်။) ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်ခွဲ ၁၈၈ တွင် ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ နောက်ဆက်တွဲဇယား - ၂၊ ဥပဒေပြုစာရင်းပါ အကြောင်းအရာများနှင့်ပတ်သက်ပြီး (နောက်ဆက်တွဲ - ၅) သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိတ်အပိုင်းတစ်ခုအတွက်သော်လည်းကောင်း၊ တစ်ခုလုံးအတွက်သော်လည်းကောင်း အကျုံးဝင်သော ဥပဒေများ ကိုရေးဆွဲပြဌာန်းနိုင်သည်ဟု ဖော်ပြထားသည်။ 'စည်ပင်သာယာရေးဆိုင်ရာကိစ္စရပ်များ' ဟူသော ခေါင်းစဉ်သည် ဇယား - ၂ စီမံခန့်ခွဲမှုကဏ္ဍအောက်တွင်ပါဝင်သည်။[33] ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ မူရင်းပြဌာန်းချက်များတွင်မူ စည်ပင်သာယာ ရေးအဖွဲ့များကိုလည်းကောင်း၊ မြူနီစီပယ်အုပ်ချုပ်ရေးစနစ်အကြောင်းကိုလည်းကောင်း အတိအကျညွှန်းဆို ဖော်ပြထားခြင်းမရှိပေ။

ဥပဒေပါလုပ်ပိုင်ခွင့်များကြောင့် ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များသည် စည်ပင်သာယာရေးအဖွဲ့များအတွက် လမ်းညွှန် အဖြစ် စည်ပင်သာယာရေးဥပဒေများကို ကိုယ်တိုင်ရေးဆွဲပြဌာန်းနိုင်ကြသည်။ ၂၀၁၂ ခုနှစ်နှောင်းပိုင်းမှစပြီး ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုစလုံးမှ အစိုးရများသည် 'စည်ပင်သာယာရေးဥပဒေများ' ကို ရေးဆွဲပြဌာန်းခဲ့ကြပြီး ယင်းဥပဒေများကို မြူနီစီပယ်အုပ်ချုပ်ရေးဆိုင်ရာဥပဒေများအဖြစ် မှတ်ယူနိုင်သည်။ ထိုဥပဒေများအားလုံးသည် နဝတ ဥပဒေအမှတ် ၅/၉၃ ကို အဓိက အားဖြင့် အခြေခံကြသည်။[34] ထိုသို့ဘုံတူညီသော အရင်းအမြစ်ရှိနေသဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုတို့မှ စည်ပင်သာယာ ရေးဥပဒေ ၁၄ ခုသည် အခြေခံဖွဲ့စည်းပုံနှင့် ပြဌာန်းချက်များတွင် များသောအားဖြင့် တူညီနေကြသည်။ သိသာထင်ရှားသော ခြားနားချက်မှာ ယခုဆက်လက်ဆွေးနွေးမည့် စည်ပင်သာယာရေးအဖွဲ့များ ဖွဲ့စည်းပုံနှင့် လုပ်ငန်းစဉ်များနှင့် အပိုင်း - ၃ တွင် အသေးစိတ်ဆွေးနွေးမည့် ဒဏ်ကြေးများနှင့် ပြစ်ဒဏ်များပင်ဖြစ်သည်။ မြူနီစီပယ်ဥပဒေများ၏ ခေတ်အလိုက် ကွာခြားချက်ကို သိလိုပါက နောက်ဆက်တွဲ - ၆ တွင်ကြည့်ပါ။

အောက်ဖော်ပြပါ ပြည်နယ်နှင့်တိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေ ကိုးခုသည် နဝတ ဥပဒေအမှတ် ၅/၉၃ နှင့် ဥပဒေဖွဲ့စည်းပုံ ပိုင်းတွင် အဓိကတူညီနေသဖြင့် ၎င်းတို့အချင်းချင်းလည်း တူညီနေကြသည်။

| *ပြည်နယ်/တိုင်းဒေသကြီး* | **ဥပဒေအမည်** | **ပြဌာန်းရက်စွဲ** | **ပုဒ်မ အရေအတွက်** |
|---|---|---|---|
| *မွန်ပြည်နယ်* | ၂၀၁၂ လွှတ်တော်ဥပဒေအမှတ် ၆ | ၇ အောက်တိုဘာ ၂၀၁၂ | ၉၀ |
| *စစ်ကိုင်းတိုင်းဒေသကြီး* | ၂၀၁၂ လွှတ်တော်ဥပဒေအမှတ် ၉ | ၉ အောက်တိုဘာ ၂၀၁၂ | ၈၉ |
| *ကရင်ပြည်နယ်* | ၂၀၁၂ လွှတ်တော်ဥပဒေအမှတ် ၆ | ၁၇ ဒီဇင်ဘာ ၂၀၁၂ | ၉၇ |
| *မကွေးတိုင်းဒေသကြီး* | ၂၀၁၃ လွှတ်တော်ဥပဒေအမှတ် ၅ | ၁၄ ဇန်နဝါရီ ၂၀၁၃ | ၉၅ |

[33] အပိုဒ်၂ ရှိ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များမှာ မြန်မာဘာသာဖြင့်ပြန်ဆိုထားသော ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် စည်ပင်သာယာရေး ကိစ္စရပ်များဟု တိုက်ရိုက်ပြန်ဆိုနိုင်သည်။

[34] ယင်းကိစ္စအတွက် အခြေခံ အကြောင်းအချက်သည် အသစ်ဖန်တီးလိုက်သော ပြည်နယ်နှင့် ဒေသအစိုးရများအောက် ဥပဒေသစ်များနှင့် လျော်ညီစွာ စည်ပင်သာယာရေးအဖွဲ့များ လျင်လျင့်မြန်မြန် ရွှေ့ပြောင်းနိုင်ရေးအတွက် အရေးပေါ်အကူအညီပင် ဖြစ်သည်။

| | | | |
|---|---|---|---|
| *ကယားပြည်နယ်* | ၂၀၁၃ လွှတ်တော်ဥပဒေအမှတ် ၃ | ၂၉ မတ် ၂၀၁၃ | ၉၀ |
| *ချင်းပြည်နယ်* | ၂၀၁၃ လွှတ်တော်ဥပဒေအမှတ် ၃ | ၃၀ မတ် ၂၀၁၃ | ၉၃ |
| *ကချင်ပြည်နယ်* | ၂၀၁၃ လွှတ်တော်ဥပဒေအမှတ် ၅ | ၂၀ မေ ၂၀၁၃ | ၁၀၀ |
| *ရခိုင်ပြည်နယ်* | ၂၀၁၃ လွှတ်တော်ဥပဒေအမှတ် ၁ | ၂၆ ဧပြီ ၂၀၁၃ | ၉၇ |
| *ပဲခူးတိုင်းဒေသကြီး* | ၂၀၁၃ လွှတ်တော်ဥပဒေအမှတ် ၃ | ၂၅ မတ် ၂၀၁၃ | ၉၂ |

ပြည်နယ်နှင့်တိုင်းဒေသကြီးငါးခုတွင်သာ နဝတဥပဒေအမှတ် ၅/၉၃ နှင့်အနည်းငယ်ကွဲပြားသော ဥပဒေများရှိကြပြီး ထိုဥပဒေများ အချင်းချင်းလည်း အနည်းငယ်စီကွဲပြားကြသည်။ အထက်တွင်ဖော်ပြသကဲ့သို့ပင် မြို့နယ်စည်ပင်သာယာရေးကော်မတီ ဖွဲ့စည်းပုံတွင် အများစုနှင့် ဒဏ်ကြေးနှင့်ပြစ်ဒဏ်အခန်းများတွင် အနည်းငယ်စီ ကွဲပြားမှုများရှိကြသည်။

| ***ပြည်နယ်/တိုင်းဒေသကြီး*** | **ဥပဒေအမည်** | **ပြဋ္ဌာန်းရက်စွဲ** | **ပုဒ်မ အရေအတွက်** |
|---|---|---|---|
| *ဧရာဝတီတိုင်းဒေသကြီး* | ၂၀၁၂ လွှတ်တော်ဥပဒေအမှတ် ၃ | ၂၄ ဧပြီ ၂၀၁၂ | ၉၃ |
| *တနင်္သာရီတိုင်းဒေသကြီး* | ၂၀၁၃ လွှတ်တော်ဥပဒေအမှတ် ၁၂ | ၁၇ ဒီဇင်ဘာ ၂၀၁၂ | ၉၇ |
| *ရှမ်းပြည်နယ်* | ၂၀၁၃ လွှတ်တော်ဥပဒေအမှတ် ၃ | ၁၅ အောက်တိုဘာ ၂၀၁၃ | ၉၅ |
| *မန္တလေးတိုင်းဒေသကြီး* | ၂၀၁၃ လွှတ်တော်ဥပဒေအမှတ် ၃ | ၈ ဧပြီ ၂၀၁၃ | ၁၂၀ |
| *ရန်ကုန်တိုင်းဒေသကြီး* | ၂၀၁၃ လွှတ်တော်ဥပဒေအမှတ် ၅ | ၃၀ စက်တင်ဘာ ၂၀၁၃ | ၉၀ |

မြို့နယ်စည်ပင်သာယာရေးကော်မတီများဖွဲ့စည်းတည်ထောင်ခြင်းနှင့်ပတ်သက်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် ကွဲပြားခြားနားရခြင်းမှာ နဝတ ဥပဒေအမှတ် ၅/၉၃ တွင် အခြေခံသည်။ ထိုဥပဒေတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် 'စည်ပင်သာယာရေးကော်မတီများ' ကိုဖွဲ့စည်းတည်ထောင်ပြီး တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန်အတွက် 'သင့်လျော်သော နိုင်ငံသားများ' ကိုတာဝန်ပေးအပ်နိုင်သည်။ ဥက္ကဋ္ဌများကိုမူ တိုက်ရိုက်ခန့်အပ်တာဝန်ပေးရမည်ဟု ဖော်ပြထားသည်။[35] သို့ရာတွင် နဝတ ဥပဒေအမှတ် ၅/၉၃ က ကော်မတီဖွဲ့စည်းပုံအသေးစိတ်ကိုလည်းကောင်း၊ ကော်မတီဝင်များကို မည်သို့ခန့်အပ်ရမည် ဆိုသည်ကိုလည်းကောင်း ရှင်းလင်းစွာဖော်ပြထားခြင်းမရှိချေ။ မြန်မာနိုင်ငံ၏ လက်ရှိစည်ပင်သာယာရေး ဥပဒေများသည် နဝတခေတ် ဥပဒေအမှတ် ၅/၉၃ နှင့်ယှဉ်ပါက စည်ပင်သာယာရေးအထောက်အကူအဖွဲ့များ ဖွဲ့စည်းပုံနှင့် အဖွဲ့ဝင်များ ရွေးချယ်ခန့်အပ်ပုံတို့နှင့်ပတ်သက်ပြီး အသေးစိတ်များကို ဖော်ပြထားသည်ကို တွေ့ရမည်။[36] ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုစလုံးတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် အဖွဲ့ဝင် ၇ ဦးစီရှိကြပြီး ၎င်းတို့ထဲမှ ၄ ဦးသည် ရပ်ရွာလူထု ကိုယ်စားပြုသူများ ဖြစ်ကြသည်။

ယေဘုယျအားဖြင့် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေက သယ်ဆောင်လာသော ပိုမိုအရေးပါသည့်အပြောင်းအလဲမှာ စည်ပင်သာယာရေးအဖွဲ့များကို ပြည်ထောင်စုဝန်ကြီးဌာနတစ်ခု၏လက်အောက်မှနေ၍ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများလက်အောက်သို့ လုံးဝလွှဲပြောင်းပေးလိုက်ခြင်းပင်ဖြစ်သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များကို ဝန်ကြီးချုပ်က ဦးဆောင်ပြီး သီးခြားသတ်မှတ်ပေးထားသော ကဏ္ဍအချို့ကို တာဝန်ယူသည့် ဝန်ကြီးကိုးဦးပါသော အစိုးရဝန်ကြီးအဖွဲ့က ၎င်းကိုအထောက်အကူပြုသည်။ သို့ရာတွင် ထိုဝန်ကြီးများလုပ်ငန်းတာဝန်ထမ်းဆောင်ရာ၌ အထောက်အပံ့ပေးမည့် ဝန်ကြီးဌာနအဖွဲ့အစည်းတော့မရှိပါ။ 'မြန်မာနိုင်ငံတိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ အုပ်ချုပ်မှုစနစ်' ကိုလေ့လာသည့် သုတေသနကဖော်ပြသလိုပင် ၎င်းတို့သည် 'ဌာနလက်ကိုင်မရှိ ဝန်ကြီးများ'ပင်ဖြစ်ကြသည်။[37] သို့ရာတွင် စည်ပင်သာယာရေးကော်မတီများသည် တစ်ခုတည်းသော ခြွင်းချက်ဖြစ်သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများအားလုံးတွင် စည်ပင်သာယာရေးဝန်ကြီးတစ်ဦးစီရှိပြီး သူ၏အဓိကလုပ်ငန်းတာဝန်မှာ ပြည်ထောင်စုဝန်ကြီးဌာန နှင့်ဆက်စပ်ခြင်းမရှိတော့သော စည်ပင်သာယာရေးအဖွဲ့များကိုစီမံခန့်ခွဲခြင်းပင်ဖြစ်သည်။ ဤရှုထောင့်မှ

[35] အပိုင်း ၄နှင့် ၅ကို ကြည့်ပါ။


[36] ယခုအခါ ကချင်၊ပဲခူး၊မန္တလေး၊မွန်၊ရှမ်း၊တနင်္သာရီ၊ဧရာဝတီနှင့် ရန်ကုန် ဒေသများတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ဖွဲ့စည်းပုံကို ရှင်းရှင်းလင်းလင်း သတ်မှတ်ပြီး ဖြစ်သည်။ဧရာဝတီတိုင်းရှိ ကော်မတီဖွဲ့စည်းပုံကို ၎င်းတို့၏ စည်ပင်သာယာဥပဒေတွင် မဖော်ပြထားသော်လည်း ဤသို့လုပ်ဆောင်ထားကြောင်း အမိန့်ကြေညာချက်များက ပြဆိုထားသည်။ကျန်ပြည်နယ်လေးခုဖြစ်သော ကရင်၊ ကယား၊ ချင်းနှင့် ရခိုင်တို့တွင် ကော်မတီဖွဲ့စည်းမှုကို တိတိကျကျ မဖော်ပြထားသော်လည်း ကော်မတီအဖွဲ့ဝင် ၇ယောက် (အရပ်ဖက်မှ ၄ယောက်၊ အစိုးရဝန်ထမ်းထဲမှ ၃ယောက်) ရှိကြောင်း ပြဆိုထားသည်။ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့၏ စည်ပင်သာယာဥပဒေတွင် ကော်မတီဖွဲ့စည်းပုံကို မဖော်ပြထားသော်လည်း စည်ပင်သာယာနယ်နိမိတ်အတွင်း လျော်ကန်သင့်မြတ်သည့် ပြည်သူတို့နှင့် မြို့နယ်စည်ပင်သာယာရေး အထောက်အကူပြုအဖွဲ့ကို ဖွဲ့သင့်ကြောင်းဖော်ပြထားသည်။

[37] Nixon, et al. 2013. *State and Region Governments in Myanmar,* page 28 တွင် ကြည့်ပါ။

ကြည့်လျှင် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များကိုသာ အစီရင်ခံရခြင်းကြောင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ အသစ်စက်စက် နိုင်ငံ့ဝန်ထမ်း(ဗျူရိုကရေစီ)အဖွဲ့များ ဖြစ်လာကြသည်။ ဤနည်းအားဖြင့် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်တိုင်းဒေသကြီးနှင့် ဒေသန္တရအဆင့်များတွင် ဆက်လက်လွှမ်းမိုးထားဆဲဖြစ်သော ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ကွဲပြားခြားနားသော ဒေသန္တရစီမံခန့်ခွဲခွင့်ရ အစိုးရအဖွဲ့အစည်းများဖြစ်လာကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ စည်ပင်သာယာရေးအဖွဲ့များဖွဲ့စည်းပုံတွင် ကွဲပြားခြားနားမှုအချို့ရှိသည်။ စုစုပေါင်းပြည်နယ်နှင့်တိုင်း ၁၁ ခုတို့တွင်ရှိသော စည်ပင်သာယာရေးအဖွဲ့ ဖွဲ့စည်းပုံများသည် များသောအားဖြင့် ပုံစံတစ်မျိုးတည်းရှိကြပြီး နဝတ/နယကခေတ်က ရှိခဲ့သောဖွဲ့စည်းပုံကို ရောင်ပြန်ဟပ်စေသည်။ သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးအတွင်းရှိ သီးခြားပုံစံဖြင့်ရှိနေသော စည်ပင်သာယာရေးအဖွဲ့ရုံးများကို သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး၏ စည်ပင်သာယာရေးအဖွဲ့များဖွဲ့စည်းပုံစနစ် အဖြစ် သတ်မှတ်ယူဆနိုင်သည်။

**စည်ပင်သာယာရေးအဖွဲ့များ ဖွဲ့စည်းတည်ရှိပုံ**




အထက်ပါပုံမှကိုကြည့်ပါက သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ မြို့တော်များတွင် ကျန်မြို့နယ်များရှိ စည်ပင်သာယာရေးအဖွဲ့ရုံးများကို စီမံအုပ်ချုပ်သော ညွှန်ကြားရေးမှူးရုံးထိုင်သည့် စည်ပင်သာယာရေးအဖွဲ့ရုံးများရှိကြသည်။ ယေဘုယျအားဖြင့် မြို့နယ်အဆင့် စည်ပင်သာယာရေးအဖွဲ့များကို စီမံခန့်ခွဲရန်အတွက် ပြည်နယ်/တိုင်းဒေသကြီးအဆင့် စည်ပင်သာယာရေးကော်မတီများရှိမနေပေ။ စည်ပင်သာယာရေးဝန်ကြီးသည် သက်ဆိုင်ရာဝန်ကြီးချုပ်၏သဘောတူခွင့်ပြုမှုဖြင့် စည်ပင်သာယာရေးဆိုင်ရာ မူဝါဒများကို ချမှတ်ပြီး စည်ပင်သာယာရေးအဖွဲ့များလုပ်ငန်းဆောင်ရွက်ချက်များကို ကြီးကြပ်သည်။ သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးမြို့တော်၌ရုံးစိုက်သော စည်ပင်သာယာရေးအဖွဲ့ရုံးက သက်ဆိုင်ရာဒေသတစ်ခုလုံးရှိ စည်ပင်သာယာရေးအဖွဲ့ရုံးများအတွက် ပေါင်းစပ်ညှိနှိုင်းရေးနှင့် ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုကို တာဝန်ယူဆောင်ရွက်သည်။ မြို့နယ်အဆင့်တွင်မူ စည်ပင်သာယာရေးအဖွဲ့ရုံးများနှင့် မြို့နယ်စည်ပင်သာယာရေးအထောက်အကူပြုကော်မတီတို့ ပူးပေါင်းပြီး ပြည်သူ့ဝန်ဆောင်မှုအခြေခံအဆောက်အဦများ တည်ဆောက်ရေးနှင့် စည်ပင်သာယာရေးလုပ်ငန်းများ စီမံခန့်ခွဲမှုကို စီစဉ်ဆောင်ရွက်သည်။

ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးသုံးခုဖြစ်သော မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင်သာ မြို့နယ်အဆင့် စည်ပင်သာယာရေးအဖွဲ့များကို ကြီးကြပ်ကွပ်ကဲရန်အတွက် ဖွဲ့စည်းထားသော ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် စည်ပင်သာယာရေးကော်မတီများရှိကြသည်။ ထိုပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် သက်ဆိုင်ရာစည်ပင်သာယာရေးဝန်ကြီးက ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီ၏ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး စည်ပင်သာယာရေးအဖွဲ့များဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးညွှန်ကြားရေးမှူးက အတွင်းရေးမှူးတာဝန်ထမ်းဆောင်သည်။ ရှမ်းပြည်နယ်တွင်မူ ပြည်နယ်အဆင့် စည်ပင်သာယာရေးအဖွဲ့ဖွဲ့စည်းပုံ၌ နောက်ထပ်ထူးခြားချက်တစ်ခုရှိသည်။ ပြည်နယ်အဆင့်စည်ပင်သာယာရေး အဖွဲ့ရုံးခွဲများကို ရှမ်းမြောက်အတွက် လားရှိုးနှင့် ရှမ်းအရှေ့အတွက် ကျိုင်းတုံတို့တွင် အသီးသီးဖွင့်လှစ်ထားရှိသည်။ ထိုဒေသဆိုင်ရာရုံးခွဲများသည် သက်ဆိုင်ရာဒေသအတွင်းပေါင်းစပ်ညှိနှိုင်းရေးကို ဆောင်ရွက်ပေးကြသည်။ ထိုသို့ရုံးခွဲများထားရှိရခြင်းမှာ ရှမ်းပြည်နယ်အတွင်းတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီပေါင်း ၅၀ ရှိပြီး မြန်မာနိုင်ငံ၏ အကြီးဆုံး စည်ပင်သာယာရေးအဖွဲ့ရုံးများဆိုင်ရာ စနစ်ကြီးတစ်ခုဖြစ်နေသောကြောင့်ပင်ဖြစ်သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရသတ်မှတ်ပေးထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခြောက်ခုနှင့် ရှမ်းပြည်နယ်အတွင်း၌ တည်ရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတစ်ခုတို့တွင်လည်း သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့များ

ဆိုင်ရာဥပဒေများကို ပြဋ္ဌာန်းခွင့်ရှိသဖြင့် စည်ပင်သာယာရေးအဖွဲ့များဆိုင်ရာ ဖွဲ့စည်းပုံစနစ်မှာ ပိုမိုကျယ်ပြန့်ထွေပြားသွားသည်။ သို့ရာတွင် လက်တွေ့၌ ထိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများအားလုံးသည် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးဆိုင်ရာဥပဒေများကို ဆက်လက်လိုက်နာပြီး စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများကိုသာ အားကိုးအားထားပြုကြသည်ကို တွေ့ရသည်။[38]

## ၃.၂။ မြန်မာနိုင်ငံ၏ ပြည်နယ်/တိုင်းဒေသကြီးနှင့် ဒေသန္တရအုပ်ချုပ်ရေးစနစ်အတွင်း စည်ပင်သာယာရေးအဖွဲ့များ၏ နေရာ

စည်ပင်သာယာရေးအဖွဲ့များ၏လုပ်ငန်းရပ်များအကြောင်းကို အသေးစိတ်ဆွေးနွေးခြင်းမပြုမီ ယင်းတို့ကို မြန်မာနိုင်ငံ၏ ပြည်ထောင်စုအဆင့်မှအပ ကျန်ဒေသများ၏အုပ်ချုပ်မှုကဏ္ဍတွင် 'နယ်မြေများကို အဆင့်သတ်မှတ်ခွဲခြားသောစနစ်' အတွင်း ထည့်သွင်းရှုမြင်ရန်လိုအပ်လာသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ၌ ပြည်ထောင်စုအဆင့်အောက်တွင် ပြည်နယ်နှင့်တိုင်းဒေသကြီး ခုနစ်ခုစီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခြောက်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတစ်ခုနှင့် ပြည်ထောင်စုနယ်မြေအဖြစ်သတ်မှတ်ထားသော အုပ်ချုပ်ရေးမြို့တော် နေပြည်တော်တို့ပါဝင်သည်။[39] အငယ်ဆုံး တရားဝင်အုပ်ချုပ်ရေးစနစ်ယူနစ်မှာ ကျေးရွာအုပ်စုနှင့် ရပ်ကွက်ဖြစ်သည်။ ကျေးရွာအုပ်စုတွင် ကျေးရွာများစုစည်းပါဝင်ပြီး ရပ်ရွက်မှာမူကျေးရွာအုပ်စုနှင့် အလားသဏ္ဍာန်တူသော မြို့ပြတစ်ပိုင်းနှင့် မြို့ပြဒေသများကိုရည်ညွှန်းသည်။ ကျေးရွာအုပ်စုများနှင့် ရပ်ကွက်များကို သက်ဆိုင်ရာမြို့နယ်အတွင်းစုပေါင်းထားပြီး မြို့နယ်အဆင့်တွင် ပြည်ထောင်စုဝန်ကြီးဌာနများ၏ရုံးခွဲများစတင်တည်ရှိသည်။ မြို့နယ်များကိုစုပေါင်းပြီး ခရိုင်များဖွဲ့စည်းကာ၊ ခရိုင်များကို စုပေါင်းပြီး ပြည်နယ်/တိုင်းဒေသကြီးများကို ဖွဲ့စည်းသည်။[40]

မြို့နယ်များသည် မြန်မာနိုင်ငံအုပ်ချုပ်ရေးစနစ်တွင် အခြေခံအကျဆုံးယူနစ်များဖြစ်ပြီး မြို့နယ်အဆင့်အုပ်ချုပ်ရေးကို ပြည်ထဲရေးဝန်ကြီးဌာနမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအရာရှိက ဦးဆောင်သည်။[41] သို့သော်မြို့နယ်အဆင့်တွင် ရွေးချယ်တင်မြှောက်ခံအဖွဲ့အစည်းမရှိသေးပေ။ သို့ရာတွင် အစိုးရလုပ်ငန်းကိစ္စများဖြစ်သော လူဦးရေစာရင်းကောက်ယူခြင်း၊ မြေယာစီမံခန့်ခွဲမှုနှင့် အခွန်ကောက်ခံမှုအများစုကို မြို့နယ်အဆင့်တွင် ဆောင်ရွက်နေခြင်းဖြစ်သည်။ ခရိုင် ၇၄ ခုသည် အုပ်ချုပ်ရေးစနစ်အတွင်း ကြားအလွှာအဖြစ်ရှိနေကာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အကြီးတန်းအရာရှိက အုပ်ချုပ်သည်။ ယင်းတို့သည် ပြည်ထောင်စု အစိုးရနှင့် စုစုပေါင်းမြို့နယ် ၃၃၀ တို့ပါဝင်သော ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြား ဆက်စပ်ပေးသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များအရ ပြည်နယ်တိုင်းဒေသကြီးများနှင့် လုပ်ပိုင်ခွင့်အတော်များများတူညီပြီး သွယ်ဝိုက်ရွေးကောက်ခံနှင့် ခန့်အပ်ခံများပါဝင်ကာ ဥက္ကဋ္ဌဦးဆောင်သော 'ဦးဆောင်အဖွဲ့' ကိုယ်တိုင်ဖွဲ့စည်းနိုင်သည်။[42]

၂၀၀၈ ခုနစ်ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များအရ ပေါ်ပေါက်လာသော ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များသည် ပြည်ထောင်စုအဆင့်အောက် အုပ်ချုပ်ရေးကဏ္ဍတွင် အရေးအပါဆုံးအဖွဲ့အစည်းသစ်များဖြစ်လာကြသည်။ သမ္မတဦးသိန်းစိန်က ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုအဆင့်များအားလုံးတွင် စုပေါင်းပါဝင်သော ဦးဆောင်မှုအဖွဲ့အစည်းများဖွဲ့စည်းစေရန် အမိန့်ဒီဂရီထုတ်ပြန်ပေးခြင်းဖြင့် အုပ်ချုပ်ရေးစနစ်ပြုပြင်ပြောင်းလဲရေးကို ရှေ့ဆက်တိုးစေရန် တွန်းအားပေးခဲ့သည်။[43] ထိုအဖွဲ့အစည်းများမှာ စီမံခန့်ခွဲမှုကော်မတီများ၊ ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများ၊ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီများစသည်တို့ဖြစ်သည်။ မြို့နယ်အဆင့်တွင် ယခုအဓိကဆွေးနွေးသော မြို့နယ်စည်ပင်သာယာရေးကော်မတီများရှိပြီး၊ ယင်းတို့သည်

---

[38] ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ အပိုဒ်ခွဲ ၃ အရ ပအိုဝ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ကိုယ်ပိုင် စည်ပင်သာယာရေးဥပဒေ ပြဋ္ဌာန်းခွင့် ခွင့်ပြုထားသည်။ သို့သော် ၎င်းဥပဒေသည် ရှမ်းပြည်နယ် စည်ပင်သာယာရေးဥပဒေနှင့် လိုက်လျောညီထွေရှိစေရမည် ဖြစ်သည်။ ယနေ့ကာလအထိ ပအိုဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စည်ပင်သာယာရေးအဖွဲ့များသည် ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ အတိုင်း ကျင့်သုံးနေပါသည်။ယင်းမှာ ရှမ်းပြည်နယ်ရှိ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသများ၏ အခြေအနေဟု ယူဆနိုင်သည်။ မြို့နယ်စည်ပင်သာယာရေး အဖွဲ့များမှ ဝန်ထမ်းများနှင့် ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အမှုဆောင်အရာရှိတစ်ဦးနှင့် အင်တာဗျူးများမှ ထုတ်နုတ်သည်။

[39] သမိုင်းကြောင်းများအရ ဗမာအများစုနေထိုင်သောဒေသကြီးများနှင့် တိုင်းရင်းသားလူမျိုးများနေထိုင်ရာ ဒေသဟူ၍ ခွဲခြားထားသော်လည်း ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အညီအမျှပင် သတ်မှတ်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၆ခုမှာ စစ်ကိုင်းတိုင်းရှိ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ ၊ ဓနု၊ ပလောင်၊ ပအိုဝ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေများနှင့် 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တို့ဖြစ်သည်။

[40] မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၉-၅၁။

[41] အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအကြောင်း အသေးစိတ်သိလိုပါက Chit Saw and Arnold. 2014. *Administering the State in Myanmar* တွင် ရှုပါ။

[42] မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၇၅ နှင့် ၂၇၆


[43] Republic of the Union of Myanmar, The President's Office. (26 February 2013). "*Notification for the formation of Township, Quarter (or) Village Tract Development Support Committee*", Order # 27/2013; (unofficial translation).

ဥပဒေကြောင်းအရ သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီး၏ ဥပဒေများတွင် အခြေခံပြီး၊ သမ္မတ၏ အမိန့်ဒီဂရီ သို့မဟုတ် ပြည်ထောင်စုဥပဒေများတွင် အခြေမခံပါ။[44]

လက်ရှိအချိန်တွင် မြို့နယ်နှင့်ခရိုင်အဆင့်များအတွက် ဥပဒေပြုရေးအဖွဲ့အစည်းများကို ရွေးကောက်တင်မြှောက်ရန်အစီအစဉ်မရှိပါ။[45] ယင်းအစား မြို့နယ်နှင့်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးအရာရှိများက အသစ်ပေါ်ပေါက်လာပြီး ပုံစံအမျိုးမျိုးဖြင့်တည်ရှိနေသော စီမံခန့်ခွဲမှုနှင့် စည်ပင်သာယာရေးကော်မတီများတွင် အရေးပါသောနေရာများ၌ ပါဝင်နေကြသည်။ ယင်းတို့အနက် အချို့တွင် ဒေသခံလူထုကိုယ်စားလှယ်များပါဝင်နေကြသည်။ အမှန်စင်စစ် ထိုကော်မတီမျိုးစုံသည် ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ရွေးချယ်ရေးနှင့် အကောင်အထည်ဖော်ရေးတို့ကို အဓိကထားဆောင်ရွက်ကြရသဖြင့် မြို့နယ်အုပ်ချုပ်ရေးအရာရှိ၏ အချိန်အများစုကို ရယူအသုံးပြုနေကြသည်။ ဒေသခံလူထု၏ ကိုယ်စားပြုပါဝင်မှုကို ပိုမိုကျယ်ပြန့်စေရန် တွန်းအားပေးခြင်းကို သမ္မတကိုယ်တိုင်ကဦးဆောင်ပြီး နိုင်ငံတော်သမ္မတ၏ အမိန့်ဒီဂရီများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည်။ ထိုသို့ လူထုပါဝင်မှုမြှင့်တင်ခြင်းကို ၂၀၁၂ ခုနှစ်နှောင်းပိုင်းတွင်စတင်ခဲ့သော လက်ရှိစနစ်ဖြစ်သည့် ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကို (ဆယ်အိမ်မှူးများမှတစ်ဆင့်) သွယ်ဝိုက်ရွေးကောက်တင်မြှောက်သောစနစ်နှင့် ပေါင်းစပ်ကျင့်သုံးရန် ရည်ရွယ်ခြင်းဖြစ်သည်။

ထိုကော်မတီများသည် သမ္မတဦးသိန်းစိန်၏ 'လူထုဗဟိုပြုဖွံ့ဖြိုးရေး' ဦးစားပေးအစီအစဉ်များ၏ အဓိကထောက်တိုင်ကြီးများဖြစ်ပြီး အုပ်ချုပ်ရေးနှင့် ဖွံ့ဖြိုးရေးကဏ္ဍများတွင် လူထုပူးပေါင်းပါဝင်မှုကို မြှင့်တင်ရန်အတွက် အတိအလင်းရည်ရွယ်ဖွဲ့စည်းသောအဖွဲ့အစည်းများဖြစ်ကြသည်။[46] ထိုကော်မတီအမျိုးမျိုး၏ ဖွဲ့စည်းတည်ဆောက်ပုံ၊ အခန်းကဏ္ဍနှင့်လုပ်ငန်းရပ်များမှာ အမျိုးမျိုးကွဲပြားနေသည်။ သို့ရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးအတွင်းရှိ ကော်မတီအမျိုးမျိုးတို့၏ အစည်းအဝေးကျင်းပခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ အစည်းအဝေးများမှဆွေးနွေးချက်၊ အကြံပြုချက်နှင့် ဆုံးဖြတ်ချက်များကို ဖြန့်ဝေပေးခြင်းနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများသို့ အစီရင်ခံခြင်းစသည့် ကိစ္စရပ်များအားလုံးကို အဓိကဦးစီးဆောင်ရွက်သည်။[47]

**ပုံ- ၁။ ပြည်ထောင်စုအဆင့်အောက် အုပ်ချုပ်ရေးအဆင့်များတွင် လုပ်ငန်းဆောင်ရွက်နေကြသော ကော်မတီအမျိုးမျိုး သရုပ်ဖော်ပုံ[48]**




[44] သမ္မတရုံးအမိန့်စာ ၂၇/၂၀၁၃။(၂၆ ဖေဖော်ဝါရီ ၊၂၀၁၃)။

[45] ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ခရိုင်နှင့် မြို့နယ်များအတွက် ရွေးကောက်ခံအဖွဲ့အစည်းများရှိရမည်ဟု အဆိုတင်သွင်းသော်လည်း ၎င်းနှင့် ပတ်သက်၍ မည်သည့် အစီအစဉ်မျှမတွေ့ရ။ Htet Naing Zaw. 2013. 'USDP Announces Surprise Constitutional Amendment Proposal'

[46] ပြည်ထောင်စုအစိုးရ သမ္မတရုံးအမိန့်စာ ၂၇/၂၀၁၃။

[47] ဒေသန္တရဖွံ့ဖြိုးရေးရန်ပုံငွေအတွက် ဦးစားပေး စီမံကိန်းများ သတ်မှတ်ရာ၌ လူတန်းစားပေါင်းစုံပါဝင်သော ကော်မတီများ ပါရှိသဖြင့် အလွန် ရှုပ်ထွေးလာသော လုပ်ငန်းတစ်ရပ်ဖြစ်လာသည်။ ယင်းလုပ်ငန်းသည် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသ အစိုးရအဖွဲ့များ၊ ခရိုင်အုပ်ချုပ်ရေးအဖွဲ့များ၏ သဘောတူညီမှု လိုအပ်သလို အစိုးရတာဝန်ရှိသူများ အခြားကော်မတီများထံမှ တိုင်ပင်ဆွေးနွေးမှုများ လိုအပ်သည်။

[48] Chit Saw and Arnold. 2014. *Administering the State in Myanmar*, p. 36

ခရိုင်နှင့်မြို့နယ်အဆင့် စီမံခန့်ခွဲရေးကော်မတီများတွင် အထွေထွေအုပ်ချုပ်ရေးဦးစီဌာန၏ အခန်းကဏ္ဍက အကြီးမားဆုံးဖြစ်ပြီး သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေခြင်းဖြစ်သည်။ မည်သည့်ဒေသတွင်မဆို ခရိုင်နှင့်မြို့နယ်စီမံခန့်ခွဲမှု ကော်မတီများသည် လုပ်ပိုင်ခွင့်အမြင့်ဆုံးကော်မတီများဖြစ်ကြပြီး အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် ပြည်သူ့ဝန်ဆောင်မှုကဏ္ဍများမှ အစိုးရ အရာရှိများဖြင့်သာ ဖွဲ့စည်းထားခြင်းဖြစ်သည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးသည်လည်း မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီနှင့် စည်ပင်သာယာရေးကော်မတီစသည်တို့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်လျက်ရှိသည်။ ထို့ကြောင့် စီမံခန့်ခွဲမှုကော်မတီများနှင့် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီတို့တွင် အဆင့်မြင့်အစိုးရအရာရှိများကို ဥက္ကဋ္ဌများ အဖြစ်ခန့်အပ်ထားပြီး ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီများတွင် ရပ်ရွာလူထုမှ သွယ်ဝိုက်ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ်များက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည်။ ကျေးရွာအုပ်စု အဆင့်တွင် ဆယ်အိမ်မှူးများက ရွေးကောက်တင်မြှောက်သော အုပ်ချုပ်ရေးမှူးက ကျေးရွာအုပ်စုအဆင့် ကော်မတီများ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးစာရေးက အတွင်းရေးမှူးအဖြစ်ဆောင်ရွက်သည်။

ထိုသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အဓိကလွှမ်းမိုးထားသော အတန်ငယ်ရှုပ်ထွေးသည့် ပြည်နယ်/တိုင်းဒေသကြီးနှင့် ဒေသန္တရအဆင့် ကော်မတီအဖွဲ့များ၏စနစ်အတွင်းတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ တည်ရှိနေကြခြင်းဖြစ်သည်။ ယင်းတို့သည် အခြားသောကော်မတီများနှင့်ယှဉ်လျှင် ကိုယ်ပိုင်ဆုံးဖြတ်ဆောင်ရွက် ခွင့်ပိုမိုရရှိကြပြီး ထိုသို့ရရှိခြင်းမှာ ၂၀၁၂ ခုနှစ်ကတည်းက အသီးသီးစတင်ပြဌာန်းခဲ့သော ပြည်နယ်/တိုင်းဒေသကြီးဆိုင်ရာ စည်ပင်သာယာရေး ဥပဒေများက လုပ်ပိုင်ခွင့်ပေးထားခြင်း၊ ၂၀၀၈ အခြေခံဥပဒေက ၎င်းတို့ကို ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၏ တိုက်ရိုက် ထိန်းချုပ်မှုအောက်၌ထားရှိပေးခြင်း စသည်တို့ကြောင့်ဖြစ်သည်။ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေး အဖွဲ့ရုံးများ၏ သီးခြားအခန်းကဏ္ဍများနှင့် လုပ်ငန်းတာဝန်များကို နောက်အခန်းများတွင် အသေးစိတ် ဆွေးနွေးသွားမည် ဖြစ်ပါသည်။ ဤနေရာတွင် အဓိကထောက်ပြလိုသောအချက်မှာ ၎င်းတို့တွင် သီးခြားဥပဒေပြဌာန်း ချက်များနှင့် တမူထူးခြားသော အခန်းကဏ္ဍ၊ လုပ်ပိုင်ခွင့်တို့ရှိကြသော်လည်း ၎င်းတို့သည် အတန်ငယ်ထွေပြားပြီး ပြည်ထောင်စု ဝန်ကြီးဌာနများ၊ အထူးသဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၏ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အဓိကကျသောဝန်းကျင်အတွင်း ဆောင်ရွက်နေကြရသည့် အချက်ပင်ဖြစ်သည်။

## လေး။ ။ ပြည်နယ်/တိုင်းဒေသကြီးနှင့် မြို့နယ်များရှိ စည်ပင်သာယာရေးအဖွဲ့ရုံးများ၏လုပ်ငန်းရပ်များ

အပိုင်းနှစ်တွင် ဖော်ပြထားသကဲ့သို့ပင် ၎င်းတို့၏သမိုင်းကြောင်းနောက်ခံအရ စည်ပင်သာယာရေးအဖွဲ့များ၏ အဓိကလုပ်ငန်းဆောင်ရွက်မှုနယ်ပယ်သည် မြို့နယ်များပင်ဖြစ်သည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးများတွင် အဓိကအစိတ်အပိုင်းနှစ်ခုပါဝင်သည်။ မြို့နယ်စည်ပင်သာယာရေးကော်မတီက စည်ပင်သာယာရေးအဖွဲ့ရုံးကို ကြီးကြပ်ပြီး အထောက်အကူလည်းပေးသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအများစုတွင် ပြည်နယ်/တိုင်းဒေသကြီးအဆင့် စည်ပင်သာယာရေးအဖွဲ့ရုံးများရှိကြသော်လည်း ပြည်နယ်/တိုင်းဒေသကြီးအဆင့် ကော်မတီများရှိမနေချေ။ ခရိုင်အဆင့်တွင်လည်း စည်ပင်သာယာရေးအဖွဲ့ရုံးများမရှိပေ။ ယခုအပိုင်းတွင် ပြည်နယ်/တိုင်းဒေသကြီးအဆင့်နှင့် မြို့နယ်အဆင့်မှ စည်ပင်သာယာရေးအဖွဲ့များ၏ အခြေခံအခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများအကြောင်းကို ဆွေးနွေးမည်ဖြစ်ပြီး လိုအပ်သောနေရာများတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုတို့အကြား တွေ့ရနိုင်သည့်ခြင်းချက်၊ ထူးခြားချက်များကိုလည်း ဖော်ပြသွားပါမည်။

ယခုအပိုင်းတွင် စည်ပင်သာယာရေးအဖွဲ့များ အကြောင်းကိုအသေးစိတ်ဆွေးနွေးပြီး အပိုင်းငါးတွင်မူ စည်ပင်သာယာရေးကော်မတီများ အကြောင်းကို အဓိကထားဆွေးနွေးသွားပါမည်။ ထိုသို့ခွဲခြားရခြင်းမှာ စည်ပင်သာယာရေးအဖွဲ့ရုံးများနှင့် သက်ဆိုင်ရာနိုင်ငံ့ဝန်ထမ်းများ၏အခန်းကဏ္ဍကို ပြည်နယ်/တိုင်းဒေသကြီး ၁၄ ခုတို့၏ စည်ပင်သာယာရေးဥပဒေများတွင် အတိအလင်းဖော်ပြထားကြပြီး နယ်စပ်ရေးရာဝန်ကြီးဌာန လက်အောက်၌ရှိခဲ့စဉ်ကာလက စည်ပင်သာယာရေးအဖွဲ့ရုံးများ လုပ်ငန်းဆောင်ရွက်သည့်ပုံစံများနှင့်လည်း ကိုက်ညီသောကြောင့်ဖြစ်သည်။ အခြားတစ်ဖက်တွင်မူ မြို့နယ်အဆင့်စည်ပင်သာယာရေးကော်မတီများ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များမှာ ၂၀၁၁ နောက်ပိုင်းမှစ၍ အဆင့်ဆင့်တိုးတက်ဖြစ်ထွန်းလာခဲ့ခြင်းဖြစ်သည်။

### ၄.၁။ ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံးများ

ပြည်နယ်/တိုင်းဒေသကြီးအဆင့် စည်ပင်သာယာရေးအဖွဲ့ရုံးများ၏ အဓိကလုပ်ငန်းတာဝန်မှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးများကို ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းသာဖြစ်ပြီး တိုက်ရိုက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများမရှိပေ။[49] ပြည်နယ်/တိုင်းဒေသကြီးအဆင့် စည်ပင်သာယာရေးအဖွဲ့ရုံးကို ညွှန်ကြားရေးမှူး (ညွှန်ကြားရေးမှူးအဆင့် ပြန်တမ်းဝင်အရာရှိတစ်ဦး) ကဦးဆောင်သည်။ ပြည်နယ်/တိုင်းဒေသကြီးများအားလုံးရှိ စည်ပင်သာယာရေးအဖွဲ့စနစ်များအားလုံးတွင် ထိုညွှန်ကြားရေးမှူးသည် တာဝန်အမြင့်မားဆုံးပြည်သူ့ဝန်ထမ်းဖြစ်သည်။ ကွဲလွဲချက်အချို့ရှိသော်လည်း ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံးများတွင် (၁) စီမံဌာန (၂) အင်ဂျင်နီယာဌာနနှင့် (၃) ဥပဒေ၊ အခွန်နှင့် လုံခြုံရေးဌာန ဟူ၍ဌာနသုံးခုဖြင့် ဖွဲ့စည်းထားရှိသည် (နောက်ဆက်တွဲ - ၇ တွင်ရှု)။ ညွှန်ကြားရေးမှူးအောက်တွင် ဦးရေ ၃၀ မှ ၄၀ အထိရှိသော ဝန်ထမ်းများကို အုပ်ချုပ်ရန်အတွက် ဒုတိ ယညွှန်ကြားရေးမှူးများရှိသည်။ စည်ပင်သာယာရေးအဖွဲ့စနစ်များအားလုံးတွင် မြို့ပြအင်ဂျင်နီယာဆိုင်ရာလုပ်ငန်းရပ်များကို အဓိကဆောင်ရွက်ကြရသောအကြောင်းကြောင့် အင်ဂျင်နီယာအများအပြားရှိပြီး ၎င်းတို့အတွက် သီးခြားဌာနခွဲတစ်ခု ထားရှိပေးခြင်းဖြစ်သည်။

ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံးသည် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးမှ စည်ပင်သာယာရေးဝန်ကြီးထံသို့ တိုက်ရိုက်အစီရင်ခံရသည်။ ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံး၏အဓိကလုပ်ငန်းတာဝန်တစ်ရပ်မှာ မြို့နယ်အများအပြားတွင်ရှိနေသော စည်ပင်သာယာရေးအဖွဲ့များဆိုင်ရာစနစ်ကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးမှ နိုင်ငံရေးကိုယ်စားလှယ်များဖြစ်သော အစိုးရအဖွဲ့နှင့်ဆက်စပ်ပေးခြင်းပင်ဖြစ်သည်။ ဤနည်းအားဖြင့် စည်ပင်သာယာရေးအဖွဲ့များ၏ ဦးစားပေးအစီအစဉ်များနှင့် အစိုးရ၏ ဦးစားပေးကိစ္စရပ်များအကြား ပေါင်းစပ်မိစေရန် ဆောင်ရွက်ကြသည်။ ဥပမာအားဖြင့် ရှမ်းပြည်နယ်အစိုးရ၏ ဦးစားပေးလုပ်ငန်းစဉ်မှာ ရေအရင်းအမြစ်များပိုမိုတိုးတက်ကောင်းမွန်စေရန်ဖြစ်သော်လည်း ဧရာဝတီတိုင်းဒေသကြီးတွင်မူ ကွန်ကရစ်လမ်းများဖောက်လုပ်ခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေးမှာ အဓိက ဦးစားပေးဖြစ်နေသည်။[50]

စည်ပင်သာယာရေးဝန်ကြီးတာဝန်ယူရသော ကဏ္ဍများထဲတွင် အားကစား၊ လူမှုဖူလုံရေးနှင့် အလုပ်သမားကဏ္ဍစသည့် အခြားကဏ္ဍတို့လည်း လိုအပ်ချက်အရ ပါဝင်တတ်ပါသည်။ သို့သော်သူ၏ အဓိကအကျဆုံးလုပ်ငန်းတာဝန်မှာ စည်ပင်သာယာရေးအဖွဲ့များအတွက် ဦးစားပေးမူဝါဒများကို သက်ဆိုင်ရာ ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့တို့နှင့် ဆွေးနွေးညှိနှိုင်းပြီး ချမှတ်နိုင်ရေးပင်ဖြစ်သည်။ ဝန်ကြီး၏အခန်းကဏ္ဍမှာ ရရှိနိုင်သော အရင်းအမြစ်အကန့်အသတ်တစ်ခုအတွင်း ဒေသခံလူထု၏ လိုအင်ဆန္ဒများ၊ လိုအပ်ချက်များ


[49] ပြည်နယ်နှင့်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးများနှင့် အင်တာဗျူး

[50] မတူညီသော ဒေသနှစ်ခုမှ ပြည်နယ်နှင့်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးများနှင့် အင်တာဗျူး

နှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရ၏ ရေရှည်မူဝါဒ ပန်းတိုင်များအကြား ဟန်ချက်ညီအောင်ဆောင်ရွက်ပေးရခြင်းပင်ဖြစ်သည်။ အထူးသဖြင့် အကုန်အကျကြီးမားပြီး နည်းပညာအရ ခက်ခဲရှုပ်ထွေးသော စီမံချက်များဖြစ်သည့် လမ်းဖောက်လုပ်ခြင်းနှင့် ရေအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေး စသည်တို့တွင် ထိုသို့ ဟန်ချက်ညီအောင်ထိန်းသိမ်းနိုင်ရေးသည် အလွန်အရေးကြီးသည်။[51]

အထက်တွင်ဆိုခဲ့သလို ပြည်နယ်/တိုင်းဒေသကြီး ၃ ခု (မွန်၊ ရန်ကုန်၊ ရှမ်း) တို့တွင်သာ ပြည်နယ်တိုင်းဒေသကြီးအဆင့်စည်ပင်သာယာရေး ကော်မတီများရှိကြပြီး ထိုပြည်နယ်/တိုင်းများအတွင်းရှိ စည်ပင်သာယာရေးအဖွဲ့များသည် ထိုကော်မတီများ၏ လမ်းညွှန်ချက်များကိုလည်း လိုက်နာဆောင်ရွက်ကြသည်။ ထို ပြည်နယ်/တိုင်းဒေသကြီးအဆင့် စည်ပင်သာယာရေးကော်မတီများတွင် ဒေသခံလူထုမှ သွယ်ဝိုက်ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားလှယ်များပါဝင်သလို အဆင့်မြင့်အစိုးရ အရာရှိများလည်း ပါဝင်သည်။[52] ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၁ ခုတို့တွင် ပြည်နယ်/တိုင်းဒေသကြီးအဆင့် ကော်မတီများ မထားရှိကြခြင်းမှာ ယခင်က အစဉ်အလာမရှိခဲ့ခြင်းက အဓိကအကြောင်းဖြစ်သည်။ ၂၀၁၁ မတိုင်မီက ထိုသို့ကော်မတီများ မရှိခဲ့သလို ဖွဲ့စည်းပုံကို တတ်နိုင်သလောက်ရှင်းလင်းလွယ်ကူ အောင်ဆောင်ရွက်လိုသည့် ဆန္ဒကြောင့်လည်းဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးမှာ စည်ပင်သာယာရေးအဖွဲ့ရုံးအရာရှိတစ်ဦးက 'ကျွန်တော်တို့အနေနဲ့ တိုင်းဒေသကြီးအဆင့်ကော်မတီ မလိုအပ်ပါဘူး။ အရင်တုန်းကလည်း မရှိခဲ့ဖူးသလို မဖြစ်မနေလိုအပ်တယ်လို့လည်း မယူဆပါဘူး' ဟုပြောကြားခဲ့သည်။[53] စည်ပင်သာယာရေး အဖွဲ့များ၏ လုပ်ငန်းအများစုကို မြို့နယ်အဆင့်တွင် တာဝန်ပေးစေခိုင်းထားသည့်အချက်ကလည်း ထိုသဘောထားအမြင်ကို ထင်ဟပ်လျက်ရှိသည်။

လက်တွေ့လုပ်ငန်းဆောင်ရွက်ရာတွင် ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံးများက မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံးများသို့ အရေးပါသည့် ဆုံးဖြတ်ခွင့်အတော်များများကို လွှဲပြောင်းပေးထားရာ နှစ်စဉ်စီမံကိန်းများရေးဆွဲခြင်း၊ လုပ်ငန်းများကို အစီအစဉ်ဆွဲခြင်း၊ ဘတ်ဂျက်ရေးဆွဲခြင်းနှင့် ပုံမှန်ဆောင်ရွက်ရသော မြူနီစီပယ်စီမံခန့်ခွဲမှုများနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ပါဝင်သည်။ ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံးများ၏ အဓိကလုပ်ငန်းတာဝန်မှာ သက်ဆိုင်ရာအစိုးရအဖွဲ့၏ မူဝါဒဆိုင်ရာဦးစားပေးများ (ဥပမာ၊ လမ်းဖောက်လုပ်ခြင်း သို့မဟုတ် ရေနုတ်မြောင်းလုပ်ငန်း) ကို အောက်ခြေနှင့်ဆက်စပ်ပေးခြင်း နှင့် နှစ်စဉ်ခွင့်ပြုချက်တောင်းခံလာသော စီမံချက်များနှင့် ဘတ်ဂျက်များကို လက်မှတ်ရေးထိုးအတည်ပြုပေးခြင်းတို့ဖြစ်သည်။ ထို့အပြင် ပြည်နယ်/တိုင်းဒေသကြီးရုံးများအနေနှင့် စည်ပင်သာယာရေးအဖွဲ့ဆိုင်ရာစနစ်တစ်ခုလုံးအကျုံးဝင်သည့် ကျယ်ပြန့်သော စီမံခန့်ခွဲမှု ကိစ္စရပ်များဖြစ်သည့် လူသားအရင်းအမြစ်၊ ဘဏ္ဍာရေးနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရသို့ အစီရင်ခံခြင်းစသည့် တာဝန်များကို လည်းဆောင်ရွက်ကြသည်။ နောက်ထပ်အရေးပါသော ကဏ္ဍတစ်ရပ်မှာ စည်ပင်သာယာရေးအဖွဲ့များဆိုင်ရာ စနစ်အတွက် လိုအပ်သောနည်းဥပဒေများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်သည်။ ယင်းကို ယခုအခန်း၏နောက်ပိုင်းတွင် အသေးစိတ် ဆွေးနွေးမည်။[54] တစ်ဘက်တွင် စည်ပင်သာယာရေးအဖွဲ့များဆိုင်ရာ စနစ်တစ်ခု၏ ထက်အောက်ဖွဲ့စည်းတည် ဆောက်ပုံကို ဖော်ပြထားသည်။




[51] ပြည်နယ်နှင့်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် အင်တာဗျူး

[52] ဥပမာအားဖြင့် ရှမ်းပြည်နယ်တွင် ကော်မတီ ဥက္ကဋ္ဌသည် စည်ပင်သာယာရေးဝန်ကြီးဖြစ်ပြီး စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူးသည် အတွင်းရေးမှူး ဖြစ်သည်။ ကော်မတီတွင် ဒုဥက္ကဋ္ဌ နှစ်ဦးရှိပြီး ၎င်းတို့သည် ဒေသမှ ရွေးကောက်တင်မြှောက်ထားသည့် ကျိုင်းတုံ နှင့် လားရှိုးမြို့များမှ မြို့မိမြို့ဖများ ဖြစ်ကြသည်။ ထို့ပြင် လူမှုရေးနှင့် စီးပွားရေးနယ်ပယ်မှ ရပ်ရွာကိုယ်စားလှယ်သုံးဦးနှင့် နည်းပညာနယ်ပယ်မှရပ်ရွာကိုယ်စား လှယ်သုံးဦး ပါဝင်ကြသည်။ နောက်ဆုံးအနေဖြင့် ကျိုင်းတုံ နှင့် လားရှိုးမြို့ စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးတစ်ဦးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး ပါဝင်ကြသည်။

[53] ဧရာဝတီတိုင်းရှိ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး

[54] ဧရာဝတီတိုင်းရှိ စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးနှင့် အင်တာဗျူး

သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့တစ်ခုချင်းစီသည် ရာနှုန်းပြည့်ကိုယ်ပိုင်ရန်ပုံငွေဖြင့် ရပ်တည်ကြသည်။ ပြည်နယ်/တိုင်းဒေသကြီးအဆင့် စည်ပင်သာယာရေးအဖွဲ့ရုံးများသည် မြူနီစီပယ်စီမံချက်များအကောင်အထည်ဖော်ခြင်း၊ ဝန်ဆောင်မှုများဆောင်ရွက်ပေးခြင်းမရှိသောကြောင့် အခွန်ဘဏ္ဍာငွေကောက်ခံခြင်းလည်း မရှိပေ။ သို့သော် ယင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက ကောက်ခံရရှိသော ဘဏ္ဍာငွေ၏ ၅- ၁၀% ကို လွှဲပြောင်းပေးပြီး လုပ်ငန်းလည်ပတ်စေသည်။ တနင်္သာရီနှင့် ရှမ်းတို့ကဲ့သို့သော ပြည်နယ်နှင့်တိုင်းဒေသကြီးအချို့တွင် မြို့နယ်အကျယ်အဝန်းကိုလိုက်၍ ပြည်နယ်/တိုင်းဒေသကြီးအဆင့်ရုံးအတွက် ကောက်ခံပေးသောပမာဏမှာ အနည်းငယ်ကွဲပြားသည်။ ဥပမာ တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ ထားဝယ်နှင့် မြိတ်တို့ကဲ့သို့မြို့ကြီးများက ကောက်ခံရရှိသော အခွန်ဘဏ္ဍာငွေ၏ ၅% ကိုလျာထားပေးပြီး သေးငယ်သောမြို့နယ်များက ၃% သာ လျာထားပေးသည်။ ဧရာဝတီတိုင်းဒေသကြီးတွင်မူ မြို့နယ်အားလုံးက တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံးအတွက် ၅% စီလွှဲပြောင်းပေးအပ်သည်။

ထို့အပြင် အချို့သောပြည်နယ်နှင့်တိုင်းဒေသကြီးများ၌ အဓိကမြို့နယ်ကြီးများက ရန်ပုံငွေလိုအပ်ချက်မပြည့်မီသော အရွယ်သေးငယ်သည့်မြို့နယ်များအတွက် သီးခြားခွဲဝေပေးမှုများရှိစေရန် ပြည်နယ်/တိုင်းဒေသကြီးအဆင့်ရုံးက သတ်မှတ်ဆောင်ရွက်ပေးသည်။[55] ပြည်နယ်/တိုင်းအဆင့် ညွှန်ကြားရေးမှူးက ဒေသတွင်းရန်ပုံငွေအကန့်အသတ်ရှိသော မြို့နယ်များအတွက် မည်သည့် စီမံချက်များကို ဦးစားပေးထောက်ပံ့ပေးမည်ကို ဆုံးဖြတ်သည်။[56] သို့ရာတွင် ထိုသို့ မြို့နယ်အချင်းချင်းလွှဲပြောင်းပေးသောရန်ပုံငွေမှာ ပမာဏအနည်းငယ်သာရှိပြီး စည်ပင်သာယာရေးအဖွဲ့များ၏ အဓိကစည်းမျဉ်းတစ်ခုမှာ ကောက်ခံရရှိသောရန်ပုံငွေ၏ ၉၀-၉၅% ခန့်ကို သက်ဆိုင်ရာမြို့နယ်အတွင်း၌သာ ပြန်လည်သုံးစွဲရမည်ဟူ၍ဖြစ်သည်။ ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံးများအတွင်းအရေးပါသော ဌာနတစ်ခုမှာ ဘတ်ဂျက်ဌာနခွဲဖြစ်ပြီး မြို့နယ်ရုံးအသီးသီး၏ ဝင်ငွေနှင့် အသုံးစရိတ်များကို မှတ်တမ်းတင်စောင့်ကြည့်ကာ မိမိရုံး၏ရန်ပုံငွေကိုလည်း စီမံခန့်ခွဲရသည်။

ခြုံငုံ၍ဆိုရသော် ပြည်နယ်/တိုင်းဒေသကြီးအဆင့် စည်ပင်သာယာရေးအဖွဲ့ရုံးများသည် သက်ဆိုင်ရာဒေသအတွင်းရှိ စည်ပင်သာယာရေးအဖွဲ့ဆိုင်ရာစနစ်များကို စီမံခန့်ခွဲရာတွင် အရေးပါသော အခန်းကဏ္ဍ၌ရှိကြသည်။ ထိုအချက်သည် ယင်းတို့၏ရည်ရွယ်ချက်ပိုင်းတွင် ကြီးမားသော ပြောင်းလဲမှုပင်ဖြစ်သည်။ နယ်စပ်ရေးရာဝန်ကြီးဌာနလက်အောက်တွင်ရှိခဲ့သော ၂၀၁၁ ခုနှစ်အထိ ပြည်နယ်နှင့် တိုင်းဒေသကြီး မြို့တော်များ၌ရုံးစိုက်သော စည်ပင်သာယာရေးဌာနများသည် ပုံမှန်ပြည်ထောင်စုဝန်ကြီးဌာနတစ်ခု၏ ထက်အောက်ဖွဲ့စည်းပုံတွင် ကြားအဆင့်အဖွဲ့အစည်းများသာဖြစ်သည်။ ထို့နောက်၎င်းတို့ကို ပြည်နယ်/တိုင်းဒေသကြီး အစိုးရများလက်အောက်သို့ ပြောင်းရွှေ့လိုက်ချိန်မှစပြီး ၎င်းတို့သည် မြန်မာနိုင်ငံတွင် သီးခြားဝိသေသထူးခြားသော အစိုးရအဖွဲ့အစည်းများဖြစ်လာကြသည်။ ယခုအခါ၎င်းတို့သည် ကျယ်ပြန့်သောလူမှုဝန်ဆောင်မှုများပေးခြင်း၊ စီးပွားရေးကဏ္ဍစီမံခန့်ခွဲခြင်း၊ အရေးပါသော အခွန်ဘဏ္ဍာငွေများကောက်ခံခြင်းစသည်တို့ကိုဆောင်ရွက်သည့် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရစနစ်အတွင်းမှ ရုံးများစွာကို ကြီးကြပ်ကွပ်ကဲသော အဖွဲ့အစည်းများဖြစ်နေကြသည်။ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအဆင့်ရုံးများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးများပါဝင်သော စနစ်တစ်ခု၏ အရွယ်အစားသည်ကြီးမားပြီး ဝန်ထမ်းပေါင်းများစွာ၊ လုပ်ငန်းတာဝန်ပေါင်းများစွာနှင့် ရန်ပုံငွေများကို ပြည်နယ်/တိုင်းဒေသကြီးအစိုးရများက အပြည့်အဝထိန်းချုပ်စီမံနေကြပြီဖြစ်သည်။ ဥပမာအားဖြင့် ရှမ်းပြည်နယ်ရှိ စည်ပင်သာယာရေးအဖွဲ့များစနစ်တွင် မြို့နယ်ရုံးပေါင်း ၈၀ ကျော်နှင့် အချိန်ပြည့် နိုင်ငံ့ဝန်ထမ်းပေါင်း ၁၅၀၀ ကျော်ပါဝင်ကာ ဧရာဝတီတိုင်းဒေသကြီး၌ ရုံးပေါင်း ၅၀ ကျော်နှင့် ဝန်ထမ်း ၁၂၀၀ ကျော်ရှိသည်။

စည်ပင်သာယာရေးအဖွဲ့များနှင့် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအကြားတွင် ကြီးကြီးမားမားဆက်သွယ်ချက်များ ရှိမနေတော့ပါ။ ယခုအစီရင်ခံစာ၏နောက်ဆုံးအပိုင်းတွင် ဖော်ပြထားသကဲ့သို့ပင် ယင်းအချက်သည် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများအနေနှင့် မြန်မာနိုင်ငံ၏ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးနှင့် ဒေသန္တရစီမံအုပ်ချုပ်ခွင့်ကို ပိုမိုမြှင့်တင်ရန်အခွင့်ကောင်းဖြစ်သည်။ တပြိုင်နက်ထဲမှာပင် စည်ပင်သာယာရေးအဖွဲ့များအတွက်လည်း ကိုယ်တိုင်အမှီအခိုကင်းစွာရပ်တည်နိုင်ရေးကို မဖြစ်မနေလေ့လာသင်ယူရတော့မည့် စိန်ခေါ်မှုကြီးလည်းဖြစ်နေသည်။ အမှီအခိုကင်းရေးဆိုရာ၌ ကိုယ်ပိုင်ရန်ပုံငွေ လောက်ငှဖူလုံရေးအပြင် မူဝါဒရေးဆွဲဖော်

[55] ရှမ်းပြည်နယ်တွင် စည်ပင်ဝင်ငွေ အမြင့်ဆုံးရရှိသည့် မြို့နယ်တစ်ခု၏ ဝင်ငွေ ၁၀ ရာခိုင်နှုန်းကို ပိုမိုသေးငယ်သော မြို့နယ်များသို့ ခွဲတမ်းပေးကာ ၉၀ ရာခိုင်နှုန်းကို မူလရရှိသော မြို့နယ်မှာပင် ထားရှိသည်။ ရှမ်းပြည်နယ်ရှိ စည်ပင်သာယာရေးအဖွဲ့ဝန်ကြီးနှင့် အင်တာဗျူး
[56] ရှမ်းပြည်နယ်ရှိ စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးနှင့် အင်တာဗျူး

ထုတ်ရေး၊ လူသားအရင်းအမြစ်နှင့် ဝယ်ယူဖြည့်တင်းရေးကိစ္စရပ်များ၌ပါ လေ့လာသင်ယူရန် လိုအပ်လာခြင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့တွင် အားကိုးအားထားပြုရာ 'မိခင်ဝန်ကြီးဌာန' ဟူ၍ မရှိတော့သောကြောင့်ပင်ဖြစ်သည်။[57]

## ၄.၂။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးများ

ယခုအပိုင်းတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးများ၏ လုပ်ငန်းကဏ္ဍအသေးစိတ်များကို ဆွေးနွေးသွားပါမည်။ ယင်းအဖွဲ့အစည်းများသည် မြန်မာနိုင်ငံ၏ မြူနီစီပယ်အုပ်ချုပ်မှုစနစ်တွင် အခြေခံဖြစ်သည့်အလျောက်၎င်းတို့၏ လုပ်ပိုင်ခွင့်များနှင့် ဖွဲ့စည်းတည်ဆောက်ပုံတို့ကို ပထမဦးဆုံးဆွေးနွေးသွားပါမည်။ ထို့နောက် စည်ပင်သာယာရေးအဖွဲ့လုပ်ငန်းရပ်များဖြစ်သည့် လူမှုဝန်ဆောင်မှုများ၊ ဒေသတွင်းစီးပွားရေးကဏ္ဍစီမံခန့်ခွဲမှုနှင့် အခွန်ဘဏ္ဍာကောက်ခံခြင်းနှင့် စီမံခန့်ခွဲခြင်းစသော လက်တွေ့လုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များကို အသေးစိတ်ဆက်လက်ဆွေးနွေးသွားပါမည်။

### ၄.၂.၁ လုပ်ပိုင်ခွင့်နှင့် ရုံးဖွဲ့စည်းပုံ

ပထမဦးဆုံးအနေနှင့် စည်ပင်သာယာရေးအဖွဲ့ရုံးများမည်သည့်နေရာတွင် တည်ရှိနေသည်ကို ဆွေးနွေးဖို့လိုပါမည်။ ရန်ကုန်၊ မန္တလေးမြို့တော်များနှင့် နေပြည်တော်ပြည်ထောင်စုနယ်မြေမှအပ ကျန်တစ်နိုင်ငံလုံးရှိ မြို့နယ်များတွင် စည်ပင်သာယာရေးအဖွဲ့ရုံးများရှိကြသည်။ ထိုရုံးများသည် မြို့နယ်၏အုပ်ချုပ်ရေးဗဟိုချက်နေရာ (မြို့) ၌ ပြည်ထဲရေးဝန်ကြီးဌာန၏ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးကဲ့သို့ ကျန်ပြည်ထောင်စုဝန်ကြီးဌာနများ၏ မြို့နယ်အဆင့်ရုံးခွဲများနှင့်အတူ ယှဉ်တွဲတည်ရှိနေသည်။ ထို့အပြင် အချို့သောမြို့နယ်များ၌ ယခင်က မြို့နယ်ခွဲဟုခေါ်ပြီး ယခုမြို့ဟုသာခေါ်သော အုပ်ချုပ်ရေးဗဟိုချက်များတွင်လည်း စည်ပင်သာယာရေးအဖွဲ့ရုံးအချို့ရှိတတ်သည်။[58] ထိုရုံးခွဲများသည် တင်းပြည့်ကျပ်ပြည့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးများမဟုတ်ကြပဲ တွဲဘက်အဖွဲ့အစည်းဖြစ်သည့် စည်ပင်သာယာရေးကော်မတီလည်း ရှိမနေပေ။[59] မြန်မာတစ်နိုင်ငံလုံးတွင် စည်ပင်သာယာရေးအဖွဲ့ရုံးပေါင်းမည်မျှရှိသည်ကို အတိအကျမသိရသော်လည်း ပြည်နယ်/တိုင်းဒေသကြီး ၁၄ ခုတွင် စုစုပေါင်း ၄၀၀ ခန့်ရှိနိုင်သည် ဟု ခန့်မှန်းရသည်။

၂၀၁၁ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများ စတင်ဖွဲ့စည်းချိန်မှစပြီး စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ပိုင်ခွင့်ဘောင်ကျဉ်းသွားကာ သက်ဆိုင်ရာမြို့နယ်အတွင်းရှိ မြို့ပြဒေသများ (ရပ်ကွက်များ) ကိုသာတာဝန်ယူရတော့သည်။[60] အထက်တစ်နေရာတွင် ဖော်ပြထားသကဲ့သို့ပင် ယခုအပြောင်းအလဲသည် နယ်စပ်ရေးရာဝန်ကြီးဌာန လက်အောက်ရှိ စည်ပင်သာယာရေးဦးစီးဌာနကို ဖျက်သိမ်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတာဝန်များကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနလက်အောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ လွှဲပြောင်းပေးလိုက်ခြင်း၌ မြစ်ဖျားခံသည် (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏လုပ်ငန်းတာဝန်များကို နောက်ဆက်တွဲ - ၈ တွင်ရှု)။ ထိုသို့ခွဲခြားလိုက်ခြင်းကြောင့် ယခင်က မြို့နယ်တစ်ခုလုံးကို တာဝန်ယူရသော မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် ယခုအခါ မြို့ပြဒေသများကိုသာ အဓိကထားတာဝန်ယူပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ဒေသများ (ဝါ) ကျေးရွာအုပ်စုများကို တာဝန်ယူသည်။[61] ကျေးရွာအုပ်စုများနှင့် ရပ်ကွက်များအဖြစ် ဖုံခွဲခြားသတ်မှတ်ခြင်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကဆောင်ရွက်ပြီး စည်ပင်သာ

---

57 'မိခင်ဝန်ကြီးဌာန'ဆိုသော အသုံးအနှုန်းကို ထပ်တလဲလဲ ဖော်ပြသုံးနှုန်းနေခြင်းမှာ နေပြည်တော်တွင် စည်ပင်ရုံးခွဲများသို့ အခြေခံပံ့ပိုးမှုများ ထောက်ပံ့နိုင်သည့် ဝန်ကြီးဌာနရှိမနေခြင်းကို ပေါ်လွင်စေရန်ဖြစ်သည်။

58 ဝေါဟာရပြောင်းလဲမှုမှာ ၂၀၁၄တွင် ဖြစ်ပွားသည်။ အကြောင်းမှာ အမျိုးသားလွှတ်တော်က အစိုးရအဖွဲ့များကို ၂၀၀၈ ဖွဲ့စည်းပုံနှင့် လျော်ကန် စေရန် မြို့နယ်ခွဲများထားခြင်းကို ရပ်ဆိုင်းစေခြင်းကြောင့်ဖြစ်သည်။ မြို့နယ်ခွဲများသည် မြို့ပြလူဦးရေထူထပ်သော ဒေသများ သို့မဟုတ် မြို့နယ်တစ်ခုသည် ပထဝီအနေအထားအရ ၎င်းမြို့တွင်နေထိုင်သည့် လူဦးရေမှာ ပျံ့နှံ့သွားသောကြောင့် ရုံးခွဲတစ်ခုထားရန် လိုအပ်လာသည့် အနေအထားမျိုးတွင် ပေါ်ပေါက်လာသည်။ ဥပမာဆိုသော် ရှမ်းပြည်နယ်တွင် မြို့စည်ပင်သာယာရေးရုံး ၂၉ ရုံးအပြင် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံး ၅၅ရုံး စုစုပေါင်းအားဖြင့် စည်ပင်သာယာရေးအဖွဲ့ရုံး ၈၄ရုံး ရှိနေသည်။ ၎င်းမှာ ခြွင်းချက်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသအများစုတွင် ယင်းသို့ စည်ပင်သာယာရေးအဖွဲ့ရုံး များများစားစားရှိမနေပေ။ နမူနာပြရသော် ဧရာဝတီတိုင်းတွင် မြို့နယ်ရုံး ၂၆ခုနှင့် မြို့ရုံး ၇ ရုံးသာရှိသည်။

59 ဧရာဝတီတိုင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းတစ်ဦးနှင့် အင်တာဗျူး

60 နဝတဥပဒေအမှတ် (၅/၉၃) အရ စည်ပင်သာယာရေးကော်မတီများသည် မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးရေး နှစ်ခုလုံးအတွက် တာဝန်ရှိကြသည်။၂၀၁၁မှစပြီး ဥပဒေနှင့် ဖွဲ့စည်းပုံများပြောင်းလဲသွားရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ထွက်လာသော စည်ပင်သာယာရေးအဖွဲ့အတွက် လုပ်ပိုင်ခွင့်များ ကျဉ်းမြောင်းလာခဲ့သည်။

61 မြန်မာနိုင်ငံတွင် ကျေးလက်အများစုရှိနေသောကြောင့် တစ်ချို့နေရာများတွင် စည်ပင်သာယာရေးအဖွဲ့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဌာနသည် လုပ်ငန်းသဘာဝ တိတိကျကျ ကွဲပြားမှုမရှိဘဲ လုပ်ငန်းသဘောထပ်နေခြင်းများလည်း ဖြစ်တတ်သည်။ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဌာနသည် လက်ရှိတွင်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အစိတ်အပိုင်းတစ်ခုဖြစ်နေသော်လည်း စည်ပင်သာယာ၏ မှတ်တမ်းများအရ ကျေးရွာပိုင်းများတွင် ၎င်းတို့၏ စီမံကိန်းလုပ်ငန်းများ ရှိနေဆဲဖြစ်သည်။

ယာရေးအဖွဲ့များက တစ်စုံတရာပါဝင်ပတ်သက်ခြင်းမရှိပေ။[62] သို့ရာတွင် စည်ပင်သာယာရေးအဖွဲ့၏ စီမံချက်အချို့သည် မြို့ပြဇရိယာနှင့် နယ်မြေချင်းဆက်စပ်နေသော ကျေးရွာအုပ်စုပိုင်နယ်မြေအချို့တွင်လည်း လုပ်ငန်းဆောင်ရွက်နေသည်များရှိသည်။ ထို့အပြင် စည်ပင်သာယာရေးအဖွဲ့များသည် ကျေးရွာအုပ်စုအတွင်းရှိ ကုန်စည်ကူးသန်းရောင်းဝယ်ရေးဖွံ့ဖြိုးပြီး မြူနီစီပယ်ဝန်ဆောင်မှုများ လိုအပ်သော အချို့သောနေရာဒေသများကို 'ဖွံ့ဖြိုးရေးဆိုင်ရာဒေသများ' အဖြစ် သီးသန့်သတ်မှတ်ပေးနိုင်သည်။ ဥပမာ ရွာကြီးများ ရှိဈေးကဲ့သို့သော နေရာများဖြစ်သည်။[63] ထို့အပြင် အချို့သောကျေးရွာအုပ်စုများတွင် ဆက်စပ်အဖွဲ့အစည်းများဖြစ်ကြသော စည်ပင်သာယာရေးအဖွဲ့များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ပူးပေါင်းပြီး တံတားများနှင့် ရေသွယ်မြောင်းများပြုပြင်ထိန်းသိမ်းခြင်းတို့ကဲ့သို့သော ဖွံ့ဖြိုးရေးစီမံချက်များကို ပူးတွဲဆောင်ရွက်နိုင်သည်။[64]

ထို့သို့ မြို့ပြဒေသများကိုသာ အဓိကထားပြီး လုပ်ငန်းလုပ်ဆောင်နေခြင်းသည် နေပြည်တော်မှတိုက်ရိုက်လမ်းညွှန်ချက်ကြောင့် ဟုတ်/မဟုတ် မသဲကွဲသော်လည်း စည်ပင်သာယာရေးအဖွဲ့များအနေနှင့် မြို့ပြဒေသများ (ရပ်ကွက်များ) ကိုသာအဓိကအာရုံစူးစိုက်စေရခြင်းအတွက် ရှောင်လွှဲမရသောအကြောင်းရင်းများလည်း ရှိနေသည်။ ပထမအချက်မှာ ကျေးလက်ဒေသ/ကျေးရွာအုပ်စုများတွင် လုပ်ငန်းဆောင်ရွက်ရန်အတွက် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ပြည်ထောင်စုအစိုးရနှင့် နိုင်ငံတကာအလှူရှင်များထံမှ ရန်ပုံငွေအမြောက်အမြားရရှိနေခြင်းဖြစ်သည်။[65] မည်သို့ပင်ဆိုစေ ထိုသို့ပြောင်းလဲခြင်းကို စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများကြားတွင်လည်း သဘောတူထောက်ခံကြပုံရသည်။ အကြောင်းမှာ စည်ပင်သာယာရေးအဖွဲ့များအနေနှင့် ရန်ပုံငွေကို မြို့ပြဒေသများတွင် စုစည်းတည်ရှိသော စီးပွားရေးလုပ်ငန်းများမှ အဓိကရရှိကြခြင်းဖြစ်ပြီး ရရှိသောအရင်းအမြစ်များကို မြို့ပြဒေသအတွက်သာ ပြန်လည်အသုံးပြုလိုကြသောကြောင့်ဖြစ်သည်။[66] အချို့သော ပြည်နယ်နှင့်တိုင်းဒေသကြီးများ၊ ဥပမာ ရောဝတီနှင့် မွန်တို့တွင် မြို့ပြဒေသရပ်ကွက်များတွင်သာ အဓိကထားလုပ်ငန်းဆောင်ရွက်တော့မည်ဆိုသောအချက်ကို တရားဝင်ထုတ်ပြန်ထားကြသည်။

မြို့နယ်အဆင့်စည်ပင်သာယာရေးအဖွဲ့များ၏ ဖွဲ့စည်းပုံဆိုင်ရာတွင် အရေးပါသောအချက်တစ်ချက်မှာ မြို့နယ်အလိုက်အဆင့်သတ်မှတ်ချက်ကိုသုံးပြီး စည်ပင်သာယာရေးအဖွဲ့ရုံး၏အရွယ်အစားကိုဆုံးဖြတ်ခြင်းဖြစ်သည်။ အဆင့်သတ်မှတ်ချက်များမှာ (က) အဆင့်မှ (င) အဆင့်အထိရှိပြီး (က) အဆင့်မှာအမြင့်မားဆုံးဖြစ်သည်။[67] အခြားသော မြို့နယ်အဆင့်အုပ်ချုပ်ရေးဆိုင်ရာရုံးများ၊ ဥပမာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးစသည်တို့မှာ မြို့နယ်လူဦးရေအပေါ်မူမတည်ပဲ မြို့နယ်အားလုံးတွင်အရွယ်အစားတသမတ်တည်းဖြစ်သဖြင့် စည်ပင်သာယာရေးအဖွဲ့များ၏ဖွဲ့စည်းပုံမှာ ထူးခြားကွဲလွဲသည်။ မြို့နယ်အဆင့်သတ်မှတ်ချက်ပါ်မူတည်၍ စည်ပင်သာယာရေးအဖွဲ့ရုံးများ၏ ဝန်ထမ်းအရေအတွက်ကွဲလွဲသွားရာ အနည်းဆုံးဝန်ထမ်း ၁၀ ဦးခန့်မှ အများဆုံး ဝန်ထမ်း ၁၀၀ ခန့်အထိရှိကြသည်။[68] အလားတူပင် အခြားရုံးဌာနများ၌ မြို့နယ်အဆင့်မန်နေဂျာများအားလုံးမှာ ရာထူးအဆင့်အတန်းအတူတူပင် ဖြစ်သော်လည်း (ဥပမာ မြို့နယ်အုပ်ချုပ်ရေးမှူးများအားလုံးသည် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်များဖြစ်သည်) စည်ပင်သာယာရေးအဖွဲ့ရုံးများ၏ အမှုဆောင်အရာရှိများမှာမူ သက်ဆိုင်ရာမြို့နယ်၏ အဆင့်ကိုလိုက်၍ ရာထူးအဆင့်ကွဲပြားသည်။ အနိမ့်ဆုံးအားဖြင့် အရွယ်အစားငယ်သော (င) အဆင့် ကျေးလက်မြို့နယ်များတွင် ဦးစီးအရာရှိအဆင့်မှသည် ပုသိမ်၊ ထားဝယ်ကဲ့သို့သော (က) အဆင့် ပြည်နယ်/တိုင်းဒေသကြီးမြို့တော်များရှိသောမြို့နယ်များ၌ ဒုတိယညွှန်ကြားရေးမှူးအထိရှိနိုင်သည်။

စည်ပင်သာယာရေးအဖွဲ့များ၏ မြို့နယ်အဆင့်သတ်မှတ်ချက်စနစ်အတိုင်း စည်ပင်သာယာရေးအဖွဲ့ရုံးများ၏ ဖွဲ့စည်းတည်ဆောက်ပုံများ ကွဲပြားခြားနားသွားသည် (နမူနာပုံစံ အဖွဲ့အစည်းတည်ဆောက်ပုံကို နောက်ဆက်တွဲ- ၉ တွင်ရှု)။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးများအားလုံးကို အမှုဆောင်အရာရှိကဦးဆောင်ပြီး အမှုဆောင်အင်ဂျင်နီယာက လက်ထောက်အဖြစ်ဆောင်ရွက်သည်။ စည်ပင်သာယာရေးအဖွဲ့ရုံးများတွင် အနည်းဆုံးဌာနခွဲနှစ်ခု (စီမံနှင့် အင်ဂျင်နီယာဌာနခွဲ) ရှိကြပြီး အရွယ်ကြီးမားသော ရုံးများ၌

[62] ဤသို့သော ရည်ရွယ်ချက်မျိုးအတွက် ကန့်သတ်ချက် ရှင်းရှင်းလင်းလင်းမရှိ။ အများစုမှာ ကိုလိုနီခေတ်ကသတ်မှတ်ထားမှုများဖြစ်ပြီး ပြောင်းလဲမှုများသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဆုံးဖြတ်ချက်များ ဖြစ်သည်ဟု ဆိုနိုင်သည်။ နှိုင်းယှဉ်ပြရသော် တိုင်းပြည်အနှံ့တွင် ရပ်ကွက်ပေါင်း ၃၁၃၃ ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနမှ လုပ်ကိုင်နေသော ကျေးရွာအုပ်စုပေါင်း ၁၃၆၂၀ ရှိသည်။

[63] ရောဝတီတိုင်းရှိ စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးနှင့် အင်တာဗျူး

[64] ရောဝတီတိုင်းရှိ မြို့နယ်စည်ပင်သာယာကော်မတီ အဖွဲ့ဝင်ပြည်သူတစ်ဦး၊ စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအရာရှိတစ်ဦးနှင့်အင်တာဗျူး

[65] ရှမ်းပြည်နယ်ရှိ စည်ပင်သာယာရေးဝန်ကြီး အင်တာဗျူး

[66] ရောဝတီတိုင်းရှိ မြို့နယ်စည်ပင်သာယာကော်မတီ အဖွဲ့ဝင်ပြည်သူတစ်ဦး၊ စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့် အင်တာဗျူး

[67] အချို့သော ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ၎င်းတို့၏ အကြီးဆုံးမြို့များ အများအားဖြင့် မြို့တော်များအတွက် အထူးအဆင့်သတ်မှတ်ချက်ရှိ သည်။

[68] ဥပမာအားဖြင့် ရောဝတီတိုင်းရှိ မြို့နယ်အမျိုးမျိုး၏ အဆင့်သတ်မှတ်ချက်များသည် ပျှမ်းမျှအားဖြင့် အဆင့်(က) ၉၀၊ အဆင့်(ခ) ၄၆၊ အဆင့် (ဂ) ၃၄၊ အဆင့် (ဃ) ၂၃၊ အဆင့် (င) ၁၆ စသည်ဖြင့် ဝန်ထမ်းအရေအတွက် ရှိကြသည်။

ဌာနခွဲ ငါးခုအထိရှိနိုင်သည်။[69] ဌာနခွဲနှစ်ခုထဲရှိသော ဖွဲ့စည်းပုံကိုအများဆုံးတွေ့ရလေ့ရှိပြီး ၎င်းတို့လက်အောက်တွင် အောက်ပါအတိုင်း ဌာနစိတ်များရှိကြသည်။[70]

**စီမံဌာနခွဲ**

- သန့်ရှင်းရေး
- ဈေးနှင့်သားသတ်
- အခွန်
- စီမံရေးရာ
- စည်းကမ်းထိန်း

**အင်ဂျင်နီယာဌာနခွဲ**

- ရေ
- လျှပ်စစ်
- လမ်း၊တံတားများ
- ပန်းခြံနှင့် အပန်းဖြေလုပ်ငန်းများ
- စက်ယန္တရားများ

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးများရှိဝန်ထမ်းများအားလုံးမှာ လခစားနိုင်ငံ့ဝန်ထမ်းများဖြစ်သည်။ လက်ရှိဝန်ထမ်းအများစုမှာ နယ်စပ်ရေးရာဝန်ကြီးဌာနမှဝန်ထမ်းဟောင်းများဖြစ်ပြီး ၂၀၁၁ ခုနှစ်နောက်ပိုင်းတွင် အသစ်ဖွဲ့စည်းလိုက်သော စည်ပင်သာယာရေး အဖွဲ့ရုံးများသို့ ပြောင်းရွှေ့လာကြသူများဖြစ်သည်။[71] ပြည်ထောင်စုအစိုးရထဲတွင် 'မိခင်ဝန်ကြီးဌာန' မရှိတော့သောကြောင့် အခြားပြည်နယ်/တိုင်းဒေသကြီးများသို့ပြောင်းရွှေ့တာဝန်ထမ်းဆောင်နိုင်မည့် အခွင့်အလမ်းမှာလည်း အကန့်အသတ်နှင့်သာ ရှိတော့သည်။ အကယ်၍ အခြားပြည်နယ်/တိုင်းဒေသကြီးသို့ပြောင်း ရွှေ့လိုပါက သက်ဆိုင်ရာဝန်ကြီးချုပ်နှစ်ဦး၏ အထူးခွင့်ပြုချက် လိုအပ်ရာ ထိုအချက်မှာလည်း အချို့သောစည်ပင်သာယာရေး အဖွဲ့ရုံးဝန်ထမ်းများအတွက် စိတ်ပျက်ဖွယ်ရာပင် ဖြစ်သည်။[72] သို့သော်စည်ပင်သာယာရေး အဖွဲ့ရုံးဝန်ထမ်းများသည်သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအတွင်း လွယ်ကူစွာ ပြောင်းရွှေ့နိုင်ပြီး ယခုအခါ ထိုအပြောင်းအရွှေ့များမှာ ပိုမိုလွယ်ကူလာပြီဖြစ်သည်။[73] မည်သည့်ပြည်နယ်/တိုင်းဒေသကြီးတွင်မဆို အဆင့်မြင့် စည်ပင်သာယာရေးအဖွဲ့ရာထူးနေရာ အနည်းငယ်သာရှိသောကြောင့် ရာထူးတိုးမြှင့်ခံရနိုင်သည့် အခွင့်အလမ်းမှာ အကန့်အသတ်နှင့်သာ ရှိသည်။ ဝန်ထမ်းများမှာရာထူးတိုးမြှင့်ခံရရန်အတွက် အထက်လူကြီးများ အငြိမ်းစားယူမည့်အချိန်အထိ နှစ်ပေါင်းများစွာ စောင့်ဆိုင်းရမည့် သဘောဖြစ်နေသည်။[74] နယ်ကျော် (အခြားပြည်နယ်/တိုင်းဒေသကြီးများသို့) ပြောင်းရွှေ့ရန် ခက်ခဲခြင်းနှင့် ရာထူးတိုးရန် မလွယ်ကူခြင်းတို့ကြောင့် စည်ပင်သာယာရေးအဖွဲ့ရုံးဝန်ထမ်းများ၏ စိတ်အားထက်သန်မှု၊ ယုံကြည်မှုတို့နှင့်ပတ်သက်ပြီး စိုးရိမ်စရာ အခြေအနေများဖြစ်လာသည်။[75]

မိခင်ဝန်ကြီးဌာနမရှိတော့သည့်နောက်ပိုင်းတွင် စည်ပင်သာယာရေးအဖွဲ့များ၏ လူသားအရင်းအမြစ်စနစ်မှာ သီးခြားဝိသေသများရှိလာသည်။ စည်ပင်သာယာရေးအဖွဲ့ရုံးများသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့တွင်ပါဝင်ပြီး ယင်းအဖွဲ့မှတစ်ဆင့်သာ ပြည်ထောင်စု အစိုးရအဖွဲ့နှင့် အပြန်အလှန်ဆက်သွယ်မှုများပြုလုပ်ခြင်းဖြစ်သည်။ စည်ပင်သာယာရေးအဖွဲ့ရုံးဝန်ထမ်းများကို ဒေသတွင်း ခန့်ထားသလို တစ်နိုင်ငံလုံးအတိုင်းအတာနှင့်လည်း ခန့်ထားသည်။ ပြန်တမ်းဝင်အရာရှိများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏

69 ကွဲပြားမှုရှိသော်လည်း အုပ်ချုပ်ရေးဌာန၊ သန့်ရှင်းရေးဌာန၊ အခွန်ဌာန၊ ဈေးများဌာန၊ အင်ဂျင်နီယာဌာနတို့မှာ အများအားဖြင့် တွေ့ရတတ်သော ဌာနများဖြစ်သည်။ တနင်္သာရီတိုင်းရှိ အာရှဖောင်ဒေးရှင်းနှင့် VGN အလုပ်ရုံဆွေးနွေးပွဲတွင်စည်ပင်သာယာရေး အဖွဲ့ညွှန်ကြားရေးမှူးနှင့် အင်တာဗျူး

70 ရေဝတီတိုင်းရှိ မြို့နယ်စည်ပင်သာယာကော်မတီ အဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိ၊ အမှုဆောင်အင်ဂျင်နီယာနှင့် အင်တာဗျူးများ

71 ၂၀၁၁ ခုနှစ်က နယ်စပ်ရေးရာဝန်ကြီးဌာနလက်အောက်ရှိခဲ့စဉ် မည်သည့်ဒေသ၌ တာဝန်ကျခဲ့သည်ဖြစ်စေ ယခုတာဝန်ကျနေသော ပြည်နယ်/ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံးများသည် ၎င်းတို့အမြဲတမ်း တာဝန်ထမ်းဆောင်ရမည့် ရုံးဌာနများ ဖြစ်လာသည်။ ထို့ကြောင့်အချို့သော စည်ပင်သာယာရေးအဖွဲ့ရုံးဝန်ထမ်းများသည် တာဝန်ကျ ရာဒေသနှင့် ဆက်စပ်ပတ်သက်မှုတစ်စုံတရာမရှိသောကြောင့် 'ပစ်ပယ်ခံလိုက်ရသည်' ဟူသော ခံစားချက်များဖြစ်ပေါ်နေကြသည်။ ယခင်နယ်စပ်ရေးရာဝန်ကြီးဌာနလက်အောက်တွင်တာဝန်ထမ်းဆောင်စဉ်က သက်ဆိုင်ရာဒေသတစ်ခု တွင် သုံးနှစ်တာဝန်ထမ်း ဆောင်ပြီးပါက ပြန်လည်ရွှေ့ပြောင်းနိုင်သည်ဟူသော နားလည်မှုဖြင့် တာဝန်ထမ်းဆောင်ခဲ့ကြခြင်းဖြစ်သည်။ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများတွင် အဆင့်မြင့်နိုင်ငံ့ဝန်ထမ်းရာထူးများကို မျှော်မှန်းထားကြသူများအတွက် ပြည်နယ်/တိုင်းဒေသကြီး အဆင့်စနစ် အတွင်းသို့ရောက်ရှိသွားပြီး အဆင့်မြင့်ရာထူးများသို့တိုးမြှင့်ခံရရန်အခွင့်အလမ်းအကန့်အသတ်ဖြင့်သာ ရှိတော့သောအခြေအနေတွင် စိတ်ပျက်အားလျော့မှုများ ပိုမိုဖြစ်ပေါ်စေသည်။

72 ရေဝတီတိုင်းနှင့် ရှမ်းပြည်နယ်ရှိ စည်ပင်သာယာအဖွဲ့ ဝန်ထမ်းများနှင့် အင်တာဗျူးများ

73 ပြည်နယ်(သို့မဟုတ်) တိုင်းဒေသကြီးအတွင်း ပြောင်းရွှေ့မှုများအတွက် ပြည်နယ်(သို့မဟုတ်) တိုင်းဒေသကြီး စည်ပင်သာယာအဖွဲ့ရုံး နှင့် ပြည်နယ်(သို့မဟုတ်) တိုင်းဒေသကြီးအစိုးရ ၏ ခွင့်ပြုချက် လိုအပ်သည်။ ရာထူးဝန်အဖွဲ့ ကဲ့သို့သော အခြားအစိုးရအဖွဲ့များ ပါဝင်ပတ်သတ်မှု မရှိပေ။

74 အကြီးတန်း ဝန်ထမ်းများအတွက် ပြဿနာတစ်ရပ်ရှိသည်။ ၎င်းမှာ ဥပမာအားဖြင့် ပြည်နယ်(သို့မဟုတ်) တိုင်းဒေသကြီး စည်ပင်သာယာအဖွဲ့တွင် ညွှန်ကြားရေးမှူးတစ်ဦးသာရှိသည်။ ထို ပုဂ္ဂိုလ်သည် အသက် ၅၁နှစ်အရွယ်ဆိုပါက ဒုတိယညွှန်ကြားရေးမှူးအားလုံးသည် ရာထူးတိုးရန် ၉နှစ်တိတိ စောင့်ရပေမည်။

75 ၎င်းကိစ္စရပ်မှာ ထပ်ခါထပ်ခါလုပ်ထားသော အင်တာဗျူးများအတွင်း သိသာလာသည်။ ဥပမာပြရသော် ရုံးတစ်ရုံးကို သိသိသာသာဆိုးဂါးသော အမှုဆောင်အရာရှိတစ်ဦးက ဦးဆောင်နေသည် ဆိုပါက ဝန်ထမ်းများသည် ထိုလူကြီး ရာထူးတိုးသွားအောင်သော် လည်းကောင်း၊ ရုံးပြောင်းသွားစေရန် (အချိန်ကြာကောင်းကြာနိုင်သည်။) စောင့်ဆိုင်းရသည်။

အကူအညီဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ခန့်ထားပြီး ပြန်တမ်းဝင်အရာရှိအောက်အဆင့်များနှင့် နေ့စားဝန်ထမ်းများကိုမူ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ပါဝင်ပတ်သက်မှုမရှိပဲ ဒေသတွင်း၌ပင်ခန့်ထားသည်။[76]

မြို့နယ်တစ်ခုတွင် ပြန်တမ်းဝင်အရာရှိအဆင့်ရာထူးနေရာလစ်လပ်ပါက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးက သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအဆင့်ရုံးသို့သတင်းပို့ပြီး ထိုရုံးမှတစ်ဆင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရထံသို့ ရာထူးခန့်အပ်ရန် ခွင့်ပန်ကြားသည်။ ခွင့်ပြုချက်ရပါက မြို့နယ်ရုံးကလစ်လပ်ရာထူးနေရာကို အမိကအားဖြင့် သတင်းစာများမှနေပြီး ကြော်ငြာချက်ထုတ်ပြန်သည်။ ဇကာတင်ရွေးချယ်ခံရသူများသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့က စီစဉ်ကြီးကြပ်သော ရေးဖြေစာမေးပွဲကို ဖြေဆိုရသည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများသည် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် လူတွေ့ အင်တာဗျူးဖြေဆိုရသည်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့ရုံးနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရအရာရှိများ ပါဝင်သော ရွေးချယ်ရေးအဖွဲ့က ရာထူးခန့်အပ်မှုတစ်ခုချင်းစီကို ကြီးကြပ်သည်။[77]

ရာထူးတိုးမြှင့်ရေးတွင်မူ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ထဲထဲဝင်ဝင်ပါဝင်ရန်မလိုပေ။ ပြန်တမ်းဝင်အရာရှိများကို ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံးက ပြည်နယ်/တိုင်းဒေသကြီးအစိုးရ၏ထောက်ခံချက်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများနှင့်အညီ ရာထူးတိုးမြှင့်ပေးနိုင်သည်။ သို့ရာတွင် အခြားအဆင့်မှ ပြန်တမ်းဝင်အရာရှိအဆင့်သို့ တိုးမြှင့်သောအခါများတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အပြီးသတ် သဘောတူညီချက် ရယူရန် လိုအပ်သည်။ ပြန်ထမ်းအရာရှိအဆင့်မဟုတ်သော ဝန်ထမ်းများကို ရာထူးတိုးမြှင့်ရာတွင် ပြည်နယ်/တိုင်းဒေသကြီးအစိုးရ၏ အပြီးသတ်သဘောတူညီချက်နှင့်အညီ ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံးက ဆောင်ရွက်နိုင်သည်။ ရာထူး လျှော့ချခြင်းနှင့် အလုပ်မှထုတ်ပယ်ခြင်းများကို ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံးက ပြည်နယ်/တိုင်း ဒေသကြီး အစိုးရ၏ထောက်ခံချက်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ လမ်းညွှန်မှုများ၊ နိုင်ငံ့ဝန်ထမ်း ဥပဒေနှင့် နည်းဥပဒေများနှင့် အညီ ဆောင်ရွက်နိုင်သည်။

အချုပ်အားဖြင့်ဆိုရသော် စည်ပင်သာယာရေးအဖွဲ့ရုံးများသည် ဝန်ထမ်းခန့်ထားခြင်း၊ ထုတ်ပယ်ခြင်း၊ ရွှေ့ပြောင်းခြင်းနှင့် ရာထူးတိုးမြှင့်ခြင်းများကို ယခင်ကနှင့်မတူပဲ အပြည့်အဝထိန်းချုပ်ဆောင်ရွက်လာနိုင်သည်။ အနှစ်သာရအားဖြင့် စည်ပင်သာယာရေးအဖွဲ့များနှင့် ၎င်းတို့ကိုကြီးကြပ်သည့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများသည် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အလားသဏ္ဍာန်တူသော ဝန်ထမ်းရေးရာ လုပ်ပိုင်ခွင့်အာဏာများရရှိလာကြသည်။ အမှန်စင်စစ် စည်ပင်သာယာရေးအဖွဲ့ရုံးများသည် ပြည်နယ်/တိုင်း ဒေသကြီး အစိုးရ၏ ကြီးကြပ်မှုများရှိသော်လည်း ဒေသန္တရအဆင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့်လုပ်ပိုင်ခွင့်များရရှိသော တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်သည်။

စည်ပင်သာယာရေးအဖွဲ့များသည် နယ်စပ်ရေးရာဝန်ကြီးဌာနအောက်တွင်ရှိနေသေးသည့် ၂၀၁၁ ခုနှစ်ကတည်းကစပြီး ဝန်ထမ်းများအတွက် လေ့ကျင့်သင်ကြားရေးအစီအစဉ်များ စတင်ဖွံ့ဖြိုးလာခဲ့သည်။ လက်ရှိအနေနှင့် ပြည်နယ်/တိုင်းဒေသကြီးများရှိ စည်ပင်သာယာရေးအဖွဲ့ရုံးဝန်ထမ်းများအတွက် သင်တန်းအစီအစဉ်နှစ်မျိုးရှိသည်။ ပထမတစ်မျိုးမှာ ပြည်သူ့ဝန်ထမ်းအားလုံး အကျုံးဝင်သော သင်တန်းအမျိုးအစားများဖြစ်ပြီး ဒုတိယတစ်မျိုးမှာ နယ်စပ်ရေးရာဝန်ကြီးဌာနလက်အောက်ရှိ ဗဟိုသင်တန်း ကျောင်းတို့ဖြစ်သည်။ ပထမသင်တန်းအမျိုးအစားများတွင် ရန်ကုန်မြို့ပြင် ဖောင်ကြီးရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်နှင့် ပြင်ဦးလွင်မြို့အနီးရှိ ဇီးပင်ကြီးရှိ ဗဟိုဝန်ထမ်းလေ့ကျင့်ရေးကျောင်းတို့ပါဝင်သည်။[78] အထက်ပါကျောင်းနှစ်ကျောင်းမှာ အထက် မြန်မာနိုင်ငံနှင့် အောက်မြန်မာနိုင်ငံအတွက် ခွဲခြားထားခြင်းဖြစ်သည်။ ပုံမှန်ပြည်သူ့ဝန်ထမ်းများအနေနှင့် စည်ပင်သာယာရေးအဖွဲ့ရုံး ဝန်ထမ်းများသည် အထက်ပါလေ့ကျင့်ရေးကျောင်းများသို့ ကျန်ပြည်ထောင်စုဝန်ကြီးဌာနဝန်ထမ်းများနှင့်အတူ တက်ရောက် သင်ကြားနိုင်ကြသည်။ ထိုကျောင်းများတွင် သင်တန်းအမျိုးအစားလေးမျိုးရှိသည်။ ပုံမှန်သင်တန်း၊ အထူးမွမ်းမံသင်တန်း၊ အလယ်အလတ်အဆင့် သင်တန်းနှင့် အဆင့်မြင့်သင်တန်းတို့ဖြစ်သည်။ ထိုသင်တန်းများတွင် အငယ်တန်းစာရေးမှစပြီး ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး အဆင့်အထိ နိုင်ငံ့ဝန်ထမ်းများတက်ရောက်ကြသည်။

---

[76] မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းများကို  အဆင့် ၁၂ဆင့် ခွဲခြားထားသည်။ထိပ်ဆုံးအဆင့် ၆ခုမှာ ပြန်တမ်းဝင်အရာရှိများဖြစ်ပြီး ကျန်အောက်ဘက် ၆ဆင့်မှာ ပြန်တမ်းဝင်အဟုတ်သည့် အခြားအဆင့်များဖြစ်သည်။ ပြန်တမ်းဝင်အရာရှိများကိုနေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှခန့်အပ်သည် (သို့မဟုတ်) တပ်မတော်မှ တိုက်ရိုက် ပြောင်းရွှေ့လာကြသည်။ မည်သည့် ပြန်ထမ်းဝင်အရာရှိ မဆို နေပြည်တော်တွင်  ထောက်ခံမှုရှိရမည်။ ပြန်တမ်းဝင် အရာရှိ မဟုတ်သူများကို ဝန်ကြီးဌာန သို့မဟုတ် ပြည်နယ်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တိုက်ရိုက်ခန့်အပ် အသုံးပြုသည်။

[77] ရှမ်းပြည်နယ်ရှိ စည်ပင်သာယာအဖွဲ့အမှုဆောင် အရာရှိနှင့် အင်တာဗျူး

[78] ပြည်သူ့ဝန်ထမ်း ဗဟိုလေ့ကျင့်ရေး သင်တန်းကျောင်း (ဖောင်ကြီး)သည် ၁၉၆၅ခုနှစ်တွင် ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ ဗဟို ပြည်သူ့ ဝန်ထမ်းကျောင်းဖြစ်ပြီး ၁၉၇၇တွင် ပြည်သူ့ဝန်ထမ်းလေ့ကျင့်ရွေးချယ်ရေးအဖွဲ့လက်အောက်သို့ ပြောင်းရွှေ့သွားခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနလက်အောက်ခံဖြစ်ခဲ့ဖူးသော သမိုင်းကြောင်းကြောင့် စည်ပင်သာယာရေးအဖွဲ့ရုံးဝန်ထမ်းများသည် ရန်ကုန်မြို့ မြောက်ဒဂုံတွင်ရှိသော ဝန်ကြီးဌာန၏ ဗဟိုသင်တန်းကျောင်းသို့လည်း တက်ရောက်ခွင့်ရှိသည်။[79] ထိုကျောင်းသို့ ပြန်တမ်းဝင်အဆင့်ဝန်ထမ်းများရော အခြားအဆင့်ဝန်ထမ်းများပါ တက်ရောက်ခွင့်ရှိသည်။ သင်တန်းအမျိုးအစားများတွင် အင်ဂျင်နီယာများကဲ့သို့ နည်းပညာရှင်များအတွက်ရည်ရွယ်သော သင်တန်းများရှိသလို[80] အဆင့်အမျိုးမျိုးနှင့် နယ်ပယ်အမျိုးမျိုးမှ ဝန်ထမ်းများအားလုံးအတွက် ရည်ရွယ်သော ပုံမှန်သင်တန်းများလည်း ပါဝင်သည်။[81] ထိုသင်တန်းများသည် ဝန်ထမ်းအဖြစ် အသစ်ဝင်ရောက်လာသူများနှင့် ရာထူးတိုးမြှင့်ခံရမည့်ဝန်ထမ်းများအတွက် မဖြစ်မနေတက်ရောက်ရမည့် သင်တန်းများလည်း ဖြစ်သည်။ ဥပမာအားဖြင့် မြို့နယ်ရုံးကို ဦးဆောင်မည့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အမှုဆောင်အရာရှိအသစ်များကို တာဝန်မထမ်းဆောင်မီ ပုံမှန်သင်တန်းများကို တက်ရောက်စေခြင်းမျိုးဖြစ်သည်။ ထိုသီတင်းခြောက်ပတ်ကြာသင်တန်းတွင် အုပ်ချုပ်ရေး၊ စည်းမျဉ်းစည်းကမ်းနှင့် လမ်းညွှန်ချက်များ၊ ဘဏ္ဍာရေးစီမံမှုနှင့် အခွန်ကောက်ခံခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် ကြည့်ကြပ်ခြင်း၊ အင်ဂျင်နီယာလုပ်ငန်း ဆိုင်ရာဗဟုသုတများနှင့် ကျယ်ပြန့်သော မူဝါဒရေးရာကိစ္စများကို သင်ကြားပေးသည်။

အထက်ပါ နိုင်ငံ့ဝန်ထမ်းလေ့ကျင့်ရေး သင်တန်းကျောင်းသုံးခုအပြင် ပြည်ထောင်စုအဆင့်သင်တန်းများကိုတက်ရောက်ခဲ့ကြသော အဆင့်မြင့် စည်ပင်သာယာရေးအဖွဲ့ရုံးအရာရှိများက သက်ဆိုင်ရာဒေသအတွင်း ပြန်လည်ပို့ချပေးသည့် ဌာနတွင်းသင်တန်းများလည်း ရှိသေးသည်။ ထိုသင်တန်းများကို ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံးက စီစဉ်ဆောင်ရွက်ပြီး ဒေသတစ်ခုလုံးအတွက်ဖြစ်စေ သက်ဆိုင်ရာမြို့နယ်များတွင်ဖြစ်စေ ပို့ချသည်။ သင်ကြားပို့ချသော အကြောင်းအရာများမှာ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှု၊ ရုံးစီမံအုပ်ချုပ်မှု၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များစသည်တို့ဖြစ်ကြသည်။ လက်ရှိအချိန်အထိ စည်ပင်သာယာရေးအဖွဲ့ရုံး ဝန်ထမ်းများအားလုံးနီးပါးမှာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကျွမ်းကျင်သူများ၏ သင်တန်းပို့ချမှုများကို ရရှိခြင်းမရှိကြသေးပါ။

## ၄.၂.၂ လူမှုဝန်ဆောင်မှုများဆောင်ရွက်ခြင်း

စည်ပင်သာယာရေးအဖွဲ့များသည် လူသိနည်းသော်လည်း မြန်မာနိုင်ငံတွင်အကြီးဆုံးလူမှုဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများထဲမှတစ်ခုဖြစ်သည်။ ၎င်းတို့သည် ဒေသတွင်းမှကောက်ခံရရှိသည့် အခွန်ဘဏ္ဍာငွေအမျိုးအစားများထဲမှ အခွန်ငွေနှင့် ဝန်ဆောင်မှုအသုံးပြုခငွေများဖြင့် စုံလင်များပြားသော ဝန်ဆောင်မှုများကို (အဓိကတာဝန်နှင့် လုပ်ပိုင်ခွင့်နယ်ပယ် ၃၁ ခုထဲမှ အစိတ် အပိုင်းများအဖြစ်) ဆောင်ရွက်နေကြသူများဖြစ်သည်။ နိုင်ငံတွင်းရှိ အဓိကဝန်ဆောင်မှုပေးသော အဖွဲ့အစည်းများဖြစ်ကြသည့် ဥပမာ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနစသည်တို့နှင့် နှိုင်းယှဉ်လျင် စည်ပင်သာယာရေးအဖွဲ့များတွင် ဝန်ဆောင်မှုနှင့်ပတ်သက်ပြီး ကျယ်ပြန့်သော လုပ်ပိုင်ခွင့်များရှိနေကြသည်။ ရေအရင်းအမြစ်၊ ရေဆိုးစွန့်ပစ်ရေး၊ အမှိုက်သိမ်းဆည်းခြင်း၊ လမ်းမီးများ၊ လမ်းတံတားနှင့် ရေနုတ်မြောင်းများစသည်ဖြင့် ကျယ်ပြန့်သော လုပ်ငန်းရပ်များရှိနေသည်။ ယခုအပိုင်းတွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့များက ဆောင်ရွက်ပေးသော အဓိကကျသည့်လူမှုဝန်ဆောင်မှုများအကြောင်းကိုသုံးသပ်ဆွေးနွေးပါမည်။ သို့ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာနှင့်ကြည့်ပါက ဝန်ဆောင်မှုများ၏ အတိမ်အနက်၊ အရည်အသွေး၊ အမှန်တကယ်အကောင်အထည်ဖော်မှုစသည်တို့တွင် ကွဲပြားခြားနားမှုများကြီးကြီးမားမားရှိနေရာ ဝန်ဆောင်မှုများနှင့်ပတ်သက်ပြီး ယေဘုယျခြုံငုံသုံးသပ်မှုကို အကန့်အသတ်ဖြင့်သာလုပ်နိုင်မည့်ဖြစ်သည်။

**လူမှုဝန်ဆောင်မှု- တာဝန်များနှင့် လုပ်ငန်းရပ်များ**

- မြို့ပြစီမံကိန်းရေးဆွဲခြင်း
- ရေရရှိရေး
- အညစ်အကြေးစွန့်ရေး
- အမှိုက်သိမ်းဆည်းခြင်း
- လမ်းမီးများ
- လမ်းတံတားများ
- အိမ်ခြေယာခြေမဲ့များ
- တိရစ္ဆာန်ထိန်းသိမ်းရေး

[79] ဗဟိုသင်တန်းကျောင်းကို ၁၉၉၈ခုနှစ်တွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး၊ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေး ဝန်ကြီးဌာနလက်အောက်တွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်းကျောင်းအဖြစ် ဖွင့်လှစ်ခဲ့သည်

[80] အုပ်ချုပ်ရေးနှင့် စတိုထိန်းသိမ်းခြင်းများအတွက် ဥပမာအနေဖြင့် အကြီးတန်းအုပ်ချုပ်ရေး၊ အမှုဆောင်အရာရှိအဆင့်စီမံခန့်ခွဲမှု၊ အဆင့်မြင့် အင်ဂျင်နီယာ၊ ခေါင်းဆောင်မှု၊ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်း၊ ကျေးလက်စီမံကိန်းရေးဆွဲခြင်း၊ အခြေခံ အင်ဂျင်နီယာ၊ စီမံခန့်ခွဲမှု ၊ စာရေးစာချီ အလုပ်၊ နည်းပြသင်တန်း

[81] ဥပမာအားဖြင့် ဝန်ထမ်းရေးရာ၊ ဘဏ္ဍာရေး- စည်းမျဉ်းစည်းကမ်းများ၊ အခွန်- စည်းမျည်းဥပဒေများ၊ အထွေထွေ စာရင်းစစ်ရုံး၏ ဘဏ္ဍာရေး စည်းမျဉ်းများ၊ အင်ဂျင်နီယာဘာသာရပ်၊ ကွန်ပျူတာ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဝန်ကြီးဌာန လုပ်ငန်းများ ၊ အခြားဝန်ကြီးဌာန လုပ်ငန်းများ

- ပန်းခြံ၊ ရေကူးကန်၊ အများပြည်သူသန့်စင်ခန်းနှင့် အပန်းဖြေဌာနများ
- လမ်းစည်းကမ်း၊ လမ်းအမည်ပေးခြင်းနှင့် လိပ်စာများ
- သုသာန်မြေများနှင့် မီးသင်္ဂြိုဟ်စက်များ
- သချိုင်းမြေများဖယ်ရှားခြင်း
- ပြည်သူ့အကျိုးအတွက်ဆောင်ရွက်ရမည့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများ
- အခြားလိုအပ်သော တာဝန်ဝတ္တရားများ
- စည်ပင်သာယာရေးအဖွဲ့များ၏ စီမံအုပ်ချုပ်မှုအောက်ရှိ နိုင်ငံပိုင်အဆောက်အဦများ
- ကျူးကျော်အဆောက်အဦများဖယ်ရှားရေး
- ပုဂ္ဂလိကအဆောက်အဦများအတွက် ဆောက်လုပ်ခွင့်ပါမစ်များ

*အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်း* - မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသည် အမှိုက်သိမ်းဆည်းခြင်းနှင့် စည်ပင်နယ်နိမိတ် ပြင်ပတွင် ပြန်လည်စွန့်ပစ်ခြင်းလုပ်ငန်းကို ဆောင်ရွက်သည်။ ယင်းဝန်ဆောင်မှုအတွက် ဝန်ဆောင်ခငွေအနည်းငယ်ကို လူနေအိမ်များနှင့် စီးပွားရေးလုပ်ငန်းများမှ ကောက်ခံသည်။ အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းကိုမူ နေ့စားလုပ်သားများဖြင့် လုပ်ကိုင်သည်။ အမှိုက်သိမ်းဆည်းသည့် အချိန်ဇယားမှာမူ အမျိုးမျိုးကွဲပြားသည်။ နေ့စဉ်သိမ်းဆည်းခြင်း၊ လစဉ်သိမ်းဆည်းခြင်းမှသည် ပုံမှန်မရှိပဲ ကြုံကြား ကြုံကြားသိမ်းဆည်းခြင်းစသည်ဖြင့် ပုံစံအမျိုးမျိုးရှိနိုင်သည်။ အချို့သော စည်ပင်သာယာရေးအဖွဲ့များသည် သက်ဆိုင်ရာ ရပ်ကွက်အတွက် အမှိုက်စွန့်ပစ်ရန်နေရာများကို သီးခြားသတ်မှတ်ပေးထားပြီး သတ်မှတ်ထားသောအမှိုက်ပုံးများကိုလည်း ချထားပေးသည်။ အချို့ကမူ လမ်းတစ်လျှောက်အမှိုက်များကို လိုက်လံစုဆောင်းသိမ်းဆည်းခြင်းဖြစ်သည်။ သိမ်းဆည်းရမိသောအမှိုက်များကို မြို့ပြဒေသအပြင်ဘက်တွင် သွားရောက်ပုံထားလေ့ရှိသည်။

*လမ်းတံတားများ* - စည်ပင်သာယာရေးအဖွဲ့များ၏ အဓိကအကျဆုံး ဦးစားပေးလုပ်ငန်းတစ်ခုမှာ မြူနီစီပယ်ဒေသအတွင်းရှိ လမ်းတံတားငယ်များဆောက်လုပ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့ဖြစ်သည်။ မြို့နယ်များအကြားနှင့် ပြည်နယ်/တိုင်းဒေသကြီးများဆက်သွယ်သော အဓိကလမ်းမကြီးများကိုမူ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်ဒေသရှိ လမ်းအငယ်စားများကို တာဝန်ယူဆောက်လုပ်သည်။ လမ်းဖောက်လုပ်ခြင်းနှင့် ပတ်သက်၍မူ မြို့ပြဒေသများတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးက အပြည့်အဝတာဝန်ယူသည်။[82] သို့ရာတွင် လူနေရပ်ကွက်များတွင်ဖောက်လုပ်သော လမ်းများအတွက် ကုန်ကျစရိတ်ကိုမြို့ခံလူထုကလည်း မျှဝေကျခံရသည်မှာ အစဉ်အလာတစ်ခုဖြစ်သည်။ ပြည်သူများက ၂၅ မှ ၇၅% အထိကျခံရပြီး ကျန်ငွေများကို စည်ပင်သာယာရေးအဖွဲ့များကကျခံကာ အင်ဂျင်နီယာနှင့် စက်ယန္တရားများကိုလည်း တာဝန်ယူသည်။[83]

*ရေနုတ်မြောင်းများ* - လမ်းတံတားများနှင့် အလားတူပင် လူနေဒေသများရှိ ရေနုတ်မြောင်းစီမံချက်အငယ်များကို စည်ပင်သာယာရေးအဖွဲ့များက တာဝန်ယူဆောင်ရွက်သည်။ ထိုလုပ်ငန်းတွင်ရေပြွန်များ၊ ရေနုတ်မြောင်းနှင့် ရေသွယ်မြောင်းတို့ပါ ဝင်သည်။ ရေနုတ်မြောင်းလုပ်ငန်းသည် မိုးများပြီး မြေမျက်နှာပြင်ညီညာသော ဧရာဝတီတိုင်းဒေသကြီးကဲ့သို့သောဒေသများတွင် ဦးစားပေးလုပ်ငန်းဖြစ်သည်။

*မြို့ပြရေပေးဝေရေး* - စည်ပင်သာယာရေးအဖွဲ့များ၏ ဥပဒေကြောင်းအရလုပ်ပိုင်ခွင့်များထဲတွင် မြို့ပြရေပေးဝေရေး လည်း တစ်ခုအပါအဝင်ဖြစ်သည်။ သို့သော်မြန်မာနိုင်ငံတွင် အဓိကမြို့ကြီးများအပါအဝင် ဒေသအများစု၌ တစ်ပိုင်တနိုင်အဂီစိတွင်း များနှင့် အများပိုင်ရေကန်များကို အဓိကအားကိုးအားထားပြုနေရသည်။ မြို့ပြရေပေးဝေမှုစနစ်ရှိသောမြို့များ၌ ရေလှောင်ကန်၊ ရေကန်များမှ ရေကို ပိုက်လိုင်းများဖြင့်သွယ်၍ဖြစ်စေ၊ လူများလာရောက်ခပ်ယူနိုင်သော ကွန်ကရစ်ကန်များဖြင့်ဖြစ်စေဖြန့်ဝေပေး လေ့ရှိသည်။[84] ထိုသို့သောဒေသများတွင် စည်ပင်သာယာရေးအဖွဲ့များက ပမာဏအနည်းငယ်သာရှိသောရေဖြန့်ဝေခကို ကောက်ခံ သည်။

*လမ်းမီး* - မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ဘုံလုပ်ငန်းတစ်ခုမှာ လမ်းမီးထွန်းညှိရေးဖြစ်သည်။ စည်ပင်သာယာရေးအဖွဲ့များက မီးသီးများနှင့် လျှပ်စစ်ဓာတ်အားခကို တာဝန်ယူရပြီး ဓာတ်တိုင်နှင့်ဓာတ်ကြိုးများကိုမူ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အောက်ရှိ

[82] လမ်းအမျိုးအစားများမှာ မြေသားလမ်း၊ ကျောက်ခင်းလမ်း၊ ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း၊ ကတ္တရာထပ်ပိုး ကွန်ကရစ်လမ်းတို့ဖြစ်သည်။ စည်ပင်သာယာရေးအဖွဲ့သည် လမ်းများအဆင့်မြှင့်တင်ရေးကို အလေးပေးလုပ်ဆောင်သည်။ ဦးစားပေးအနေဖြင့် မြို့ပြလမ်းမကြီးများ၊ ချဉ်းကပ်လမ်းများနှင့် ဖြတ်လမ်းများအတွက်ကို စည်ပင်သာယာရေးအဖွဲ့မှ အပြည့်အဝ အကုန်အကျခံ တာဝန်ယူဆောင်ရွက်ပေးသည်။

[83] ပုံမှန်အားဖြင့် ရပ်ရွာလူထုသည် ၎င်းကိစ္စရပ်များအတွက် ရပ်ရွာကော်မတီများဖွဲ့စည်း၍ စီမံဆောင်ရွက် ပါဝင်ကြသည်။

[84] ဥပမာအားဖြင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့ လေးမြို့နယ်တွင်သာ ရေပေးဝေနိုင်သည်။အများစုမှာ မိုးရေလှောင်ကန်ကြီးများဖြစ်ပြီး ကန်နဘေးတွင် ကွန်ကရစ်ရေကန်များတည်ဆောက်ကာ ပုံးများ ၊လှည်းများဖြင့် ရေသယ်ကြသည်။ အချို့မြို့နယ်များတွင် ရေလှောင်ကန်မှ ရေစုပ်တင်ကာ ရေစင်များတွင် သိုလှောင်ပြီး ပိုက်များဖြင့် အိမ်များသို့ ရေဖြန့်ဝေသည်။

လျှပ်စစ်ဓာတ်အားဦးစီးဌာနက ပိုင်ဆိုင်သည်။ မြို့ပြပန်းခြံများအတွင်းတွင်မူ လျှပ်စစ်မီးထွန်းညှိရေးကို စည်ပင်သာယာရေးအဖွဲ့က အလုံးစုံတာဝန်ယူသည်။ စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြလူနေအိမ်များသို့ လျှပ်စစ်ပေးဝေရေးကို မဆောင်ရွက်ပဲ လျှပ်စစ်ဓာတ်အားပေးရေးကိစ္စအားလုံးကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက တာဝန်ယူဆောင်ရွက်သည်။

အထက်ဖော်ပြပါအဓိကလုပ်ငန်းတာဝန်များအပြင် စည်ပင်သာယာရေးအဖွဲ့များသည် အခြားသောဝန်ဆောင်မှုအမျိုးအစားများကိုလည်းဆောင်ရွက်ပေးနေသည်။ ဥပဒေအရလုပ်ပိုင်ခွင့်တစ်ခုမှ ရေဆိုးစွန့်ပစ်ရေးလုပ်ငန်းဖြစ်သည်။ သို့ရာတွင် မြန်မာနိုင်ငံရှိ မြို့ပြဒေသအများစုမှာ သီးခြားမိလ္လာကန်များကိုသာအသုံးပြုနေကြဆဲဖြစ်ပြီး ဗဟိုရေဆိုးထုတ်စနစ်နှင့်ရေဆိုးသန့်စင်ရေးစက်ရုံများကို သုံးစွဲနိုင်ခြင်းမရှိသေးပေ။ မြို့ပြရေရရှိရေးနှင့်အတူ ရေဆိုးစွန့်ပစ်ရေးလုပ်ငန်းသည်လည်း စည်ပင်သာယာရေးအဖွဲ့များ၏ အဓိကဦးစားပေးလုပ်ငန်းတစ်ခုဖြစ်လျက်ရှိသည်။ လက်ရှိတွင် ရေဆိုးထုတ်စနစ်အနည်းငယ်သာရှိသည့်အပြင်စည်ပင်သာယာရေးအဖွဲ့များ၏ တရားဝင်လုပ်ပိုင်ခွင့်တွင်လည်း ထိုလုပ်ငန်းပါဝင်နေသောကြောင့်ဖြစ်သည်။ ထို့အပြင် စည်ပင်သာယာရေးအဖွဲ့များသည် သုသာန်မြေများနှင့် မီးသင်္ဂြိုဟ်လုပ်ငန်းကိုလည်း တာဝန်ယူရသည်။ နောက်ဆုံးအနေနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် ပန်းခြံနှင့် ကစားကွင်းများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းကိုလည်းဆောင်ရွက်ကြရသည်။

**အဓိကစီးပွားရေးကဏ္ဍစီမံခန့်ခွဲမှု တာဝန်နှင့် လုပ်ငန်းတာဝန်များ**

- စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ
- ပုဂ္ဂလိကပိုင်ဈေးများ
- ကျွဲ၊ နွား ပွဲဈေးများ
- သားသတ်ရုံများ
- လမ်းဘေးဈေးဆိုင်များ
- အသေးစားငွေချေးလုပ်ငန်းများ
- မုန့်တိုက်များနှင့် စားသောက်ဆိုင်များ
- အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းများ
- တည်းခိုဆောင်များ
- တိရစ္ဆာန်မွေးမြူရေးနှင့် တိရစ္ဆာန်အသေကောင်များ စွန့်ပစ်ရေး
- ကူးတို့လုပ်ငန်း
- - အနေးယာဉ်လုပ်ငန်း

ဥပဒေအရလုပ်ပိုင်ခွင့်များထဲတွင်တစ်ခုအပါအဝင်ဖြစ်သော်လည်း ပြည်နယ်/တိုင်းဒေသကြီးအဆင့်နှင့် မြို့နယ်အဆင့် စည်ပင်သာယာရေးအဖွဲ့ရုံးများတွင် သိသိသာသာပျောက်ဆုံးနေသော လုပ်ငန်းနယ်ပယ်တစ်ခုမှာ မြို့ပြစီမံကိန်းရေးဆွဲခြင်းပင်ဖြစ်သည်။ မည်သည့်စည်ပင်သာယာရေးအဖွဲ့တွင်မှ သီးသန့်မြို့ပြစီမံကိန်းရေးဆွဲရေးဌာနမရှိပေ။ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက ယခုလေ့လာမှုအတွက်ဆောင်ရွက်သော လူတွေ့မေးမြန်းမှုများတွင် ယင်းအချက်ကို အဓိကအားနည်းချက်တစ်ခုအဖြစ် မီးမောင်းထိုးဖော်ပြကြသည်။ ၎င်းတို့က မြန်မာနိုင်ငံတွင် မြို့ပြဖြစ်ထွန်းမှုမြန်ဆန်သည်နှင့်အမျှ မြို့ပြစီမံခန့်ခွဲမှုကိစ္စရပ်များမှာ တစ်နေ့တခြားပိုမိုရှုပ်ထွေးလာနေပြီး တစ်နေ့တခြားတိုးပွားလာနေသော မြို့ပြလူဦးရေကိုနေရာချထားရန်အတွက် အထူးသီးသန့်အစီအစဉ်ရေးဆွဲခြင်းလုပ်ငန်းစဉ်မှ ပိုမိုအရေးပါလာခဲ့သည်။[85]

## ၄.၂.၃ ဒေသန္တရစီးပွားရေးစီမံအုပ်ချုပ်မှု

မြန်မာနိုင်ငံအတွင်းစီးပွားရေးစီမံခန့်ခွဲမှုကို အဓိကအားဖြင့် ပြည်ထောင်စုအစိုးရကသာဆောင်ရွက်သည်။ ထိုသို့ဖြစ်ရခြင်းမှာ ယခင်ဆိုရှယ်လစ်စီးပွားရေးစနစ်မှ အမွေများနှင့် စစ်တပ်အာဏာပိုင်အုပ်ချုပ်ရေးကာလကရှိခဲ့သော ဗဟိုချုပ်ကိုင်သည့်စနစ်တို့ကြောင့်ဖြစ်သည်။ အမြတ်အစွန်းကြီးကြီးမားမားရနိုင်သောကဏ္ဍများဖြစ်သည့် ဥပမာ သယံဇာတထုတ်ယူရေးလုပ်ငန်းနှင့် သွင်းကုန်ထုတ်ကုန်လုပ်ငန်းစသည်တို့တွင် ပါမစ်နှင့်လိုင်စင်များချထားပေးခြင်းကို ပြည်ထောင်စုအစိုးရကသာ လုပ်ပိုင်ခွင့်ရှိသည်။[86] ကော်ပိုရေးရှင်းကြီးများကဲ့သို့သော ပမာဏကြီးမားသည့်စီးပွားရေးသဘောတူညီချက်များကို နေပြည်တော်နှင့်တိုက်ရိုက်လုပ်ဆောင်သည်။ သို့ရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများသည်လည်း အုပ်ချုပ်ရေးစနစ်၏ထက်အောက်အဖွဲ့စည်းပုံအတိုင်း ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်အထိ ရုံးခွဲများအဆင့်ဆင့်တည်ရှိကြသည်။ မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းအများစုကြီးမှာ အသေးစား၊ အငယ်စား

---

[85] တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် အင်တာဗျူး

[86] Bissinger and Maung Maung. 2014. *Subnational Governments and Business in Myanmar*, p. 10.

နှင့်အလတ်စားလုပ်ငန်းများသာဖြစ်ရာ ထိုလုပ်ငန်းများသည် အုပ်ချုပ်ရေးယန္တရား၏အောက်ဆုံးအဆင့်ဖြစ်သော မြို့နယ်အဆင့်တွင် နိုင်ငံတော်နှင့်အများဆုံးထိတွေ့ဆက်ဆံနေကြခြင်းဖြစ်သည်။

အခြားသောဒေသန္တရအုပ်ချုပ်ရေးဆိုင်ရာကဏ္ဍများနှင့် အလားသဏ္ဍာန်တူစွာပင် ဒေသန္တရစီးပွားရေးစီမံခန့်ခွဲမှု၌လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများက အရေးပါသောနေရာမှရှိနေကြသည်။[87] အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပေးသော စီးပွားရေးကဏ္ဍစီမံခန့်ခွဲမှုနယ်ပယ်များမှာ ကုန်သွယ်လုပ်ငန်းခွန်များစီမံခန့်ခွဲခြင်း၊ ဝန်ဆောင်ခများနှင့် အခွန်အခများကောက်ခံခြင်း၊ မြေယာလွှဲပြောင်းရောင်းချမှု၊ ဆောက်လုပ်ခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်များအပါအဝင် လိုင်စင်နှင့်ပါမစ်အမျိုးအစားပေါင်းများစွာအတွက် ထောက်ခံချက်များထုတ်ပေးခြင်းစသည်တို့ဖြစ်သည်။[88] အခြားသောပြည်ထောင်စုဝန်ကြီးဌာနများမှရုံးခွဲများမှာလည်းမြို့နယ်အဆင့်တွင်တည်ရှိပြီး ဒေသန္တရစီးပွားရေးစီမံခန့်ခွဲမှုတွင် ပါဝင်ဆောင်ရွက်ကြသည်။ ဥပမာများမှာ ပြည်တွင်းအခွန်များဦးစီးဌာန၊ စက်မှုကြည့်ကြပ်ရေးနှင့်စစ်ဆေးရေးဒါရိုက်တာအဖွဲ့ရုံးနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနစသည်တို့ဖြစ်ကြသည်။[89]

ထိုသို့မြို့နယ်အဆင့်ဒေသန္တရစီးပွားရေးစီမံခန့်ခွဲမှုနောက်ခံအတွင်း၌ စည်ပင်သာယာရေးအဖွဲ့များသည် ဒေသစီးပွားရေးလုပ်ငန်းများအထူးသဖြင့် အငယ်စား၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် လိုင်စင်၊ ပါမစ်နှင့်အခြား အခြေခံအဆင့်ခွင့်ပြုချက်များကို ချထားပေးရသောအဖွဲ့အစည်းများဖြစ်သဖြင့် အလွန်အရေးပါသောနေရာတွင်ရှိသည်။ ထိုသို့စီးပွားရေးလုပ်ငန်းများနှင့် ထိတွေ့ဆက်ဆံခြင်းကို စည်ပင်သာယာရေးအဖွဲ့ရုံးမှ သက်ဆိုင်ရာကွင်းဆင်းဝန်ထမ်းများက ဆောင်ရွက်ကြသည်။ ၎င်းတို့သည် အခွန်အခနှင့်ဝန်ဆောင်ကြေးများကောက်ခံခြင်း၊ လုပ်ငန်းလိုင်စင်များထုတ်ပေးခြင်းနှင့် လုပ်ငန်းစစ်ဆေးခြင်းတို့ကို အဓိကဆောင်ရွက်သူများဖြစ်သည်။

*လိုင်စင်များ* - စည်ပင်သာယာရေးအဖွဲ့များ၏ အဓိကလုပ်ငန်းတာဝန်များထဲတွင် ဒေသတွင်းစီးပွားရေးလုပ်ငန်းအများအပြားအတွက် 'စည်းကမ်းသတ်မှတ်ချက်များ' ထုတ်ပြန်သတ်မှတ်ပေးခြင်းပါဝင်ပြီး ထို့အကြောင်းကြောင့်ပင် စည်ပင်သာယာရေးအဖွဲ့များက စီးပွားရေးလုပ်ငန်းလိုင်စင်များထုတ်ပေးခြင်းလည်းဖြစ်သည်။ အကျုံးဝင်သောစီးပွားရေးလုပ်ငန်းများထဲတွင် ဈေးဆိုင်ခန်းများ၊ လမ်းဘေးဈေးဆိုင်များ၊ သားသတ်ရုံ၊ ဟိုတယ်နှင့် စားသောက်ဆိုင်များစသည်တို့ပါဝင်ကြသည်။[90] ထို့အပြင် 'အန္တရာယ်ရှိသောလုပ်ငန်းများ' အဖြစ်သတ်မှတ်ထားသော စက်ရုံ၊ ဆေးပေးခန်း၊ ဓာတ်ခွဲခန်းနှင့် ပန်းပဲ/တွင်ခုံလုပ်ငန်းတို့အတွက်လည်း လိုင်စင်များထုတ်ပေးရသည်။ ထို့ကြောင့် အဓိကအားဖြင့် စားသောက်ဆိုင်များနှင့် ဈေးဆိုင်ငယ်များပါဝင်သော မြန်မာနိုင်ငံမြို့ပြဒေသများရှိ အငယ်စားနှင့်အလတ်စားလုပ်ငန်းအများစုသည် စည်ပင်သာယာရေးအဖွဲ့များလုပ်ငန်းလိုင်စင်တစ်မျိုးမျိုးရယူလုပ်ကိုင်နေကြသူများဖြစ်ကြသည်။[91]

*ဆောက်လုပ်ခွင့်ပါမစ်များ* - စည်ပင်သာယာရေးအဖွဲ့ရုံးများသည် မြို့ပြဒေသများ၌ လူနေအိမ်နှင့် စီးပွားရေးအဆောက်အအုံနှစ်မျိုးစလုံးအတွက် ဆောက်လုပ်ခွင့်ပါမစ်များကို ထုတ်ပေးသည်။ အဆောက်အအုံစတင်ဆောက်လုပ်နိုင်ရန်အတွက် စီးပွားရေးလုပ်ငန်းများကလည်း စည်ပင်သာယာရေးအဖွဲ့ရုံးမှထုတ်ပေးသော ပါမစ်ရရှိထားရန်လိုသည်။ ပထမအဆင့်အနေနှင့် မီးသတ်၊ ကျန်းမာရေးဌာန၊ ရဲနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့ထံမှ ထောက်ခံချက်များရရှိဖို့လိုသည်။ ထိုထောက်ခံချက်များအားလုံးကို မြေယာပိုင်ဆိုင်ကြောင်းအထောက်အထားနှင့်အတူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမြို့နယ်အုပ်ချုပ်ရေးမှူးထံသို့တင်ပြရသည်။

---

[87] ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့်တွင် အထွေထွေအုပ်ချုပ်ရေးဌာနသည် စီးပွားရေးလုပ်ငန်းများနှင့် တိုက်ရိုက်ဆက်စပ်မှု မရှိသလောက် ဖြစ်သည်။ ခရိုင်အဆင့် အုပ်ချုပ်ရေးမှူးများသည် အရက်ဆိုင်ဖွင့်လစ်ရောင်းချခွင့်၊ မြေဌားခွင့်များအတွက် ထောက်ခံပေးနိုင်သည်။

[88] ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများသည် အထွေထွေအုပ်ချုပ်ရေးဌာန၏ အုပ်ချုပ်မှု ပုံစံအဆင့်တွင် အနိမ့်ဆုံးဖြစ်ပြီး စီးပွားရေးလုပ်ငန်းများ၏ အချို့သော လုပ်ငန်းလိုင်စင်များနှင့် ခွင့်ပြုမိန့်များအတွက် ထောက်ခံစာများပေးရန် လုပ်ပိုင်ခွင့် ကန့်သတ်ထားရှိသည်။

[89] ဥပမာ ဘဏ္ဍာရေးဝန်ကြီးဌာနမှ စီပွားရေးလုပ်ငန်းများ၏ ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များ ကောက်ခံသည်။ စက်မှုဝန်ကြီးဌာနမှ လိုင်စင်လုပ်ငန်းဆိုင်ရာ အစိတ်အပိုင်း တစ်ရပ်အနေဖြင့် စီးပွားရေးလုပ်ငန်းများကို စစ်ဆေးဆောင်ရွက်သည့်အပြင် စက်မှုလုပ်ငန်းများ၏ လုပ်ငန်းဆိုင်ရာ စစ်ဆေးမှုပါ ဆောင်ရွက်သည်။

[90] စည်ပင်လိုင်စင်ရရန် စီးပွားရေးလုပ်ငန်းသည် လျှောက်လွှာတင်ခြင်း၊ ငွေသွင်းခြင်း၊ မှတ်ပုံတင်မိတ္တူ ၊ သန်းကောင်စာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များကို စည်ပင်သာယာရေးအဖွဲ့သို့ ပေးပို့ရသည်။ စာရွက်စာတမ်းကိစ္စ၊ ငွေပေးသွင်းခြင်းလုပ်ငန်းများကို စည်ပင်ဝန်ထမ်းမှ လုပ်ဆောင်ပေးနိုင်ပါက မြို့နယ်စည်ပင်ရုံးသို့ သွားရောက်ရန် အမြဲမလိုအပ်ပါ။ လိုင်စင်အား နှစ်စဉ်သက်တမ်းတိုးရသည်။

[91] မြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံးသည် စီးပွားရေးလုပ်ငန်းများအတွက် လိုင်စင်နှင့် ခွင့်ပြုမိန့်များယူလေ့ရှိသော နေရာဖြစ်သည်။ အရက် ရောင်းချခြင်းနှင့် အိမ်ခြံမြေလုပ်ငန်းကဲ့သို့သော လိုင်စင်များအတွက် အထွေထွေအုပ်ချုပ်ရေးရုံးက ထုတ်ပေးသည်။ ကျေးလက်တွင် လိုင်စင်အတော် များများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထုတ်ပေးသည်။

ယင်းက မြေယာအထောက်အထားများကိုစစ်ဆေးပြီး အထောက်အထားများပြည့်စုံပါက စည်ပင်သာယာရေးအဖွဲ့ရုံးသို့ အပြီးသတ်ခွင့်ပြုချက်ပေးနိုင်ရန်အတွက် လွှဲပြောင်းပေးလိုက်သည်။[92]

*<u>လုပ်ငန်းစစ်ဆေးခြင်း</u>* - မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးများ၏ အဓိကလုပ်ငန်းတာဝန်တစ်ခုမှာ ဒေသတွင်းစီးပွားရေးလုပ်ငန်းများကို ပုံမှန်စစ်ဆေးခြင်းဖြစ်သည်။ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများသည် ဈေးများကို စစ်ဆေးခြင်းကဲ့သို့သော ကိစ္စများတွင်ကိုယ်တိုင်ဆောင်ရွက်ပြီး ဆေးဂါးများစစ်ဆေးခြင်းကဲ့သို့သော နှစ်စဉ်ပုံမှန်ဆောင်ရွက်သည့် စစ်ဆေးမှုများတွင် အခြားဌာနဆိုင်ရာများဖြစ်သော စားသောက်ကုန်နှင့် ဆေးဝါးကြည့်ကြပ်ရေးအဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ရဲနှင့် မီးသတ်ဌာနများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်သည်။[93]

ထိုသို့ စီးပွားရေးလုပ်ငန်းများကို ပုံမှန်စစ်ဆေးခြင်းများအပြင် စည်ပင်သာယာရေးအဖွဲ့များ၌ အခြားအရေးပါသောတာဝန်များလည်း ရှိသေးသည်။

- *<u>သားသတ်ရုံများ</u>* - မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသည် သားသတ်လုပ်ငန်းလိုင်စင်အတွက် လေလံပစ်ခြင်းနှင့် အသားရောင်းချမှုကို ကြီးကြပ်ခြင်းအားဖြင့် သားသတ်လုပ်ငန်းများကို စီမံအုပ်ချုပ်သည်။ မည်သည့်နေရာတွင် သားသတ်ရုံများထားရှိသင့်သည်နှင့် မြို့နယ်အတွင်းသားသတ်ရုံမည်မျှရှိသင့်သည် စသည်တို့မှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏ အဆုံးအဖြတ်ပင်ဖြစ်သည်။ စည်ပင်သာယာရေးအဖွဲ့ရုံးများသည် မြို့ပြဒေသများရှိ မွေးမြူရေးတိရစ္ဆာန်များရောင်းဝယ်ခြင်းကိုလည်း တည်ထောင်၊ ကြီးကြပ်သည်။[94]
- *<u>ကူးတို့လုပ်ငန်းများ</u>* - မြို့ပြဒေသများအတွင်းရှိ မြစ်ချောင်းများနှင့် ရေကန်များကို ဖြတ်သန်းသောအသေးစား ကူးတို့လုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးများက စီမံအုပ်ချုပ်သည်။ ယင်းလုပ်ငန်းတွင် ကူးတို့လုပ်ငန်းလုပ်ပိုင်ခွင့်အတွက် လေလံများခေါ်ယူချထားပေးခြင်းနှင့် လုပ်ငန်းလုပ်ဆောင်ပုံများကို ကြီးကြပ်ခြင်းတို့ပါဝင်သည်။
- *<u>ဈေးများ</u>* - မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးက ဒေသတွင်းရှိ ဈေးများကို စီမံခန့်ခွဲသည်။ အချို့သောဈေးများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပိုင်ဆိုင်ပြီး စီမံခန့်ခွဲမှုနှင့်ပြုပြင်ထိန်းသိမ်းမှုကို အပြည့်အဝတာဝန်ယူသည်။ ပုဂ္ဂလိကပိုင်ဈေးများအတွက်မူ စတင်ဖွင့်လှစ်ရန်အတွက် ထောက်ခံချက်များထုတ်ပေးပြီး ကြီးကြပ်မှုလည်း ပြုလုပ်သည်။

စီးပွားရေးကဏ္ဍစီမံခန့်ခွဲမှုအတွက် လိုအပ်ချက်များကိုဆောင်ရွက်သည့်အပြင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးများသည် စီးပွားရေးလုပ်ငန်းများအတွက် အခြေခံဝန်ဆောင်မှုများကိုလည်းပေးလျက်ရှိသည်။ စီးပွားရေးလုပ်ငန်းများအနေဖြင့် အခြေခံအဆောက်အအုံလိုအပ်ချက် ကျယ်ကျယ်ပြန့်ပြန့်ရှိရာ ၎င်းတို့အနေဖြင့် လမ်းတံတားများဆောက်လုပ်ပေးခြင်း၊ ရေနုတ်မြောင်းများဖောက်လုပ်ပေးခြင်းစသော ဝန်ဆောင်မှုများအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးများကို တင်ပြတောင်းဆိုနိုင်သည်။ ဥပမာ လုပ်ငန်းတစ်ခု သို့မဟုတ် လုပ်ငန်းရှင်အစုတစ်ခုက မိမိတို့လုပ်ငန်းဌာနများရှိသောလမ်းကို ပြုပြင်လိုပါက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးကို တောင်းဆိုနိုင်ပြီး မြို့နယ်ရုံးက လုပ်အားနှင့် စက်ယန္တရားများစိုက်ကာ လုပ်ငန်းရှင်များက ဆောက်လုပ်ရေးကုန်ကြမ်းပစ္စည်းများ မျှဝေပေးသောပုံစံဖြင့် ဆောင်ရွက်ကြလေ့ရှိသည်။[95] အခြားသော ဝန်ဆောင်မှုများမှ မြို့ပြလူထုကိုပေးသော ဝန်ဆောင်မှုများဖြစ်သည့် အမှိုက်သိမ်းဆည်းခြင်း၊ လမ်းမီးထွန်းညှိခြင်း၊ သောက်သုံးရေဖြန့်ဖြူးပေးခြင်းစသည်တို့ပင်ဖြစ်သည်။[96]

နောက်ဆုံးအချက်အနေဖြင့် မှတ်သားသင့်သည်မှာ လူမှုဝန်ဆောင်မှုများနှင့် ဒေသန္တရစီးပွားရေးအုပ်ချုပ်မှုနှစ်မျိုးစလုံးအတွက် ဒဏ်ကြေးနှင့် ပြစ်ဒဏ်များသတ်မှတ်နိုင်သည်။ နဝတဥပဒေအမှတ် ၅/၉၃ တွင် အခြေခံသောကြောင့် ပြည်နယ်/တိုင်းဒေသကြီး ၁၄ ခုမှ စည်ပင်သာယာရေးဥပဒေများတွင် 'စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်း' နှင့် 'ပြစ်မှုနှင့်ပြစ်ဒဏ်များ' ဟူ၍ သီးသန့်အခန်းများ ပါဝင်သည်။ ထိုပြဌာန်းချက်များတွင် စည်ပင်သာယာရေးအဖွဲ့ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ လိုက်နာ ဆောင်ရွက်ရန်ပျက်ကွက်ခြင်း စသည်တို့အတွက် ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ဖော်ပြထားသည်။ ပြစ်ဒဏ်နှင့် ဒဏ်ကြေးများနှင့်ပတ်သက်လျင်မူ ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြား ကွဲလွဲမှုများရှိသည်။ ဥပမာအားဖြင့် စစ်ကိုင်းတိုင်း

---

[92] Bissinger and Maung Maung. 2014. *Subnational Governments and Business in Myanmar*, p. 21.

[93] Bissinger and Maung Maung. 2014. *Subnational Governments and Business in Myanmar*, p. 22

[94] ၎င်းတွင် တိရိစ္ဆာန်များ သားဖောက်မွေးမြူခြင်းများနှင့် အသေကောင်စွန့်ပစ်ခြင်းများကို ကြီးကြပ်ခြင်း ပါဝင်သည်။

[95] ဧရာဝတီတိုင်းနှင့် ရှမ်းပြည်နယ်ရှိ စည်ပင်သာယာရေးအထောက်အကူပြုအဖွဲ့ဝင်များ၊ စည်ပင်သာယာအဖွဲ့ ဝန်ထမ်းနှင့် အင်တာဗျူး အမျိုးမျိုး

[96] အကြောင်းအမျိုးမျိုးကြောင့် ဝန်ဆောင်မှုအရည်အသွေးမှာလိုအပ်ချက်များရှိသော်လည်း စီးပွားရေးလုပ်ငန်းများလုပ်ဆောင်ရန်အတွက် အတားအဆီးတော့ မဟုတ်ပေ။ Bissinger and Maung Maung. 2014. *Subnational Governments and Business in Myanmar*, p. 27.

ဒေသကြီးတွင် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများလုပ်ငန်းဆောင်ရွက်မှုကို နောက်ယှက်ဟန့်တားပါက ဒဏ်ငွေ ၅၀၀၀ မှ ၂၀၀၀၀ အထိ သတ်မှတ်ထားပြီး ရေဝတီတိုင်းဒေသကြီးတွင်မူ အလားတူအမှုအတွက် ဒဏ်ကြေးငွေ ငါးသောင်းမှ ငါးသိန်းအထိရှိသည်။[97] လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးများမှ သတ်မှတ်သော ဒဏ်ကြေးငွေများကို နောက်ဆက်တွဲ- ၁၀ တွင် ကြည့်နိုင်သည်။[98] ပြစ်ဒဏ်များတွင် ကျွဲနွားများ တရားမဝင်သတ်ဖြတ်ခြင်းအတွက် ထောင်ဒဏ် တစ်နှစ်သတ်မှတ်ထားပြီး ဆိတ်၊ ဝက်နှင့် သိုးများတရားမဝင်သတ်ဖြတ်ခြင်းအတွက် ထောင်ဒဏ်ခြောက်လ သတ်မှတ်ထားသည်။

### ၄.၂.၄ ရန်ပုံငွေကောက်ခံခြင်းနှင့် ဘတ်ဂျက်များ

*ရန်ပုံငွေကောက်ခံခြင်းနှင့် စီမံခန့်ခွဲမှု*

ယခင်အခန်းများတွင်ဖော်ပြထားသကဲ့သို့ပင် စည်ပင်သာယာရေးအဖွဲ့ရုံးများသည် ရေရရှိရေး၊ ရေနုတ်မြောင်းလုပ်ငန်း၊ အမှိုက်သိမ်းဆည်းခြင်း၊ လမ်းနှင့်တံတားစသည့် ဦးစားပေးလုပ်ငန်းများအပါအဝင် ကျယ်ပြန့်သော လူမှုဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနေကြသည်။ ထိုဝန်ဆောင်မှုများကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဒေသအတွင်းမှ ရန်ပုံငွေများကို ကောက်ခံရရှိရန်လိုသည်။ အထက်တွင်ဖော်ပြထားသကဲ့သို့ပင် စည်ပင်သာယာရေးအဖွဲ့ရုံးများသည် ပြည်ထောင်စုအစိုးရထံမှ ရန်ပုံငွေလက်ခံရရှိခြင်းမရှိပေ။ စည်ပင်သာယာရေးအဖွဲ့ရုံးများသည် အခြားသော မြို့နယ်အဆင့်အစိုးရအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ဖွံ့ဖြိုးရေးရန်ပုံငွေများလွှဲပြောင်းပေးရာတွင် ပူးပေါင်းပါဝင်သော်လည်း ၎င်းတို့ကိုယ်တိုင်ရန်ပုံငွေတိုက်ရိုက်လက်ခံရရှိခြင်းတော့ မရှိပေ။[99] အချို့သော ပြည်နယ်/တိုင်းဒေသကြီးများတွင်မူ မြို့နယ်ကြီးများမှာ မြို့နယ်ငယ်များသို့ စုစုပေါင်းဝင်ငွေ၏ ၅-၁၀% အထိကို အကန့်အသတ်ဖြင့် လွှဲပြောင်းပေးရန်သတ်မှတ်ထားသည်။ ခြုံငုံဆိုရလျှင် စည်ပင်သာယာရေးအဖွဲ့များ၏ရန်ပုံငွေမှာ အရင်းအမြစ်သုံးခုဖြစ်သော (၁) လူနေအိမ်များနှင့် စီးပွားရေးလုပ်ငန်းများမှ ဝန်ဆောင်ခကြေးငွေများကောက်ခံခြင်း (၂) စီးပွားရေးလုပ်ငန်းများအတွက် ပုံမှန်လိုင်စင်ကြေးများ (၃) အချို့သောစီးပွားရေးလုပ်ငန်းများအတွက် အများပြည်သူတင်ဒါပွဲများမှ ရရှိသောလိုင်စင်ကြေးများစသည်တို့မှ ရရှိသည်။

ယခုအစီရင်ခံစာတွင်ဖော်ပြထားသော ဘတ်ဂျက်ဆိုင်ရာသတင်းအချက်အလက်များမှာ အများပြည်သူလေ့လာကြည့်ရှုနိုင်ရန် ထုတ်ပြန်သော နောက်ဆုံးအစိုးရဂေဇက် (၂၀၁၃-၁၄ ဘဏ္ဍာနှစ်အတွက်) များမှရယူထားခြင်းဖြစ်ပြီး၊ အားလုံးမှာ နှစ်လည်ခန့်မှန်းချက်များဖြစ်သည်။ ဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်အလက်များရရှိမှုမှာ အကန့်အသတ်ဖြင့်သာရှိသဖြင့် ယခုဖော်ပြသော သတင်းအချက်အလက်များမှာ စည်ပင်သာယာရေးအဖွဲ့များ၏ ဘဏ္ဍာရေးအခြေအနေကို စာဖတ်သူများယေဘုယျမှန်းဆနိုင်ရန် သာရည်ရွယ်ခြင်းဖြစ်သည်။

ဝန်ဆောင်မှုအသုံးပြုခများ။ ။ စည်ပင်သာယာရေးအဖွဲ့ရုံးများ၏ လုပ်ပိုင်ခွင့်နယ်ပယ်အတွင်းတွင် အိမ်ထောင်စုတစ်ခုချင်းစီအနေဖြင့်ပေးရသော အိုးအိမ်ဆိုင်ရာ အခွန်အခလေးမျိုးရှိသည်။ ထိုအခွန်လေးမျိုးကို တစ်ပြိုင်နက်တည်း ကောက်ခံလေ့ရှိပြီး တစ်မြို့နယ်နှင့် တစ်မြို့နယ်ကောက်ခံချိန်မတူညီပေ။ သို့သော် များသောအားဖြင့် သုံးလတစ်ကြိမ်ကောက်ခံလေ့ရှိသည်။ စီးပွားရေးလုပ်ငန်းများသည်လည်း လမ်းမီး၊ အမှိုက်နှင့်ရေနှင့် မော်တော်ယာဉ်လိုင်စင်ကြေးများအပါအဝင် ပုံမှန်ပေးဆောင်ရသော အခွန်အခများရှိကြသည်။ ထိုဝန်ဆောင်ကြေးများကို စည်ပင်သာယာရေးအဖွဲ့ရုံးဝန်ထမ်းများက တိုက်ရိုက်ကောက်ခံကြသည်။ လမ်းမီး၊ သောက်သုံးရေနှင့် အမှိုက်ခွန်များကိုမူ အမှန်တကယ်ဝန်ဆောင်မှုပေးသောအခါများတွင်မှသာ ကောက်ခံသည်။[100] ပုံမှန်ကောက်ခံသည့် ဝန်ဆောင်ခများမှာ အောက်ပါတို့ဖြစ်သည်။

၁။ *အဆောက်အဦနှင့် မြေငှားရမ်းခ* - တွက်ချက်မှုများကို တစ်နှစ်ငှားရမ်းခအပေါ်အခြေခံပြီး တွက်ချက်ခြင်း ဖြစ်သည်။ 'ငှားရမ်းလျှင်ရရှိနိုင်မည့်တန်ကြေး' ကိုတွက်ချက်ခြင်းသာဖြစ်ပြီး အမှန်တကယ်ရရှိသော ငှားရမ်းခတော့ မဟုတ်ပေ။ ငှားရမ်းခကို

---

[97] ၂၀၁၂ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ အပိုဒ် ၇၉နှင့် ရေဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေအပိုင်း ၈၄တွင်ရှု။

[98] Two chapters of State/Region Development Affairs Laws are 'Imposition of Administrative Penalties' and 'Offences and Punishment', which largely mirror the same sections in SLORC Law No. 5/93.

[99] ထပ်မံ သိရှိလိုပါက Robertson and Joelene. 2015. *Local Development Funds in Myanmar.*တွင်ရှု။

[100] အခွန်ကောက်ခံမှုရှိသော်လည်း ဝန်ဆောင်မှုမပေးခြင်းများအတွက် စီးပွားရေးလုပ်ငန်းများမှ ဝေဖန်မှုများရှိသည်။ . Bissinger and Maung Maung. 2014. *Subnational Governments and Business in Myanmar*, p. 25.တွင် ရှု

၁၀% သတ်မှတ်သည်။ ဤနည်းအားဖြင့် အမှန်တကယ်ငှားရမ်းထားခြင်း မရှိသော မြေယာအဆောက်အဦများမှ ငှားရမ်းခကို တွက်ချက်နေသည့် ပုံစံဖြစ်သည်။[101]

၂။ *လမ်းမီးထွန်းညှိကြေး* - လမ်းမီးများရှိသောနေရာများတွင် အိမ်ပိုင်ရှင်များနှင့် နေထိုင်သူများထံမှ အနည်း ငယ်မျှသော လမ်းမီးကြေးကိုကောက်ခံသည်။ နှုန်းထားမှာ ပုံမှန်နှုန်းထားဖြစ်ပြီး အဆောက်အဦအရွယ်အစားနှင့် အချိုးကျကောက်ခံ ခြင်းမဟုတ်ပေ။ ထိုသို့ကောက်ခံရရှိသော အခကြေးငွေများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ တိုက်ရိုက်ပေးသွင်းရသည်။

၃။ *အမှိုက်သိမ်းကြေး* - မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးက သက်ဆိုင်ရာလူနေရပ်ကွက်များတွင် အမှိုက်သိမ်း ရန်အတွက် အမှိုက်သိမ်းလုပ်သားများကို အခါအားလျော်စွာစေလွှတ်ပေးသည်။ လူနေအိမ်များ၏ အရွယ်အစား ပေါ်မူတည်ခြင်း မရှိပဲ အမှိုက်သိမ်းခကို ပုံသေနှုန်းထားဖြင့်ကောက်ခံသည်။ စီးပွားရေးလုပ်ငန်းထွက်အမှိုက်များကို လာရောက်သိမ်းဆည်းစေလိုပါက သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့ရုံးသို့ အကြောင်းကြားရပြီး အမှိုက်ပမာဏအပေါ်မူတည်၍ ဝန်ဆောင်ခကောက်ခံသည်။

၄။ *ရေဖြန့်ဝေခ* - ရေဖြန့်ဝေပေးသောမြို့နယ်များတွင် စည်ပင်သာယာရေးအဖွဲ့က ရေဖြန့်ဝေခကောက်ခံသည်။ နှုန်းထားမှာ ပုံသေဖြစ်ပြီး ရေသုံးစွဲသည့်ပမာဏနှင့်မသက်ဆိုင်ပေ။

ထို့အပြင် လူနေအိမ်များသည် ၎င်းတို့၏ အိမ်ယာပိုင်ဆိုင်မှုနှင့် တိုက်ရိုက်မသက်ဆိုင်သော အခြားအခွန်အခများကိုလည်း စည်ပင်သာယာရေးအဖွဲ့များသို့ ပေးသွင်းရသည်။ အရေးပါသော အခွန်အခတစ်မျိုးမှာ ဘီးခွန်ဖြစ်သည်။ ဘီးခွန်နှစ်မျိုးရှိသည်။ ပထမတစ်မျိုးမှာ မော်တော်ယာဉ်မှတ်ပုံတင်ထားသော မြို့နယ်သို့ သက်ဆိုင်ရာပိုင်ရှင်မှ ပေးသွင်းရခြင်းဖြစ်သည်။ ဒုတိယတစ်မျိုးမှာ မြို့နယ်အတွင်းမှတ်ပုံတင်ထားခြင်းမရှိပဲ ဝင်ရောက်လာသောယာဉ်များမှ ကောက်ခံခြင်းဖြစ်သည်။ မော်တော်ယာဉ်မှတ်ပုံတင်သည့် လုပ်ငန်းကိုမူ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သည်။ ပုံမှန်အားဖြင့် မှတ်ပုံတင်လိုသော မော်တော်ယာဉ်များသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့လာရောက်ပြီး ဘီးခွန်ကို အရင် ပေးသွင်းရသည်။ ထို့နောက် ပို့ဆောင်ရေးဌာနက မှတ်ပုံတင်ထုတ်ပေးသည်။[102] ဒုတိယတစ်မျိုးမှာ သက်ဆိုင်ရာမြို့နယ် အတွင်းမှတ်ပုံတင်ထားသော ယာဉ်များဝင်ရောက်လာပါက မြို့နယ် သို့မဟုတ် မြို့စွန်တွင်များသောအားဖြင့်ကောက်ခံသော မြို့ဝင် ဘီးခွန်ကြေးကောက်ခံသည့် စခန်းငယ်များတွင်ပေးသွင်းရသော အခွန်အနည်းငယ်ဖြစ်သည်။

စည်ပင်သာယာရေးအဖွဲ့ရုံးများသည် အခြားသောအရင်းအမြစ်များမှ အခွန်ဘဏ္ဍာငွေကောက်ခံမှုအများအပြားလည်းရှိသေးသည်။ အဆောက်အဦသစ်များဆောက်လုပ်ခြင်း၊ ပြန်လည်ပြုပြင်မွမ်းမံခြင်း စသည်တို့တွင် ဗိသုကာနှင့် အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာလိုအပ် ချက်များကို စစ်ဆေးခြင်းအတွက် ဝန်ဆောင်ခပေးသွင်းရသည်။[103] နောက်ဆုံးအနေနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ကြော်ငြာဘုတ်နှင့် ဆိုင်းဘုတ်ခွန်များအတွက်လည်း စီးပွားရေးလုပ်ငန်းများထံမှ အခွန်ကောက်ခံသည်။ ထိုအခွန်နှုန်းထားများသည် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏ နည်းဥပဒေများနှင့် ကြော်ငြာနှင့် ဆိုင်းဘုတ်များ၏ အရွယ်အစားပေါ်မူတည် သည်။

*__ပုံမှန်လိုင်စင်ကြေးများ__* - ဒေသတွင်းစီးပွားရေးလုပ်ငန်းများသည် စည်ပင်သာယာရေးအဖွဲ့များ၏ အဓိကဝင်ငွေကျောရိုးများ ပင်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းအများစုလည်ပတ်လုပ်ကိုင်နိုင်ရန်အတွက် စည်ပင်သာယာရေးအဖွဲ့ရုံးမှ လိုင်စင်ရယူရန်လိုအပ် သည်။ ယင်းတို့တွင် လမ်းဘေးဈေးဆိုင်များ၊ မုန့်ဖုတ်လုပ်ငန်း၊ စားသောက်ဆိုင်များ၊ အသေးစားငွေချေးလုပ်ငန်းများ၊ တည်းခိုခန်း များနှင့် 'အန္တရာယ်ရှိသော လုပ်ငန်း' ပေါင်းစုံတို့ပါဝင်သည်။ 'အန္တရာယ်ရှိခြင်း' ကိုအသေးစိတ်အဓိပ္ပါယ်ဖွင့်ဆိုထားခြင်းမရှိသော်လည်း ယေဘုယျအားဖြင့် စားသောက်ကုန်၊ စက်ရုံများနှင့် အထွေထွေကုန်ပစ္စည်းများနှင့် ဆက်နွယ်သောလုပ်ငန်းများကို ဆိုလိုခြင်းဖြစ် သည် (ထိုလုပ်ငန်းများ၏စာရင်းကို ဇယား-၁ တွင်ကြည့်)။[104] လိုင်စင်ကြေးများကို စည်ပင်သာယာရေးအဖွဲ့ရုံး၏ကွင်းဆင်းဝန်ထမ်း

[101] အဆောက်အအုံခွန်မှာ စည်ပင်ဝန်ထမ်းမှ သတ်မှတ်ထားသော အဆောက်အဦ စံငှားရမ်းခနှုန်းနှင့် ဒေသ၊ အဆောက်အဦအရွယ်အစား၊ အဆောက်အအုံ အခြေအနေပေါ်တွင် မူတည်သည်။ နှစ်စဉ် ငှားရမ်းခ၏ ၁၀ရာခိုင်နှုန်းကို အဆောက်အဦပိုင်ရှင်က ပေးသွင်းရသည်။ အဆောက်အအုံသုံးစွဲသူ မည်သူမဆို အခွန်ပေးဆောင်ရမည်။

[102] ဆိုင်ကယ်ပိုင်ရှင်များသည် ယင်းသို့သော အခွန်ဆောင်မှုများအတွက် ပုံမှန်အခွန်ဆောင်လေ့ရှိသူများဖြစ်နေခြင်းမှာ ၎င်းတို့သည်နှစ်စဉ်နှစ်တိုင်း ယာဉ်အတွက် လိုင်စင်လုပ်ဂုသောကြောင့်ဖြစ်သည်။ ဘီးခွန်များမှာ ယာဉ်အမျိုးအစားနှင့် အရွယ်အစားပေါ်မူတည် ပြောင်းလဲသည်။

[103] စည်ပင်သာယာအဖွဲ့က ဖွံ့ဖြိုးရေးဒေသအဖြစ် နှစ်ကာလအတန်ကြာ သတ်မှတ်ထားသော မြို့ပြဒေသတွင် အဆောက်အအုံရှိပါက စုစုပေါင်း ဆောက်လုပ်မှုကုန်ကျစရိတ်၏ ၁ ရာခိုင်နှုန်းကို ကြီးကြပ်စစ်ဆေးခ အဖြစ်နှုန်းသတ်မှတ်ထားသည်။ မြို့ပြဒေသအပြင်ဘက်ရှိ အဆောက်အအုံအတွက်မူ ၀.၅ ရာခိုင်နှုန်းသာ ကောက်ခံသည်။

[104] ရောဝတီတိုင်းဒေသကြီးတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ ၊ အမှုဆောင်အရာရှိ၊ အမှုဆောင် အင်ဂျင်နီယာနှင့် အင်တာဗျူး

များက စီးပွားရေးလုပ်ငန်းများရှိရာသို့ ကိုယ်တိုင်ကိုယ်ကျသွားရောက်ကောက်ယူကြလေ့ရှိသည်။ သို့သော် စည်ပင်သာယာရေးအဖွဲ့များက မကြာခဏဆိုသလို ဈေးဆိုင်ခန်းများနှင့် လမ်းဘေးဆိုင်ခန်းများကဲ့သို့သော လုပ်ငန်းအများအပြားထံမှ အခွန်အခများကို ကောက်ယူရန်အတွက် ကန်ထရိုက်တာများကိုလည်း ဈေးပြိုင်တင်ဒါခေါ်ပြီး ရွေးချယ်တာဝန်ပေးအပ်သည်။ ဈေးဆိုင်ခန်းများနှင့် လမ်းဘေးဈေးဆိုင်များသည် ဥပမာ စားပွဲနှင့်ထိုင်ခုံများကို လူသွားစင်္ကြံနှင့် လမ်းမဘေးတစ်လျှောက်တွင်ခင်းကျင်းခြင်းကဲ့သို့သော အများပိုင်နေရာများကို သုံးစွဲခြင်းအတွက်လည်း စည်ပင်သာယာရေးအဖွဲ့သို့ အနည်းငယ်မျှသော အခွန်အခကို ပေးသွင်းရသည်။ ဘီးခွန်ခေါ် မော်တော်ယာဉ်ခွန်များကိုလည်း များသောအားဖြင့် တင်ဒါအောင်မြင်သော ဒေသတွင်းကန်ထရိုက်တစ်ဦးဦးက ကောက်ခံရယူခြင်းဖြစ်သည်။

**ဇယား- ၁ 'အန္တရာယ်ရှိစေနိုင်သော လုပ်ငန်း' အမျိုးအစားများ**


| စားသောက်ကုန်နှင့် ဆက်စပ်သော လုပ်ငန်းများ | အခြား |
| --- | --- |
| လက်ဖက်ရည်ဆိုင်၊ ခေါက်ဆွဲဆိုင်၊<br>ကွမ်းယာဆိုင်၊ မြန်မာထမင်းဆိုင်၊<br>မုန့်ဖုတ်လုပ်ငန်း၊ ငါးအအေးခန်း၊ အအေးဆိုင်၊<br>ဟာလဝါဆိုင်၊ အချိုရည်လုပ်ငန်း၊<br>ဝက်အူချောင်း ဆိုင်၊ ကော်ဖီဆိုင်၊<br>အဖျော်ယမကာ ဆိုင်သို့မဟုတ် အရက်ဆိုင် | ဆန်စက်ငယ်များ၊ ဆီကြိတ်စက်၊ ဆားစက်၊ ခေါက်ဆွဲစက်ရုံ၊ သားရေစက်ရုံ၊<br>ပရိဘောဂ စက်ရုံ၊ ကျန်းမာရေးဆေးပေးခန်းနှင့် ဓာတ်ခွဲခန်း၊ ပုံနှိပ်စက်၊<br>လွန်းကျင်းငယ်၊ သင်္ဘောကျင်း၊ ထုံးမှုန့်စက်၊ သစ်ခွဲစက်၊ ပဲခွဲစက်၊ လက်ကားဈေး၊<br>အလှပြင်ဆိုင်၊ နာရီပြင် ဆိုင်၊ ဓာတ်ပုံတိုက်၊ ပန်းတိမ်၊ အပ်ချုပ်ဆိုင်၊ စက်ဘီးနှင့်<br>ဆိုင်ကယ်ပြင်ဆိုင်၊ သစ်ကွင်း၊ ကားအပိုပစ္စည်းဆိုင်၊ ငါးစာဆိုင်၊ ယပ်တောင်လုပ်ငန်း၊<br>ပန်းပဲလုပ်ငန်း၊ ထင်းမီးသွေး၊ စီဒီ/ဗီစီဒီအရောင်းဆိုင်၊ လျှပ်စစ်ပစ္စည်းဆိုင်၊<br>ဘက်ထရီဆိုင်၊ မီးဖိုနှင့် အိုးဆိုင်၊ ရွှေဆိုင်၊ သံနှင့် အိမ်ဆောက်ပစ္စည်းဆိုင် |

*<u>တင်ဒါလိုင်စင်ကြေးများ</u>* - အထက်တွင်ဆိုခဲ့သလို စည်ပင်သာယာရေးအဖွဲ့များသည် အများပြည်သူတင်ဒါများမှတစ်ဆင့်လုပ်ငန်းဆောင်ရွက်ရသော သားသတ်လုပ်ငန်းနှင့် ကူးတို့လုပ်ငန်းတို့ကဲ့သို့လုပ်ငန်းများကို စီမံအုပ်ချုပ်ရာတွင် အရေးပါသည်။[105] အများပြည်သူတင်ဒါစနစ်မှာ အသေးစားငွေချေးလုပ်ငန်းများနှင့် သင်္ဘောကြီးများဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတားကဲ့သို့သော လုပ်ငန်းများတွင်လည်း အကျုံးဝင်သည်။ တင်ဒါခေါ်ယူရာတွင်သုံးသော နည်းဥပဒေများမှာ တစ်နေရာနှင့်တနေရာများစွာကွဲလွဲမှုရှိနိုင်သည်။ ဥပမာ အချို့သောပြည်နယ်/တိုင်းဒေသကြီးများတွင် သားသတ်လုပ်ငန်းလိုင်စင်ကို သားသတ်ရုံတစ်ခုချင်းစီအတွက်ထုတ်ပေးပြီး သားသတ်သည့်တိရစ္ဆာန်အကောင်ရေကို ထည့်သွင်းစဉ်းစားခြင်းမပြုသည်များရှိသည်။ အခြားပြည်နယ်နှင့်တိုင်းများတွင်မူ တင်ဒါသည်သားသတ်လုပ်ငန်းလုပ်ပိုင်ခွင့်အတွက်သာဖြစ်ပြီး ကိုင်တွယ်မည့်တိရစ္ဆာန်အကောင်ရေပေါ်မူတည်၍ လိုင်စင်ကြေးကို ကောက်ခံသည်လည်းရှိသည်။ အထက်တွင်ဆိုထားခဲ့သလိုပင် စည်ပင်သာယာရေးအဖွဲ့ရုံးက အချို့သောဝန်ဆောင်မှုများအတွက် ဝန်ဆောင်ခကောက်ခံရေးလုပ်ငန်းကို လုပ်ကိုင်စေခြင်း၊ ဥပမာ ဘီးခွန်ကောက်လုပ်ငန်း၊ အချို့သောဝန်ဆောင်မှုများကို ကိုယ်တိုင်ဝန်ဆောင်လုပ်ကိုင်စေခြင်း၊ ဥပမာ အမှိုက်သိမ်းဆည်းရေးလုပ်ငန်းစသည်တို့အတွက် တင်ဒါခေါ်ယူခြင်းများလည်းရှိသည်။ သို့ရာတွင် ပုဂ္ဂလိကလုပ်ငန်းများအနေဖြင့် စည်ပင်သာယာရေးအဖွဲ့ရုံးများထံမှပြန်ပြီး တင်ဒါလျှောက်ထားလုပ်ကိုင်နိုင်သော လုပ်ငန်းအမျိုးအစားများမှာ ပြည်နယ်/တိုင်းဒေသကြီးများတစ်ခုနှင့်တခု မတူညီကြပေ။ ဥပမာ ရှမ်းပြည်နယ်တောင်ကြီးတွင် အမှိုက်သိမ်းလုပ်ငန်းကို ပုဂ္ဂလိကအားလုပ်ကိုင်စေပြီး ဧရာဝတီတိုင်း ပုသိမ်တွင်မူ စည်ပင်သာယာရေးအဖွဲ့က ကိုယ်တိုင်ဆောင်ရွက်သည်ကိုတွေ့ရမည်။

စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသော လိုင်စင်ကြေးနှင့်ဝန်ဆောင်ခကြေးများမှာ ပြည်နယ်/တိုင်းဒေသကြီးတစ်ခုနှင့် တခုကွဲပြားပြီး အဓိကအားဖြင့် မြို့ပြဒေသအများစု မြို့တော်နှင့် မြို့များပါဝင်သော ပြည်နယ်/တိုင်းဒေသကြီးများနှင့် ကျေးလက်ဒေသအများစုပါဝင်ကာ မြို့ပြဟုသတ်မှတ်ထားသောဒေသအတွင်း ကျေးရွာကြီးများပါဝင်နေတတ်သော ပြည်နယ်/တိုင်းဒေသကြီးများအကြားကွဲပြားခြင်းဖြစ်သည်။ ယေဘုယျအားဖြင့် အရွယ်အစားကြီးမားပြီး ပိုမိုကြွယ်ဝသော မြို့နယ်များတွင် နှုန်းထားများပိုမိုမြင့်မားတတ်သည်။ ပုံ- ၁ တွင် ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုတို့အတွက် အဓိကအကျဆုံးရန်ပုံငွေအရင်းအမြစ်များကို ဖော်ပြထားသည်။ 'အခြား' ဝင်ငွေအမျိုးအစားများတွင် တင်ဒါများမှရရှိသောဝင်ငွေများပါဝင်သည်။

[105] စည်ပင်သာယာအဖွဲ့၏ စီမံခန့်ခွဲမှုအောက်ရှိ စက်တပ် သို့ စက်မတပ်ထားသော ရေယာဉ်များကို အငှားရေယဉ်များအဖြစ် သတ်မှတ်သည်။ ၎င်းယာဉ်များသည် စက်မတက်ထားသော လှော်တက်ပါ ဒေသတွင်းသုံး ရေယာဉ်များဖြစ်သည်။

**ပုံ- ၁။ စည်ပင်သာယာရေးအဖွဲ့များ၏ ဝင်ငွေအရင်းအမြစ်များ (၂၀၁၃-၁၄ ဘဏ္ဍာနှစ်အတွက်ဝင်ငွေကို ကြိုတင်ခန့်မှန်းခြင်း၊ ယူနစ် ကျပ်သန်း)**[106]





မြို့နယ်အများစုတွင် တင်ဒါလိုင်စင်ကြေး အထူးသဖြင့် သားသတ်လုပ်ငန်းလိုင်စင်ကြေးများသည် စည်ပင်သာယာရေးအဖွဲ့များ၏ အကြီးဆုံးဝင်ငွေအရင်းအမြစ်ပင်ဖြစ်သည်။ ဥပမာ မြန်မာနိုင်ငံမြို့နယ်တစ်ခု၏ ယေဘုယျဝိသေသများရှိသော ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်တွင် သားသတ်လိုင်စင်တင်ဒါကြေးရရှိငွေသည် စုစုပေါင်းဝင်ငွေ၏ ၆၀% အထိရှိပြီး တနင်္သာရီတိုင်းဒေသကြီးမြိတ်မြို့နယ်တွင် ၅၀% ခန့်ရှိသည်။ များမကြာမီနှစ်များအတွင်းက မော်တော်ယာဉ်ပိုင်ဆိုင်မှုနှုန်းထားများသိသိသာသာ မြင့်တက်လာခဲ့ရာ ရန်ကုန်နှင့် မန္တလေးမြို့တော်များ၏ အပြင်ဘက်ရှိမြို့နယ်များတွင်လည်း ဘီးခွန်ကောက်ခံရရှိငွေသည် အဓိက ကျသောရန်ပုံငွေအရင်းအမြစ်တစ်ခုဖြစ်လာခဲ့သည်။ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးများတွင် အိမ်ခြံမြေဈေးကွက်ထွန်းကားလာမှုကြောင့် မြေခွန်ကောက်ခံရရှိမှုမှာလည်း စည်ပင်သာယာရေးအဖွဲ့များအတွက်တစ်နေ့တခြားအရေးပါလာသည်။

စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့်တိုင်းဒေသကြီးအများစုအတွက် အရေးပါသော ဝင်ငွေအရင်းအမြစ်များလည်းဖြစ်နေသည်။ သို့ရာတွင် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများအနေနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရန်ပုံငွေများကို သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့၏လုပ်ငန်းဘောင်ကို ကျော်လွန်သုံးစွဲခွင့်မရှိသော ကန့်သတ်ချက်ရှိသည်ကို သတိပြုရမည်။ ဥပမာ စည်ပင်သာယာရေးရန်ပုံငွေများကို ကျန်းမာရေးသို့မဟုတ် စာသင်ကျောင်းများအတွက်သုံးခွင့်မရှိချေ။ ရန်ပုံငွေများကို ကောက်ခံရရှိသောမြို့နယ်အတွင်းမှာပင်ပြန်လည်အသုံးပြုရသည်။ ခြွင်းချက်အနေနှင့် စုစုပေါင်းရန်ပုံငွေ၏ ၅% မှ ၁၀% အထိကို ပြည်နယ်/တိုင်းဒေသကြီးအဆင့်စည်ပင်သာယာရေးအဖွဲ့ရုံး၏ အထွေထွေအသုံးစားရိတ်နှင့် သေးငယ်သောမြို့နယ်များမှ ရုံးများအတွက်မျှဝေပေးရန် သတ်မှတ်ပေးထားသည်။ နောက်ထပ်အရေးပါသောအချက်မှာ စည်ပင်သာယာရေးအဖွဲ့များသည် လုပ်ပိုင်ခွင့်အကျယ်အပြန့်ရှိနေသည့်အပြင် အခွန်အခနှုန်းထားများကိုလည်း ပြည်ထောင်စုဝန်ကြီးဌာနကို အဆင့်ဆင့်တင်ပြနေရန်မလိုပဲ မိမိတို့သဘောဆန္ဒအလျောက်သတ်မှတ်ဆုံးဖြတ်ခွင့်လည်းရှိနေသဖြင့် ယခုထက်များစွာပိုမိုသောရန်ပုံငွေများကို ကောက်ခံရရှိနိုင်မည့်အလားအလာရှိသည်ဟူသော အချက်ဖြစ်သည်။ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ နောက်ဆက်တွဲဇယား- ၅ တွင်ဖော်ပြထားသည်နှင့်အညီ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်မှကောက်ခံနိုင်သော အခြားသောအခွန်အခများမှာ ကုန်သွယ်လုပ်ငန်းခွန်များ၊ ရေခွန်/တမံခွန်၊ မြေယာရောနှောအသုံးပြုခွန်နှင့် ပြည်သူ့ဝန်ဆောင်မှုအခြေခံအဆောက်အဦများမှ အသုံးပြုခကောက်ခံငွေများပါပါဝင်ပြီး အထွေထွေ

106 Government Gazettes 66-21, 66-24, 66-28, and 66-35. All were published between May and August 2013.

အုပ်ချုပ်ရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနစသော အဖွဲ့အစည်းများမှ ကောက်ခံနေကြခြင်းဖြစ်သည် (နောက်ဆက်တွဲ- ၁၁ တွင်ကြည့်)။[107]

**ပုံ- ၂။ ပြည်နယ်/တိုင်းဒေသကြီးဝင်ငွေတွင် စည်ပင်သာယာရေးအဖွဲ့များ၏ ဝင်ငွေပါဝင်မှုအချိုးအစား (ခန့်မှန်းဝင်ငွေ၊ ၂၀၁၃-၁၄ ဘဏ္ဍာနှစ်)**[108]




စည်ပင်သာယာရေးအဖွဲ့များရန်ပုံငွေကောက်ခံသည့် နှုန်းထားအမျိုးမျိုးကို မည်သို့သတ်မှတ်သည်ကို လေ့လာမှတ်သားရန်အရေးကြီးသည်။ စည်ပင်သာယာရေးအဖွဲ့များအားလုံးလိုလိုတွင် သက်ဆိုင်ရာမြို့နယ်အတွက် အခွန်အခနှုန်းထားများနှင့် လိုင်စင်နှင့် တင်ဒါများမည်သို့ချထားပေးရမည်ဟူသောလုပ်ထုံးလုပ်နည်းများကို ဖော်ပြထားသည့် နည်းဥပဒေများရှိကြသည်။ ထိုနည်းဥပဒေများကပင် စည်ပင်သာယာရေးအဖွဲ့များထံမှ တင်ဒါအောင်သော ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ပြန်လည်ကောက်ခံနိုင်သည့် နှုန်းထားများကိုသတ်မှတ်ပေးထားခြင်းဖြစ်သည်။ ဥပမာအားဖြင့် တင်ဒါအောင်သောသားသတ်လုပ်ငန်းသည် သက်ဆိုင်ရာမြို့နယ်၏ စည်ပင်သာယာရေးအဖွဲ့နည်းဥပဒေတွင် သတ်မှတ်ပြဌာန်းထားသောနှုန်းထားဖြင့်သာ အသားများကို ပြန်လည်ရောင်းချနိုင်သည်။ လိုင်စင်နှုန်းထားများကိုသတ်မှတ်နိုင်ရန်အတွက် စည်ပင်သာယာရေးအဖွဲ့ရုံးက အဆိုပြုသောနှုန်းထားကို အခါအားလျော်စွာဒေသခံပြည်သူသို့ ကြေညာပြီး သဘောထားတောင်းခံလေ့ရှိသည်။[109] မြို့နယ်စည်ပင်သာယာရေးကော်မတီကလည်း ပြည်သူတို့၏ ဆန္ဒသဘောထားများကို သုံးသပ်ပြီး၊ ၎င်းတို့၏ရွေးချယ်သော နှုန်းထားကိုအဆိုပြုခြင်းကာ နှုန်းထားအသစ်ကို လူထုဆန္ဒထပ်မံခံယူသည်။ သတ်မှတ်ကာလတစ်ခုလွန်မြောက်ပြီးနောက် ကန့်ကွက်သူမရှိတော့သောအခါ ထိုနှုန်းထားများကို နောက်ဆုံးအတည်ပြုပေးရန်အတွက် ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ တင်ပြသည်။[110] ထို့ကြောင့် မြို့နယ်တစ်ခုနှင့်တစ်ခု နှုန်းထားများ ကြီးကြီးမားမားကွာခြားမှုရှိသည်။ နှိုင်းယှဉ်ချက်အားဖြင့် ဆင်းရဲသောမြို့နယ်များတွင် နှုန်းထားများနည်းလေ့ရှိသော်လည်း ယင်းမှာ စာဖြင့်ရေးသားထားခြင်းမရှိသော အစဉ်အလာတစ်ခုသာဖြစ်သည်။[111]

**စည်ပင်သာယာရေးအဖွဲ့များ၏အသုံးစရိတ်များ**


စည်ပင်သာယာရေးအဖွဲ့များ၏အသုံးစရိတ်များတွင် ဝန်ထမ်းစရိတ်နှင့် ပြည်သူ့အခြေခံအဆောက်အဦစရိတ်များပါဝင်ပြီး ငွေလုံးငွေရင်းသုံးငွေနှင့် သာမန်သုံးငွေဟူ၍ စာရင်းနှစ်မျိုးရှိသည်။ မြန်မာနိုင်ငံရှိ အစိုးရအဖွဲ့အစည်းများအတွင်း ထူးခြားချက်အဖြစ် စည်ပင်သာယာရေးအဖွဲ့ရုံးများက ခန့်ထားနိုင်သော စုစုပေါင်းဝန်ထမ်းအရေအတွက်ကို မြို့နယ်အတွင်းမှ နစ်စဉ်ကောက်ခံ

[107] နောက်ထပ်အသေးစိတ်အချက်များအတွက် Dickenson-Jones, et al. 2015. *State and Region Public Finances in Myanmar* တွင်ရှု။
[108] Government Gazettes 66-21, 66-24, 66-28, and 66-35. All were published between May and August 2013.
[109] စီးပွားရေး လုပ်ငန်းများသည် အခွန်နှုန်းထားများနှင့် ပတ်သတ်၍ ပြဿနာရှိပါက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ တိုင်ကြားနိုင်သည်။ ထို့ပြင် စီးပွားရေးလုပ်ငန်းရှင်များသည် အခွန်နှုန်းထားများကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် လာရောက် စစ်ဆေးကြည့်ရှုနိုင်သည်။
[110] ၎င်းနည်းဥပဒေများကို စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးမှ စစ်ဆေးအတည်ပြု သည်။
[111] ၎င်းနည်းဥပဒေများသည် မြို့နယ်ရှိ အခွန်ဆောင်နိုင်စွမ်းကို အထူးအလေးပြုရန်ဖြစ်သည်။စည်ပင်သာယာရေးအဖွဲ့ရုံးဝန်ထမ်းနှင့် အင်တာဗျူးများ။

ရရှိနိုင်သော ဝင်ငွေအပေါ်မူတည်ပြီး ကန့်သတ်ထားသည်။ နှစ်စဉ်ဝင်ငွေ၏ ၃၀ % ထက်မပိုသောပမာဏကိုသာ ဝန်ထမ်းစားရိတ်အဖြစ်အသုံးပြုရမည်ဟု ကန့်သတ်ထားခြင်းဖြစ်သည်။ ဝန်ထမ်းများ၏ရာထူးအဆင့်များကို မြို့နယ်နည်းဥပဒေက သတ်မှတ်ပေးထားပြီး ပြည်နယ်/တိုင်း ဒေသကြီးလွှတ်တော်များက အတည်ပြုပြဋ္ဌာန်းပေးထားခြင်းဖြစ်သည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးအများစုသည် ခန့်ထားနိုင်သောစုစုပေါင်းဝန်ထမ်းဦးရေအထိရောက်အောင်ခန့်ထားကြခြင်းမရှိသော်လည်း စုစုပေါင်းဝင်ငွေ၏ ၁၅-၂၀% ခန့်ကို ဝန်ထမ်းစရိတ်အဖြစ် အသုံးပြုနေကြသည်။[112] သို့ရာတွင် ၂၀၁၅ ခုနှစ်မတ်လ၌ ပြည်ထောင်စုလွှတ်တော်က ဝန်ထမ်းအားလုံး၏လစာနှုန်းထားများကိုတိုးမြှင့်လိုက်သဖြင့် စည်ပင်သာယာရေးအဖွဲ့ရုံးများ၏ ဝန်ထမ်းအသုံးစရိတ်ရာခိုင်နှုန်းမှာ ယခုထက် တိုးတက်လာမည်ဖြစ်သည်။ ဝန်ထမ်းစားရိတ်များထဲတွင် သက်ဆိုင်ရာမြို့နယ်၌ အငြိမ်းစားယူသွားသော ဝန်ထမ်းဟောင်းများအတွက် ပင်စင်လစာငွေပေးခြင်းလည်း ပါဝင်သည်။ ယခင် နယ်စပ်ရေးရာဝန်ကြီးဌာနလက်အောက်၌ တာဝန်ထမ်းဆောင်ခဲ့သော နှစ်များအားလုံးအတွက် ပါတွက်ချက်ပြီးပေးရခြင်းဖြစ်သဖြင့် ဘဏ္ဍာရေးအရ ကြီးမားသောဝန်ထုပ်ဝန်ပိုးဖြစ်လျက်ရှိသည်။[113]

ဝန်ထမ်းစားရိတ်အပြင် အခြားစားရိတ်များမှာ ငွေလုံးငွေရင်းနှင့် ပုံမှန်အသုံးစရိတ်များဖြစ်သည်။ ငွေလုံးငွေရင်းစားရိတ်တွင် လမ်း၊ တံတားများကဲ့သို့ အသစ်တည်ဆောက်သော လုပ်ငန်းများအတွက် အသုံးစားရိတ်များပါဝင်သည်။ ပုံမှန်အသုံးစရိတ်တွင်မူ ပုံမှန်ကုန်ကျနေသော လုပ်ငန်းများဖြစ်သည့် ပန်းခြံများ၊ လမ်းမီးများ၊ စက်ပစ္စည်းများ၊ လမ်းတံတားများစသည့် ဒေသတွင်းအခြေခံအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းသည့်စားရိတ်က အဓိကဖြစ်သည်။ အခြားကုန်ကျစရိတ်များတွင် လူထုအခမ်းအနားများနှင့် သင်တန်းစားရိတ်များပါဝင်သည်။

**ပုံ- ၃။ စည်ပင်သာယာရေးအဖွဲ့များ၏ ခန့်မှန်းအသုံးစရိတ် (၂၀၁၃-၁၄ ဘဏ္ဍာနှစ်၊ ကျပ်သန်း)[114]**





အသုံးစားရိတ်ဦးစားပေးစာရင်းများကို မြို့နယ်အလိုက်သတ်မှတ်သည်။ ထိုအသုံးစားရိတ်များကို ပြည်နယ်/တိုင်းဒေသကြီးအစိုးရကတရားဝင်အတည်ပြုပေးရသည်မှန်သော်လည်း ဒေသန္တရအဆင့်စီမံချက်များတွင် အသေးစိတ်ဝင်ရောက်စီမံစွက်ဖက်မှုမျိုး အလွန်နည်းပါးသည်။ ငွေလုံးငွေရင်းခေါင်းစဉ်အောက်တွင် အဓိကအားဖြင့် လမ်း၊ တံတား၊ ရေနုတ်မြောင်းနှင့် အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းများပါဝင်လေ့ရှိသော်လည်း မြို့နယ်အားလုံးတသမတ်တည်းတော့ တူညီမှုမရှိပေ။ ဥပမာ ရေအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေသည် ရှမ်းပြည်နယ်ရှိ စည်ပင်သာယာရေးအဖွဲ့များ၏စုစုပေါင်း ကျခံသုံးစွဲငွေ၏ ၃၀-၃၅% ခန့်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီးတွင်မူ လမ်းတံတားများဆောက်လုပ်ခြင်းက အဓိကဦးစားပေးဖြစ်သဖြင့် အသုံးစရိတ်အများစုကို ယင်းကဏ္ဍအတွက်သုံးစွဲသည်။

[112] ဥပမာအားဖြင့် တောင်ကြီးတွင် စည်ပင်ဝန်ထမ်း ၅၀၀ ခန့် ရည်ရွယ်ထားသော်လည်း လက်ရှိတွင် ၃၀၀ ခန့်အပ်ထားသည်။ ပုသိမ်တွင် စည်ပင် ဝန်ထမ်း ၂၅၅ ယောက်ရည်ရွယ်ထားသော်လည်း လက်ရှိကာလတွင် ၁၂၄ယောက်ခန့်အပ်ထားသည်။ မြိတ် စည်ပင်သာယာရေးအဖွဲ့သည် ဝန်ထမ်း စရိတ်အတွက် ၁၂ ရာခိုင်နှုန်းသုံးပြီး ထားဝယ်စည်ပင်သာယာရေးအဖွဲ့ သည် ဝန်ထမ်းစရိတ်အတွက် ၁၇ရာခိုင်နှုန်းသုံးသည်။

[113] ဝန်ထမ်းများနောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့သော မည်သည့်မြို့နယ်မဆိုတွင် ၎င်းပင်စင်များကို ပုံသေသတ်မှတ်ပြီးဖြစ်သည်။ ရှမ်းပြည်နယ် စည်ပင်အမှုဆောင်အရာရှိနှင့် အင်တာဗျူး

[114] Government Gazettes 66-21, 66-24, 66-28, and 66-35. All were published between May and August 2013.

**ပုံ- ၄။ ပြည်နယ်/တိုင်းဒေသကြီးတစ်ခုချင်းစီအတွက် စည်ပင်သာယာရေးအဖွဲ့များ၏ စုစုပေါင်းခန့်မှန်းအသုံးစရိတ်**[115]




စည်ပင်သာယာရေးအဖွဲ့များ၏ ဘတ်ဂျက်ရေးဆွဲပုံသည် ကျန်တစ်နိုင်ငံလုံးတွင်ရေးဆွဲပုံနှင့် ထပ်တူတူညီသည်။ မြန်မာနိုင်ငံတွင် နှစ်တစ်နှစ်လျှင် မူလဘတ်ဂျက်လျာထားချက် (အခြေခံမှန်းချေ) နှင့် အမှန်တကယ်ကုန်ကျစရိတ်များထွက်လာပြီးနောက် ပြန်လည်ပြင်ဆင်လျာထားချက် (ပြန်လည်ပြင်ဆင်ထားသော ခန့်မှန်းဘတ်ဂျက်) ဟူပြီး ဘတ်ဂျက်နှစ်မျိုးနှစ်စားရှိသည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးအရာရှိများက လာမည့်ဘဏ္ဍာနှစ်အတွက် အခြေခံမှန်းချေကို ဩဂုတ်လအတွင်းပြင်ဆင်ရေးဆွဲရသည်။ ထိုသို့ရေးဆွဲရာတွင် ခန့်မှန်းဝင်ငွေနှင့် ဖြစ်နိုင်ချေရှိသောငွေလုံးငွေရင်းနှင့် သာမန်ကုန်ကျစရိတ်များကို အခြေခံပြီးရေးဆွဲခြင်းဖြစ်သည်။ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးက အခြေခံမှန်းချေစာရင်းကို ပြင်ဆင်ပြီးသောအခါ ပြည်နယ်/တိုင်းဒေသကြီးအစိုးရ ဘတ်ဂျက်ဌာနသို့ စစ်ဆေးပြီး အတည်ပြုနိုင်ရန်ပေးပို့သည်။ ထို့နောက် ပြည်နယ်/တိုင်းဒေသကြီးအစိုးရက ယင်းကိုအခြားပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်များနှင့်ပေါင်းပြီး ပြည်ထောင်စုအစိုးရထံသို့ပေးပို့သည်။[116] အခြေခံမှန်းချေစာရင်းမှာ နောက်လာမည့်ဘဏ္ဍာနှစ်အတွက် ဖြစ်သော်လည်း အမှန်တကယ်ဝင်ငွေထွက်ငွေများကို ပြန်လည်တွက်ချက်ပြီး လက်ရှိဘဏ္ဍာနှစ်အတွက် ပြန်လည်ပြင်ဆင်ထားသော ခန့်မှန်းဘတ်ဂျက်ကို နှစ်လည်တွင်ပေးပို့ရသည်။[117] ပြန်လည်ပြင်ဆင်ထားသော ခန့်မှန်းဘတ်ဂျက်မှာ အတည်ပြုပြီးပါက ပြန်လည် ပြင်ဆင်ခွင့်မရှိတော့ပါ။ ပြည်နယ်/တိုင်းဒေသကြီးအစိုးရ ရ/သုံးဌာနက စည်ပင်သာယာရေးအဖွဲ့များအားလုံး၏ ငွေစာရင်းများကို အမြဲမပြတ်စောင့်ကြည့်စစ်ဆေးနေသည်။

**ဇယား- ၂။ မြို့နယ်အဆင့်အသီးသီးအတွက် အခြေခံမှန်းချေနှင့် ပြန်လည်ပြင်ဆင်ထားသော မှန်းချေ (၂၀၁၄- ၁၅ ဘဏ္ဍာနှစ်၊ ကျပ်)**[118]

| *အဆင့်* | *အခြေခံမှန်းချေ ပျမ်းမျှ* | *အခြေခံမှန်းချေ အနည်းဆုံးနှင့် အများဆုံး* | *ပြန်လည်ပြင်ဆင်မှန်းချေ ပျမ်းမျှ* | *ပြန်လည်ပြင်ဆင်မှန်းချေ အနည်းဆုံးနှင့် အများဆုံး* |
|---|---|---|---|---|
| *က* | 650,900,000 | 430,000,000 – 988,000,000 | 715,132,000 | 500,350,000 – 1,083,920,000 |
| *ခ* | 289,210,000 | 250,000,000 – 337,000,000 | 330,004,333 | 287,678,000 – 360,000,000 |
| *ဂ* | 244,330,000 | 168,840,000 – 28,400,000 | 244,735,375 | 174,363,000 – 367,714,000 |
| *ဃ* | 166,750,000 | 126,900,000 – 229,200,000 | 166,574,250 | 139,060,000 – 190,000,000 |
| *င* | 87,590,000 | 70,870,000 – 108,900,000 | 89,213,333 | 74,693,000 – 113,000,000 |

[115] Government Gazettes 66-21, 66-24, 66-28, and 66-35. All were published between May and August 2013

[116] ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များသည် မြို့နယ်တစ်ခုချင်းစီအတွက် ဘတ်ဂျက်ခွင့်မပြုပေ။ ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော် များသည် ပြည်ထောင်စု အစိုးရထံသို့ ဘတ်ဂျက်စုစုပေါင်းတင်ပြရန် တာဝန်ရှိသည်။ စုစုပေါင်း ဘတ်ဂျက်၏ တစ်စိတ်တစ်ပိုင်းသာ စည်ပင်သာယာ အဖွဲ့၏ ဘတ်ဂျက်ဖြစ်သည်။

[117] ပြန်လည်ပြင်ဆင် မှန်းချေသည် အခြေခံမှန်းချေထက် ၁၀ရာခိုင်နှုန်းထက် မပိုသင့်ပေ။ ဧရာဝတီတိုင်းဒေသကြီးတွင် မြို့နယ်စည်ပင်သာယာရေး အထောက်အကူပြုအဖွဲ့ဝင်များ ၊ အမှုဆောင်အရာရှိနှင့်အင်တာဗျူး

[118] ဧရာဝတီတိုင်းဒေသကြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးမှ ပြန်လည်ပြင်ဆင်မှန်းချေနှင့် အခြေခံမှန်းချေအမျိုးအစားများ ဉပမာဖြစ်သည်။ ဉပမာအားဖြင့် ပုသိမ်ကဲ့သို အဆင့်(က) မြို့ကြီး၏ အခြေခံမှန်းချေဘတ်ဂျက်မှာ အကြမ်းဖျင်း တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၉သိန်း ဝန်းကျင်ရှိပြီး အခြားအဆင့်မြို့များမှာ အမေရိကန်ဒေါ်လာ ၂ သိန်း နှင့် အောက်တွင် ရှိသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးများအားလုံးသည် မြန်မာ့စီးပွားရေးဘဏ်၏ ဘဏ်ခွဲများတွင်ကိုယ်ပိုင်ငွေစာရင်းဖွင့်လှစ်ပြီး ရန်ပုံငွေများကို အပ်နှံထားရှိကြသည်။ ဘဏ်စာရင်းများအားလုံးတွင် အပ်ငွေနှင့် ထုတ်ယူငွေဟူ၍ စာရင်းနှစ်ခုရှိသည်။ ဝင်ငွေများကို အပ်ငွေစာရင်းတွင်ထည့်ပြီး ဘတ်ဂျက်ကို ပြည်နယ်/တိုင်းဒေသကြီးအစိုးရက အတည်ပြုပြီးပါက အခြေခံမှန်းချေ သို့မဟုတ် ပြန်လည်ပြင်ဆင်မှန်းချေတစ်မျိုးမျိုးနှင့်အညီ ထုတ်ယူငွေစာရင်းမှ ထုတ်ယူသုံးစွဲသည်။ ဘဏ္ဍာနှစ်အသစ်တစ်ခုစပါက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးများသည် ရရန်ပေးရန်ကျန်ငွေ သုညဖြင့်စတင်ကြရသည်။ ဆိုလိုသည်မှာ ပြန်လည်ပြင်ဆင်မှန်းခြေစာရင်းကို အခြေပြုပြီး ယခင်ဘဏ္ဍာနှစ်မှ အသုံးမပြုပဲ ပိုလျှံသောရန်ပုံငွေအားလုံးကို ပြည်နယ်/တိုင်းဒေသကြီးအစိုးရဘတ်ဂျက်ဌာနသို့ပြန်လည်အပ်နှံရပြီး ထိုမှတစ်ဆင့်နောက်ဆုံးတွင် ပြည်ထောင်စုရန်ပုံငွေထဲသို့ ပြန်လည်စီးဝင်သွားသည်။ [119]

ဆန့်ကျင်ဘက်အနေဖြင့် စည်ပင်သာယာရေးအဖွဲ့က လိုငွေပြပါက ပြည်နယ်/တိုင်းဒေသကြီးအစိုးရထံမှ ချေးငွေအနေဖြင့် ချေးငှားဖြည့်ဆည်းနိုင်ပြီး လာမည့်ဘဏ္ဍာနှစ်တွင် အတိုးနှုန်း ၁၃% ဖြင့် ပြန်လည်ပေးဆပ်ရသည်။ အတိုးနှုန်းကြီးမြင့်မှုကြောင့် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်/တိုင်းဒေသကြီးအစိုးရထံမှ ချေးငွေရယူရမည့်အဖြစ်ကိုရှောင်လျားနိုင်ရန် ရန်ပုံငွေနှင့်မကာမိသော စီမံချက်များကို နောက်လာမည့်ဘဏ္ဍာနှစ်အတွင်းသို့ပြောင်းရွှေ့ထည့်သွင်းလေ့ရှိသည်။[120] စည်ပင်သာယာရေးအဖွဲ့များသည် နိုင်ငံတကာအဖွဲ့အစည်းများအပါအဝင် အစိုးရမဟုတ်သောအဖွဲ့အစည်းများထံမှလည်း ချေးငွေရယူပိုင်ခွင့်ရှိကြသော်လည်း ပြန်လည်ပေးဆပ်နိုင်မှုနှင့်ပတ်သက်၍ စိုးရိမ်ကြသဖြင့် ချေးယူလိုခြင်းမရှိကြချေ။

---

[119] အဘယ်ကြောင့် စည်ပင်သာယာအဖွဲ့၏ ပိုလျှံငွေများကို ပြည်ထောင်စု ရန်ပုံငွေထဲသို့ ရောက်ရှိရခြင်းမှာ မရှင်းလင်းပေ။ ၎င်းမှာ စည်ပင်ရုံးသည် နယ်စပ်ရေးရာဝန်ကြီးဌာန အောက်တွင် ရှိခဲ့ခြင်းကြောင့် ဖြစ်ဟန်တူသည်။ ယခုအခါ စည်ပင်ရုံးသည် နယ်စပ်ရေးရာဝန်ကြီးဌာန လက်အောက်တွင် မရှိတော့သော်လည်း ဘဏ္ဍာရေးဖွဲ့စည်းပုံအများစုမှာ အရင်အတိုင်းပင် ဖြစ်သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးနှင့် အင်တာဗျူး
[120] ရောဝတီတိုင်းဒေသကြီးတွင် စည်ပင်သာယာရေးဝန်ထမ်းများနှင့် အင်တာဗျူး

## ၅။ ။ မြို့နယ်စည်ပင်သာယာရေးကော်မတီများနှင့် အရေးကြီးသောဆက်နွယ်မှုများ

မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ တစ်ခြမ်းဖြစ်သော စည်ပင်သာယာရေးအဖွဲ့ရုံးများအကြောင်းကို ဆွေးနွေးပြီးနောက် ကျန်တစ်ခြမ်းဖြစ်သော စည်ပင်သာယာရေးကော်မတီများ၏ အပြန်အလှန်အထောက်အကူပြုသော အခန်းကဏ္ဍနှင့် လုပ်ငန်းရပ်များ အကြောင်းကို ဆက်လက်ဆွေးနွေးသွားပါမည်။ စည်ပင်သာယာရေးကော်မတီများ၏ လုပ်ငန်းရပ်များကို သတ်မှတ်ပေးသော ဆက်နွယ်မှုများအကြောင်းကို ဒုတိယအပိုင်းတွင် ဆွေးနွေးပါမည်။

### ၅.၁။ မြို့နယ် စည်ပင်သာယာရေးကော်မတီများ

လူထုကိုယ်စားပြုသူများပါဝင်သော စည်ပင်သာယာရေးကော်မတီများ တည်ထောင်လိုက်ခြင်းသည် ၂၀၁၁ ခုနှစ် မြန်မာ့အသွင်ကူးပြောင်းရေး စတင်ပြီးနောက် မြူနီစီပယ်ရေးရာကိစ္စများကိုစီမံဆောင်ရွက်ရာတွင် အရေးအပါဆုံးသော အပြောင်းအလဲတစ်ခုဖြစ်သည်။ ဆယ်စုနှစ်ပေါင်းများစွာအတွင်း ပထမဦးဆုံးအကြိမ်အဖြစ် စည်ပင်သာယာရေးကော်မတီများသည် မြို့နယ်အဆင့် အစိုးရအဖွဲ့အစည်းတစ်ခုတွင် လူထု၏တစ်စိတ်တပိုင်းကိုယ်စားပြုပါဝင်မှုနှင့် ကြီးကြပ်ကွပ်ကဲမှုကို စတင်လမ်းဖွင့်ပေးလိုက်ခြင်းပင်ဖြစ်သည်။[121]

နိုင်ငံတော်သမ္မတရုံး၏ ထုတ်ပြန်ကြေညာချက်အမှတ် ၂၇၊ ဖေဖော်ဝါရီ ၂၀၁၃ အရ ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးသည် 'သက်ဆိုင်ရာမြို့နယ်အတွင်းမှ လူထုကိုယ်စားပြုသူများနှင့် ရပ်မိရပ်ဖများပါဝင်သော စည်ပင်သာယာရေးကော်မတီကို ဖွဲ့စည်းတည်ထောင်နိုင်ရန်အလို့ငှာ' စည်ပင်သာယာရေးဥပဒေများကို ပြဌာန်းကျင့်သုံးကြရမည်ဟု ဖော်ပြထားသည်။[122] သို့ရာတွင် ထိုထုတ်ပြန်ကြေညာချက်၌ ထိုကော်မတီများတွင် အဖွဲ့ဝင်အရေအတွက်မည်မျှပါမည်၊ မည်သူတို့ပါဝင်မည်နှင့် မည်သို့ရွေးချယ် ရမည်စသော အသေးစိတ်များကိုဖော်ပြထားခြင်းမရှိပေ။ ထိုသို့အသေးစိတ်များကို ဖော်ပြထားခြင်းမရှိသောကြောင့် ထိုအသေးစိတ်များကို သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများက အပိုင်း- ၃ တွင် အသေးစိတ်ဆွေးနွေးထားသည့်အတိုင်း ဆုံးဖြတ်စီစဉ်ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုစလုံးတွင် စည်ပင်သာယာရေးကော်မတီများကို အဖွဲ့ဝင် ၇ ဦးဖြင့် ဖွဲ့စည်းပြီး လူထုကိုယ်စားလှယ်လေးဦးနှင့် အစိုးရကိုယ်စားလှယ်သုံးဦးစီပါဝင်ကြသည်။ လူထုကိုယ်စားလှယ်လေးဦးအနက် နှစ်ဦးမှာ မြို့မိမြို့ဖများဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင်ကိုယ်စားလှယ်တစ်ဦးနှင့် လူမှုရေးအသင်းအဖွဲ့များ၏ ကိုယ်စားလှယ်တစ်ဦးပါဝင်သည်။ အစိုးရကိုယ်စားလှယ်များမှာ စည်ပင်သာယာရေးအဖွဲ့ရုံးမှ အမှုဆောင်အရာရှိ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်ဦးစီးမှူးတို့ဖြစ်ကြသည်။[123]

**စည်ပင်သာယာရေးအထောက်အကူပြုကော်မတီဖွဲ့စည်းပုံ[124]**

| | | |
|---|---|---|
| *မြို့နယ်ရပ်မိရပ်ဖ* | **ရွေးကောက်ခံ** | ဥက္ကဌ |
| *စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ* | ခန့်အပ် | အတွင်းရေးမှူး |
| *မြို့နယ်ရပ်မိရပ်ဖ* | ရွေးကောက်ခံ | အဖွဲ့ဝင် |
| *စီးပွားရေးကဏ္ဍကိုယ်စားလှယ်* | ရွေးကောက်ခံ | အဖွဲ့ဝင် |
| *လူမှုရေးကဏ္ဍကိုယ်စားလှယ်* | ရွေးကောက်ခံ | အဖွဲ့ဝင် |
| *ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး (ထွေ/အုပ်)* | ခန့်အပ် | အဖွဲ့ဝင် |
| *ဒုတိယဦးစီးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန* | ခန့်အပ် | အဖွဲ့ဝင် |

စည်ပင်သာယာရေးကော်မတီများ၏သက်တမ်းမှာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့သက်တမ်းနှင့် အတူတူပင် ငါးနှစ်သတ်မှတ်ထားသည်။ ထိုငါးနှစ်မှာ ပြည်ထောင်စုလွှတ်ရွေးကောက်ပွဲသက်တမ်းနှင့်လည်း တူညီသည်။ ခွင်းချက်များအနေဖြင့် တနင်္သာရီတိုင်း

---

[121] မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏ အထွေအထွေရည်မှန်းချက်မှာ နှစ်ပိုင်းရှိသည်။ လူထုဦးစားပေး လုပ်ငန်းများကို ဖော်ဆောင်ရန်နှင့် စီမံကိန်းလုပ်ငန်းများ အောင်မြင်ရန်ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ ၊ အမှုဆောင်အရာရှိနှင့်အင်တာဗျူး

[122] သမ္မတရုံးအမိန့်စာ 27/2013, 26 February 2013 တွင် ရှု။

[123] မွန်ပြည်နယ် ၊ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝင်များ၊ စည်ပင်ဝန်ထမ်းနှင့် အင်တာဗျူးများ

[124] ပြည်နယ်နှင့်တိုင်းအများစုတွင် မြို့နယ်ခွဲများ၌ ကော်မတီမရှိ။ အစိုးရဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသော စည်ပင်ရုံးသာရှိသည်။ သို့သော် ဧရာဝတီတိုင်းဒေသကြီးတွင် မြို့နယ်များ၌ ကော်မတီများ တည်ထောင်ထားပြီး ၎င်းမြို့နယ်များတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနလည်း မရှိသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုဦးစီးအရာရှိနေရာတွင် ရပ်ရွာဒေသအဖွဲ့ဝင်တစ်ဦးနှင့် အစားထိုးထားသည်။

ဒေသကြီးတွင် လေးနှစ်သတ်မှတ်ထားပြီး ရခိုင်ပြည်နယ်တွင် နှစ်နှစ်ဖြစ်သည်။ သို့ရာတွင် စည်ပင်သာယာရေးကော်မတီအများစုကို သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေများပြဌာန်းပြီးသည့် ၂၀၁၂ နောက်ပိုင်း ၂၀၁၃ ခန့်တွင် စတင်ဖွဲ့စည်းကြသည်ဖြစ်ရာ ပထမသက်တမ်းမှာ ငါးနှစ်ထက်လျော့နည်းသည်။ ကော်မတီများ၏ သက်တမ်းမှာ ၂၀၁၅ ရွေးကောက်ပွဲပြီးနောက် လက်ရှိပြည်နယ်/တိုင်းဒေသကြီးအစိုးရများ အပြောင်းအလဲဖြစ်မည့် ၂၀၁၆ ခုနှစ်အစောပိုင်းတွင် ကုန်ဆုံးမည်ဖြစ်သည်။[125] ကော်မတီတွင်ပါဝင်သော လူထုကိုယ်စားလှယ်များမှာ လစာသို့မဟုတ် ထောက်ပံ့ကြေးများရရှိခြင်း မရှိကြပေ။[126] အတိအကျကိန်းဂဏန်းများ မသိရသော်လည်း ကော်မတီဝင်အနည်းစုသာ အမျိုးသမီးများဖြစ်သည်ကို သိနိုင်သည်။[127] စည်ပင်သာယာရေးကော်မတီဝင်များသည် နိုင်ငံရေးပါတီများတွင် ပါဝင်ဆောင်ရွက်ခွင့်မရှိသည့်အပြင် အသက်ကန့်သတ်ချက် အချို့ရှိသည်ဟုလည်း သိရသည်။[128]

ကော်မတီဝင်လူထုကိုယ်စားလှယ်လေးဦးကို ရွေးချယ်ပုံသည် ပြည်နယ်နှင့်တိုင်းဒေသကြီးတစ်ခုနှင့်တခုအကြား ကွဲပြားခြားနားသည်။ သို့ရာတွင် ဥပဒေများအားလုံး၌ ဘုံတူညီသောအချက်မှာ ရပ်မိရပ်ဖကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသော ကော်မတီဝင်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးအမှုဆောင်အရာရှိက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သောအချက်ဖြစ်သည်။ ထိုပြဌာန်းချက်သည် နဝတဥပဒေအမှတ် ၅/၉၃ ပါပြဌာန်းချက်ကို အပြည့်အဝဆက်လက်ကျင့်သုံးခြင်းပင်ဖြစ်နေသည်။[129] အချို့သောပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ကော်မတီဝင် ရွေးကောက်တင်မြှောက်သည့် လုပ်ငန်းစဉ်များကို နည်းဥပဒေတွင်ထည့်သွင်းဖော်ပြထားသော်လည်း ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် သတ်သတ်မှတ်မှတ် ရေးသားပြဌာန်းထားခြင်းမရှိပဲ သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးက လုပ်ငန်းစဉ်ကို သတ်မှတ်ဆုံးဖြတ်ပေးသည်လည်းရှိသည်။

အရေးကြီးမှတ်သားရန်အချက်မှာ မည်သည့်ပြည်နယ်/တိုင်းဒေသကြီးတွင်မဆို စည်ပင်သာယာရေးကော်မတီဝင်များကို အသက် ၁၈ နှစ်ပြည့်ပြီး မဲပေးခွင့်ရှိသူများအားလုံး၏ မဲဆန္ဒဖြင့်ရွေးချယ်ခြင်းမဟုတ်ပေ။[130] လူထုကိုယ်စားလှယ်များကို သက်ဆိုင်ရာ ရပ်ရွာလူထုအတွင်းမှ နည်းအမျိုးမျိုးဖြင့်ရွေးချယ်တင်မြှောက်ခြင်းဖြစ်ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးမှာ အဓိကအခန်းကဏ္ဍ၌ရှိသည်။ ဥပမာအားဖြင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက စည်ပင်သာယာရေးကော်မတီအတွက် ကော်မတီဝင်တစ်ဦးစီကို အဆိုပြုကြပြီး ထိုကော်မတီဝင်လောင်းများ အချင်းချင်းတွေ့ဆုံစည်းဝေးကာ ၎င်းတို့အထဲမှ အမှန်တကယ် ကော်မတီဝင်ဖြစ်လာမည့်သူများကို မဲပေးရွေးချယ်သည်။ မဲပေးသည့်အစည်းအဝေးကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့ရုံးတို့က ကြီးကြပ်သည်။[131] မွန်ပြည်နယ်တွင်မူ ကော်မတီဝင်ဖြစ်လိုသူများက မိမိကိုယ်တိုင် အဆိုပြုနိုင်ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးများက အစည်းအဝေးကျင်းပကာ ၎င်းတို့အနှစ်သက်ဆုံး ကော်မတီဝင်လောင်းများကို မဲပေးရွေးချယ်သည်။[132]

ရွေးကောက်သည့်လုပ်ငန်းစဉ်သည် ကော်မတီဝင်လေးဦးစလုံးအတွက် အတူတူပင်ဖြစ်သည်။ ကော်မတီဝင်လေးဦးတွင် နှစ်ဦးမှာ ရပ်မိရပ်ဖဖြစ်ပြီး ကျန်နှစ်ဦးမှာ စီးပွားရေးလုပ်ငန်းများကိုယ်စားလှယ်နှင့် လူမှုအဖွဲ့အစည်းများကိုယ်စားလှယ်တစ်ဦးစီဖြစ်ရမည်ဟု ပြဌာန်းချက်ရှိသည်။ သို့သော်ထိုအရည်အချင်းသတ်မှတ်ချက်များအတိုင်း အတိအကျရွေးချယ်ခြင်းမဟုတ်ပဲ ကော်မတီဝင်များထဲမှ

[125] မွန်ပြည်နယ်တွင် ကျေးလက်ဖွံ့ဖြိုးရေး အထောက်အကူပြု ကော်မတီများသည် ၂၀၁၇အထိ သက်တမ်းရှိဦးမည်ဟု ခန့်မှန်းထားသည်။ မွန်ပြည်နယ် ၊ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝင်များ၊ စည်ပင်ဝန်ထမ်းနှင့် အင်တာဗျူးများ

[126] တနင်္သာရီတိုင်းရှိ စည်ပင်သာယာရေးဝန်ကြီး နှင့် အင်တာဗျူး၊ ဧရာဝတီတိုင်းဒေသကြီးရှိ အင်တာဗျူးများ

[127] ဥပမာအားဖြင့် ရှမ်းပြည်နယ် ဒေသအားလုံးတွင် ကော်မတီ ၈၆ ခုရှိရာ အမျိုးသမီးကော်မတီအဖွဲ့ဝင် သုံးယောက်သာရှိသည်။ ရှမ်းပြည်နယ် စည်ပင် ဒုတိယညွှန်ကြားရေးမှူး နှင့် အင်တာဗျူး။

[128] စည်ပင်သာယာရေးကော်မတီဝင်များသည် နိုင်ငံရေးပါတီဝင်များမဖြစ်ရပါ။ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များသည် ပြည်/တိုင်းဒေသကြီး အုပ်ချုပ်မှုစနစ်တွင်ရှိနေပြီး၊ စည်ပင်သာယာရေးကော်မတီဝင်များအနေဖြင့် ဒေသန္တရအဆင့်တွင် နိုင်ငံရေးအရစိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ ယခုသုတေသနနှင့် ပတ်သက်မှုမရှိသော်လည်း သီးခြားလေ့လာသင့်သောအရာဖြစ်ပါသည်။

[129] ၅/၉၃ ဥပဒေအရ အမှုဆောင်အရာရှိသည် ကော်မတီ၏ အတွင်းရေးမှူးဖြစ်သည် (ပုဒ်မ ၆)။ အကယ်၍ ကော်မတီ မဖွဲ့စည်းနိုင်ရင်သော်လည်းကောင်း၊ ကော်မတီသည် ၎င်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို မထမ်းဆောင်နိုင်လျှင်သော်လည်းကောင်း အမှုဆောင်အရာရှိ သို့မဟုတ် သင့်တော်သော အရပ်သားတစ်ဦးဦးကို ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ဆောင်ရွက်နိုင်စေရန် တာဝန်ပေးရမည် (ပုဒ်မ ၇)။ ၎င်းသည် ပြည်နယ်နှင့်တိုင်း ၁၄ခု၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေနှင့် အတူတူပင်ဖြစ်သည်။

[130] တဆင့်ခံရွေးကောက်ခြင်းများအတွက် တရားဝင်အကြောင်းပြချက်မရှိပေ။ ပြည်နယ်နှင့်တိုင်း အစိုးရများမှ အငြင်းပွားဆုံးမှာ တိုက်ရိုက် ရွေးကောက်ခြင်းအတွက် လူတစ်ဦးတစ်မဲစနစ်သည် ဝန်ပိုအလုပ်များလွန်းခြင်းကြောင့် ဖြစ်ဟန်ရှိသည်။ ဆယ်အိမ်ခေါင်းမှ တဆင့်ခံရွေးချယ် တင်မြှောက်ထားသော ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက်လည်း ၎င်းပြဿနာမှာ အတူတူပင်ဖြစ်သည်။

[131] ရှမ်းပြည်နယ် စည်ပင် ဒုတိယညွှန်ကြားရေးမှူးနှင့် အင်တာဗျူး။

[132] မွန်ပြည်နယ်ရှိ စည်ပင် ဒုတိယညွှန်ကြားရေးမှူးနှင့်စည်ပင်သာယာရေးအဖွဲ့ဝင်များနှင့် အင်တာဗျူး။

အချို့သည် စီးပွားရေး သို့မဟုတ် လူမှုရေးလုပ်ငန်းနောက်ခံရှိကာ ထိုကဏ္ဍများကိုလည်း စိတ်ပါဝင်စားသူဖြစ်ရမည်ဟု အကြမ်းဖျင်း သတ်မှတ်ထားကြခြင်းကိုသာ တွေ့ရသည်။ လူထုကိုယ်စားပြုကော်မတီဝင်သုံးမျိုးဆိုသည်မှာ နည်းဥပဒေအရ ကော်မတီဝင်ထဲတွင် ရပ်မိရပ်ဖ၊ စီးပွားရေးသမား သို့မဟုတ် အသက်မွေးဝမ်းကျောင်းပြုမှုနှင့် လူမှုရေးလုပ်ငန်းအတွေ့အကြုံရှိသူများ ပါဝင်ရမည်ဟုသာ သတ်မှတ်ခွဲခြားထားခြင်းမျိုးဖြစ်သည်။

စည်ပင်သာယာရေးကော်မတီအတွက် ကော်မတီဝင်များကိုရွေးချယ်ရာတွင် ရွေးကောက်ပွဲ၊ မဲဆွယ်စည်းရုံးခြင်း စသည်တို့ မရှိသောကြောင့် ပြိုင်ဆိုင်မှုမှာ အကန့်အသတ်ဖြင့်သာရှိသည်။ ထို့ကြောင့် ကော်မတီအပေါ် လူထု၏စိတ်ပါဝင်စားမှုမှာ များသော အားဖြင့်နိမ့်ကျသည်။[133] လက်ရှိ တစ်ဆင့်ခံရွေးကောက်တင်မြှောက်သည့်ပုံစံသည် ရပ်ရွာလူထုကိုယ်စားပြုမှုကို မြှင့်တင်ပေးနိုင်သည်ဟု ဆိုကောင်းဆိုနိုင်သော်လည်း လက်ရှိလုပ်ကိုင်ဆောင်ရွက်ပုံများသည် နိုင်ငံတကာအတိုင်းအတာနှင့် လက်ခံကျင့်သုံးသော ဒီမိုကရေစီ ဒေသန္တရကိုယ်စားပြုစနစ်နှင့် ဒီမိုကရေစီရွေးကောက်ပွဲ စံချိန်စံညွှန်းများနှင့်တော့ ကိုက်ညီခြင်းမရှိပါ။

**<u>ရန်ကုန်နှင့် မန္တလေးတို့မှ မြူနီစီပယ်ရွေးကောက်ပွဲများ</u>**

၁၉၄၉ ခုနှစ်နောက်ပိုင်း ပထမဦးဆုံးအကြိမ်အဖြစ်ပြန်လည်ကျင်းပသော မြူနီစီပယ်ရွေးကောက်ပွဲမှာ ၂၀၁၄ ဒီဇင်ဘာ ၂၇ ရန်ကုန် မြူနီစီပယ်ရွေးကောက်ပွဲဖြစ်သည်။ ရွေးကောက်ပွဲမှာ ရန်ကုန်မြို့တော်၏ မြူနီစီပယ်အုပ်ချုပ်ရေးအဖွဲ့ဖြစ်သော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်နေရာများအတွက် ကျင်းပခြင်းဖြစ်သည်။ ရန်ကုန်တွင်စုစုပေါင်းကော်မတီဝင်နေရာ ၁၁၅ နေရာအတွက် ရွေးကောက်တင်မြှောက်ခြင်းဖြစ်ပြီး အမြင့်ဆုံးကော်မဝင် ၄ ဦး၊ ခရိုင်အဆင့်ကော်မတီဝင် ၁၂ ဦးနှင့် မြို့နယ် အဆင့်ကော်မတီဝင် ၉၉ ဦးပါဝင်သည်။ ကော်မတီ၏ အဆင့်တိုင်းတွင် ရွေးချယ်တင်မြှောက်ခံနှင့် ခန့်အပ်ခံကော်မတီဝင်များ ပါဝင် ဖွဲ့စည်းထားကြသည်။ ကော်မတီဝင်များသည် နိုင်ငံရေးပါတီဝင်များဖြစ်ခွင့်မရှိချေ။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲနည်းဥပဒေ (၂၀၁၄) အရ အိမ်ထောင်စုတစ်ခုလျှင် တစ်ဦးသာမဲပေးခွင့်ရှိသည်။ ရန်ကုန်မြို့တွင် စုစုပေါင်းအိမ်ထောင် စု ၈၇၀,၀၀၀ ရှိသော်လည်း အများအပြားမှာ မဲဆန္ဒပြုခွင့်ရသည့်အရည်အချင်းနှင့်မကိုက်ညီကြသောကြောင့် စုစုပေါင်းမဲပေးခွင့်ရှိသူ အိမ်ထောင်စုပေါင်း ၄၀၉,၈၈၉ သာရှိခဲ့သည်။ ထိုအထဲမှ စုစုပေါင်း ၁၀၆,၀၈၉ ဦးမဲဆန္ဒပေးခဲ့ကြသည်။

၂၀၁၅ မေလ ၃ ရက်နေ့တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရွေးကောက်ပွဲကို တစ်အိမ်ထောင်မဲတစ်မဲစနစ်ဖြင့်ပင် ကျင်းပခဲ့သည်။ ထိုရွေးကောက်ပွဲတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ အမြင့်ဆုံးအဆင့်ကော်မတီဝင် ၁၃ ဦးရှိ သည့်အနက် ဆန္ဒမဲဖြင့်ရွေးချယ်ခန့်အပ်မည့်ကော်မတီဝင် ၆ နေရာအတွက်သာ ရွေးကောက်ပွဲကျင်းပခြင်းဖြစ်ပြီး ခရိုင်နှင့် မြို့နယ် အဆင့်ကော်မတီဝင်နေရာများအတွက် ရွေးကောက်တင်မြှောက်ခြင်းမရှိပေ။ စုစုပေါင်းမဲဆန္ဒပေးခွင့်ရှိသူ ၉၉,၃၁၂ အနက် ၆၀,၂၄၉ ဦး လာရောက်မဲပေးခဲ့ကြသည်။

ရန်ကုန်မြို့တော်နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရွေးကောက်ပွဲများကို ငြိမ်းချမ်းစွာကျင်းပပြီးစီးခဲ့ပြီး တရားဝင် ကန့်ကွက်မှု အနည်းငယ်သာရှိခဲ့သော်လည်း လူထုပါဝင်မှုနိမ့်ကျခြင်း၊ မဲဆန္ဒရှင်များနှင့် ကော်မတီဝင်လောင်းများအတွက် အရည်အချင်းကန့်သတ်ချက်အများအပြားရှိခြင်း၊ ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲမဲဆွယ်စားရိတ်သုံးစွဲမှုတွင် အကန့် အသတ် မထားရှိခြင်း၊ အိမ်ထောင်စုပေါ်တွင်အခြေခံသည့် ရွေးကောက်ပွဲစနစ်ဖြစ်နေခြင်းစသည့် အကန့်အသတ်များစွာတို့ကြောင့် ထိုရွေးကောက်ပွဲနှစ်ခုစလုံးမှာ ချို့ယွင်းချက်များရှိသော ရွေးကောက်ပွဲများအဖြစ် သတ်မှတ်နိုင်သည်။

ရပ်ရွာကိုယ်စားပြုမှုပါဝင်သော မြို့နယ်အဆင့်အခြားကော်မတီနှစ်ခုဖြစ်သည့် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီများနှင့် ကွဲပြားခြားနားသည့်အချက်မှာ စည်ပင်သာယာရေးအထောက်အကူပြုကော်မတီများ တွင် အကြံပေးအခန်းကဏ္ဍထက်ပိုမိုသော လုပ်ပိုင်ခွင့်များရှိနေခြင်းပင်ဖြစ်သည်။ ဥပဒေကြောင်းအရ စည်ပင်သာယာရေး အထောက်အကူပြုကော်မတီများတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ဦးတည်ချက်နှင့် လုပ်ငန်းရပ်များအပေါ်တွင် ဆုံးဖြတ် ပိုင်ခွင့်တစ်စုံတရာရှိနေကြသည်။ သို့ရာတွင် စည်ပင်သာယာရေးအဖွဲ့ရုံးအမှုဆောင်အရာရှိသည် ကော်မတီ၏အတွင်းရေးမှူးလည်း ဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးနှင့်ပတ်သက်လျှင် လုပ်ပိုင်ခွင့်ကြီးမားစွာရှိသည်။ ပြည်နယ်/တိုင်းဒေသကြီး မြူနီစီပယ် ဥပဒေများအရ စည်ပင်သာယာရေးအထောက်အကူပြုကော်မတီများသည် အခွန်ကောက်ခံခြင်း (အခွန်နှင့် ဝန်ဆောင်ခနှုန်းထား များသတ်မှတ်ခြင်း)၊ မြူနီစီပယ်လုပ်ငန်းများအတွက် အသုံးစရိတ်များသတ်မှတ်ခြင်း၊ အစိုးရအဆောက်အဦများတည်ဆောက်ခြင်း

[133] ကော်မတီရွေးကောက်ပွဲနှင့်ပတ်သက်၍ အကြောင်းအရာများစွာရှိပါသည်။ ပထမအနေနှင့် ပြည်သူအတွက်အသစ်ဖြစ်ခြင်း၊ ဒုတိယအနေဖြင့် ကော်မတီဝင်များအား ဆွဲခန့်ထားသည်ဟုထင်ခြင်း တို့ကြောင့် အသစ်ဖြစ်လာသောစီမံအုပ်ချုပ်မှုစနစ်မှာ စနစ်ပောင်းဖြင့်ရှုမြင်ခံရပါသည်။

နှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စစ်ဆေးခြင်းစသည့် ကဏ္ဍများတွင် လုပ်ပိုင်ခွင့်အာဏာရှိသည်။ ထို့အပြင် ကော်မတီ၏ လုပ်ပိုင်ခွင့်များထဲတွင် မြူနီစီပယ်လုပ်ငန်းများအတွက် စည်းမျဉ်းစည်းကမ်းများရေးဆွဲခြင်း၊ ဝန်ဆောင်မှုများအကောင်အထည်ဖော် မှုကို ကြီးကြပ်ခြင်းနှင့် အခြားအစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းစသည်တို့လည်း ပါဝင်သည်။[134] စည်ပင်သာယာရေးအထောက်အကူပြုကော်မတီများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များပြဌာန်းချက်များကို လေ့လာကြည့်ရှုလိုပါက နောက်ဆက်တွဲ- ၁၂ တွင်ဖော်ပြထားသော မွန်ပြည်နယ်၏ပြဌာန်းချက်ကို ကြည့်ပါ။ သို့ရာတွင် အခွန်အခနှုန်းထားများနှင့် ဘတ်ဂျက်၊ လုပ်ငန်းအစီအစဉ်စသည်တို့ကို စည်ပင်သာယာရေးအဖွဲ့ရုံးညွှန်ကြားရေးမှူးနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရ စည်ပင်သာယာရေးဝန်ကြီးတို့လက်မှတ်ရေးထိုးမှသာ အတည်ဖြစ်သည်ကို သတိပြုရန်လိုသည်။

စည်ပင်သာယာရေးအဖွဲ့ရုံးနှင့် စည်ပင်သာယာရေးကော်မတီဟူ၍ မြို့နယ်တစ်ခုတွင် ပူးတွဲအဖွဲ့အစည်းနှစ်ခုရှိ နေကြရာ ၎င်းတို့အကြားမှနားလည်မှုသည် ယခုမှစတင်ပေါက်ဖွားကာစဖြစ်ပြီး မကြာခဏဆိုသလို ပဋိပက္ခများလည်းရှိတတ်သည်။ အထူး သဖြင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြားတွင် ဖွဲ့စည်းပုံများ၊ အခန်းကဏ္ဍနှင့်တာဝန်ဝတ္တရားများစသဖြင့် အပြန်အလှန်နားလည်မှုကို တည် ဆောက်ရန် အချိန်ယူရဦးမည်ဖြစ်သည်။ အထူးသဖြင့် စည်ပင်သာယာရေးကော်မတီများတွင် ရပ်ရွာလူထု ကိုယ်စားလှယ်များ စတင်ပါဝင်လာသောအခါတွင် နားလည်မှုတည်ဆောက်ရန် ပိုမိုလိုအပ်လာခြင်းဖြစ်သည်။ ပြည်နယ်/တိုင်းဒေသကြီး မြူနီစီပယ် နည်းဥပဒေများတွင် စည်ပင်သာယာရေးအထောက်အကူပြုကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့ရုံးတို့၏ အခန်းကဏ္ဍနှင့် တာဝန် ဝတ္တရားများကို အချင်းချင်းကွဲပြားအောင်ခွဲခြား ပြဌာန်းထားခြင်းလည်း မရှိပေ။ သို့ရာတွင် အချို့သောအခြေခံစည်းမျဉ်းများနှင့် ပတ်သက်သည့် ဘုံသဘောတူညီမှုများ စတင်ရရှိလာနေပြီဖြစ်ပါသည်။

- မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသည် ပြည်နယ်/တိုင်းဒေသကြီး မြူနီစီပယ်ဥပဒေများတွင် ပြဌာန်းထားသော အခြေခံ တာဝန်နှင့် လုပ်ငန်းရပ် ၃၁ မျိုးကဲ့သို့သော မြူနီစီပယ်ရေးရာကိစ္စရပ်များ၏ နေ့တဒူဝစီမံခန့်ခွဲမှုကို တာဝန်ယူဆောင်ရွက် သည်။
- စည်ပင်သာယာရေးအထောက်အကူပြုကော်မတီသည် မြူနီစီပယ်လုပ်ငန်းဆိုင်ရာ ဦးစားပေးအစီအစဉ်များချမှတ်ခြင်း၊ အခြားအစိုးရဌာနများ၊ ရပ်ရွာလူထုစသည်တို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဒေသဖွံ့ဖြိုးရေးစီမံချက်များကို ရွေးချယ်ဆုံးဖြတ်ပေးခြင်းနှင့် လူထုကွင်းဆင်းလုပ်ငန်းများဆောင်ရွက်ခြင်းစသည်တို့အတွက် အဓိကတာဝန်ရှိသည်။[135]
- စည်ပင်သာယာရေးအထောက်အကူပြုကော်မတီအတွင်း ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဘုံသဘောတူညီမှုကို ရှာဖွေသည့် နည်းကို အဓိကသုံးပြီး မြို့နယ်အမှုဆောင်အရာရှိက အဓိကအခန်းကဏ္ဍမှပါဝင်သည်။[136]
- စည်ပင်သာယာရေးအထောက်အကူပြုကော်မတီများသည် ဖြစ်နိုင်ပါက အနည်းဆုံး တစ်ပတ်လျှင် တစ်ကြိမ်ပုံမှန်တွေ့ဆုံ ရန် လိုအပ်ပြီး ကော်မတီနှင့် လုပ်ငန်းအကောင်အထည်ဖော်သောအဖွဲ့အစည်းဖြစ်သည့် စည်ပင်သာယာရေးအဖွဲ့ရုံး အကြား ညှိနှိုင်းဆောင်ရွက်မှုပိုမိုအားကောင်းအောင် ဆောင်ရွက်ရမည်။
- စည်ပင်သာယာရေးကော်မတီသည် မြို့နယ်အတွင်းရှိ အခြားကော်မတီသုံးခုနှင့်လည်း တွေ့ဆုံညှိနှိုင်း ဆောင်ရွက်မှုများ ပြုလုပ်ရမည်။ အထူးသဖြင့် မြို့နယ်သို့တိုက်ရိုက်ချပေးသော ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများ (မဲဆန္ဒနယ် ဖွံ့ဖြိုးရေးရန်ပုံငွေ နှင့် အချို့မြို့နယ်များရှိ ဆင်းရဲမွဲတေမှုလျှော့ချရေးရန်ပုံငွေစသည်) နှင့်ပတ်သက်သည့် ဦးစားပေးလုပ်ငန်းများ သတ်မှတ် ရန်အတွက်ဖြစ်သည်။

စည်ပင်သာယာရေးအဖွဲ့ရုံးနှင့်ပူးပေါင်းပြီး ကော်မတီသည် မြို့နယ်စည်ပင်သာယာရေးရန်ပုံငွေများနှင့် လုပ်ငန်းရပ်များနှင့် ပတ်သက် ပြီး နှစ်စဉ်စီမံကိန်းနှင့် ဘတ်ဂျက်ဆိုင်ရာ ဦးစားပေးအစီအစဉ်များ ရေးဆွဲရာတွင် အဓိကအခန်းမှဆောင်ရွက်သည်။ နှစ်စဉ် ဆောင်ရွက်ရသော ထိုလုပ်ငန်းစဉ်တွင် ယေဘုယျအားဖြင့် အောက်ပါအဆင့်များပါဝင်သည်။[137]

---

[134] ၂၀၁၂ အောက်တိုဘာ မွန်ပြည်နယ် စည်ပင်သာယာရေးဥပဒေ၊

[135] အချို့ဒေသများတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီက ရပ်ကွက်များမှ လိုအပ်သော အချက်အလက်များ ကောက်ယူပြီး ဦးစားပေးစီမံကိန်းများ အဆိုပြုခြင်း၊ မြူနီစီပယ် ဥပဒေအကြောင်း လူထုကို အသိပေးအကြောင်းကြားခြင်း၌ တိုင်ကြားချက်များ ဖြေရှင်းပေးသည်။

[136] မွန်ပြည်နယ်ရှိ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ တနင်္သာရီတိုင်းရှိ စည်ပင်သာယာရေးဝန်ကြီး၊ တနင်္သာရီတိုင်းရှိ စည်ပင်သာယာရေးဝန်ထမ်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် အင်တာဗျူးများ။

[137] တနင်္သာရီတိုင်းရှိ The Asia Foundation/VNG workshop ၌ စည်ပင်အမှုဆောင်အရာရှိနှင့် အင်တာဗျူး။

၁ • မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသည် ဦးစားပေးလုပ်ငန်းအစီအစဉ်များနှင့် ရပ်ကွက်အလိုက်ဆောင်ရွက်မည့် လုပ်ငန်းများကို စာရင်းပြုစုပြီး ကော်မတီသို့ပေးပို့သည်။

၂ • မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ဝန်ထမ်းများနှင့် ကော်မတီတို့က အဆိုပြုချက်များကို ကုန်ကျစရိတ်များနှင့်တကွသုံးသပ်ပြီး လာမည့်ဘတ်ဂျက်နှစ်တွင် မည်သည့်စီမံချက်ကို ဦးစားပေးရန်ပုံငွေထောက်ပံ့သွားမည်ကို ဆုံးဖြတ်သည်။

၃ • မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ဝန်ထမ်းများနှင့် ကော်မတီတို့က ၎င်းတို့၏ တစ်နှစ်စာလုပ်ငန်းအစီအစဉ်များနှင့် ကုန်ကျစရိတ်တို့ကိုပူးတွဲပြီး ပြည်နယ်/တိုင်းဒေသကြီးအစိုးရထံသို့ တင်ပြသည်။

၄ • ပြည်နယ်/တိုင်းဒေသကြီးအဆင့် စည်ပင်သာယာရေးအဖွဲ့ရုံးညွှန်ကြားရေးမှူးက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးနှင့် စည်ပင်သာယာရေး အထောက်အကူပြု ကော်မတီနှစ်ခုစလုံးကိုတွေ့ဆုံပြီး လုပ်ငန်းအစီအစဉ်နှင့် ဘတ်ဂျက်များအကြောင်းဆွေးနွေးသည်။ များသောအားဖြင့် ညွှန်ကြားရေးမှူးသည် ပြင်ဆင်မှုကြီးကြီးမားမားလုပ်လေ့မရှိပေ။

၅ • မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ဝန်ထမ်းများနှင့် ကော်မတီတို့က နှစ်စဉ်လုပ်ငန်းအစီအစဉ်နှင့် ဘတ်ဂျက်တို့ကို နောက်ဆုံးသဘောတူညီမှုရယူသည်။ ထို့နောက် ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြသည်။

၆ • ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံးက တင်ပြလာသော လုပ်ငန်းအစီအစဉ်နှင့် ဘတ်ဂျက်ကိုအတည်ပြုပြီး ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးထံသို့ နောက်ဆုံးအဆင့်အတည်ပြုနိုင်ရန် ပေးပို့သည်။

ရပ်ရွာလူထုကိုယ်စားပြုသူများအများစုပါဝင်သော စည်ပင်သာယာရေးကော်မတီများကို ဖွဲ့စည်းတည်ထောင်ခြင်းကြောင့် မြူနီစီပယ်အုပ်ချုပ်ရေးစနစ်တွင် အပြောင်းအလဲနှင့် စိန်ခေါ်မှုများစွာကို ဖြစ်ပေါ်စေသည်။ စည်ပင်သာယာရေးအဖွဲ့ရုံး ဝန်ထမ်းများက လူထုကိုယ်စားလှယ်များပါဝင်သော ကော်မတီရှိခြင်းကြောင့် ရပ်ရွာလူထုကြားတွင် ကွင်းဆင်းဆောင်ရွက်ရသော လုပ်ငန်းများတွင် တိုးတက်လာပြီး ဒေသခံလူထုနှင့် စည်ပင်သာယာရေးအဖွဲ့ရုံးတို့အကြား ဆက်ဆံရေးလည်း တိုးတက်လာသည်ဟု ဆိုကြသည်။ ယခင်အစိုးရလက်ထက် နယ်စပ်ရေးရာဝန်ကြီးဌာနလက်အောက်တွင် လုပ်ကိုင်ခဲ့ဖူးသော ဝါရင့်စည်ပင်သာယာရေး အဖွဲ့ရုံး ပြည်သူ့ဝန်ထမ်းများသည် ကော်မတီ၏ လူထုကိုယ်စားပြုကော်မတီဝင်များကြောင့် သာမန်နိုင်ငံသားများနှင့် ထိတွေ့ ဆက်ဆံနိုင်မှု ပိုမိုတိုးတက်လာသည်ကို စတင်တွေ့ရှိလာကြသည်။ ပြည်သူလူထုအကြားတွင် ဖြစ်ပွားသော ပြဿနာများကို လွယ်ကူစွာဖြေရှင်းလာနိုင်ခြင်း၊ စည်ပင်သာယာရေးအဖွဲ့ရုံး၏ လုပ်ငန်းစဉ်များနှင့် ရည်ရွယ်ချက်များကို ပိုမိုထိရောက်စွာ ရှင်းပြနိုင်ခြင်း၊ လူထုပူးပေါင်း ပါဝင်မှုပိုမိုတိုးတက်လာစေရန် ပံ့ပိုးကူညီပေးခြင်းနှင့် စည်ပင်သာယာရေးအဖွဲ့၏ ဦးစားပေးလုပ်ငန်းများသည် လူထုက ထင်မြင်ယူဆသော ဦးစားပေးသင့်သည့်လုပ်ငန်းများနှင့် အံဝင်ဂွင်ကျဖြစ်လာစေခြင်းစသည်တို့သည် ကော်မတီရှိခြင်း ကြောင့်ရလာသည့် အကျိုးကျေးဇူးများဖြစ်သည်။

ထိုသို့ တိုးတက်ပြောင်းလဲလာခြင်းအတွက် အဓိကအထောက်အပံ့ဖြစ်စေသောအချက်တစ်ခုမှာ ကော်မတီ၏ လူထုကိုယ်စားပြုအဖွဲ့ ဝင်များသည် စည်ပင်သာယာရေးအဖွဲ့ရုံးဝန်ထမ်းများနှင့်မတူပဲ ဒေသခံများဖြစ်နေသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ရပ်ရွာလူထု၏ ယုံကြည်မှုကို ပိုမိုရရှိပြီး ယုံကြည်မှုရလာသော လူထုသည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတည်ဆောက်ရေးတွင် ပိုမိုပူးပေါင်း ဆောင်ရွက်လိုလာကြသည်။[138] ကော်မတီတွင် ရပ်ရွာလူထုကိုယ်စားလှယ်များပါဝင်လာခြင်း၏ အကျိုးကျေးဇူးတစ်ခုမှာ စည်ပင်သာ ယာရေးအဖွဲ့ရုံးများသည် ဘတ်ဂျက်နှင့်ပတ်သက်လျင် ပို၍ပွင့်လင်းမြင်သာလာကြခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကော်မတီသည် ဘတ်ဂျက်နှင့် အသုံးစရိတ်များကိုအတည်ပြုပေးပြီး သက်ဆိုင်ရာလုပ်ငန်းများအရည်အသွေးပြည့်/မပြည့်ကိုလည်း စောင့်ကြည့်စစ်ဆေးရသောကြောင့်ဖြစ်သည်။[139] စည်ပင်သာယာရေးအဖွဲ့ရုံးအရာရှိတစ်ဦး၏ ပြောကြားချက်ကို အောက်တွင်ဖော်ပြ ထားသည်။

> *အရင်တုန်းက အမှုဆောင်အရာရှိနဲ့စည်ပင်ဝန်ထမ်းတွေကပဲ ဆုံးဖြတ်ချက်ပြီး စီမံချက်တွေကိုဆောင်ရွက်ကြတယ်။ အခုတော့ ဒေသခံကော်မတီဝင်လေးယောက်ပါလာပြီ။ အဓိကကတော့ လူထုအသံကို လုပ်ငန်းစဉ်တွေထဲမှာထင်ဟပ် နိုင်အောင်ဖြစ်ပါတယ်။ ကော်မတီတွေရှိလာတော့ (ဥပမာ) လမ်းတွေဘာတွေ ပြင်လာနိုင်တာအများကြီးရှိလာတယ်။*

[138] ရှမ်းပြည်နယ်ရှိ စည်ပင် အမှုဆောင်အရာရှိ၊ ဧရာဝတီတိုင်းဒေသကြီးရှိ စည်ပင်သာယာရေးအဖွဲ့ဝင်များနှင့် အမှုဆောင်အရာရှိ၊ ရှမ်းပြည်နယ်နှင့် ပအိုဝ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မြို့နယ်စည်ပင်အဖွဲ့ဝင်တို့နှင့် အင်တာဗျူးများ။

[139] ဧရာဝတီတိုင်းဒေသကြီးရှိ စည်ပင်သာယာရေးအဖွဲ့ဝင်များနှင့် အမှုဆောင်အရာရှိ၊ပအိုဝ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရှိ အမှုဆောင်အရာရှိနှင့် အင်တာဗျူးများ။

> *ကော်မတီဝင်တွေက ပြည်သူတွေပိုပြီးပူးပေါင်းထည့်ဝင်လာအောင် စည်းရုံးနိုင်တယ်။ ကော်မတီဝင်တွေက သူတို့ဩဇာနဲ့ နာမည်ကိုသုံးပြီး ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ပြည်သူတွေပိုမိုပူးပေါင်းပါဝင်လာအောင် လုပ်ပေးနိုင်တယ်။ ကော်မတီဝင်တွေက တရားမဝင်လမ်းဘေးဈေးသည်တွေနဲ့တွေ့ပြီး စည်းမျဉ်းတွေကို လိုက်နာစောင့်ထိန်းဖို့တွန်းအား ပေးနိုင်ခဲ့တယ်။ တကယ်တော့ သူတို့ဟာ စည်ပင်အဖွဲ့ရုံးနဲ့ ရပ်ရွာလူထုကြားက ပေါင်းကူးတံတားတွေလိုဖြစ်နေပြီး ဒေသခံတွေနဲ့ နားလည်မှု၊ ဆက်ဆံမှု ပိုကောင်းလာအောင်လုပ်ပေးတယ်။ ပြီးတော့ ပွင့်လင်းမြင်သာရေးအတွက်လည်း သူတို့က အထောက်အကူ ဖြစ်တယ်။ စီမံချက်တွေအကြောင်းကို အရပ်ဘက်အဖွဲ့တွေနဲ့ ပြည်သူလူထုကို သူတို့က ရှင်းပြနိုင်တယ်။*[140]

ကော်မတီမှ လူထုကိုယ်စားလှယ်တစ်ဦးကလည်း

> *ကော်မတီဝင်တွေက ပြည်သူ့ဝန်ဆောင်မှုတည်ဆောက်ရေးလုပ်ငန်းတွေဆောင်ရွက်ဖို့ စည်ပင်ရန်ပုံငွေမှာ လူထုကထည့်ဝင်လာအောင် ဆောင်ရွက်ပေးနိုင်တယ်။ ရပ်ရွာနဲ့ စည်ပင်အဖွဲ့ရုံးတို့နှစ်ခုပေါင်းလိုက်ရင် ကွန်ကရစ်လမ်းတွေကို နှစ်ဆ ဖောက်လုပ်လာနိုင်တယ်။ ကော်မတီထဲမှာ ရပ်ထဲရွာထဲကလူတွေပါပါလာတော့ လူထုက စည်ပင်အဖွဲ့ရုံးကို ပိုယုံလာကြတယ်။*[141]

သို့ရာတွင် စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတို့အကြား ဆက်သွယ်ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများလည်းရှိသည်။ အဓိကအကျဆုံးစိန်ခေါ်မှုမှာ ကော်မတီက စည်ပင်သာယာရေးအဖွဲ့ရုံးများအပေါ် မည်သည့်အတိုင်းအတာအထိ ဩဇာသက်ရောက်သင့်သည်နှင့် အကယ်၍ စည်ပင်ရုံးဝန်ထမ်းများက သဘောမတူသောဆုံးဖြတ်ချက်များကို ကော်မတီက မည်သည့်အတိုင်းအတာအထိ ဖိအားပေးစေခိုင်းနိုင်သည်စသော အချက်များနှင့်ပတ်သက်သည့် အမြင် သဘောထား ကွဲလွဲမှုပင်ဖြစ်သည်။ ပြည်နယ်/တိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေများတွင် ထိုသဘောထားကွဲလွဲမှုများကို မည်သို့ဖြေရှင်းရမည်ကို ရှင်းလင်းစွာဖော်ပြထားခြင်းမရှိသောကြောင့်လည်း စိန်ခေါ်မှုမှာပိုမိုကြီးမားလာရသည်။ အထူးသဖြင့် မိမိကိုယ်ကို ကျွမ်းကျင်သူများအဖြစ် မှတ်ယူထားကြသော ဝါရင့်စည်ပင်ရုံးဝန်ထမ်းများနှင့် ရပ်ရွာလိုအပ်ချက်ကို အထူးရှေ့တန်းတင်ရန် ကြိုးပမ်းသော ကော်မတီဝင်တို့ ထိပ်တိုက်တွေ့သောအခါတွင် ဖြေရှင်းရန် ပိုမိုခက်ခဲလေ့ရှိသည်။

အထူးသဖြင့် လုပ်ငန်းနည်းပညာပိုင်းဆိုင်ရာကိစ္စရပ်များတွင် စည်ပင်ရုံးဝန်ထမ်းက အရပ်သားကော်မတီဝင်သည် စည်ပင်သာယာရေးအဖွဲ့ရုံး၏ ဥပဒေကြောင်းအရလုပ်ပိုင်ခွင့်များနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာအကန့်အသတ်များ (ဥပမာ အရင်းအမြစ်) စသည်တို့ကို ကောင်းစွာနားလည်ခြင်းမရှိဟု ယူဆတတ်ကြသည်။[142] သို့ရာတွင် အချို့ကလည်း ယင်းပြဿနာသည် စည်ပင်သာယာရေးကော်မတီများကို စတင်မိတ်ဆက်ပေးသော အစောပိုင်းကာလများဖြစ်သည့် ၂၀၁၂-၁၃ က ပြဿနာသာဖြစ် သည်ဟု ဆိုကြသည်။ ကော်မတီမှ အရပ်သားကော်မတီဝင်များအနေဖြင့် စည်ပင်သာယာရေးအဖွဲ့ရုံးများ၏ လုပ်ပိုင်ခွင့်နှင့် စွမ်းဆောင်ရည်များကို ပိုမိုနားလည်သဘောပေါက်လာသောအခါ ၎င်းတို့၏ မျှော်လင့်ချက်များမှာလည်း အရှိတရားနှင့် ပိုမိုနီးစပ်လာကြသည်။ ထိုသို့ နားလည်လာခြင်း၏ အကျိုးဆက်အနေဖြင့် ရပ်ရွာကိုယ်စားပြုကော်မတီဝင်က မြို့နယ်စည်ပင်အဖွဲ့ရုံးအနေဖြင့် မည်သည်တို့ကို ဆောင်ရွက်နိုင်မည်ကို လူထုနားလည်သဘောပေါက်အောင် ရှင်းလင်းပြောပြထားနိုင်မည်ဖြစ်သည်။[143]

ပြည်နယ်/တိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေများ၏ မရေရာမပြတ်သားမှုကြောင့် ကြုံရသောနောက်ထပ်စိန်ခေါ်မှုတစ်ရပ်မှာ စည်ပင်အဖွဲ့ရုံးများအနေနှင့် ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံးနှင့် စည်ပင်သာယာရေးအထောက်အကူပြုကော်မတီသုံးခုစလုံးထံမှ ညွှန်ကြားချက်များကို တပြိုင်နက်တည်းခံယူနေရခြင်းပင်ဖြစ်သည်။ ထို့ကြောင့် မကြာခဏဆိုသလိုအထက်ပါအဖွဲ့အစည်းများအကြားတင်းမာမှုများဖြစ်ပေါ်တတ်ပြီး စီမံကိန်းရေးဆွဲခြင်း၊ ဘတ်ဂျက် သတ်မှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းအားလုံးတို့တွင် ထိရောက်သင့်သလောက် မထိရောက်တတ်သည်များလည်းရှိသည်။ ယေဘုယျသုံးသပ်ချက်တစ်ခုမှာ ပြည်နယ်/တိုင်းဒေသကြီးအဆင့်မှ ညွှန်ကြားချက်များကိုလက်ခံနေရခြင်းသည်

[140] ရောဝတီတိုင်းဒေသကြီးတွင် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝင်များ ၊ အမှုဆောင်အရာရှိနှင့်အင်တာဗျူး
[141] ရောဝတီတိုင်းဒေသကြီးတွင် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝင်များ ၊ အမှုဆောင်အရာရှိနှင့်အင်တာဗျူး
[142] ရှမ်းပြည်နယ်ရှိ စည်ပင် အမှုဆောင်အရာရှိနှင့် အင်တာဗျူး။
[143] မွန်ပြည်နယ်ရှိ စည်ပင်သာယာရေးဝန်ကြီး၊ ရှမ်းပြည်နယ်ရှိ စည်ပင် အမှုဆောင်အရာရှိနှင့် အင်တာဗျူး။

စည်ပင်သာယာရေး အထောက်အကူပြုကော်မတီ၏လုပ်ပိုင်ခွင့်ကို ဝင်ရောက်စွက်ဖက်ရာရောက်ပြီး ဒေသခံပြည်သူတို့ပူးပေါင်းပါဝင်ရေးနှင့် တာဝန်ခံယူမှုတို့ကို ထိခိုက်စေပါသည်။[144]

## ၅.၂။ အဓိကဆက်နွယ်ပတ်သက်မှုများ

သမ္မတရုံး၊ ဝန်ကြီးဌာနများနှင့် ပါလီမာန်တို့အပါအဝင် မည်သည့်ပြည်ထောင်စုအစိုးရအဆင့်အဖွဲ့အစည်းမှ စည်ပင်သာယာရေးအဖွဲ့များကိုကြည့်ကြပ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် လမ်းညွှန်ခြင်းများမပြုလုပ်ကြပေ။ ခွင်းချက်အနေနှင့် ဝန်ထမ်းအသစ်များခန့်ထားသည့်အခါမှသာ ပြည်ထောင်စုဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က လူသားအရင်းအမြစ် စီမံခန့်ခွဲမှုနှင့်ပတ်သက်ပြီး ထောက်ပံ့မှုပြုသော်လည်း အနည်းငယ်သော ပမာဏသာဖြစ်သည်။ နောက်ထပ်ခြွင်းချက်တစ်ခုမှာ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများအနေနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ဗဟိုလေ့ကျင့်ရေးကျောင်းတွင် သင်တန်းများတက်ရောက်နိုင်ခြင်းဖြစ်သည်။ ထိုအချက်များမှအပ စည် ပင်သာယာရေးအဖွဲ့များနှင့်ပတ်သက်သော တာဝန်များအားလုံးကို ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသို့ အပြည့်အဝလွှဲပြောင်း ပေးထားသည်။ ထို့အပြင် မြူနီစီပယ်အုပ်ချုပ်ရေးကိစ္စများနှင့်ပတ်သက်ပြီး ဆုံချက်အဖြစ်တာဝန်ယူပေးမည့် ပြည်ထောင်စုအဆင့်ရှိ အဖွဲ့အစည်း/လူပုဂ္ဂိုလ်လည်း ရှိနေပုံမပေါ်ပါ။

စည်ပင်သာယာရေးအဖွဲ့များသည် ရေအရင်းအမြစ်စီမံခန့်ခွဲမှု၊ လျှပ်စစ်နှင့် လမ်းဖောက်လုပ်ရေးစသော ဒေသန္တရ လူမှုဝန်ဆောင်မှုများနှင့် ဖွံ့ဖြိုးရေးစီမံချက်များနှင့်ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီးဌာန များနှင့် ပုံမှန်ထိတွေ့ဆက်ဆံမှုများရှိသည်။ ထို့ကြောင့် ပြည် နယ်တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးများနှင့် စည်ပင်သာယာရေးအဖွဲ့ရုံးဝန်ထမ်းများသည် နေပြည်တော်တွင်ကျင်းပသည့် အစိုးရဝန် ကြီးဌာနများ၏ အဆင့်မြင့်အစည်းအဝေးများနှင့် ဆွေးနွေးပွဲများသို့တက်ရောက်ကြသည်များရှိသည်။ သို့ရာတွင် မြူနီစီပယ်အရေးအရာကိစ္စများကို သီးခြားဆွေးနွေးရန်အတွက် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရ အဆင့်မြင့်အရာရှိများ၊ စည်ပင်သာယာရေးအဖွဲ့ရုံးအရာရှိများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ သီးသန့်တွေ့ဆုံဆွေးနွေးမှုများတော့ မရှိပေ။ စည်ပင်သာယာရေးအဖွဲ့များအတွက် ပြည်ထောင်စုအဆင့်တွင် ဆုံချက် သို့မဟုတ်ပေါင်းစပ်ညှိနှိုင်းပေးမည့် အဖွဲ့အစည်း မရှိခြင်းကြောင့် ၎င်းတို့၏ အကျိုးစီးပွားများနှင့် ဖြေရှင်းရမည့်ပြဿနာများစသည်တို့ကို အမြင့်ဆုံးအစိုးရအဖွဲ့အဆင့်တွင် ကိုယ်စားပြု ဆွေးနွေး၊ ဖြေရှင်းပေးမည့်သူမရှိပဲဖြစ်ရသည်။

မြူနီစီပယ်အုပ်ချုပ်ရေးနှင့်ပတ်သက်ပြီး ပြည်ထောင်စုအဆင့်တွင်စိတ်ပါဝင်စားမှုမရှိခြင်းအပြင် သက်ဆိုင်ရာပြည်နယ်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များ အချင်းချင်းကြားဆက်သွယ်ဆောင်ရွက်နိုင်ရန် အဖွဲ့အားလုံးပါဝင်သည့် အသင်းအဖွဲ့များလည်းမရှိပေ။ ပြည်နယ်တိုင်းဒေသကြီးများမှ စည်ပင်သာယာရေးဝန်ကြီးများနှင့် အဆင့်မြင့်စည်ပင်ရုံးအရာရှိကြီးများမှာလည်း အချင်းချင်းတွေ့ဆုံရခြင်းများ မရှိသလောက်နည်းပါးပြီး၊ မြူနီစီပယ်အုပ်ချုပ်ရေးစနစ်အတွင်း ၎င်းတို့၏လိုလားချက်များကို ကိုယ်စားပြုဆွေးနွေးဖလှယ်နိုင်မည့် ကွန်ရက် သို့မဟုတ် အဖွဲ့အစည်းများလည်း မရှိပေ။ ယင်းအခြေအနေသည် ဒေသန္တရအစိုးရများနှင့် မြူနီစီပယ်အဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် ဘုံအဖွဲ့အစည်းများထူထောင်ထားရှိသော ကျန်နိုင်ငံများနှင့် ကွဲပြားခြားနားနေသည်။

ပြည်နယ်/တိုင်းဒေသကြီးများအချင်းချင်းကြား၊ သက်ဆိုင်ရာပြည်နယ်တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့်ကြားပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုပုံစံအမျိုးမျိုးရှိပြီး များသောအားဖြင့် စည်ပင်သာယာရေးအထောက်အကူပြုကော်မတီဝင်များကို ချန်လုပ်ထားလေ့ရှိသည်။ ရှမ်းပြည်နယ်တွင်မူ စည်ပင်ရုံးဝန်ထမ်းများနှင့် ကော်မတီဝင်များသည် ပြည်နယ်ဖွံ့ဖြိုးရေးဝန်ကြီးနှင့် ပြည်နယ်စည်ပင်ရုံးညွှန်ကြားရေးမှူးတို့ပါဝင်သော စုံညီအစည်းအဝေးကို တစ်နှစ်လျှင်နှစ်ကြိမ်ကျင်းပပြီး အောင်မြင်မှုများနှင့် စိန်ခေါ်မှုများကို ဆွေးနွေးကြသည်။[145] တနင်္သာရီတိုင်းတွင် အလားတူတွေ့ဆုံမှုများရှိသော်လည်း ကော်မတီဝင်များမပါဝင်ချေ။[146] ရောဝတီတိုင်းဒေသကြီးတွင် မြို့နယ်စည်ပင်ရုံးမှအမှုဆောင်အရာရှိများသည် သက်ဆိုင်ရာစည်ပင်ရုံးညွှန်ကြားရေးမှူးအပါအဝင် ခရိုင်အလိုက်တွေ့ဆုံကြသည်။[147] သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးတွင်းနှင့် ပြည်နယ်/တိုင်းဒေသကြီးအချင်းချင်းကြား အလျားလိုက်ဆက်သွယ်ပေးမည့် အဖွဲ့အစည်း၊ ဖိုရမ်များရှိမနေသောကြောင့် စည်ပင်သာယာရေးအဖွဲ့များအနေနှင့် ပုံမှန်သတင်းဖလှယ်ခြင်း၊ ဘုံအကျိုးစီးပွားများကိုဖော်ထုတ်ခြင်း၊ ပြည်ထောင်စုအစိုးရနှင့် မြူနီစီပယ်ရေးရာကိစ္စများညှိနှိုင်းရာတွင် ပူးပေါင်းရပ်တည်ခြင်းစသော ကိစ္စရပ်များ ဆောင်ရွက်ရန် အခွင့်

---

[144] ရောဝတီတိုင်းဒေသကြီးတွင် The Asia Foundation/VNG workshop ၌ စည်ပင်ဝန်ထမ်းနှင့် အင်တာဗျူးများ။

[145] ရှမ်းပြည်နယ် စည်ပင်ညွှန်ကြားရေးမှူးနှင့် အင်တာဗျူး။

[146] တနင်္သာရီတိုင်းဒေသကြီးတွင် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် အင်တာဗျူးများ။ မှူး

[147] ရောဝတီတိုင်းဒေသကြီးတွင် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် အင်တာဗျူးများ။

အလမ်းမရှိပေ။ ထို့ကြောင့် နိုင်ငံတစ်ဝှမ်းရှိ စည်ပင်သာယာရေးအဖွဲ့များ တပြေးညီစံသတ်မှတ်မှုနှင့် အရည်အသွေးဆိုင်ရာများအတွက် ပူးပေါင်းဆောင်ရွက်ရန် အကန့်အသတ်ရှိသည်။

စည်ပင်သာယာရေးအဖွဲ့များနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ မြို့နယ်အဆင့်ဌာနခွဲများအကြားတွင် အခြေခံအဆောက်အအုံများဆောက်လုပ်ခြင်းနှင့် မြို့နယ်ဖွံ့ဖြိုးရေးရန်ပုံငွေများသုံးစွဲရေးကိစ္စများနှင့်ပတ်သက်ပြီး ညှိနှိုင်းဆွေးနွေးရမှုများရှိသည် (အပိုင်း- ၃ တွင်ဖော်ပြထား)။ ထိုညှိနှိုင်းမှုများကို မြို့နယ်အဆင့်ပေါင်းစပ်ညှိနှိုင်းရေးအစည်းအဝေးတွင်လည်းကောင်း၊ စည်ပင်သာယာရေးအဖွဲ့ရုံးဝန်ထမ်းများ၊ ကော်မတီဝင်များနှင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမြို့နယ်ရုံး အကြားတိုက်ရိုက်ဆွေးနွေးခြင်းဖြင့်လည်းကောင်း ဆောင်ရွက်ကြသည်။ စည်ပင်သာယာရေးအဖွဲ့များနှင့်ထိတွေ့ဆက်ဆံရသည့် အဓိကဌာနဆိုင်ရာအဖွဲ့အစည်းများမှာ အောက်ပါတို့ ဖြစ်သည်။

- *<u>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန</u>* - စည်ပင်သာယာရေးအဖွဲ့များသည် လမ်းများနှင့်ပန်းခြံများကို မီးထွန်းခြင်းအတွက်တာဝန်ရှိပြီး လိုအပ်သော မီးတိုင်မီးသီးများတပ်ဆင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ ဝန်ဆောင်ခကောက်ခံခြင်းတို့ကို ဆောင်ရွက်ကြလေ့ရှိသည်။ လိုအပ်သော လျှပ်စစ်ဓာတ်အားကိုပေးမည့် လျှပ်စစ်ဝန်ကြီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရပြီး ကျသင့်ဓာတ်အားခကို စည်ပင်အဖွဲ့ရုံးကပေးချေသည်။[148]

- *<u>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန</u>* - အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဥက္ကဋ္ဌအဖြစ် တာဝန်ယူသော မြို့နယ်စီမံခန့်ခွဲမှုကော်မတီအတွင်း အဓိကညှိနှိုင်းဆောင်ရွက်ရခြင်းဖြစ်သည်။ စီမံခန့်ခွဲမှုကော်မတီ၏ အဓိကလုပ်ငန်းများမှာ တရားဥပဒေစိုးမိုးရေး၊ ကျူးကျော်နေနိုင်သူများအားဖယ်ရှားရေး၊ မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေးနှင့် အုပ်ချုပ်ရေးကိစ္စရပ်ပေါင်းစုံတို့ဖြစ်သည်။[149]

- *<u>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန</u>* - ယခင်သမိုင်းအစဉ်အလာဆက်နွယ်မှုများကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့ရုံးတို့သည် နီးစပ်သောဆက်သွယ်မှုများရှိကြသည်။ အချို့မြို့နယ်များတွင် ရုံးအဆောက်အအုံများနှင့် စက်ယန္တရားများကိုပါ မျှဝေသုံးစွဲနေကြသည်။ အချို့သော ကျေးရွာ အုပ်စုများသည် အဖွဲ့အစည်းနှစ်ခုစလုံး၏ လုပ်ပိုင်ခွင့်နယ်ပယ်အတွင်း၌ရှိနေသဖြင့် အနီးကပ်ညှိနှိုင်း ဆောင်ရွက်ကြရသည်။ အထူးသဖြင့် လမ်းမငယ်များဖောက်လုပ်ခြင်းကဲ့သို့သော အသေးစားဖွံ့ဖြိုးရေး စီမံချက်များအတွက်ဖြစ်သည်။[150]

- *<u>ဆောက်လုပ်ရေးဝန်ကြီးဌာန</u>* - မြို့ပြဒေသများမှ လမ်းအငယ်စားများမှာ စည်ပင်သာယာရေးအဖွဲ့များ၏လုပ်ပိုင်ခွင့်ဖြစ်ပြီး မြို့များနှင့် မြို့ကြီးများကို ဆက်သွယ်သည့် လမ်းမများနှင့်အဝေးပြေးလမ်းများကို ဖောက်လုပ်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူသည်။ စည်ပင်သာယာရေးအဖွဲ့များနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့သည် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်အတူ လမ်းဖောက်လုပ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် ပုံမှန်တွေ့ဆုံညှိနှိုင်းမှုများရှိသည်။ အချို့ဒေသများတွင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်ပါ ညှိနှိုင်းရသည်။[151]

- *<u>ကျန်းမာရေးဝန်ကြီးဌာန</u>* - စားသောက်ကုန်နှင့်ဆက်စပ်သောလုပ်ငန်းများ (စားသောက်ဆိုင်၊ စတိုးဆိုင်၊ သားသတ်ရုံစသည်) အတွက်လိုင်စင်များထုတ်ပေးခြင်းနှင့် အခွန်အခများကောက်ခံခြင်းတို့ကို စည်ပင်သာယာရေးအဖွဲ့ရုံးက ဆောင်ရွက်သော်လည်း ကျန်းမာရေးဝန်ကြီးဌာနက ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ စံနှုန်းများကို လေးစားလိုက်နာရေးအတွက်တာဝန်ယူရသည်။ ထို့ကြောင့် ထိုအဖွဲ့အစည်းနှစ်ခုသည် သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းများကို ပူးပေါင်း စစ်ဆေးရေးဆောင်ရွက်ကြသည်။

- *<u>ရဲတပ်ဖွဲ့</u>* - ဥပဒေအကောင်အထည်ဖော်ရေးနှင့်ပတ်သက်သော ကိစ္စရပ်များအားလုံးအတွက် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ ရဲတပ်ဖွဲ့ကို အားကိုးအားထားပြုရသည်။ ယာဉ်စည်းကမ်း ထိန်းသိမ်း

---

[148] ရောဝတီတိုင်းဒေသကြီးတွင် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် အင်တာဗျူးများ။

[149] ရောဝတီတိုင်းဒေသကြီးတွင် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝင်များ ၊ အမှုဆောင်အရာရှိနှင့် စည်ပင်ဝန်ထမ်းများ၊ တနင်္သာရီတိုင်းရှိ ဒုမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးနှင့် အင်တာဗျူးများ။

[150] တနင်္သာရီတိုင်းဒေသကြီးရှိ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝင်များ၊ စည်ပင်ဝန်ထမ်းများ အင်တာဗျူးများ။

[151] ရောဝတီတိုင်းဒေသကြီးတွင် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် အင်တာဗျူးများ။

ရေး၊ မြူနီစီပယ်ပိုင်မြေပေါ်တွင် ကျူးကျော်နေထိုင်ခြင်း၊ ဒဏ်ကြေးများနှင့် အခွန်အခများကို အချိန်မှီ မပေးဆောင်ခြင်းစသည့် ကိစ္စရပ်များတွင် ရဲတပ်ဖွဲ့၏အကူအညီယူလေ့ရှိသည်။

စည်ပင်သာယာရေးအဖွဲ့များနှင့် အခြားဌာနဆိုင်ရာများအကြားဆက်ဆံရေးတွင်လည်း မကြာခဏဆိုသလို စိန်ခေါ်မှုများကို ရင်ဆိုင်ရသည်။ အဓိကအကြောင်းရင်းမှာ ကဏ္ဍစုံ ပေါင်းစပ်စီမံကိန်းမျိုးမရှိခြင်း၊ အရင်းအမြစ်အကန့်အသတ်၊ စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာများအကြား (အထူးသဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်) လုပ်ပိုင်ခွင့်များ ထပ်နေခြင်းစသည်တို့ဖြစ်သည်။ ထို့အပြင် စည်ပင်သာယာရေးအဖွဲ့များသည် စည်းမျဉ်းစည်းကမ်းများကို လိုက်နာအောင်ဆောင်ရွက်ရာတွင်လည်း အကန့်အသတ်ရှိသဖြင့် ယင်းကိစ္စအတွက် ကျန်ဌာနများကို အားကိုးအားထားပြုနေရသည်။ ဆက်သွယ်ရေးနှင့် စွမ်းဆောင်ရည်ဆိုင်ရာ အရည်အချင်း လိုအပ်ချက်များကလည်း ပြဿနာကို ပိုကြီးစေသည်။ စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးနှစ်ဦးက အောက်ပါအတိုင်း ပြောကြားထားကြသည်။

*အုပ်ချုပ်ရေးနဲ့ စည်ပင်လုပ်ငန်းတွေကို သီးခြားဌာနနှစ်ခုက ကိုင်တွယ်နေတဲ့အတွက် အခက်အခဲအကြီးကြီးရှိပါတယ်။ ဥပမာ စည်ပင်ရုံးက ဘယ်နေရာတွေမှာ မြို့ကွက်တွေ ချဲ့ထွင်နေလည်းဆိုတာ တခါတလေမသိသလို ကျန်တဲ့ဌာနတွေကလည်း အကြောင်းကြားတာမျိုးမရှိဘူး။ ဒီလိုနဲ့ ကွက်သစ်တွေတစ်ခုပြီးတခုပေါ်လာတယ်။ နောက်ငါးနှစ်လောက်လည်းကြာရော ပြဿနာတွေအားလုံးအတွက် စည်ပင်ကို ခေါင်းပုံချပါလေရော။ ပေါင်းစပ်ဆောင်ရွက်မှုမရှိတာက တကယ့်ကို ပြဿနာကြီးပဲ။*

*ဥပဒေမှာ ဆိုထားသလို စည်ပင်သာယာရေးအဖွဲ့က မြို့ပြစီမံကိန်းရေးဆွဲခြင်းကို ဆောင်ရွက်သင့်တယ်။ ဒါပေမယ့် ကျွန်တော်တို့မလုပ်နိုင်ဘူး။ ဒါကြောင့် လက်တွေ့လုပ်နေတာနဲ့ လုပ်ရမယ့် တာဝန်၊ ဝတ္တရားတွေကြားမှာ လစ်ဟာမှုတွေ ရှိလာတယ်။ ဥပဒေအရ စည်ပင်အဖွဲ့က ရေပေးဝေရေးစနစ်တွေအတွက် တာဝန်ရှိတယ်။ ဒါပေမယ့် ဒါတွေလုပ်ဖို့ ငွေတွေအများကြီးလိုပြီး စည်ပင်အဖွဲ့မှာက ဘတ်ဂျက်အကန့်အသတ်နဲ့ရှိနေတယ်။ ဥပမာ လျှပ်စစ်မီးဆိုပါတော့။ စည်ပင်က အခွန်ကောက်ပြီး မီးတိုင်တွေ မီးကြိုးတွေကို ထိန်းသိမ်းစောင့်ရှောက်တယ်။ ဒါပေမယ့် တကယ်တမ်းမီးရမရက လျှပ်စစ်ဌာနအပေါ်မှာပဲ မူတည်တယ်။ ကျွန်တော်တို့စည်ပင်ကို လုပ်ပိုင်ခွင့်တာဝန်ပေးထားပေမယ့် ဒီတာဝန်ကိုကျေအောင် ကျန်တဲ့ဌာနတွေနဲ့ ညှိပြီးလုပ်ဖို့လိုတယ်။ အဲဒီညှိနှိုင်းရေးက အလွန်ခက်ခဲတယ်။*

အပိုင်း- ၃ တွင်ဆွေးနွေးထားသလိုပင် မြို့နယ်အဆင့်၌ အဓိကအကျဆုံးကော်မတီလေးခုရှိရာ စည်ပင်သာယာရေး အထောက်အကူပြုကော်မတီမှာ တစ်ခုအပါအဝင်ဖြစ်သည်။ စည်ပင်ကော်မတီသည် များသောအားဖြင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် စည်ပင်သာယာရေးကော်မတီတို့နှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ရသော်လည်း မြေယာစီမံခန့်ခွဲမှု ကော်မတီနှင့်မှု ထိတွေ့မှု နည်းပါး သည်။[152] ပုံမှန်တွေ့ဆုံသည့်အကြိမ်အရေအတွက်မှာ တစ်နေရာနှင့်တနေရာ ကွဲပြားခြားနားသော်လည်း များသောအားဖြင့် ပေါင်းစပ် ညှိနှိုင်းရေးအစည်းအဝေးများကို တစ်ပတ်တစ်ခါ သို့မဟုတ် တစ်လနှစ်ခါကျင်းပကြသည်။ ထိုသို့ထိတွေ့ဆက်ဆံရခြင်း အဓိကအကြောင်းမှာ မြို့နယ်ဖွံ့ဖြိုးရေးရန်ပုံငွေများကို စီမံခန့်ခွဲရန်ဖြစ်သည်။[153] ထိုရန်ပုံငွေများမှာ လွန်ခဲ့သောနှစ်အနည်းငယ်က ပြည်ထောင်စုလွှတ်တော်နှင့် သမ္မတရုံးတို့မှ ဦးဆောင်ဦးရွက်ပြုသော မဲဆန္ဒနယ်ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် ဆင်းရဲမွဲတေမှု လျှော့ချရေး ရန်ပုံငွေတို့ဖြစ်သည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှလာသော ကျေးလက်ဖွံ့ဖြိုးရေး ရန်ပုံငွေပေါင်းစုံနှင့် စည်ပင်သာယာရေးအဖွဲ့များ ကိုယ်တိုင်ကောက်ခံရရှိသော ရန်ပုံငွေများနှင့်ပတ်သက်၍လည်း ပေါင်းစပ်ညှိနှိုင်းမှုများဆောင်ရွက်ရသည်။[154] မဲဆန္ဒနယ်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမွဲတေမှုလျှော့ချရေးရန်ပုံငွေများ၏ အများစုကြီးဖြစ်သော ၈၀-၉၀% ခန့်ကို ကျေးလက်ဒေသများအတွက် အသုံးပြုပြီး ကျန်ပမာဏအနည်းငယ်ကိုသာ စည်ပင်အဖွဲ့များတာဝန်ယူရသော မြို့ပြဒေသများအတွက် အသုံးပြုခြင်းဖြစ်သည်။

---

[152] မြို့နယ်စည်ပင်သာယာရေးကော်မတီသည် မြို့နယ်စီမံကိန်းရေးဆွဲနှင့် အကောင်အထည်ဖော်ရေး ကော်မတီနှင့် ထိတွေ့ဆက်ဆံမှု အနည်းငယ်သာရှိသည်။ ကော်မတီ၄ ခုသည် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု အများစုကို ဆောင်ရွက်နေစဉ်တွင် မြို့နယ်စည်ပင်သာယာရေး ကော်မတီ နှင့် ပြည်ထောင်စုဝန်ကြီးဌာနများသည် နှစ်စဉ်စီမံကိန်းများကို မြို့နယ်စီမံကိန်းရေးဆွဲနှင့် အကောင်အထည်ဖော်ရေး ကော်မတီသို့ ဆက်လက်တင်ပြသည်။ ၎င်းမှ တစ်ဆင့် နှစ်စဉ်စီမံကိန်းများကို အထက်အာဏာပိုင်အဖွဲ့များသို့ ပြည်ထောင်စုလွှတ်တော်မှ နှစ်စဉ်ဘတ်ဂျက် ခွဲဝေပေးရေးအတွက် ဆက်လက်တင်ပြသည်။ မွန်ပြည်နယ်တွင် မြို့နယ်စီမံကိန်းရေးဆွဲရေးဌာန ဝန်ထမ်းများနှင့် အင်တာဗျူး။ ဧရာဝတီတိုင်းဒေသကြီးတွင် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် အင်တာဗျူးများ။ မွန်ပြည်နယ်ရှိ မြို့နယ်စည်ပင်သာယာရေး ကော်မတီအဖွဲ့ဝင်များနှင့် အင်တာဗျူး။

[153] နောက်ထပ် သိရှိလိုပါက Robertson and Joelene. 2015. *Local Development Funds in Myanmar* တွင် ကြည့်ပါ။

[154] ဧရာဝတီတိုင်း ဒေသကြီးတွင် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်းရှိ မြို့နယ်စည်ပင်သာယာရေး ကော်မတီအဖွဲ့ဝင်များ၊ ဧရာဝတီတိုင်းဖွံ့ဖြိုးရေး ဝန်ကြီး၊ မွန်ပြည်နယ်ရှိ မြို့နယ်ဖွံ့ဖြိုးရေး ကော်မတီ ကိုယ်စားလှယ်များ၊ တနင်္သာရီတိုင်းရှိ စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး နှင့် အင်တာဗျူးများ။

မြို့နယ်အဆင့်ကော်မတီများနှင့်ပြုလုပ်သော ပေါင်းစပ်ညှိနှိုင်းရေးအစည်းအဝေးများတွင် ကော်မတီဝင်များသည် ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ စည်ပင်သာယာရေးကော်မတီများမှ အဆိုပြုတင်ပြလာသော အသေးစားအခြေခံအဆောက်အအုံ စီမံချက်များကို ဆွေးနွေးအတည်ပြုပေးကြသည်။ ထို့အပြင် စည်ပင်သာယာရေးအဖွဲ့များနှင့် အခြားဌာနများ၏ စီမံကိန်းများကို ဆွေးနွေးကြပြီး ရန်ပုံငွေစီမံချက်များ အချင်းချင်းထပ်တူမကျရေး အဓိကထားဆွေးနွေးကြသည်။[155] အကယ်၍ စည်ပင်သာယာရေး အဖွဲ့က ကိုယ်ပိုင်ရန်ပုံငွေဖြင့် စီမံချက်ကို အပြီးအစီးဆောင်ရွက်နိုင်ခြင်းမရှိပါက ထိုကော်မတီအစည်းအဝေးများမှတစ်ဆင့် အခြား ဌာနများ/ဖွံ့ဖြိုးရေးရန်ပုံငွေများ ပူးပေါင်းထည့်ဝင်ပြီး ဆက်လက်ဆောင်ရွက်နိုင်ရန် စီစဉ်ညှိနှိုင်းပေးသည်။[156] အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူးက ဦးဆောင်ပြီး အခြားဌာနဆိုင်ရာအရာရှိများချည်း ပါဝင်သော မြို့နယ်အတွင်း အဆင့်အမြင့်ဆုံး ပေါင်းစပ်ညှိနှိုင်းရေးကော်မတီအဖြစ်သည့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီက စည်ပင်သာယာရေးအဖွဲ့ရုံးဝန်ထမ်းများအား အခြားဌာန ဆိုင်ရာများနှင့် တိုက်ရိုက်ညှိနှိုင်းဆွေးနွေးနိုင်စေရန် စီစဉ်ပေးသည်။ ဥပမာအားဖြင့် အမှိုက်များကို မည်သည့်နေရာတွင် စွန့်ပစ် သင့်သည်၊ ဈေးအသစ် သို့မဟုတ် သုသာန်မြေအသစ်ကို မည်သည့်နေရာတွင် သတ်မှတ်ပေးသင့်သည် စသည်နှင့် မြေယာနှင့် ပတ်သက်သော အငြင်းပွားမှုများ ဖြေရှင်းခြင်းစသည်တို့ကိုညှိနှိုင်းဆွေးနွေးကြသည်။

ရပ်ရွာလူထုနှင့် ဆက်ဆံရေးနှင့်ပတ်သက်လျှင် ရပ်ကွက်အုပ်ချုပ်ရေးမှူးမှာ လူထုနှင့်စည်ပင်သာယာရေးအဖွဲ့ကြားတွင် အဓိက ဆက်စပ်ပေးသူဖြစ်သည်။ အကယ်၍ ကျေးရွာအုပ်စုတွင်ပါ စည်ပင်သာယာရေးအဖွဲ့လုပ်ငန်း ဆောင်ရွက်ပါက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှ တစ်ဆင့်ဆက်သွယ်သည်။ အထိကဆက်ဆံရသည့်အကြောင်းမှာ အဓိကအားဖြင့် အခြေခံအဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းများဖြစ်သော ဒေသဖွံ့ဖြိုးရေးစီမံချက်များရွေးချယ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့အတွက် ဖြစ် သည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးက ဆောင်ရွက်လိုသည့် ဖွံ့ဖြိုးရေးစီမံချက်အတွက် (ဥပမာ လမ်းခင်းခြင်း၊ လမ်းမီးများပြုပြင်ခြင်း၊ ရေနှင့် အညစ်အကြေးစွန့်စနစ်များပြုပြင်ခြင်းစသည်) စည်ပင်သာယာရေးအဖွဲ့သို့ တိုက်ရိုက်အဆိုပြုသည်။ အဆိုပြုချက်များနှင့် အကြံပြုချက်များသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် စည်ပင်သာယာရေး အထောက်အကူပြုကော်မတီသို့ တင်သွင်းသည်လည်းရှိသည်။ ကော်မတီများက ထိုအချက်များကို အခြား အဆိုပြုချက်များနှင့်အတူ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ သို့မဟုတ် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေ သို့မဟုတ် အခြားဌာနဆိုင်ရာ ရန်ပုံငွေများဖြင့် ဆောင်ရွက်မည့်စီမံချက်များအတွက် ထည့်သွင်းစဉ်းစားကြသည်။[157]

မကြာခဏဆိုသလို စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက နှစ်စဉ်စီမံကိန်းများ ညှိနှိုင်းရေးဆွဲရာတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးကိုပါ ခေါ်ယူပြီး ၎င်းတို့ စီမံကိန်းဦးစားပေးမှုကြမ်းနှင့် ဘတ်ဂျက်များအပေါ် အကြံပြုချက်များတောင်းခံလေ့ရှိသည်။ အကယ်၍ စီမံချက် အကောင်အထည်ဖော်ရာတွင် ဒေသခံလူထု၏ပူးပေါင်းပါဝင်မှု လိုအပ်သောကိစ္စများ ဥပမာ လမ်းဖောက်လုပ်ရန်အတွက် လုပ်အား သို့မဟုတ် ရန်ပုံငွေတောင်းခံလိုသည်များတွင်လည်း ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်သည်။[158] ထို့အပြင် ဒေသတွင်းစီးပွားရေးလုပ်ငန်းများအတွက် အခွန်များနှင့် ဝန်ဆောင်ခများပြောင်းလဲခြင်းကဲ့သို့ လူထုကို သတင်းအချက် အလက်ပေးလိုသောအခါတိုင်းတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၏ အကူအညီကိုယူလေ့ရှိသည်။

ယခုကဲ့သို့အစိုးရဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် ဆက်သွယ်မှုများအပြင် စည်ပင်သာယာရေးအဖွဲ့များသည် ဒေသခံလူထုနှင့် လည်း နည်းလမ်းပေါင်းစုံဖြင့် ဆက်သွယ်မှုများပြုလုပ်ကြသည်။ စည်ပင်ရုံးဝန်ထမ်းများနှင့် ကော်မတီဝင်များ အားလုံးသည် မြူနီစီပယ် လုပ်ငန်းရပ်များထိရောက်အောင်မြင်ရေးအတွက် လူထုပူးပေါင်းပါဝင်မှု အလွန်အရေးကြီးကြောင်း ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားကြသည်။ သို့ရာတွင် လူထုပူးပေါင်းပါဝင်မှုမှာ မြူနီစီပယ်လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ စည်းမျဉ်းလုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်သောနေရာတွင်လည်းကောင်း နိမ့်ကျလျက်ရှိနေသေးသည်။ လူထုပါဝင်မှုနှင့် လိုက်နာဆောင် ရွက်မှုတို့နှင့်ပတ်သက်ပြီး စည်ပင်သာယာရေးအဖွဲ့များရင်ဆိုင်နေရသော စိန်ခေါ်မှုများစွာရှိသည်။ ၎င်းတို့အထဲတွင် မြူနီစီပယ်လုပ်ငန်းများတွင် စိတ်ပါဝင်စားမှုမရှိခြင်း၊ အရိုးစွဲနေပြီဖြစ်သော စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်း၊ ဝန်ဆောင်ခများနှင့်

[155] ရှမ်းပြည်နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဌာန အမှုဆောင် အတွင်းရေးမှူး၊ ဧရာဝတီတိုင်းရှိ မြို့နယ်စည်ပင်သာယာရေး ကော်မတီအဖွဲ့ဝင်များနှင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် စည်ပင်ဝန်ထမ်းများ နှင့် အင်တာဗျူးများ

[156] တနင်္သာရီတိုင်းရှိ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီအဖွဲ့ဝင်များနှင့် အင်တာဗျူး

[157] ဧရာဝတီတိုင်း ဒေသကြီး မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များနှင့် အင်တာဗျူး

[158] မွန်ပြည်နယ်ရှိ မြို့နယ်စည်ပင်သာယာရေး ကော်မတီအဖွဲ့ဝင်များနှင့် အင်တာဗျူး

အခွန်အခများ ပေးရန်ပျက်ကွက်ခြင်း စသည်တို့ပါဝင်သည်။[159] စည်ပင်ရုံးဝန်ထမ်းများနှင့် ကော်မတီဝင်အများအပြားက ထိုအခြေအနေများကို ပြုပြင် ပြောင်းလဲနိုင်ရေးသည် အရေးကြီးသော ဦးစားပေးလုပ်ငန်းစဉ်တစ်ခုအဖြစ် ခံယူထားကြသည်။ ထို့အပြင် စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ အောင်မြင်ရေးအတွက် လူထု၏ တက်တက်ကြွကြွပူးပေါင်း ဆောင်ရွက်မှုနှင့် အခွန်အခနှင့် ဝန်ဆောင်ခ မျိုးစုံတို့ကို မှန်မှန်ကန်ကန်ပေးသွင်းမှုတို့သည် အလွန်အရေးကြီးကြောင်း ရှင်းရှင်းလင်းလင်း သိနားလည်နေကြပြီဖြစ်သည်။ ပြည်နယ်တစ်ခုမှ စည်ပင်သာယာရေးဝန်ကြီးက အောက်ပါအတိုင်း ပြောကြား သည်။

> *ဘတ်ဂျက်အကန့်အသတ်က ပြဿနာတစ်ခုဖြစ်နေတယ်။ နောက်ပြီး ကျွန်တော်တို့အလုပ်အများစုကလည်း လူထုရဲ့စိတ်လိုလက်ရ ပူးပေါင်းဆောင်ရွက်မှုအပေါ်မှာ အများကြီးတည်နေတယ်။ လူတွေက စည်းမျဉ်းစည်းကမ်းတွေကို အလေးထားလိုက်နာမှုမရှိရင် ကျွန်တော်တို့အလုပ်တွေလည်းအောင်မြင်မှာမဟုတ်ဘူး။ ဥပမာ အခွန်အခနဲ့ ဝန်ဆောင်ခတွေကို မှန်မှန်ကန်ကန်အချိန်မီပေးသွင်းတာမျိုးပေါ့။ ကျွန်တော့်အတွေ့အကြုံအရ တချို့လူတွေက စည်ပင်ရေကို ခိုးသွယ်တယ်၊ နေရာတကာအမှိုက်ပစ်တယ်၊ ပေးရမယ့်အခွန်ကိုကျတော့ ရှောင်တယ်၊ လမ်းမီးတိုင်လိုဟာတွေကိုလည်း အကြောင်းမဲ့ဖျက်ဆီးတတ်တယ်။ မြူနီစီပယ်ဝန်ဆောင်မှုတွေ တကယ်ကောင်းအောင်လုပ်ဖို့ဆိုရင် အချိန်ယူရမယ်။ ဒါကိုကော်မတီနဲ့ စည်ပင်ရုံးကပဲ လုပ်ဖို့မဖြစ်နိုင်ဘူး။ မြူနီစီပယ်လုပ်ငန်းတွေနဲ့ပတ်သက်ရင် လူထုအသိအမြင်နိုးကြားဖို့ အလွန်ပဲအရေးကြီးပါတယ်။ ဒါကို အန်ဂျီအိုတွေနဲ့ ပြည်နယ်အစိုးရကဆောင်ရွက်ပေးစေလိုတယ်။*[160]

တပြိုင်နက်တည်းမှာပင် ရပ်ရွာလူထုဖက်မှလည်း စည်ပင်သာယာရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သဖြင့် ၎င်းတို့အတွက် အကျိုးကျေးဇူး မများလှကြောင်းကို သိသိသာသာပင် ထင်မြင်ယူဆထားမှုများရှိသည်။ အဂတိလိုက်စားမှုပြဿနာများ၊ ဝန်ဆောင်မှုများ အရည်အသွေးညံ့ဖျင်းခြင်း၊ စည်ပင်အဖွဲ့များနှင့် အဓိပ္ပါယ်ရှိရှိ ထိတွေ့ဆက်ဆံနိုင်မည့်အခွင့်အလမ်းနည်းပါးခြင်း စသည်တို့မှာ ရပ်ရွာ လူထုဖက်မှကြုံရသော အခက်အခဲများဖြစ်သည်။ သို့ရာတွင် အားကောင်းမောင်းသန် ပူးပေါင်းဆောင်ရွက်မှုများ အသစ်စတင်ဖြစ်ထွန်းသည့် ဥပမာများလည်းရှိသည်။ ဥပမာအားဖြင့် စည်ပင်ရုံးဝန်ထမ်းများနှင့် ကော်မတီဝင်များက လူနေရပ်ကွက်များအတွင်း ကွန်ကရစ်လမ်းခင်းရာတွင် 'ကုန်ကျစရိတ်ကိုမျှဝေခြင်း' ကဲ့သို့သောပူးပေါင်းဆောင်ရွက်မှုများကို ထောက်ပြကြသည်။ အချို့သော စီမံချက်များတွင် လူထုက မိမိတို့၏အကျိုးစီးပွားရှိသည်ဟု လက်ခံသောကြောင့် ပိုမိုပူးပေါင်း ဆောင်ရွက်ကြသဖြင့် ပိုမိုထိရောက်အားကောင်းသည်။ ဥပမာအားဖြင့် 'လမ်းပြုပြင်ရေးကော်မတီ' ကဲ့သို့ယာယီကော်မတီများကို ဖွဲ့စည်းပြီး စည်ပင်သာယာရေး အဖွဲ့များနှင့် ပူးပေါင်းကာ စီမံချက်ကို ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြခြင်းမျိုး ဖြစ်သည်။[161]

စည်ပင်သာယာရေးအဖွဲ့များနှင့် ဒေသခံအရပ်ဘက်အဖွဲ့အစည်းများကြားတွင်လည်း ပူးပေါင်းဆောင်ရွက်မှုနည်းပါးသည်။ နာရေးကူညီမှုလုပ်ငန်းများသည် စည်ပင်အဖွဲ့များနှင့် အရပ်ဘက်အဖွဲ့အစည်းများကြားတွင် ပုံမှန်ထိတွေ့ဆက်ဆံမှုရှိသောကိစ္စရပ်အနည်းငယ်အနက်မှာ တစ်ခုဖြစ်သည်။ နာရေးကူညီမှုအသင်းများသည် နာရေးလုပ်ငန်းများဆောင်ရွက်ခြင်း သို့မဟုတ် ကိုယ်ပိုင်မီးသင်္ဂြိုဟ်စက်တည်ထောင်ခြင်း (စည်ပင်မီးသင်္ဂြိုဟ်စက်မရှိ၊ ချို့ယွင်းနေသောကြောင့်) တို့ကဲ့သို့သောကိစ္စရပ်များအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးထံမှ ခွင့်ပြုချက်ရယူရန်လိုအပ်သည်။[162] တခါတရံတွင် စည်ပင်သာယာရေးအဖွဲ့က ဒေသခံဘာသာရေးအဖွဲ့အစည်းများကိုစည်းရုံးပြီး အမှိုက်စွန့်ပစ်ခြင်းကဲ့သို့သော မြူနီစီပယ်လုပ်ငန်းများနှင့်ဆက်စပ်သည့် ပညာရေး၊ ကျန်းမာရေးကိစ္စများတွင် လူထုအသိပညာပေးရေးလုပ်ငန်းများကို ဆောင်ရွက်စေသည်။ များသောအားဖြင့် အရပ်ဖက်အဖွဲ့အစည်းများက စည်ပင်သာယာရေးအဖွဲ့များထံချဉ်းကပ်ပြီး ဝန်ဆောင်မှုများတိုးတက်ကောင်းမွန်စေရန် သို့မဟုတ် ဒေသတွင်းအခြေခံအဆောက်အအုံစီမံချက်များ ဆောင်ရွက်ပေးရန် မေတ္တာရပ်ခံ တောင်းဆိုကြလေ့ရှိသည်။ ထို့အပြင် စည်ပင်သာယာရေးအဖွဲ့များက ဒေသခံလူမှုအဖွဲ့အစည်းများသို့ နည်းပညာဆိုင်ရာအကြံဉာဏ်များ (ဥပမာ ရေပေးဝေမှုစနစ်အငယ်စားများ ပြုပြင်ထိန်းသိမ်းခြင်းစသည်) များပေးလေ့ရှိသည်။[163]

စည်ပင်သာယာရေးအဖွဲ့များသည် များသောအားဖြင့် နိုင်ငံရေးသမားများနှင့် နိုင်ငံရေးပါတီများနှင့် အဖွဲ့အစည်းသဘောအရ ဆက်ဆံပတ်သက်ခြင်းမရှိကြပေ။ ခြွင်းချက်အနေနှင့် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များသည် ဒေသဖွံ့ဖြိုးရေးစီမံချက်များ၊ အထူးသဖြင့် မဲဆန္ဒနယ်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေးစီမံချက်များ

---

[159] ရောဝတီတိုင်း ဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးရှိ မြို့နယ်စည်ပင်သာယာရေး ကော်မတီအဖွဲ့ဝင်များနှင့် အင်တာဗျူး မွန်ပြည်နယ်နှင့် ရောဝတီတိုင်းဒေသကြီးတွင် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် အင်တာဗျူးများ။

[160] မွန်ပြည်နယ်ရှိ စည်ပင်သာယာရေးဝန်ကြီးနှင့် အင်တာဗျူး။

[161] ရောဝတီတိုင်း ဒေသကြီးရှိ စည်ပင်သာယာရေးဝန်ကြီးနှင့် အင်တာဗျူး။

[162] ရောဝတီတိုင်း ဒေသကြီးရှိ အခမဲ့ နာရေးကူညီမှုအသင်းနှင့် အင်တာဗျူး။

[163] ရောဝတီတိုင်း ဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးရှိ စည်ပင်ဝန်ထမ်းများနှင့် အင်တာဗျူး

အတွက် စည်ပင်သာယာရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိသည်။ ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်အမတ်များသည်လည်း စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်စဉ်ဘတ်ဂျက်ကိုအတည်ပြုရာတွင်ပါဝင်ကြပြီး၊ သက်ဆိုင်ရာမဲဆန္ဒနယ်အတွင်းမှ စည်ပင်သာယာရေးကိစ္စရပ်များကို ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးချုပ်သို့တင်ပြ၍ ဝန်ကြီးချုပ်က သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့ရုံးကိုဖြေရှင်းဆောင်ရွက်ရန်ပြန်လည်လွှဲပြောင်းပေးခြင်းများလည်းရှိသည်။[164]

စည်ပင်သာယာရေးအဖွဲ့များသည် မြန်မာနိုင်ငံသတင်းမီဒီယာများမှ မေးမြန်းစုံစမ်းခြင်းများကို တစ်နေ့တခြားပိုမိုလက်ခံဖြေကြားပေးနေရသည်။ များသောအားဖြင့် စည်ပင်ရုံးဝန်ထမ်းများသည် စာနယ်ဇင်းသမားများ၏ မေးမြန်းစုံစမ်းခြင်းများကို မည်သို့တုံ့ပြန်ဖြေရှင်းရမည်ကို နားမလည်ကြသော်လည်း စာနယ်ဇင်းများနှင့် ထိတွေ့ဆက်ဆံနည်းများကို နားလည်သဘောပေါက်ရန်စိတ်အားထက်သန်ကြသည်။ ရောဝတီတိုင်းဒေသကြီးတွင် မီဒီယာများနှင့် ထိတွေ့ဆက်ဆံရမည့် သီးခြားအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ထားရှိသည်။[165] သို့ရာတွင် လူထုနှင့်အဓိက သတင်းဖလှယ်ဆက်သွယ်ရေးကြားခံမှာ သတင်းမီဒီယာများမဟုတ်ပဲ စည်ပင်သာယာရေးကော်မတီဝင် ရပ်ရွာကိုယ်စားလှယ်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများသာဖြစ်သည်ဟုဆိုကြသည်။ ထိုသူများသည် စည်ပင်သာယာရေးအဖွဲ့များနှင့် ပြည်သူလူထုအကြားဆက်သွယ်ပေးမည့် အဓိက ကြားခံများဖြစ်ပြီး ပွင့်လင်းမြင်သာမှု၊ လူထုကိုသတင်းထုတ်ပြန်ပေးနိုင်မှုစသည်တို့မှာ မကြာသေးမီနှစ်များအတွင်းက တိုးတက်လာခဲ့ကြောင်း ယေဘုယျအားဖြင့် လက်ခံယုံကြည်ထားကြသည်။[166]

စည်ပင်သာယာရေး အထောက်အကူပြုကော်မတီမှ လူထုကိုယ်စားပြုကော်မတီဝင်များနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများသည် ဒေသခံလူထုနှင့် စတင်သတင်းဖလှယ်ဆက်သွယ်မှုများပြုလာရာ ယင်းသည်ပင် တိုးတက်မှုဖြစ်သည်ဟု လက်ခံထားကြသည်။ သို့သော် လူထုကို ကျယ်ကျယ်ပြန့်ပြန့်ထိတွေ့ဆက်ဆံရန် သို့မဟုတ် လူထု၏ သတင်းအချက်အလက်ရရှိပိုင်ခွင့်ကို ဖြည့်ဆည်းပေးရန် စနစ်တကျပြင်ဆင်ပြီး ပုံမှန်ဆောင်ရွက်သော လုပ်ဆောင်မှုများမှာ ဥပမာပေးနိုင်ရန် အနည်းငယ်သာ ရှိသေးသည်။ ဥပမာအားဖြင့် စည်ပင်သာယာရေး အထောက်အကူပြုကော်မတီအစည်းအဝေးမှတ်တမ်းများကို လူထုသို့ ဖြန့်ဝေမှုမရှိခြင်း၊ သာမာန်နိုင်ငံသားများအဖို့ ဆုံးဖြတ်ချက်များကို အလွယ်တကူ လက်လှမ်းမီသိရှိနိုင်စေမည့် နည်းလမ်းများ မရှိသေးခြင်း၊ ဖွံ့ဖြိုးရေးစီမံချက်များအတွက် ရန်ပုံငွေသတ်မှတ်ချထားပေးသည့် စံချိန်စံညွှန်းများကို ပြည်သူလူထု ကောင်းစွာမသိရှိရခြင်း၊ မြူနီစီပယ်ကိစ္စရပ်များအတွက် လူထုကျယ် ကျယ်ပြန့်ပြန့်ပါဝင်ဆွေးနွေးနိုင်သည့် လူထုစည်းဝေးပွဲများ မရှိသလောက်နီးပါး ဖြစ်နေခြင်းစသည်တို့ကို လေ့လာတွေ့ရှိနိုင်သည်။ ထိုအခြေအနေများဖြစ်နေခြင်းမှာ အဓိကအားဖြင့် လူထုနှင့် ထိတွေ့ဆက်ဆံရာတွင်သုံးသော အထက်ပါနည်းလမ်းများကို သိနားလည်မှုမရှိခြင်းကြောင့်သာဖြစ်ပြီး လူထုနှင့်ထိတွေ့ဆက်ဆံခြင်းကို ရည်ရွယ်ချက်ရှိရှိ ရှောင်ရှားလိုသောကြောင့် မဟုတ်ကြောင်း ယေဘုယျအားဖြင့် ယူဆနိုင်သည်။ သို့သော် လက်ရှိအခြေအနေ၏ ပြဿနာတစ်ရပ်မှာ လူထုသတင်းအချက်အလက် ရယူခြင်းနှင့် ထိတွေ့ဆက်ဆံခြင်းအတွက် အခြေခံများရှိမနေသောကြောင့် ကော်မတီဝင် လူထုကိုယ်စားလှယ်များနှင့် ဒေသအုပ်ချုပ်ရေးမှူးများမှာ 'သတင်းလမ်းကြောင်း ပိတ်ဆို့ရာနေရာများ' ဖြစ်နေရခြင်းပင်ဖြစ်သည်။

[164] ရောဝတီတိုင်း ဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ အမှုဆောင် အရာရှိ၊ ရောဝတီတိုင်း ဒေသကြီးရှိ စည်ပင်ညွှန်ကြားရေးမှူးနှင့် အင်တာဗျူးများ။

[165] ရောဝတီတိုင်းဒေသကြီးတွင် The Asia Foundation/VNG workshop ၌ စည်ပင်ဝန်ထမ်းနှင့် အင်တာဗျူးများ။

[166] ရောဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တွင် မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များနှင့် အင်တာဗျူးများ။

## ခြောက်။ ။ မူဝါဒရေးရာအကြံပြုချက်များ

ယခုအစီရင်ခံစာသည် မြန်မာနိုင်ငံ၏ မြူနီစီပယ်အုပ်ချုပ်မှုစနစ်နှင့်ပတ်သက်သည့် မိတ်ဆက်နိဒါန်းသာဖြစ်သော်လည်း စည်ပင်သာယာရေးအဖွဲ့များ၏ နောက်ခံသမိုင်း၊ ဥပဒေကြောင်းအရ လုပ်ပိုင်ခွင့်များ၊ အဓိကအခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများစသည် တို့ကို အသေးစိတ်လေ့လာသုံးသပ်ထားပါသည်။ သို့ရာတွင် စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းရပ်များနှင့်ပတ်သက်ပြီး နည်းပညာအရ အရည်အသွေးအကဲဖြတ်မှုကို အသေးစိတ်ပြုလုပ်ထားခြင်းမရှိပါ။ မြန်မာနိုင်ငံတွင် မြူနီစီပယ်အုပ်ချုပ်ရေးစနစ်ကို ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လာသည်နှင့်အမျှ ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးအကဲဖြတ်မှုကို မကြာမြင့်ခင် လေ့လာသုံးသပ်ရန် လိုအပ်လာမည်ဖြစ်သည်။

ယခုနောက်ဆုံးနိဂုံးချုပ်အပိုင်းတွင် စည်ပင်သာယာရေးအဖွဲ့များ ယေဘုယျကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ထောက်ပြသွားမည်ဖြစ်ပြီး လူမှုဝန်ဆောင်မှုများနှင့် စီးပွားရေးကဏ္ဍစီမံအုပ်ချုပ်မှုများနှင့် ယေဘုယျမြူနီစီပယ်အုပ်ချုပ်ရေးစွမ်းဆောင်ရည်များ တိုးတက်ကောင်းမွန်လာစေရေးအတွက် အရေးတကြီးဆောင်ရွက်သင့်သည့် ပြုပြင်ပြောင်းလဲရေးများကို အကြံပြုဖော်ပြသွားပါမည်။ နိဂုံးချုပ်အနေနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ဒေသန္တရအုပ်ချုပ်ရေးကို ပိုမိုရှေ့တန်းတင်လာသည့် မြန်မာနိုင်ငံ၏ သမိုင်းဝင် အသွင်ကူးပြောင်းရေးတွင် စည်ပင်သာယာရေးအဖွဲ့များ၏ နိုင်ငံရေးအခန်းကဏ္ဍ မည်မျှအရေးပါသည်ကို သုံးသပ်ဆွေးနွေးသွားပါမည်။

### ၆.၁။ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာစိန်ခေါ်မှုများနှင့် မူဝါဒရေးရာဦးစားပေးလုပ်ငန်းစဉ်များ

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျပြီး အမိန့်ပေးစနစ်အုပ်ချုပ်မှုအောက်တွင် ဆယ်စုနှစ်ပေါင်းများစွာကို ဖြတ်သန်းပြီးနောက် မြန်မာနိုင်ငံတွင် အုပ်ချုပ်မှုစနစ် ပြုပြင်ပြောင်းလဲရေးကို နယ်ပယ်အများအပြားတွင် ဆောင်ရွက်ရန် လိုအပ်နေသည်။ စည်ပင်သာယာရေးအဖွဲ့များ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများမှာ နက်ရှိုင်းကြီးမားသော်လည်း ယေဘုယျအားဖြင့် အောက်ပါ ဘုံဝိသေသလက္ခဏာများရှိသည်။ လုပ်ဆောင်ရမည့်တာဝန်များအတွက် လိုအပ်သောအရင်းအမြစ် အကန့်အသတ်နှင့်သာရှိခြင်းနှင့် နိုင်ငံတော်နှင့် နိုင်ငံသားများအကြားဆက်ဆံရေးမှာ အဆင်ပြေချောမွေ့မှုမရှိပဲ ယုံကြည်မှုလည်း ပျောက်ဆုံးလျက်ရှိသည်။ ယခုအခန်းတွင် ယခင်ဆွေးနွေးခဲ့သော လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အဓိကစိန်ခေါ်မှုများကို ပြန်လည်ခြုံငုံဖော်ပြပြီး ဖြစ်နိုင်ဖွယ်ရှိသော ဖြေရှင်းချက်များနှင့်ပတ်သက်၍ အကြံပြုချက်များပေးရန် အသေးစိတ်ဆွေးနွေးသွားပါမည်။

ယခုဖော်ပြမည့် စိန်ခေါ်မှုများမှာ စည်ပင်သာယာရေးအဖွဲ့ရုံးဝန်ထမ်းများနှင့် စည်ပင်သာယာရေးအထောက်အကူပြုကော်မတီဝင်များ၏ရှုမြင်ချက်များ အဓိကဖြစ်ပြီး ပြည်သူလူထုနှင့် အခြားသက်ဆိုင်သူများဖြစ်သည့် စီးပွားရေးလုပ်ငန်းများစသည်တို့၏ အမြင်များ အဓိကမဟုတ်ပါ။ ယခုလေ့လာမှု၏ အကန့်အသတ်ကြောင့် မြူနီစီပယ်အုပ်ချုပ်မှုစနစ်ဆိုင်ရာ ပြဿနာများနှင့်ပတ်သက်သည့် လူထုအမြင်စစ်တမ်းမျိုးကို ကျယ်ကျယ်ပြန့်ပြန့် ပြည့်စုံအောင်ဆောင်ရွက်နိုင်ခြင်းမရှိပါ။ သို့ရာတွင် ယေဘုယျအားဖြင့် လူမှုဝန်ဆောင်မှုများ၊ ရန်ပုံငွေနှင့် အခွန်ကောက်ခံခြင်းနှင့် စီမံခန့်ခွဲခြင်း၊ လူထုနှင့်ထိတွေ့ဆက်ဆံခြင်း စသည့်ကဏ္ဍများတွင် တိုးတက်ပြောင်းလဲမှုများ အပူတပြင်းလိုအပ်လျက်ရှိကြောင်း ပြည်သူလူထုက လက်ခံယုံကြည်ထားကြသည်။ ထိုသို့သော လူထု၏အမြင်များသည် မြူနီစီပယ်အုပ်ချုပ်ရေးစနစ်တစ်ခုတည်းအတွက် သီးသန့်အမြင်များမဟုတ်ပဲ မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးစနစ်ကြီးတစ်ခုလုံးအပေါ် ခြုံငုံရှုမြင်သောအမြင်များလည်းဖြစ်သည်။

#### ၆.၁.၁ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စိန်ခေါ်မှုများနှင့် လိုအပ်ချက်များ- စည်ပင်သာယာရေးအဖွဲ့များ၏ ကျယ်ပြန့်သောလုပ်ပိုင်ခွင့်

စည်ပင်သာယာရေးအဖွဲ့များရင်ဆိုင်ကြုံတွေ့နေရသော လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အဓိကစိန်ခေါ်မှုနှစ်မျိုးရှိသည်။ ထိုအချက်များကြောင့်ပင် စည်ပင်သာယာရေးအဖွဲ့များသည် အများနှင့်မတူသော အစိုးရအဖွဲ့အစည်းများဖြစ်နေကြခြင်းပင်ဖြစ်သည်။

၁။ စည်ပင်သာယာရေးအဖွဲ့များသည် ဘဏ္ဍာရေးအရ အပြည့်အဝ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်သော အဖွဲ့များဖြစ်ပြီး ကောက်ခံရရှိငွေ၏ ၉၀% ကျော်ကို သက်ဆိုင်ရာမြို့နယ်အတွင်းမှာပင်ပြန်လည်အသုံးပြုရသည်။ ထို့အပြင် ရန်ပုံငွေအသုံးပြုမှုနှင့်ပတ်သက်၍လည်း ဆုံးဖြတ်ဆောင်ရွက်ခွင့်ကြီးကြီးမားမားရှိသည်။

၂။ စည်ပင်သာယာရေးအဖွဲ့များသည် လူထုလိုအပ်ချက်အများအပြားကို ဖြည့်ဆည်းပေးနေသော အဓိကကျသည့် လူမှုဝန်ဆောင်မှုအဖွဲ့အစည်းများဖြစ်သည်။ ထို့အပြင် ဒေသတွင်းစီးပွားရေးကဏ္ဍစီမံအုပ်ချုပ်မှုတွင်လည်း အခန်းကဏ္ဍကြီးကြီးမားမားရှိသည်။

လိုအပ်သောရန်ပုံငွေအားလုံးကို ကိုယ်တိုင်ရှာဖွေရန်နှင့် လူထု၏ဖွံ့ဖြိုးရေးလိုအပ်ချက်ပေါင်းများစွာကို ထိုရန်ပုံငွေဖြင့်ပင် စီမံဖြည့်စွမ်းပေးရန်ဆိုသော ကိစ္စသည် ဖိအားအလွန်များသည်။ ယင်းအချက်က ဒေသန္တရအဆင့်တွင်ရှိနေကြသော ကျန်အစိုးရဌာနအားလုံးနှင့် ခြားနားနေသည်။ ကျန်ဌာနများသည်သတ်မှတ်ထားသော ကဏ္ဍတစ်ခုကိုသာ သီးသန့်ဆောင်ရွက်ရပြီး ကိုယ်တိုင်ဆုံးဖြတ်ပိုင်ခွင့်နှင့် မိမိတို့၏ စွမ်းဆောင်မှုအရည်အသွေးကို တာဝန်ခံယူမှုလည်း မရှိသလောက်နည်းပါးသည်။

စည်ပင်သာယာရေးအဖွဲ့များ ရင်ဆိုင်ကြုံတွေ့နေရသော လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စိန်ခေါ်မှုများကို စည်ပင်ရုံးဝန်ထမ်းများနှင့် ကော်မတီဝင်များကိုယ်တိုင် ထုတ်ဖော်ပြောကြားထားသည်များကို အောက်တွင်ဖော်ပြထားပါသည်။

***<u>ရန်ပုံငွေကောက်ခံမှုနှင့် စီမံခန့်ခွဲမှု</u>*** - ရန်ပုံငွေကို အရင်းအမြစ်များစွာမှ ကောက်ခံစုဆောင်းပြီး ထိုရန်ပုံငွေများကို ဝန်ဆောင်မှု အမျိုးမျိုးအတွက် စီမံခန့်ခွဲရခြင်းသည်ပင် စည်ပင်သာယာရေးအဖွဲ့များအတွက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာအကြီးဆုံးစိန်ခေါ်မှု ဖြစ်သည်။ စည်ပင်ရုံးဝန်ထမ်းများနှင့် ကော်မတီဝင်များကြားတွင် ရန်ပုံငွေအလုံအလောက်ကောက်ခံရရှိမှုမရှိခြင်းကြောင့် အရည်အသွေးမီ လူမှုဝန်ဆောင်မှုများ မဆောင်ရွက်နိုင်မည်ကို အဓိကစိုးရိမ်ပူပန်ကြသည်။ ရန်ပုံငွေ တိုးတက်ကောက်ခံရရှိမည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ရန် ဦးစားပေးသတ်မှတ်ထားကြသော်လည်း ဒေသခံစီးပွားရေးလုပ်ငန်းများနှင့် လူထုကို ဝန်ထုပ်ဝန်ပိုးဖြစ်စေမည်ကိုလည်း စိုးရိမ်ပူပန်ကြသည်။[167] အဓိကစိန်ခေါ်မှုများကို အောက်တွင်ဖော်ပြထားပါသည်။

- *လူထုလိုက်နာဆောင်ရွက်မှု* (ဝါ) ရန်ပုံငွေအရင်းအမြစ်များကပေးရန်ရှိသည့် အခွန်အခများကို မှန်မှန်ကန်ကန်ပေးရေးသည် ကြီးမားသော ပြဿနာဖြစ်သည်။ စည်ပင်သာယာရေးအဖွဲ့ရုံး အမှုဆောင်အရာရှိတစ်ဦးက ဘုံဝိသေသတစ်ခုကို အောက်ပါအတိုင်းပြောသည်။ 'လူထုက အခွန်ပေးရတာကို မကြိုက်ဘူး။'[168] လူထုအခွန်မှန်မှန်ကန်ကန်ပေးဆောင်စေရန် စည်ပင်သာယာရေးအဖွဲ့များက မစွမ်းဆောင်နိုင်မှုနှင့် ဩဇာအာဏာမရှိမှုတို့ကလည်း ထိုအချက်ကိုပိုဆိုးစေသည်။ အခြားတစ်ဖက်တွင်လည်း ဒေသတွင်းစီးပွားရေးလုပ်ငန်းများနှင့် ပြည်သူလူထုက ဝန်ဆောင်မှုများ၏အရည်အသွေးကို စိတ်ကျေနပ်မှုမရှိကြပဲ ထိုအကြောင်းကြောင့်လည်းအခွန်အခနှင့် ဝန်ဆောင်ခများပေးရန် လက်တွန့်ကြခြင်းဖြစ်သည်။

- *စည်ပင်သာယာရေးအဖွဲ့များ၏ ပိုလျှံသောရန်ပုံငွေများ*ကို ဘဏ္ဍာနှစ်အကုန်တွင် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများမှတစ်ဆင့်နောက်ဆုံးတွင် ပြည်ထောင်စုအစိုးရသို့ ပြန်လည်ပေးသွင်းရသည်။ ထို့ကြောင့် ဘတ်ဂျက်ကြိုတင်ပြင်ဆင်ရာတွင် အထူးတိကျရန်လိုပြီး ဘဏ္ဍာနှစ်ကုန်ရန် နီးကပ်လာသည်နှင့်အမျှ ခက်ခဲလာမည်ဖြစ်သည်။ စည်ပင်သာယာရေးအဖွဲ့ရုံးဝန်ထမ်းများ၏အဆိုအရ ထိုစည်းမျဉ်းသည် အထူးသဖြင့် ဘဏ္ဍာနှစ်၏ ဒုတိယနှစ်ဝက်တွင် ရန်ပုံငွေတိုးတက်ကောက်ခံရန် ကြိုးပမ်းအားထုတ်လိုစိတ် လျော့နည်းသွားစေသည်ဟု သိရသည်။ ပိုလျှံသောရန်ပုံငွေများကို နောက်ဘဏ္ဍာနှစ်သို့ သယ်ဆောင်သွားနိုင်လျှင် အကောင်းဆုံးဖြစ်မည်။[169]

- *နှစ်များစွာအတွက် ဘတ်ဂျက်ပြင်ဆင်ရေးဆွဲခြင်း* သည်လည်း မဖြစ်နိုင်ပေ။ စီမံချက်များအားလုံးသည် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ပြီးပြတ်ရမည့်အပြင် ရန်ပုံငွေကို တစ်နှစ်ထက်ပိုပြီး ခွဲဝေလျာထားရန် မဖြစ်နိုင်သဖြင့် ရေအရင်းအမြစ်စနစ်၊ အညစ်အကြေးစွန့်စနစ်နှင့် အဓိကလမ်းမကြီးများကဲ့သို့သော စီမံချက်ကြီးများကို ဆောင်ရွက်ရန် အလွန်ခက်ခဲသွားသည်။

- မြို့ကြီးများတွင် အခြေခံကုန်ကျစရိတ်အတွက် လိုအပ်သောရန်ပုံငွေကို ကောက်ခံရရှိနိုင်သော်လည်း *အလယ်အလတ်နှင့် မြို့အငယ်များအတွက် အခက်အခဲ*ရှိသည်။[170] ပြည်နယ်နှင့်တိုင်းဒေသကြီးအချို့တွင် မြို့နယ်ကြီးများမှ ရန်ပုံငွေအချို့ကို မြို့နယ်အငယ်များသို့ လွှဲပြောင်းပေးရန် အစီအမံများရှိသော်လည်း အကျိုးဆက်အနေဖြင့် မြို့နယ်အငယ်များသည် မြို့နယ်ကြီးများမှ လွှဲပြောင်းပေးမည့် ရန်ပုံငွေ ၁၀% ကိုသာ မှီခိုနေပြီး ကိုယ်တိုင်ရန်ပုံငွေကောက်ခံစုဆောင်းရန် မက်လုံးများ ပျောက်ဆုံးနေတတ်သည်။[171]

- *စီမံကိန်းရေးဆွဲရေးနည်းလမ်း*များမှာ အခြေခံအဆင့်သာဖြစ်သည်။ မဟာဗျူဟာ ကဏ္ဍစုံစီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ပြင်ဆင်ခြင်းမျိုးမရှိပေ။ ထို့အပြင် မြို့ပြစီမံကိန်းရေးဆွဲမှုကို ပံ့ပိုးပေးနိုင်သော အစိုးရဌာနများအချင်းချင်းကြားတွင်လည်း ကဏ္ဍအချင်းချင်း ပေါင်းစပ်အစီအစဉ် ရေးဆွဲခြင်းမရှိပေ။

[167] ရှမ်းပြည်နယ်ရှိ စည်ပင်သာယာရေး ဝန်ကြီးနှင့် အင်တာဗျူး။
[168] ရှမ်းပြည်နယ်ရှိ စည်ပင်အမှုဆောင်အရာရှိနှင့် အင်တာဗျူး
[169] ရှမ်းပြည်နယ်ရှိ စည်ပင်အမှုဆောင်အရာရှိနှင့် အင်တာဗျူး
[170] ရှမ်းပြည်နယ်ရှိ စည်ပင်သာယာရေး ဝန်ကြီးနှင့် အင်တာဗျူး။
[171] ရှမ်းပြည်နယ်ရှိ စည်ပင်အမှုဆောင်အရာရှိနှင့် အင်တာဗျူး

ရန်ပုံငွေအတွက် အပြည့်အဝကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်သော တစ်ခုတည်းသော ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့အစည်းဖြစ်သဖြင့် ရန်ပုံငွေကောက်ခံမှုနှင့် စီမံခန့်ခွဲမှုသည်ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်သင့်သည်။ ယင်းအတွက် လိုအပ်ချက်များမှာလည်း ကျယ်ပြန့်သည်။ ရန်ပုံငွေကောက်ခံရေးတွင် လူထုလိုက်နာဆောင်ရွက်မှု တိုးတက်စေရေး၊ လယ်ဂျာစာအုပ်အခြေခံစနစ်မှာ ပိုမိုကောင်းမွန်သောငွေစာရင်းစနစ်သို့ ကူးပြောင်းရေး၊ လူထုနှင့် စီးပွားရေးလုပ်ငန်းများမှ ပေးဆောင်ရမည့် အခွန်များနှင့် ဝန်ဆောင်ခနှုန်းထားများနှင့်ပတ်သက်ပြီး ပွင့်လင်းမြင်သာမှု ပိုမိုကောင်းမွန်ရေးမှာ အဓိကလိုအပ်ချက်များဖြစ်သည်။ ယင်းတို့နှင့်အတူ အခွန်ဘဏ္ဍာများ တိုးတက်ကောက်ခံရရှိစေရန် ရှင်းလင်းမြင်သာသော မက်လုံးများကိုလည်း ဖန်တီးပေးရမည်။ ဥပမာ စီးပွားရေးလုပ်ငန်းများနှင့် လူထုထံသို့ ကောက်ခံရရှိသောအခွန်ဘဏ္ဍာများကို မည်သို့သုံးစွဲမည်ကို ရှင်းလင်းစွာဖော်ပြပေးပြီး အခွန်ဘဏ္ဍာများတိုးမြှင့်ကောက်ခံရရှိခြင်းကြောင့် လူထုလိုလားသောဝန်ဆောင်မှုများကို မည်သို့တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်လာနိုင်မည်ကိုလည်းရှင်းပြခြင်းမျိုးဖြစ်သည်။ အခြားကိစ္စများမှာ ဘဏ္ဍာရေးစနစ်အတွင်းရှိ အားနည်းချက်များ ဥပမာ နှစ်များစွာအတွက် ဘတ်ဂျက်ရေးဆွဲနိုင်မှုမရှိခြင်းနှင့် ပိုလျှံရန်ပုံငွေများကို ပြည်ထောင်စုအစိုးရသို့ ပြန်လည်ပေးသွင်းရသည့်အချက်များကို ဖြေရှင်းဆောင်ရွက်သင့်သည်။ အဂတိလိုက်စားမှုကို အားပေးနေသည့်အခြေအနေများကိုလည်း ပြင်ဆင်ပြောင်းလဲရမည်။ ဥပမာ ပါမစ်နှင့်လိုင်စင်များရရှိရန် ထောက်ခံစာလိုအပ်သည့်စနစ်ကို ပြန်လည်စစ်ဆေးသုံးသပ်သင့်သည်။ စီးပွားရေးလုပ်ငန်းများ၏ဝင်ငွေကို မိမိဖာသာကြေညာစေသည့်စနစ်မျိုးကိုလည်း စဉ်းစားသင့်သလို ဆုံးရှုံးနိုင်ချေကို ထည့်သွင်းတွက်ချက်သည့် စာရင်းစစ်စနစ်ကိုပါယှဉ်တွဲအသုံးပြုသင့်သည်။

***<u>လူမှုဝန်ဆောင်မှုများ</u>*** - စည်ပင်သာယာရေးအဖွဲ့များသည် လမ်းဖောက်လုပ်ခြင်းနှင့် အမှိုက်သိမ်းဆည်းခြင်းကဲ့သို့သော လုပ်ငန်းများကို ပုံမှန်ဝန်ဆောင်မှုပေးနိုင်ကြသော်လည်း အခြားအခြေခံဝန်ဆောင်မှုများဖြစ်သည့် မြို့ပြရေပေးဝေရေးစနစ်နှင့် ရေဆိုးထုတ်စနစ် စသည်တို့ကို ဆောင်ရွက်နိုင်မှု မရှိသလောက်ဖြစ်နေသည်။ လိုအပ်သော လူမှုဝန်ဆောင်မှု အမျိုးအစားများအားလုံးကို တပြေးညီဝန်ဆောင်ပေးနိုင်ရေးသည် အရေးကြီးသည်။ စည်ပင်သာယာရေးအဖွဲ့များသည် မြန်မာနိုင်ငံသားများအနေနှင့် ပိုမိုတိုးတက်ကောင်းမွန်သော ဝန်ဆောင်မှုများကို လက်လှမ်းမီရရှိစေရေးတွင် အလွန်အရေးပါသည်။ နိုင်ငံတကာဖွံ့ဖြိုးရေးအကူအညီများသည် ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးတို့ကို တိုးတက်ကောင်းမွန်အောင် ကူညီထောက်ပံ့နေသကဲ့သို့ပင် စည်ပင်သာယာရေးအဖွဲ့များကို ဦးတည်၍ထောက်ပံ့ခြင်းသည်လည်း မြန်မာ့လူဦးရေ၏ ကြီးမားသောအစိတ်အပိုင်းကို ဝန်ဆောင်မှုများ တိုးတက်အောင် ကူညီရာရောက်ပေမည်။ အကယ်၍ ရေရှည်တည်တံ့ခိုင်မြဲရေးသည် စံနှုန်းတစ်ခုဖြစ်ပါက စည်ပင်သာယာရေးအဖွဲ့များသည် ကိုယ်တိုင်ရန်ပုံငွေရှာပြီး ရန်ပုံငွေကိုဒေသတွင်းမှာပင် ပြန်လည်သုံးစွဲသောကြောင့် ၎င်းတို့ကို ထောက်ပံ့ကူညီခြင်းသည် နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များအတွက် ရွေးချယ်သင့်သောနယ်ပယ်တစ်ခုဖြစ်သည်။

စည်ပင်သာယာရေးအဖွဲ့များ၏ ကျယ်ပြန့်သော တာဝန်နှင့်လုပ်ပိုင်ခွင့်များထဲမှ အောက်ပါတို့ကို စည်ပင်ရုံးဝန်ထမ်းများနှင့် ကော်မတီဝင်များက အဓိကဦးစားပေးများအဖြစ် သတ်မှတ်ထားကြသည် (နောက်ဆက်တွဲ- ၁၃)။[172] လူမှုဝန်ဆောင်မှုနယ်ပယ်တွင် လမ်းတံတားနှင့် ရေနုတ်မြောင်းများစသော အခြေခံအဆောက်အအုံများ တိုးတက်အောင်ဆောင်ရွက်ခြင်းသည် အဓိကဦးစားပေး ဖြစ်သည်။ သို့ရာတွင် လိုအပ်မှုအတိုင်းအတာမှာ တစ်နေရာနှင့် တစ်နေရာကွဲပြားသည်။ ဥပမာ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စည်ပင်သာယာရေးအဖွဲ့များသည် လူနေရပ်ကွက်များအတွင်း ကွန်ကရစ်လမ်းများ တိုးချဲ့ဖောက်လုပ်နိုင်ရေးကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ကြသည်။ ဒုတိယဦးစားပေး ဘုံရည်မှန်းချက်မှာ အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းဖြစ်သည်။ အမှိုက်သိမ်းဆည်းခြင်းသည် လူထုက အုပ်ချုပ်ရေးကဏ္ဍအပေါ်အမြင်ကို အဓိကသြဇာသက်ရောက်စေသဖြင့် စည်ပင်သာယာရေးအဖွဲ့များနှင့် လူထုအကြား ဆက်ဆံရေး တွင်လည်း အဓိကကျသည်။ တတိယဦးစားပေးမှာ မြို့ပြရေပေးဝေရေးစနစ်ဖြစ်သော်လည်း အထက်တွင်ဖော်ပြခဲ့သလို အမှန်တကယ်ဆောင်ရွက်နိုင်ခြင်း မရှိသလောက်ဖြစ်သည်။ အဓိကအဟန့်အတားမှာ တစ်မြို့လုံးအတိုင်းအတာဖြင့် ရေပေးဝေရေးစနစ် တည်ဆောက်ရန် ကနဦးရင်းနှီးမြှုပ်နှံမှု ပမာဏအလွန်ကြီးမားသောကြောင့်ဖြစ်သည်။ အညစ်အကြေးစွန့်စနစ်နှင့်ပတ်သက်လျှင်လည်း အလားတူမျှော်လင့်ချက်နှင့် စိန်ခေါ်မှုများရှိနေသည်။

***<u>လူထုနှင့် ထိတွေ့ဆက်ဆံခြင်း</u>*** - စည်ပင်ရုံးဝန်ထမ်းများနှင့် ကော်မတီဝင်များနှစ်မျိုးစလုံး တညီတညာတည်းထောက်ပြသောစိန်ခေါ်မှု တစ်ခုမှာ မြူနီစီပယ်လုပ်ငန်းနယ်ပယ်အများစုတွင် လူထုပူးပေါင်းပါဝင်မှုမှာ အလွန်နိမ့်ကျနေခြင်းဖြစ်သည်။ စည်ပင်သာယာရေးအဖွဲ့များသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့်အတူပင် မြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအကြား အဓိကကြားခံဆက်သွယ်ပေးနေသော အဖွဲ့အစည်းများဖြစ်ကြသည်။ မြန်မာနိုင်ငံ၏ အားနည်းနေသော နိုင်ငံတော်-နိုင်ငံသားများဆက်ဆံရေးကို တိုးတက်ကောင်းမွန်စေလိုပါက စည်ပင်သာယာရေးအဖွဲ့များ၏

[172] ၎င်းအမြင်များကို မတ်လ ၂၀၁၅ တွင် ဧရာဝတီတိုင်းဒေသ၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ရှိ စည်ပင်သာယာရေးဝန်ထမ်းများကို မြူနီစီပယ်အုပ်ချုပ်မှုသင်တန်းတွင် ဖော်ပြပါရှိသည်။ The Asia Foundation and VNG International တို့မှ ပူးပေါင်းသင်တန်းပေးခြင်းဖြစ်သည်။

လူထုနှင့် ထိတွေ့ဆက်ဆံ ပူးပေါင်းဆောင်ရွက်နိုင်စွမ်းကို မြှင့်တင်ခြင်းသည် မဖြစ်မနေဆောင်ရွက်ရမည့်အချက်ပင်ဖြစ်သည်။ စည်ပင်သာယာရေးအဖွဲ့များ၏လုပ်ငန်းတာဝန်များကို ကောင်းမွန်စွာဆောင်ရွက်နိုင်ရေးတွင်လည်း လူထုပူးပေါင်းပါဝင်ရေးက အရေးကြီးပြန်ရာ လူထုဆက်ဆံရေးကို တိုးတက်အောင်ဆောင်ရွက်နိုင်ပါက မြူနီစီပယ်ဝန်ဆောင်မှုများတွင် လူထု စိတ်ကျေနပ်မှုကိုလည်း တိုးတက်အောင် လုပ်နိုင်မည်ဖြစ်သည်။ ထိုအချက်သည် အခွန်ဘဏ္ဍာ တိုးတက်ကောက်ခံရရှိရေးအတွက် မရှိမဖြစ်တင်ကြိုလိုအပ်ချက်ဖြစ်သည်။

အကယ်၍ စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းရပ်များအတွက် လမ်းညွှန်ချက်များ၊ လုပ်ငန်းဆောင်ရွက်မှုစနစ်များကို လူအများအလွယ်တကူသိရှိနားလည်နိုင်စေရန်နှင့် လူထုထံမှလည်း ဥပဒေအရ မည်သို့သော ပူးပေါင်းဆောင်ရွက်မှုများကို လိုအပ်သည်ကို လူထုသိအောင်ဆောင်ရွက်နိုင်ပါက လူထုဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ များစွာတိုးတက်ကောင်းမွန်လာနိုင်သည်။ စည်ပင်သာယာရေးကော်မတီဝင်များမှာလည်း လူထုထိတွေ့ဆက်ဆံမှုနှင့် ယုံကြည်မှုတိုးတက်ကောင်းမွန်ရေးတွင် အရေးပါသောနေရာတွင်ရှိနေသည်။ လူထုဆက်ဆံရေးကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရာတွင် သုံးသည့်နည်းစနစ်များစွာရှိသည်။ လူထုသဘောထားကို စုဆောင်းကောက်ခံရန် လူထုနှင့် တွေ့ဆုံစည်းဝေးပွဲများကျင်းပခြင်း၊ လူထုပါဝင်သော ဘတ်ဂျက်နှင့် စီမံကိန်းရေးဆွဲရေးနည်းလမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် စီးပွားရေးအဝန်းအဝိုင်းတို ပူးပေါင်းဆောင်ရွက်သည့် လူထုစည်းရုံးရေးလုပ်ငန်းများ၊ အမိကကြေညာချက်များကို လူထုသိအောင်ထုတ်ပြန်ခြင်း၊ စည်ပင်သာယာရေးကော်မတီအစည်းအဝေးများတွင် လူထုပါဝင်တက်ရောက်စေခြင်း၊ အမိကမှတ်တမ်းမှတ်ရာများနှင့် ဖောင်ပုံစံများကို လူထုအလွယ်တကူလေ့လာနိုင်ရန် ထားရှိပေးခြင်းစသည့်နည်းလမ်းများစွာကို ဆောင်ရွက်နိုင်သည်။ စည်ပင်သာယာရေးကော်မတီရွေးကောက်ပွဲတွင် မဲဆန္ဒရှင်အားလုံး မဲပေးနိုင်စေရန် စီစဉ်ဆောင်ရွက်ခြင်းနှင့် ကော်မတီဝင် အရည်အချင်းသတ်မှတ်ချက်အချို့ကို ဖြေလျော့ပေးခြင်းစသည်တို့အားဖြင့်လည်း မြူနီစီပယ်လုပ်ငန်းကိစ္စများတွင် လူထု၏ စိတ်ပါဝင်စားမှု၊ မိမိတို့နှင့်သက်ဆိုင်ပတ်သက်သည်ဟု သိမြင်လာမှုတို့ကို အားပေးမြှင့်တင်နိုင်ပေလိမ့်မည်။

***<u>ဒေသတွင်းစီးပွားရေးစီမံအုပ်ချုပ်မှု</u>*** - စည်ပင်သာယာရေးအဖွဲ့များသည် ဒေသန္တရစီးပွားရေးကဏ္ဍစီမံခန့်ခွဲမှုတွင် အမိက အရေးပါသူများဖြစ်သည်။ အမိကမြို့တော်ကြီးသုံးခုမှအပ ကျန်တစ်နိုင်ငံလုံးတွင်ရှိသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအားလုံးသည် ပုံမှန်လုပ်ငန်းဆောင်ရွက်ရန်အတွက် စည်ပင်သာယာရေးအဖွဲ့များနှင့် ထိတွေ့ဆက်ဆံဆောင်ရွက်နေရသည်။ ထို့ကြောင့် စည်ပင်သာယာရေးအဖွဲ့များနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများအကြား ဆက်ဆံမှုကို တိုးတက်အောင်ဆောင်ရွက်နိုင်ပါက 'အားလုံးပါဝင်သောဖွံ့ဖြိုးတိုးတက်ရေး' ကိုလည်း အထောက်အကူပြုရာရောက်ပါမည်။ အထောက်အကူပြုကော်မတီတွင် စီးပွားရေးလုပ်ငန်းများမှ ကိုယ်စားလှယ်ပါဝင်အောင်စီစဉ်ထားရှိခြင်းက စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ပိုင်ခွင့်အတွက် စီးပွားရေးလုပ်ငန်းများ၏အရေးပါမှုကို ဖော်ပြနေသည်။ စီးပွားရေးစီမံခန့်ခွဲမှာ ရှုပ်ထွေးခက်ခဲသည်မှန်သော်လည်း စီမံခန့်ခွဲမှုကို ပိုမိုထိရောက်အောင်ဆောင်ရွက်နိုင်ပါက ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည့်အပြင် မြူနီစီပယ်ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်စေရေးအတွက် လိုအပ်သောရန်ပုံငွေများလည်း ပိုမိုကောက်ခံရရှိလာနိုင်သည်။

စီးပွားရေးလုပ်ငန်းများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ဆက်ဆံရေးမှာ အချို့နေရာများတွင်ကောင်းမွန်သော်လည်း အချို့နေရာများတွင် စိန်ခေါ်မှုကြီးများရှိသည်။ ထိုအခြေအနေသည် လူထုတစ်ရပ်လုံးနှင့်ဆက်ဆံရေးအခြေအနေကို ထင်ဟပ်လျက်ရှိသည်။ စည်ပင်သာယာရေးအဖွဲ့များအတွက် ဝန်ဆောင်ခနှင့် အခွန်အခများကို အများဆုံးပေးဆောင်နေရသူများအနေဖြင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများသည် စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှု၊ အခွန်နှုန်းထားများနှင့် ဝန်ဆောင်ခများကို အများသိအောင်ထုတ်ပြန်ကြေညာမှုစသည်တို့တွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုအားနည်းနေသည်ဟု ယူဆကြသည်။[173] ယေဘုယျအားဖြင့်ဆိုရသော် စီးပွားရေးလုပ်ငန်းများရော ပြည်သူလူထုပါ စည်ပင်သာယာရေးအဖွဲ့များက အခွန်ဘဏ္ဍာငွေမည်မျှကောက်ခံရရှိပြီး မည်သည့်နေရာတွင် မည်သို့ပြန်လည်သုံးစွဲနေသည်ကို မသိရှိကြပေ။ ထို့အပြင် စီးပွားရေးလုပ်ငန်းများအနေနှင့် မြူနီစီပယ်လုပ်ငန်းများဆောင်ရွက်သည့် လုပ်ငန်းစဉ်များဖြစ်သော မည်သည့် လမ်း အဆောက်အအုံကို မွမ်းမံပြင်ဆင်ရန် မည်သည့်အတွက်ကြောင့် ရွေးချယ်သည်၊ မည်ကဲ့သို့အကောင်အထည်ဖော်သည်၊ မည်သည့်အချိန်တွင် ပြီးစီးမည်စသည့်အချက်များကို သိရှိသဘောပေါက်လိုကြသည်။

[173] Bissinger and Maung Maung. 2014. *Subnational Governments and Business in Myanmar*, p. 24.

***လူထုလိုက်နာဆောင်ရွက်စေရန် စွမ်းဆောင်နိုင်မှု*** - စည်ပင်သာယာရေးအဖွဲ့များ၏ အဓိကပြဿနာတစ်ခုမှာ သတ်မှတ်ပြဌာန်းချက်များကို လူထုလိုက်နာဆောင်ရွက်လာအောင် မစွမ်းဆောင်နိုင်ခြင်းဖြစ်သည်။ စည်ပင်သာယာရေးအဖွဲ့များသည် လိုက်နာရန်ပျက် ကွက်သူများကို ဒဏ်ကြေးပေးဆောင်စေခြင်း၊ ရုံးတင်တရားစွဲဆိုခြင်းစသည်တို့ကိုဆောင်ရွက်နိုင်သော်လည်း လက်တွေ့တွင်မူ ထိုသို့ဆောင်ရွက်ခြင်းသည် အချိန်ကြန့်ကြာပြီး ထိရောက်မှုလည်းမရှိပေ။ စည်းမျဉ်းစည်းကမ်းများကို လက်တွေ့ လိုက်နာစေအောင် ဆောင်ရွက်ရာတွင် အားအကောင်းဆုံးကဏ္ဍမှာ ရေပေးဝေရေးဖြစ်သော်လည်း ယင်းမှာနေရာအတော်များများ တွင်မရှိသော ဝန်ဆောင်မှုဖြစ်သည်။ အကယ်၍ ရေအဖိုးအခကိုပေးဆောင်ခြင်းမရှိပါက ရေပေးဝေမှုကိုအလွယ်တကူ ရပ်တန့် ပစ်လိုက်နိုင်သည်။[174] ရန်ကုန်နှင့် မန္တလေးစည်ပင်သာယာရေးကော်မတီများတွင်မူ ကိုယ်ပိုင်တရားရုံးနှင့် ရဲတပ်ဖွဲ့ရှိသဖြင့် ဥပဒေ၊ စည်းမျဉ်းများကို လေးစားလိုက်နာအောင်ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူသည်။[175] ကျန်ဒေသများအားလုံးတွင်မူ စည်ပင်သာယာ ရေးအဖွဲ့များသည် ပြည်ထဲရေးလက်အောက်ရှိ ရဲတပ်ဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ဥပဒေစည်းမျဉ်းများ အသက်ဝင် စေရေးအတွက် အားကိုးအားထားပြုနေရသည်။ သို့ရာတွင် ယင်းမှာလည်း အချိန်ကုန်ပြီး မထိရောက်သော ကိစ္စတစ်ခုဖြစ်နေ သည်။[176]

ပြည်နယ်နှင့်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံးများ။ အထက်ဖော်ပြပါအချက်အလက်အများစုမှာ စည်ပင်သာယာ စီမံခန့်ခွဲရေးစနစ်၏ ရေသောက်မြစ်များဖြစ်သော မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့် စည်ပင်သာယာရေးကော်မတီများနှင့် သက်ဆိုင်သော အချက်များဖြစ်သည်။ ပြည်နယ်/တိုင်းဒေသကြီးအဆင့် စည်ပင်သာယာရေးအဖွဲ့ရုံးများသည်လည်း ခရိုင်အဆင့် ပြည်သူ့ဝန်ဆောင်မှု အမျိုးအစား ၁၄ မျိုးကို ပြည်ထောင်စုအစိုးရ၏ ထောက်ပံ့ကူညီမှုလုံးဝ သို့မဟုတ် မဆိုစလောက်ဖြင့် ဆောင်ရွက်ကြရသောကြောင့် သီးခြားဆွေးနွေးရမည့် အခန်းကဏ္ဍတွင်ရှိသည်။ ယခုအခါ 'မိခင်ဝန်ကြီးဌာန' ဟူ၍မရှိတော့သော ကြောင့် ထိုရုံးများသည် မူဝါဒများရေးဆွဲရေး၊ လူ့အရင်းအမြစ်စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေးစနစ်နှင့် ဝယ်ယူဖြည့်ဆည်းရေး စသောကိစ္စရပ်များကို တာဝန်ယူစီမံခန့်ခွဲရသည်။ ယခင်က အဆိုပါလုပ်ငန်းတာဝန်များကို ပြည်ထောင်စုဝန်ကြီးဌာနများက ထမ်း ဆောင်ခဲ့သောကြောင့် ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံးများအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးရန် လိုအပ်လာသည်။

***အလှူရှင်များ၏ ဦးစားပေးများ*** - အခြားအရေးပါသော ကိစ္စတစ်ခုမှာ နိုင်ငံတကာအလှူရှင်အဖွဲ့အစည်းများ၏ မဟာဗျူဟာစီမံကိန်းရေးဆွဲခြင်းနှင့် ဦးစားပေးလုပ်ငန်းများသတ်မှတ်ခြင်းနှင့်သက်ဆိုင်သည်။ ကျေးလက်ဒေသများသည် မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးများစတင်သည့် ၂၀၁၁ မတိုင်ခင်ကတည်းက နိုင်ငံတကာအထောက်အပံ့ အများအပြားရရှိခဲ့ပြီး ၂၀၁၁ နောက်ပိုင်းတွင် သိသိသာသာ ပိုမိုတိုးတက်ရရှိသည်။ မြန်မာနိုင်ငံသည် ကျေးလက်စိုက်ပျိုးရေး အခြေခံနိုင်ငံတစ်ခုဖြစ်သဖြင့် ထိုအချက်မှာ ဆီလျော်သည်ဟုဆိုနိုင်သော်လည်း မြို့ပြဒေသများရှိ လူမှုဝန်ဆောင်မှုများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ရည်ရွယ်သော ဖွံ့ဖြိုးရေးအကူအညီများကိုလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်လာသည်။[177] နိုင်ငံ၏ မြို့ပြလူဦးရေ တိုးတက်မှုနှုန်းမှာ ခန့်မှန်းချေ ၂.၈% ရှိသည့်အချက်ကို ထည့်သွင်းစဉ်းစားလျှင် အထက်ပါလိုအပ်ချက်မှာ ပိုမိုပေါ်လွင်သည်။ လူမှုဝန်ဆောင်မှုများ တိုးတက်ရေး၊ တိုင်းတာနိုင်သော ဘဝအရည်အသွေးများတိုးတက်ရေးနှင့် ဒေသန္တရစီးပွားရေးဖွံ့ဖြိုးမှုတို့ကို ဦးစားပေးများအဖြစ် သတ်မှတ်ထားပါက စည်ပင်သာယာရေးအဖွဲ့များမှာ ထိတွေ့ဆောင်ရွက်သင့်သည့်အကောင်းဆုံး ဒေသန္တရစီမံခန့်ခွဲမှု အဖွဲ့အစည်း များဖြစ်ကြသည်။ ၂၀၁၁ မှစ၍ အစိုးရဖွဲ့စည်းပုံများ ပြောင်းလဲရာတွင် စည်ပင်သာယာရေးအဖွဲ့များသည်လည်း ၎င်းတို့၏ အရင်းအမြစ်များကို သက်ဆိုင်ရာဒေသတစ်ခုအတွက်သာ ဦးတည်သုံးစွဲရန်လိုအပ်တော့သည်။ ယင်းတို့နှင့်လက်တွဲ ဆောင်ရွက်ခြင်း ဖြင့် နိုင်ငံတကာအလှူရှင်များအနေနှင့် အကန့်အသတ်နှင့် ရှိသောအရင်းအမြစ်များကိုသုံးပြီး မြို့ပြဒေသများတွင် တစ်နေ့တခြား ပိုမိုတိုးတက်များပြားလာသော လူဦးရေများအတွက် အပြုသဘောဆောင်သော တိုးတက်မှုများကို ဆောင်ကြဉ်းပေးနိုင်မည် ဖြစ် သည်။ စည်ပင်သာယာရေးအဖွဲ့များက ဝန်ဆောင်ပေးနေသော စုစုပေါင်းလူဦးရေ ၁၅ သန်းခန့်ရှိရာ ယင်းပမာဏသည် နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များအတွက် ဖွံ့ဖြိုးရေးအထောက်အကူများကို ထိထိရောက်ရောက်ရည်ရွယ်ထောက်ပံ့ရန် လုံလောက်သော ပမာဏဖြစ်သည်။

---

[174] ရောဝတီတိုင်းဒေသကြီးတွင် စည်ပင်ဝန်ထမ်းနှင့် အင်တာဗျူးများ။

[175] ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးများအကြား အဓိက ခြားနားချက်မှာ ရှေ့ကော်မတီနှစ်ခုသည် မြေယာစီမံမှုအပိုင်းကို ပိုမိုပါဝင်ဆောင်ရွက်ပြီး မြေငှားရန်းမှုများကို တရားဝင်ချပေးနိုင်သည်။ မွန်ပြည်နယ်လွှတ်တော် ဥက္ကဌနှင့် အင်တာဗျူး

[176] ရောဝတီတိုင်းဒေသကြီးရှိ မြို့နယ်စည်ပင်သာယာရေး အထောက်အကူပြုကော်မတီအဖွဲ့ဝင်များနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးအရာရှိနှင့် အင်တာဗျူးများ

[177] မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဌ တစ်ဦး၏ အလေးထားပြောကြားချက်အရ ကျေးလက်ဒေသဖွံ့ဖြိုးရေးမှာ တိုးတက်မှုရှိနေပြီး မြို့ပြဖွံ့ဖြိုးရေးမှာမူ ထို့သို့မဖြစ်သေးပေ။ တနင်္သာရီတိုင်းဒေသကြီး မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ စည်ပင်ဝန်ထမ်းနှင့် အင်တာဗျူးများ။

### ၆.၁.၂ ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ စိန်ခေါ်မှုများနှင့် လိုအပ်ချက်များ - ဗဟိုချုပ်ကိုင်မှုလျှော့ချရေးဖြစ်စဉ်နှင့် ချိန်ညှိခြင်း

စည်ပင်သာယာရေးအဖွဲ့များလက်တလောကြုံတွေ့နေရသော ဖွဲ့စည်းပုံဆိုင်ရာအကြီးမားဆုံးစိန်ခေါ်မှုမှာ ၂၀၁၁ မှစပြီး နယ်စပ်ရေးရာဝန်ကြီးဌာန လက်အောက်မှ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများလက်အောက်သို့ ပြောင်းရွှေ့လိုက်ခြင်းပင်ဖြစ်သည်။ ၂၀၁၁ မှစ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ အပြီးတိုင်လွှဲပြောင်းပေးလိုက်ရခြင်းသည် အရေးပါသောပြောင်းလဲမှုဖြစ်သော်လည်း ယင်းအချက်ကြောင့် စည်ပင်သာယာရေးအဖွဲ့များ၏ အမှန်တကယ်ဆောင်ရွက်သော တာဝန်နှင့် လုပ်ငန်းစဉ်များ အခြေခံကျကျပြောင်းလဲသွားစေခြင်းမရှိပါ။ ထိုအချက်ကြောင့်ပင် စည်ပင်သာယာရေးအဖွဲ့များအား မြို့နယ်တစ်ခုလုံးကို အာရုံစိုက်စရာမလိုတော့ပဲ မြို့ပြဒေသများအတွက် သီးသန့်အာရုံစိုက်လုပ်ဆောင်နိုင်စေလာသည်။ သို့ရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနအောက်မှ ဖယ်ထုတ်လိုက်ခြင်းကြောင့် စည်ပင်သာယာရေးအဖွဲ့များတွင် နေပြည်တော်၌ မိခင်ဝန်ကြီးဌာန လက်မဲ့ဖြစ်သွားစေသည်။ ဗဟိုမှထိန်းချုပ်လမ်းညွှန်မှုပေးမည့် အဖွဲ့အစည်းမရှိတော့သောကြောင့် စည်ပင်သာယာရေးအဖွဲ့များသည် ယခင်ကမကြုံဘူးသော မတည်ငြိမ်ပြောင်းလဲခြင်းများနှင့် ပြန်လည်ချိန်ညှိရခြင်းများကို ကြုံတွေ့လာရသည်။ အကျိုးဆက်အနေနှင့် ယခုအခါ သီးခြားဝိသေသများရှိကြသော စည်ပင်သာယာရေးအဖွဲ့များဆိုင်ရာစနစ် ၁၄ ခု ပေါ်ပေါက်လာခဲ့သည်။ ယင်းတို့တစ်ခုချင်းစီတွင် သီးခြားဥပဒေပြဋ္ဌာန်းမှုများ၊ မူဝါဒများ၊ ဝန်ထမ်းရေးရာနှင့် လေ့ကျင့်သင်တန်းပေးရေး အစီအစဉ်များရှိကြသည်။ အမှန်စင်စစ် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ၏ အသစ်စက်စက် ကိုယ်ပိုင်ဗျူရိုကရေစီယန္တရားများဖြစ်လာကြသည်။ ထို့ကြောင့်ပင် စိန်ခေါ်မှုများ အများအပြားကို ရင်ဆိုင်နေကြရသည်။

***<u>လူ့စွမ်းအားအရင်းအမြစ်စနစ်</u>*** - စည်ပင်သာယာရေးအဖွဲ့များ ရင်ဆိုင်ကြုံတွေ့ရသောအပြောင်းအလဲများမှာ နက်ရှိုင်းသည်။ ထို့ကြောင့် စည်ပင်သာယာရေးအဖွဲ့ရုံးဝန်ထမ်းများတွင် စိုးရိမ်စိတ်များဖြစ်ပေါ်လာစေသည်။ ဝန်ထမ်းအများအပြား သည် ၂၀၁၁ ခုနှစ် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများလက်အောက်သို့ စရောက်သောအပြောင်းအလဲတွင် မိမိတို့၏နေရပ်မဟုတ်သော ပြည်နယ်/တိုင်းဒေသကြီးများ၌ တာဝန်ကျနေကြရာ ထိုဒေသများမှ ပြန်လည်ရွှေ့ပြောင်းမရပဲဖြစ်နေတော့သည်။ ပြည်နယ်/တိုင်းဒေသကြီး ၁၄ ခု တွင် သီးခြားစည်ပင်သာယာရေးစနစ်များဖြစ်ထွန်းလာကြသဖြင့် ပြည်နယ်/တိုင်းဒေသကြီး တစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရေးမှာ မလွယ်ကူတော့ပေ။ ထို့အပြင် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအတွင်း အဆင့်မြင့်ရာထူးများသို့ တိုးမြှင့်ခံရရေးမှာလည်း အလွန်ခက်ခဲသွားသည်။[178] ခြုံငုံ၍ဆိုရသော် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု ရှုထောင့်မှာလည်း ယခုဖွဲ့စည်းပုံဆိုင်ရာ အပြောင်းအလဲများကို ဆန်းစစ်သုံးသပ်ရန်လိုအပ်သည်။ ပြည်သူ့ဝန်ထမ်းအများစုကြီးမှာ ပြည်ထောင်စုဝန်ကြီးဌာနများလက်အောက်တွင် တာဝန်ထမ်းဆောင်နေဆဲဖြစ်သော အခြေအနေ၌ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများလက်အောက်တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများကို မည်သို့ပံ့ပိုးမှုများပြုလုပ်သင့်သည်ကို သီးခြားစဉ်းစားသုံးသပ်ရန်လိုအပ်သည်။

***<u>စွမ်းဆောင်ရည်နှင့် လုပ်ပိုင်ခွင့်</u>*** - စည်ပင်သာယာရေးအဖွဲ့များရင်ဆိုင်ကြုံတွေ့နေရသော လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စိန်ခေါ်မှုများမှာ တစ်ခုနှင့်တခုယှက်နွယ်ဆက်စပ်နေပြီး အပြန်အလှန်အကျိုးသက်ရောက်စေသည်။[179] အခြေခံဝန်ဆောင်မှုများ ပေးရာတွင် ရန်ပုံ ငွေချို့တဲ့မှု၊ လူထုပူးပေါင်းပါဝင်မှုနှင့် ဥပဒေစည်းမျဉ်းကို လေးစားလိုက်နာမှုမရှိခြင်းတို့ကြောင့် နှောင့်နှေးကြန့်ကြာမှုများဖြစ်ပေါ်သည်။ ရန်ပုံငွေချို့တဲ့ရခြင်းမှာ စည်ပင်သာယာရေးအဖွဲ့များအနေနှင့် ဒေသတွင်းကောက်ခံရရှိသည့်ရန်ပုံငွေအပေါ်သာ လုံးလုံးလျားလျား မှီခိုရပြီး လူထုနှင့် စီးပွားရေးလုပ်ငန်းများမှ အခွန်အခများမှန်မှန်ကန်ကန်ပေးဆောင်မှုမှာလည်း နိမ့်ပါးသောကြောင့်ဖြစ်သည်။ တဖန် ဥပဒေစည်းမျဉ်းများကိုလေးစားလိုက်နာမှုအားနည်းခြင်းမှာလည်း ဥပဒေကို အကောင်အထည်ဖော်နိုင်မှုအားနည်းခြင်းနှင့် လူထုက အခွန်အခများပေးဆောင်ရန် မလိုလားခြင်းကြောင့်ဖြစ်သည်။ အခွန်အခများကို မပေးလိုခြင်းမှာရရှိသော ဝန်ဆောင်မှုများကို စိတ်ကျေနပ်မှုမရှိသောကြောင့်ဖြစ်သည်။ (အခွန်ထမ်းပြည်သူများနှင့် စည်ပင်သာယာရေးအဖွဲ့များအကြား လူမှုပဋိညာဉ်ကျိုးပျက်နေခြင်းကိုလည်း ရည်ညွှန်းနေသည်။)

အခြားသောအစိုးရဌာနများကဲ့သို့ပင် အမိန့်ပေးစနစ်လွန်ပြုပြောင်းပြောင်းလဲရေးများ အခြေတည်တံ့စေရန်အတွက် လုပ်ငန်းဆောင်ရွက်မှုများကို စနစ်တကျလေ့လာသုံးသပ်မှုများလိုအပ်သည်။ စည်ပင်သာယာရေးအဖွဲ့များတွင် ကျယ်ပြန့်သောလုပ်ပိုင်ခွင့်များရှိလေရာ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို စွမ်းဆောင်ရည်နှင့်ချိန်ထိုးပြီး သုံးသပ်ရန်အထူးလိုအပ်သည်။ သို့မှသာ ပြုပြင်ပြောင်းလဲရေးအတွက် ဦးစားပေးလုပ်ငန်းများနှင့် ဖြစ်နိုင်ချေများကို ဖော်ထုတ်နိုင်မည်ဖြစ်သည်။ စည်ပင်သာယာရေးအဖွဲ့များကဲ့သို့ ကိုယ်ပိုင်ရန်ပုံငွေဖြင့်

[178] အစဉ်အလာအရ ပြည်ထောင်စုအရာတမ်းကို ဒေသဆိုင်ရာ အရာရှိထက် ပိုမိုအလေးထားဆက်ဆံကြသည်။ မြန်မာနိုင်ငံတွင် စည်ပင်သာ ယာရေးအဖွဲ့များသည် ပြည်ထောင်စု ဝန်ကြီးဌာန၏ အစိတ်အပိုင်းမဟုတ်ကြတော့ပေ။ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ရှိ စည်ပင်သာယာ ရေးဝန်ထမ်းများနှင့် အင်တာဗျူးများ။
[179] ရှမ်းပြည်နယ်ရှိ စည်ပင်အမှုဆောင်အရာရှိနှင့် အင်တာဗျူး

ရပ်တည်သည့် အထွေထွေဝန်ဆောင်မှုပေးသူများအတွက် ထိုအချက်မှာ အလွန်အရေးကြီးသည်။ ထိုအချက်ကိုအကောင်းဆုံးဥပမာဆောင်သည့်မှတ်ချက်စကားကို စည်ပင်သာယာရေးအဖွဲ့ရုံးညွှန်ကြားရေးမှူးတစ်ဦးက ဤသို့ဆိုသည်။ 'ဥပမာဗျာ၊ ကျွန်တော်တို့မှာ တောင်းရမ်းစားသောက်သူတွေနဲ့ စိတ်ပေါ့သွပ်ရူးနှမ်းသူတွေကို ဖမ်းဆီးထိန်းသိမ်းဖို့တာဝန်ရှိတယ်။ ဒါပေမယ့် ကျွန်တော်တို့မှာ ဘာရှိလို့ဒါတွေကိုလုပ်နိုင်မှာလည်း စဉ်းစားကြည့်ပေါ့။'[180]

***<u>မြို့ပြစီမံကိန်းရေးဆွဲခြင်း</u>*** - ရန်ကုန်နှင့် မန္တလေးမြို့များမှအပ မြန်မာနိုင်ငံတွင် မြို့ပြစီမံကိန်းရေးဆွဲမှုဆိုသည်မှာ မရှိပါ။ မြို့ပြဒေသများကိုစီမံခန့်ခွဲခြင်းသည် ကျန်ဒေသများကို စီမံခန့်ခွဲသည်နှင့် အတူတူပင်ဖြစ်သည်။ ဆောင်ရွက်ပုံမှာ အစိုးရဌာနတစ်ခုခုက ရေတိုလိုအပ်ချက်ကို အခြေခံပြီး တစ်နှစ်စာဘတ်ဂျက်ဖြင့် ဖွံ့ဖြိုးရေးစီမံချက်များကို ဆောင်ရွက်သွားခြင်းသာဖြစ်သည်။ မြို့ပြဒေသများရှိ လူဦးရေ သိပ်သည်းမှုသည် ထွေပြားသောလိုအပ်ချက်များကိုဖြစ်စေပြီး ထိုလိုအပ်ချက်များအတွက် ကဏ္ဍတစ်ခုနှင့်တစ်ခု ချိတ်ဆက်ရေးဆွဲသော ဖွံ့ဖြိုးရေးစီမံချက်များနှင့် နှစ်ကာလအရှည်ကြီးအတွက် ဖြန့်ဝေသုံးစွဲနိုင်သည့် ဘဏ္ဍာရေး အရင်းအမြစ်များ လိုအပ်သည်။ စည်ပင်သာယာရေးအဖွဲ့များတွင် မြို့ပြစီမံကိန်းရေးဆွဲရေးလုပ်ပိုင်ခွင့်ရှိသော်လည်း လက်ရှိအချိန်အထိ စနစ်တကျဆောင်ရွက်နိုင်ခြင်းမရှိသေးပေ။[181] ထိုလိုအပ်ချက်ကွက်လပ်ကို ဖြေရှင်းဆောင်ရွက်နိုင်ပါက စည်ပင်သာယာရေးအဖွဲ့များသည် လတ်တလော လိုအပ်ချက်များကို ဝန်ဆောင်ပေးနိုင်မည့်အပြင် ရေရှည်ကာလအတွက် အရင်းအမြစ်များကို မည်သို့ခွဲဝေသုံးစွဲမည်ကိုလည်း ကြိုတင် စီမံထားနိုင်စေသည်။

စည်ပင်သာယာရေးအဖွဲ့များ ရင်ဆိုင်ကြုံတွေ့ရသည့် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ စိန်ခေါ်မှုနောက်တစ်ခုမှာ စည်ပင်သာယာရေးအထောက်အကူပြုအဖွဲ့များ၏ အခန်းကဏ္ဍဖြစ်သည်။ စည်ပင်သာယာရေးအဖွဲ့များသည် ဒေသခံလူထုကိုယ်စားလှယ်အများစုပါသော ကော်မတီနှင့်တိုက်ရိုက် ဆက်စပ်မှုရှိသည့် တစ်ခုတည်းသော အစိုးရအဖွဲ့အစည်းဖြစ်သည်။ ထိုဖြစ်ပေါ်တိုးတက်မှုသည် တင်းမာမှုများကိုရော အခွင့်အလမ်းများကိုပါ ဖန်တီးပေးသည်။ စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုများတွင် ကော်မတီမှ လူထုကိုယ်စားလှယ်များနှင့် ထိတွေ့ဆက်ဆံရန် လိုအပ်လာရာ ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်စေရေးအတွက်လည်း အခွင့်အလမ်းများဖြစ်လာသည်။ စည်ပင်သာယာရေးအဖွဲ့များသည် မူလဘူတက စစ်ဖက်မှဩဇာလွှမ်းမိုးသော နယ်စပ်ရေးရာဝန်ကြီးဌာနမှလာခြင်းဖြစ်ရာ လုပ်ထုံးလုပ်နည်းများနှင့် အင်စတီကျူးရှင်းဆိုင်ရာ ယဉ်ကျေးမှုတို့တွင် ကြီးကြီးမားမားပြုပြင်ပြောင်းလဲရန်လိုအပ်လာသည်ကို အလွယ်တကူသိနိုင်သည်။

***<u>ဥပဒေကြောင်းသုံးသပ်ချက်</u>*** - စည်ပင်သာယာဥပဒေသစ်များပေါ်ထွက်ခဲ့သည်မှန်သော်လည်း အားလုံးလိုလိုသည် နဝတခေတ်က ဥပဒေအမှတ် ၅/၉၃ ပေါ်တွင်အခြေခံထားခြင်းဖြစ်သည်။ ၅/၉၃ ကိုယ်၌ကလည်း ရှေးကျလှသော ကိုလိုနီခေတ် ဥပဒေများအပေါ် အခြေခံထားသည်။[182] ထို့ကြောင့် ပြည်နယ်နှင့်တိုင်းဒေသကြီး စည်ပင်သာယာဥပဒေများကို ပြန်လည်သုံးသပ်ရန် လိုအပ်သည်။ ထိုအချက်ကို စည်ပင်သာယာရေးအဖွဲ့ရုံးဝန်ထမ်းများနှင့် ကော်မတီဝင်များက လိုအပ်ချက်အချို့အပေါ်အခြေခံပြီး ထောက်ပြကြသည်။ ဥပမာတစ်ခုမှာ စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ ပြည်နယ်/တိုင်းဒေသကြီး အဆင့်ရုံးများအကြား အခန်းကဏ္ဍများနှင့် ရည်ရွယ်ချက်များကို ကွဲကွဲပြားပြားဖြစ်အောင် ဆောင်ရွက်ရန်ဖြစ်သည်။ လက်ရှိတွင် စည်ပင်သာယာရေးအဖွဲ့ရုံးဝန်ထမ်းများနှင့် ကော်မတီမှ လူထုကိုယ်စားလှယ်များအကြား တင်းမာမှုအချို့ ဖြစ်ရခြင်းမှာ ဥပဒေက ၎င်းတို့အချင်းချင်းကြားတွင် မည်သို့ဆက်ဆံရမည်ကို ရှင်းလင်းစွာဖော်ပြခြင်းမရှိ သို့မဟုတ် လုံးဝဖော်ပြထားခြင်း မရှိသောကြောင့် ဖြစ်သည်ဟု ဆိုသည်။ ထိုအချက်ကို ပိုဆိုးစေသည်မှာ ပြည်နယ်/တိုင်းဒေသကြီးအဆင့် စည်ပင်သာယာရေးအဖွဲ့ရုံးနှင့် စည်ပင်သာယာရေးကော်မတီနှစ်ခုစလုံးက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးအပေါ် ဆုံးဖြတ်ခွင့် အခွင့်အာဏာရယူရန် ကြိုးစားကြခြင်းပင်ဖြစ်သည်။

***<u>အစိုးရဌာနများပေါင်းစပ်ညှိနှိုင်းရေး</u>*** - မြို့နယ်အဆင့်အုပ်ချုပ်ရေးအဆင့်တွင် အခြေအမြစ်ကျသော ပြောင်းလဲမှုများဖြစ်ပေါ်နေရာဒေသတွင်း အစိုးရဌာနများ အချင်းချင်းပေါင်းစပ်ညှိနှိုင်းရေးသည် အပူတပြင်း စိန်ခေါ်မှုတစ်ခုဖြစ်လာသည်။ မြို့နယ်အဆင့်စီမံခန့်ခွဲရေးနှင့် စည်ပင်သာယာရေးကော်မတီများ ပွားများလာခြင်းနှင့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေခေါင်းစဉ်အများ အပြားရောက်ရှိလာခြင်းကလည်း ထိုလိုအပ်ချက်ကို ထပ်မံမီးမောင်းထိုးပြနေသည်။ မြို့နယ်အဆင့်တွင် ကဏ္ဍစုံပူးပေါင်းပါဝင်သော စီမံကိန်းရေးဆွဲသည့်

[180] ရောဝတီတိုင်း ဒေသကြီးရှိ စည်ပင်ညွှန်ကြားရေးမှူးနှင့် အင်တာဗျူး။

[181] စည်ပင်သာယာရေး အဖွဲ့တွင် မြို့ပြစီမံကိန်းအတွက် သီးသန့်ဝန်ထမ်းမရှိသကဲ့သို့ ၎င်းအတွက် ဌာနလည်း မရှိပေ။ ထို့ကြောင့် မည်သည့် စီမံကိန်းမဆို အဖွဲ့စနစ်တစ်ခုလုံးဆီသို့ ပို့ပေးထားရသည်။ ဥပမာ အထွေထွေအုပ်ချုပ်ရေးဌာနများနှင့် မြို့နယ်အဆင့် ကော်မတီများသို့ပါ အသိပေးထားသည်။ဒေသလမ်းပိုင်းများနှင့် တံတားများအတွက် ၅နှစ် -၁၀နှစ် စီမံကိန်းများကို ပြင်ဆင်နေကြောင်း စည်ပင်အဖွဲ့အချို့က ဆိုထားသည်။

[182] မွန်ပြည်နယ်တွင် မြို့နယ်စည်ပင်သာယာရေး အထောက်အကူပြုကော်မတီအဖွဲ့ဝင်များ၊ စည်ပင်ဝန်ထမ်းနှင့် အင်တာဗျူး။

စနစ်တစ်ရပ်ရှိမနေခြင်းကြောင့်လည်း ပေါင်းစပ်ညှိနှိုင်းရေးမှာ အထူးအရေးပါနေရခြင်းဖြစ်သည်။ မြို့နယ်အဆင့်တွင် အရင်းအမြစ်များရောက်ရှိနေသော်လည်း တသီးတခြားစီရှိနေကြသော ပြည်ထောင်စုဝန်ကြီးဌာနစနစ်ကြောင့် အရင်းအမြစ်များကို ထိရောက်စွာ သုံးစွဲရေးကို အဟန့်အတားဖြစ်စေသည်။ ဥပမာ စည်ပင်သာယာရေးအဖွဲ့များသည် နယ်စပ်ရေးရာ ဝန်ကြီးဌာနအောက်တွင် ရှိခဲ့စဉ်က စက်ယန္တရားကြီးများကို သုံးစွဲနိုင်ခဲ့သည်။ သို့သော်ယခုအခါ ယင်းစက်ယန္တရားများအားလုံးမှာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနလက်အောက်သို့ ရောက်နေသဖြင့် စည်ပင်သာယာရေးအဖွဲ့များက သုံးစွဲလိုပါက တခြားဌာနတစ်ခု၏ ပူးပေါင်းဆောင်ရွက်မှု၊ အစီအစဉ်ထည့်သွင်းရေးဆွဲပေးမှုတို့ကို မှီခိုနေရသည်။

နောက်ထပ်လိုအပ်ချက်တစ်ခုမှာ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများလက်အောက်သို့ လုံးလုံးလျားလျားကျရောက်သွားသဖြင့် စည်ပင်သာယာရေးစနစ် ၁၄ ခုစလုံးအတွက် မြူနီစီပယ်အုပ်ချုပ်ရေးမူဝါဒရေးရာလမ်းညွှန်မှုများနှင့် နည်းပညာဆိုင်ရာ ပံ့ပိုးကူညီမှုများပေးမည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ခုမရှိပဲဖြစ်နေသည်။[183] ပြဿနာကို ထောက်ပြနေသော ဥပမာတစ်ခုမှာ အခွန်အခနှင့်ပါမစ်နှုန်းထားများအတွက် စနစ်တကျသတ်မှတ်ပေမည့်သူမရှိခြင်းဖြစ်သည်။ ပြည်ထောင်စုအစိုးရ၏ ပံ့ပိုးမှုနှင့် ပေါင်းစပ်ညှိနှိုင်းပေးမှုမရှိသောအခါ ပြည်နယ်နှင့်တိုင်းဒေသကြီးတစ်ခုချင်းစီ၏ ကွဲပြားခြားနားမှုများမှာ ပို၍ကြီးမားလာပြီး အထူးသဖြင့် စီးပွားရေးလုပ်ငန်းများနှင့် စည်ပင်သာယာရေးအဖွဲ့များ တင်းမာမှုများဖြစ်လာရခြင်းအကြောင်းရင်း တစ်ခုဖြစ်နေသည်။[184] ထို့အပြင် ၎င်းတို့အချင်းချင်းအတွေ့အကြုံများကို ဖလှယ်ရန်နှင့် ပြည်ထောင်စုအစိုးရကို တင်ပြတိုင်တွန်းနိုင်ရန်အတွက် အမျိုးသားအဆင့် ဖိုရမ်သို့မဟုတ် အစည်းအရုံးမျိုးလည်း ရှိမနေပြန်ချေ။ မြန်မာနိုင်ငံ စည်ပင်သာယာရေးအဖွဲ့များ အစည်းအရုံး သို့မဟုတ် အလားတူဖိုရမ်တစ်ခုတည်ထောင်နိုင်ပါက အဆိုပါပူးပေါင်းဆောင်ရွက်မှုများနှင့် ဘုံကိစ္စရပ်များအတွက် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် အကောင်းဆုံးအခြေအနေတစ်ခုဖြစ်လာနိုင်သည်။

## ၆.၂။ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးတွင် စည်ပင်သာယာရေးအဖွဲ့များ၏ နိုင်ငံရေးအရ အရေးပါမှု

မြန်မာနိုင်ငံသည် လက်ရှိအချိန်တွင် သမိုင်းဝင်မည့်အုပ်ချုပ်မှုစနစ်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများကို ဆောင်ရွက်နေချိန်ဖြစ်သည်။ ပြည်ထောင်စုအဆင့်အောက်နှင့် ဒေသန္တရအုပ်ချုပ်ရေးစနစ်များ၊ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းနှင့် ဗဟို-ဒေသန္တရဆက်ဆံရေးများမှာ မြန်မာနိုင်ငံ၏ အနာဂတ်အတွက်အလွန်အရေးကြီးသည်။ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စုအဆင့်အောက် အစိုးရအဖွဲ့များ၊ အထူးသဖြင့် အသစ်ဖွဲ့စည်းသော ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များကြားတွင် တာဝန်ဝတ္တရားများနှင့် လုပ်ပိုင်ခွင့်အာဏာများကို တရားဝင်ခွဲဝေပေးခဲ့သည်။ သို့ရာတွင် ပြည်ထောင်စုအဆင့်အောက်ဒေသန္တရအုပ်ချုပ်ရေးကဏ္ဍများ၌ ဥပမာ ပညာရေး၊ ကျန်းမာရေးစသည်တို့၌ ပြည်ထောင်စုဝန်ကြီးဌာနများကသာ ဆက်လက်ကြီးဇာလွှမ်းမိုးနေဆဲဖြစ်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ ဒေသန္တရအုပ်ချုပ်ရေးတွင် အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းဖြစ်နေသေးသည်။

အထက်ပါအခြေအနေနှင့် သိသိသာသာခြားနားနေသော ခြွင်းချက်တစ်ခုမှာ စည်ပင်သာယာရေးအဖွဲ့များပင်ဖြစ်သည်။ ယခုအခါ တစ်နိုင်ငံလုံးတွင် သီးခြားဥပဒေပြဌာန်းမှုများ၊ မူဝါဒများ၊ ဝန်ထမ်းရေးရာနှင့် သင်တန်းအစီအစဉ်များရှိကြသော စည်ပင်သာယာရေးအဖွဲ့စနစ်ပေါင်း ၁၄ ခုရှိနေသည်။ ယင်းစည်ပင်သာယာရေးအဖွဲ့များသည် သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးအစိုးရများသို့ အစီရင်ခံကြသည်။ ဤနည်းအားဖြင့် စည်ပင်သာယာရေးအဖွဲ့များသည် မြူနီစီပယ်အုပ်ချုပ်ရေးကိုသာ ဆောင်ရွက်သည်မှန်သော်လည်း ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများ၏ အသစ်စက်စက် ဗျူရိုကရေစီယန္တရားများဖြစ်လာကြသည်။ သမ္မတဦးသိန်းစိန်ခေါင်းဆောင်သောပြည်ထောင်စုအစိုးရသည် ပြည်ထောင်စုအဆင့်အောက်ဒေသများရှိ လူမှုဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်စေရေးနှင့် အားလုံးပါဝင်သော စီးပွားရေးဖွံ့ဖြိုးမှုတို့ကို ဦးစားပေးလုပ်ငန်းများအဖြစ် သတ်မှတ်ထားသည်။ နောက်လာမည့် အစိုးရသည်လည်း အလားတူ ဦးစားပေးလုပ်ငန်းများကို ဆက်လက်ထားရှိမည်ဟု ယူဆရသည်။ စည်ပင်သာယာရေးအဖွဲ့များ၏ ကိုယ်ပိုင်ရန်ပုံငွေရှာဖွေမှုနှင့် လူမှုဝန်ဆောင်မှုများ အကျယ်အပြန့်လုပ်ပိုင်ခွင့်ရရှိမှုတို့ကြောင့် ၎င်းတို့သည် မြန်မာနိုင်ငံ၏ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးကြိုးပမ်းဆောင်ရွက်မှုတွင် အရေးပါသော လက်တွေ့စမ်းသပ်ချက်တစ်ခုလည်းဖြစ်သည်။ စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာထိရောက်မှုကို တိုးမြှင့်နိုင်ပါက ဒေသတွင်းလူမှုဝန်ဆောင်မှုများ တိုးတက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုတို့တွင် ၎င်းတို့၏ အခန်းကဏ္ဍ ကြီးမားစွာရှိနေမည်ဖြစ်သည်။

---

[183] သမ္မတရုံးသည် နှစ်စဉ်နှစ်တိုင်း နိုင်ငံအတွင်း အကောင်းဆုံး စွမ်းဆောင်နိုင်သော စည်ပင်သာယာရေး အဖွဲ့များကို ရွေးချယ်နိုင်သည့် အထူးအခွင့်အာဏာရှိသည်။သို့သော် အကြီးစားထောက်ပံ့မှုပေးသည်ဟု မဆိုလို။ 9 March 2015. မွန်ပြည်နယ် သံဖြူဇရပ်မြို့ရှိ အုပ်ချုပ်ရေးကော်မတီ ဥက္ကဌ။
[184] ရှမ်းပြည်နယ်ရှိ စည်ပင်အမှုဆောင်အရာရှိနှင့် အင်တာဗျူး

စည်ပင်သာယာရေးအဖွဲ့များသည် မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးတွင် နိုင်ငံရေးအရလည်း အရေးပါသည်။ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ၏ ဗျူရိုကရေစီယန္တရားဖြစ်သလို ၎င်းတို့သည် မြို့နယ်အဆင့်တွင် လူထုကိုယ်စားလှယ်များပါသော ကော်မတီတစ်ခုသီးသန့်ရှိနေသော တစ်ခုတည်းသော အစိုးရအဖွဲ့အစည်းဖြစ်သည်။ စည်ပင်သာယာရေးအဖွဲ့များကို ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများ လက်အောက်သို့ပို့ပြီး ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန လက်အောက်သို့ပို့လိုက်ခြင်းသည် မြန်မာနိုင်ငံ၏အုပ်ချုပ်ရေးစနစ်တွင် ကျေးလက်နှင့် မြို့ပြဟူ၍ ရှင်းရှင်းလင်းလင်းခွဲထုတ်လိုက်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ဗျူရိုကရေစီယန္တရားအတွင်း ကျေးလက်ဖွံ့ဖြိုးရေးနှင့် မြို့ပြဖွံ့ဖြိုးရေးကို မည်သူတို့ကသီးခြားစီတာဝန်ယူရမည်ကို ရှင်းရှင်းလင်းလင်းနားလည်သွားကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ယခုအခါ ကဏ္ဍစုံအထွေထွေအုပ်ချုပ်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မည့် အဖွဲ့အစည်းသုံးခုရှိလာပြီဖြစ်သည်။ ၎င်းတို့မှာ စည်ပင်သာယာရေးအဖွဲ့များ၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် အာဏာအပြည့်အဝရှိသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ဖြစ်သည်။

မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ တတိယအလွှာအစိုးရအဖွဲ့အစည်းများမရှိပဲ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်အလွှာနှစ်လွှာသာရှိသည်။ မြို့နယ်အဆင့်တွင်တွေ့ရသော အစိုးရဌာနများမှာ အမှန်စင်စစ်ဒေသန္တရအစိုးရအဖွဲ့များမဟုတ်ကြပဲ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးအပါအဝင်အားလုံးသည် ပြည်ထောင်စုဝန်ကြီးဌာနများ၏လက်အောက်ခံဌာနခွဲများသာဖြစ်သည်။ မြန်မာနိုင်ငံ၏အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ ရှေ့ဆက်သည်နှင့်အမျှ အုပ်ချုပ်ရေးကိစ္စရပ်များအပေါ် ဒေသခံလူထု၏ပူးပေါင်းပါဝင်မှု ပိုမိုအားကောင်းရေးအတွက် တိုက်တွန်းမှုများ ပိုမိုပေါ်ပေါက်လာသည်။ ၎င်းတို့၏သီးသန့်ဝိသေသလက္ခဏာများဖြစ်သော လူထုကိုယ်စားလှယ်အများစုပါဝင်သော သီးခြားကော်မတီတစ်ရပ်ရှိခြင်း၊ ပြည်ထောင်စုအစိုးရနှင့် အပြည့်အဝ သီးခြားကင်းလွတ်ခြင်း၊ ဒေသခံလူထုထံမှ ရန်ပုံငွေဖြင့် အပြည့်အဝရပ်တည်ခြင်း၊ အခြေခံ ဝန်ဆောင်မှုများကိုကျယ်ပြန့်စွာဆောင်ရွက်ပိုင်ခွင့်ရှိခြင်းစသည်တို့ကြောင့် စည်ပင်သာယာရေးအဖွဲ့များသည် သီးခြားဒေသန္တရ စီမံအုပ်ချုပ်ရေးအစိုးရတတိယအလွှာ သို့မဟုတ် စစ်မှန်သော 'မြူနီစီပယ်အုပ်ချုပ်ရေးအဖွဲ့အစည်း' ပုံစံတစ်ရပ်အဖြစ် တဖြည်းဖြည်း အသွင်ပြောင်းဖွံ့ဖြိုးလာနိုင်ခြင်း ရှိ/မရှိ စဉ်းစားစရာကောင်းပါသည်။[185] မြန်မာနိုင်ငံအတွင်း အလားတူဖြစ်စဉ်နမူနာများရှိရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီတို့ဖြစ်သည်။ သို့ရာတွင် ထိုကော်မတီနှစ်ခုမှအပြည့်အဝလူထုရွေးကောက်တင်မြှောက်သော မြို့တော်ကောင်စီများမဟုတ်ပဲ သက်ဆိုင်ရာတိုင်းဒေကြီးအစိုးရများ ထိန်းချုပ်မှုလက်အောက်တွင်သာရှိနေသေးသော အဖွဲ့အစည်းများဖြစ်သည်။

စည်ပင်သာယာရေးအဖွဲ့များသည် မြန်မာနိုင်ငံ၏ မြူနီစီပယ်အုပ်ချုပ်ရေးတွင် အရေးအပါဆုံးအဖွဲ့အစည်းများ ဖြစ်ကြသော်လည်းမြူနီစီပယ်အရေးအရာများတွင် ပါဝင်ဆောင်ရွက်နေကြသော အခြားအဖွဲ့အစည်းများ များစွာရှိသေးသည်။ စည်ပင်သာယာရေးအဖွဲ့များသည် ဒေသန္တရအုပ်ချုပ်ခွင့်အချို့ရသော ရောနှောအဖွဲ့အစည်းအမျိုးအစားဖြစ်သော်လည်း မြူနီစီပယ်ကိစ္စရပ်များအားလုံးအတွက် လုပ်ပိုင်ခွင့်နှင့်လိုအပ်သော ဖွဲ့စည်းတည်ဆောက်ပုံများ အပြည့်အဝရှိမနေပါ။ ထို့အပြင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးများသည် အပြည့်အဝ စီမံခန့်ခွဲနိုင်သော အဖွဲ့အစည်းများလည်းမဟုတ်ပါ။ ခြွင်းချက်အနေဖြင့် ၎င်းတို့သည် လက်တွေ့လုပ်ငန်းဆောင်ရွက်ရာတွင်မူ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ၏ ဝင်ရောက်စွက်ဖက်မှုများစွာမခံရပဲ ဆောင်ရွက်နိုင်ကြသည်။ စည်ပင်သာယာရေးကော်မတီများ ဖွဲ့စည်းတည်ထောင်ခြင်းဖြင့် လူထုပူးပေါင်းပါဝင်မှုကို သိသိသာသာ မြှင့်တင်နိုင်သည်မှန်သော်လည်း ယင်းတို့သည် ဒေသခံလူထုက အပြည့်အဝရွေးကောက်တင်မြောက်သော ဒေသကောင်မတီများ မဟုတ်ကြချေ။ ထို့ကြောင့် စည်ပင်သာယာရေးအဖွဲ့များကို သီးခြားတည်ရှိနေသော အစိုးရတတိယအလွှာအဖြစ် မမှတ်ယူနိုင်ပေ။ ထို့သို့ အပြည့်အဝ လုပ်ပိုင်ခွင့်ရှိမနေခြင်းကြောင့် အထက်တွင်ဆွေးနွေးခဲ့သော စိန်ခေါ်မှုများဖြစ်သည့် ကဏ္ဍစုံစီမံကိန်းရေးဆွဲမှုနှင့် ကဏ္ဍစုံပေါင်းစည်း ဝန်ဆောင်မှုပေးခြင်းတို့ကို မဆောင်ရွက်နိုင်ခြင်းဖြစ်သည်။

ခြုံငုံရသုံးသပ်ရသည်ရှိသော် မြန်မာနိုင်ငံအသွင်ကူးပြောင်းမှုနောက်ခံတွင် မြူနီစီပယ်အုပ်ချုပ်ရေးစနစ်၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့်လုပ်ငန်းစဉ်များကို လက်ရှိရှိနေသည့်အနေအထားထက်ပိုမိုရှေ့ရောက်အောင် ပြန်လည်စဉ်းစားသုံးသပ်ရန် အခွင့်အလမ်းရှိနေသည်။ ဥပမာအားဖြင့် မြူနီစီပယ်အဖွဲ့အစည်းများကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် လုပ်ပိုင်ခွင့်များကိုပြန်လည်သတ်မှတ်ခြင်းများ လိုအပ်နိုင်သည်။ မြို့ပြဖြစ်ထွန်းမှု ပိုမိုအရှိန်မြင့်လာသည်နှင့်အညီ ကျယ်ပြန့်လာသော လူလတ်တန်းစားများနှင့် စီးပွားရေးအသိုင်းအဝန်းများ

[185] Oxford Advanced Learner's Dictionary အရ မြူနီစီပယ်ဆိုသည်မှာ မြို့ (သို့မဟုတ် )မြို့ကြီးတစ်ခု (သို့မဟုတ်) အုပ်ချုပ်ရေး အဖွဲ့နှင့် သက်ဆိုင်သည့် အစိတ်အပိုင်းတစ်ခုအဖြစ် အဓိပ္ပာယ်ဖွင့်ထားသည်။ စည်ပင်သာယာနယ်နိမိတ်ဆိုသည်မှာ ကိုယ်ပိုင်ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့ရှိသည့် မြို့နယ်၊ မြို့နှင့် ခရိုင်ကို ဆိုလိုခြင်းဖြစ်သည်။

မှ ပူးပေါင်းထည့်ဝင်မှုများကိုလည်း ပိုမိုလိုအပ်လာနိုင်သည်။ အောက်ပါမေးခွန်းများသည် အရေးပါသော ဆက်စပ်မေးခွန်းများဖြစ်သည်။

- ကဏ္ဍစုံပါဝင်သော မြူနီစီပယ်အုပ်ချုပ်မှုစနစ် အားကောင်းခိုင်မာလာအောင် မည်သို့ဆောင်ရွက်နိုင်မည်နည်း။ ပြည်ထောင်စုဝန်ကြီးဌာနလက်အောက်ခံဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များအကြား ပိုမိုကောင်းမွန်သောပူးပေါင်းဆောင်ရွက်မှု၊ စည်ပင်သာယာရေးအဖွဲ့များအား လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းများ ပိုမိုလွှဲပြောင်းပေးခြင်း၊ မြူနီစီပယ်ကိစ္စရပ်များနှင့်ပတ်သက် လုပ်ပိုင်ခွင့်အပြည့်အစုံရှိသော အင်စတီကျူးရှင်းအသစ်များကို ဖွဲ့စည်းတည်ထောင်ခြင်းစသည်တို့ကို စဉ်းစားနိုင်သည်။
- အင်စတီကျူးရှင်းအသစ်များဖွဲ့စည်းခြင်း (သို့မဟုတ်) အဟောင်းများကို ဖွဲ့စည်းပုံပြောင်းလဲပြင်ဆင်ခြင်းများ လိုအပ်ပါသလား။ နိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးများရှေ့ဆက်ဖြစ်ထွန်းသည်နှင့်အညီ မြူနီစီပယ်အုပ်ချုပ်ရေးစနစ်တွင် လူထုကိုယ်စားပြုပါဝင်မှုကို မည်သို့အားကောင်းအောင်ဆောင်ရွက်နိုင်မည်နည်း။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များကို လက်ရှိအတိုင်း ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ၏ ထိန်းချုပ်မှုအောက်တွင်ဆက်လက်ထားရှိမည်လား၊ သို့မဟုတ် ၎င်းတို့ကို မဲဆန္ဒ ပေးပိုင်ခွင့်ရှိသူအားလုံး၏မဲဖြင့် အပြည့်အဝ ရွေးကောက်တင်မြှောက်ထားသော ဒေသန္တရကောင်စီ၏ အုပ်ချုပ်မှုအောက်သို့ လွှဲပြောင်းပေးမည်လား။ သို့မဟုတ် အခြားမည်သည့် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အပြောင်းအလဲများ ပြုလုပ်သင့်သနည်း။

အထက်ပါမေးခွန်းနှစ်ရပ်သည် အမိန့်ပေးစနစ်ဖြင့်အုပ်ချုပ်ခဲ့သော ဆယ်စုနှစ်များစွာအတွင်း အားနည်းခဲ့သော မြန်မာနိုင်ငံ၏ နိုင်ငံသား-နိုင်ငံတော်ဆက်ဆံရေးကို ပြန်လည်ပြင်ဆင်တည်ဆောက်ရာတွင် စည်ပင်သာယာရေးအဖွဲ့များကို အရေးပါသော အခန်းကဏ္ဍတစ်ခု ပေးလိုပါက စဉ်းစားရမည့်အချက်များဖြစ်သည်။ လက်ရှိတွင် စည်ပင်သာယာရေးအဖွဲ့များသည် မြန်မာနိုင်ငံတော်နှင့် ပြည်သူလူထုထိတွေ့ဆက်ဆံသော အရေးပါသည့် ကြားခံအဖွဲ့အစည်းများဖြစ်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ လျင်မြန်စွာတိုးတက်လျက်ရှိသော မြို့ပြလူဦးရေတိုးပွားမှုဖြစ်စဉ်တွင် သာမန်အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများအပါအဝင် နိုင်ငံသားများသည် လိုအပ်ချက်ပေါင်းများစွာအတွက် စည်ပင်သာယာရေးအဖွဲ့များနှင့် ပုံမှန်ထိတွေ့ဆက်ဆံနေကြရသည်။ စည်ပင်သာယာရေးအဖွဲ့ရုံးဝန်ထမ်းများ၊ ကော်မတီဝင်များကိုတွေ့ဆုံမေးမြန်းခဲ့သော အင်တာဗျူးများတွင် အုပ်ချုပ်ရေးစနစ်နှင့် ဝန်ဆောင်မှုများ၏ အရည်အသွေးအပေါ် အကောင်းမမြင်သော ဒေသခံလူထုထံမှ ကောက်ခံရမည့် ရန်ပုံငွေအပေါ် လုံးဝမီခိုရပ်တည်နေရခြင်းသည် ၎င်းတို့၏ အကြီးဆုံးစိန်ခေါ်မှုဖြစ်သည်ဟု ထောက်ပြကြသည်။ ထိုအခြေအနေနှင့် လူထုနှင့်လည်း ကောင်းမွန်သော ဆက်ဆံရေးများကို တည်ဆောက်နိုင်ရန် အခွင့်အလမ်းရှိခြင်းတို့ကြောင့် စည်ပင်သာယာရေးအဖွဲ့များ၏ အနေအထားမှာ ဗဟိုအစိုးရမှ အပြည့်အဝ ရန်ပုံငွေထောက်ပံ့ပေးသော ကျန်ပြည်ထောင်စုဝန်ကြီးဌာနများအားလုံးနှင့် ကွဲပြားနေသည်။ အကယ်၍ စည်ပင်သာယာရေးအဖွဲ့များကို တုန့်ပြန်ဆောင်ရွက်မှု၊ တာဝန်ခံယူမှုနှင့် ပွင့်လင်းမြင်သာမှုပိုကောင်းသော အဖွဲ့အစည်းများဖြစ်အောင်ဆောင်ရွက်နိုင်ပါက မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးစနစ်သည် တစ်နေ့တခြားပိုကောင်းလာသော ဝန်ဆောင်မှုများကိုပေးနိုင်သည်ဟု သက်သေပြစရာ အကောင်းဆုံး ဌာနဆိုင်ရာ အဖွဲ့အစည်းများဖြစ်လာနိုင်သည်။ ထိုအခြေအနေဖြစ်ပေါ်ရန်အတွက် အကောင်းဆုံး စမှတ်မှာ ဒေသခံလူထုမှ အကောင်းဆုံးဝန်ဆောင်မှုများအတွက် ထိုက်တန်သောအဖိုးအခနှင့် ပူးပေါင်းပါဝင်မှုကိုပေးရန် အဆင်သင့်ဖြစ်နေသော အခြေအနေတစ်ရပ် တည်ဆောက်ခြင်းပင်ဖြစ်သည်။ ထိုအခြေအနေသို့ရောက်သောအခါ လူထုအနေနှင့်လည်း အကောင်းဆုံး ဝန်ဆောင်မှုများ မဟုတ်လျှင် လက်ခံတော့မည်မဟုတ်ချေ။

## ကိုးကားစာရင်း


Aung Myat Kyaw. October 2013. *Study on Myanma Democratic Local Organizations and Laws*. Yangon: Win Win Kyaw Press.

Ba Khin. June 2009. *Gradual Development of Development Affairs Laws & Articles on Development Affairs Works.* Yangon: Taot Taot Win Offset.

Ba U. 2011. *Myanmar Administration*, edited by Ashin Nanda Marlar. Yangon: Pyin Sa Gan Publishing.

Bissinger, Jared and Lynn Maung Maung. February 2014. *Subnational Governments and Business in Myanmar,* Discussion Paper No. 2, Yangon: MDRI-CESD and The Asia Foundation.

Dickenson-Jones, Giles, S Kanay De, and Andrea Smurra. August 2015. *State and Region Public Finances in Myanmar*. Yangon: MDRI-CESD and The Asia Foundation.

Htet Naing Zaw. 2013. 'USDP Announces Surprise Constitutional Amendment Proposal', *The Irrawaddy*, 31 December 2013, http://www.irrawaddy.org/burma/usdp-announces-surprise-constitutional-amendment-proposal.html

Kyi Pyar Chit Saw and Matthew Arnold. October 2014. *Administering the State in Myanmar: An overview of the General Administration Department.* Yangon: MDRI-CESD and The Asia Foundation.

Nixon, Hamish, Cindy Joelene, Kyi Pyar Chit Saw, Thet Aung Lynn, and Matthew Arnold. September 2013. *State and Region Governments in Myanmar*. Yangon: MDRI-CESD and The Asia Foundation.

Robertson, Bart and Cindy Joelene. August 2015. *Local Development Funds in Myanmar*. Yangon: MDRI-CESD and The Asia Foundation.

World Bank. 2015. *East Asia's Changing Urban Landscape: Measuring a Decade of Spatial Growth*. Washington DC: World Bank.


## ဥပဒေ၊ လမ်းညွှန်ချက်များနှင့် နိုင်ငံတော်သမ္မတ၏ အမိန့်ဒီကရီများ


Constitution of the Republic of the Union of Myanmar (2008), Printing and Publishing Enterprise, Ministry of Information, http://www.burmalibrary.org/docs5/Myanmar_Constitution-2008-en.pdf

President's Office Notification No. 27. Formation of District, Township Management Committees and Townships and Villages/Wards Development Support Committees, 26 February 2013,

http://www.president-office.gov.mm/?q=briefing-room/notifications/2013/02/26/id-2800

The Development Committee Laws (State Law and Oder Restoration Council Law No. 5/93), April 1993.

The Law Amending the Development Committee Law (State Law and Order Restoration Council Law No. 2/97), December 1997.


## ပြည်နယ်နှင့်တိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေများ


ဧရာဝတီတိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေ၊ ၂၀၁၂ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၃၊ မေ ၂၀၁၂

တနင်္သာရီတိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေ၊ ၂၀၁၃ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁၂၊ ဒီဇင်ဘာ ၂၀၁၂

ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ၊ ၂၀၁၃ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၃၊ အောက်တိုဘာ ၂၀၁၃

မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေ၊ ၂၀၁၃ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၃၊ ဧပြီ ၂၀၁၃

ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေ၊ ၂၀၁၃ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၅၊ စက်တင်ဘာ ၂၀၁၃

မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေ၊ ၂၀၁၂ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၆၊ အောက်တိုဘာ ၂၀၁၂

စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေ၊ ၂၀၁၂ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၉၊ အောက်တိုဘာ ၂၀၁၂

ကရင်ပြည်နယ်စည်ပင်သာယာရေးဥပဒေ၊ ၂၀၁၂ ကရင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၆၊ ဒီဇင်ဘာ ၂၀၁၂

မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေ၊ ၂၀၁၃ မကွေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၅၊ ဇန်နဝါရီ ၂၀၁၃

ကယားပြည်နယ်စည်ပင်သာယာရေးဥပဒေ၊ ၂၀၁၃ ကယားပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၃၊ မတ် ၂၀၁၃

ချင်းပြည်နယ်စည်ပင်သာယာရေးဥပဒေ၊ ၂၀၁၃ ချင်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၃၊ မတ် ၂၀၁၃

ကချင်ပြည်နယ်စည်ပင်သာယာရေးဥပဒေ၊ ၂၀၁၃ ကချင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၅၊ မေ ၂၀၁၃

ရခိုင်ပြည်နယ်စည်ပင်သာယာရေးဥပဒေ၊ ၂၀၁၃ ရခိုင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁၊ ဧပြီ ၂၀၁၃


ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေ၊ ၂၀၁၃ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၃၊ မတ် ၂၀၁၃

နောက်ဆက်တွဲ ၁။။ တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျား/မ အလိုက် လူဦးရေပျံ့နှံ့နေထိုင်မှု

| တိုင်းဒေသကြီး/ ပြည်နယ် | စုစုပေါင်း | | | မြို့ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| ပြည်ထောင်စု | ၅၀,၂၁၃,၀၆၇ | ၂၄,၂၂၅,၃၀၄ | ၂၅,၉၈၇,၇၆၃ | ၁၄,၈၆၄,၁၁၉ | ၇,၁၁၂,၁၀၅ | ၇,၇၅၂,၀၁၄ | ၃၅,၃၄၈,၉၄၈ | ၁၇,၁၁၃,၁၉၉ | ၁၈,၂၃၅,၇၄၉ |
| ကချင် | ၁,၆၄၃,၀၅၄ | ၈၅၄,၆၃၃ | ၇၈၈,၄၂၁ | ၅၉၀,၄၆၂ | ၂၉၆,၆၇၅ | ၂၉၃,၇၈၇ | ၁,၀၅၂,၅၉၂ | ၅၅၇,၉၅၈ | ၄၉၄,၆၃၄ |
| ကယား | ၂၈၆,၇၃၈ | ၁၄၃,၄၆၀ | ၁၄၃,၂၇၈ | ၇၂,၄၄၄ | ၃၅,၈၄၂ | ၃၆,၆၀၂ | ၂၁၄,၂၉၄ | ၁၀၇,၆၁၉ | ၁၀၆,၆၇၅ |
| ကရင် | ၁,၅၀၂,၉၀၄ | ၇၃၉,၂၃၄ | ၇၆၃,၆၇၀ | ၃၂၉,၁၂၇ | ၁၆၃,၂၆၆ | ၁၆၅,၈၆၁ | ၁,၁၇၃,၇၇၇ | ၅၇၅,၉၆၈ | ၅၉၇,၈၀၉ |
| ချင်း | ၄၇၈,၆၉၀ | ၂၃၀,၀၀၅ | ၂၄၈,၆၈၅ | ၉၉,၉၀၅ | ၄၇,၃၀၀ | ၅၂,၆၀၅ | ၃၇၈,၇၈၅ | ၁၈၂,၇၀၅ | ၁၉၆,၀၈၀ |
| စစ်ကိုင်း | ၅,၃၂၀,၂၉၉ | ၂,၅၁၈,၁၅၅ | ၂,၈၀၂,၁၄၄ | ၉၀၉,၄၇၈ | ၄၂၉,၆၅၄ | ၄၇၉,၈၂၄ | ၄,၄၁၀,၈၂၁ | ၂,၀၈၈,၅၀၁ | ၂,၃၂၂,၃၂၀ |
| တနင်္သာရီ | ၁,၄၀၆,၄၃၄ | ၇၀၀,၄၀၃ | ၇၀၆,၀၃၁ | ၃၃၇,၅၁၃ | ၁၆၄,၆၄၂ | ၁၇၂,၈၇၁ | ၁,၀၆၈,၉၂၁ | ၅၃၅,၇၆၁ | ၅၃၃,၁၆၀ |
| ပဲခူး | ၄,၈၆၃,၄၅၅ | ၂,၃၂၄,၂၁၄ | ၂,၅၃၉,၂၄၁ | ၁,၀၇၀,၃၄၆ | ၅၀၀,၈၄၅ | ၅၆၉,၅၀၁ | ၃,၇၉၃,၁၀၉ | ၁,၈၂၃,၃၆၉ | ၁,၉၆၉,၇၄၀ |
| မကွေး | ၃,၉၁၂,၇၁၁ | ၁,၈၁၄,၉၉၃ | ၂,၀၉၇,၇၁၈ | ၅၉၁,၃၉၆ | ၂၇၂,၆၇၀ | ၃၁၈,၇၂၆ | ၃,၃၂၁,၃၁၅ | ၁,၅၄၂,၃၂၃ | ၁,၇၇၈,၉၉၂ |
| မန္တလေး | ၆,၁၄၅,၅၈၈ | ၂,၉၁၉,၇၂၅ | ၃,၂၂၅,၈၆၃ | ၂,၁၃၇,၀၂၅ | ၁,၀၂၈,၇၇၉ | ၁,၁၀၈,၂၄၆ | ၄,၀၀၈,၅၆၃ | ၁,၈၉၀,၉၄၆ | ၂,၁၁၇,၆၁၇ |
| မွန် | ၂,၀၅၀,၂၈၂ | ၉၈၆,၄၅၄ | ၁,၀၆၃,၈၂၈ | ၅၇၀,၄၃၂ | ၂၇၂,၉၉၉ | ၂၉၇,၄၃၃ | ၁,၄၇၉,၈၅၀ | ၇၁၃,၄၅၅ | ၇၆၆,၃၉၅ |
| ရခိုင် | ၂,၀၉၈,၉၆၃ | ၉၉၂,၉၀၆ | ၁,၁၀၆,၀၅၇ | ၃၅၄,၉၄၁ | ၁၆၇,၆၉၂ | ၁၈၇,၂၄၉ | ၁,၇၄၄,၀၂၂ | ၈၂၅,၂၁၄ | ၉၁၈,၈၀၈ |
| ရန်ကုန် | ၇,၃၅၅,၀၇၅ | ၃,၅၁၇,၄၈၆ | ၃,၈၃၇,၅၈၉ | ၅,၁၅၆,၆၄၆ | ၂,၄၄၁,၆၈၉ | ၂,၇၁၄,၉၅၇ | ၂,၁၉၈,၄၂၉ | ၁,၀၇၅,၇၉၇ | ၁,၁၂၂,၆၃၂ |
| ရှမ်း | ၅,၈၁၅,၃၈၄ | ၂,၉၀၈,၂၅၉ | ၂,၉၀၇,၁၂၅ | ၁,၃၉၄,၆၉၁ | ၆၉၂,၄၉၄ | ၇၀၂,၁၉၇ | ၄,၄၂၀,၆၉၃ | ၂,၂၁၅,၇၆၅ | ၂,၂၀၄,၉၂၈ |
| ဧရာဝတီ | ၆,၁၇၅,၁၂၃ | ၃,၀၁၀,၁၉၅ | ၃,၁၆၄,၉၂၈ | ၈၇၃,၀၄၆ | ၄၁၃,၁၈၁ | ၄၅၉,၈၆၅ | ၅,၃၀၂,၀၇၇ | ၂,၅၉၇,၀၁၄ | ၂,၇၀၅,၀၆၃ |
| နေပြည်တော် | ၁,၁၅၈,၃၆၇ | ၅၆၅,၁၈၁ | ၅၉၃,၁၈၆ | ၃၇၆,၆၆၇ | ၁၈၄,၃၇၇ | ၁၉၂,၂၉၀ | ၇၈၁,၇၀၀ | ၃၈၀,၈၀၄ | ၄၀၀,၈၉၆ |

ရင်းမြစ် - မြန်မာနိုင်ငံ ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ ရွှေ့ပြောင်းလူဦးရေစာရင်း၊ သန်းခေါင်စာရင်းထုတ်ပြန်ချက် အမှတ်(၁)၊ ပြည်သူ့အင်အားဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဩဂုတ်လ ၂၀၁၄၊ (ဇယား - ၃၊ စာမျက်နှာ - ၁၅)

နောက်ဆက်တွဲ ၂။ ပြည်နယ်/တိုင်းဒေသကြီးအစိုးရဖွဲ့စည်းပုံ



**နောက်ဆက်တွဲ ၃။ မြို့နီစီပယ်စီမံခန့်ခွဲမှု၏ ပင်မလုပ်ငန်းတာဝန် (၃၁) ခု**

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ပြဋ္ဌာန်းသော စည်ပင်သာယာရေးအဖွဲ့များဥပဒေ (၅/၉၃) ပါ ပင်မလုပ်ငန်း တာဝန်များ -

(က) မြို့ပြစီမံကိန်းများရေးဆွဲဆောင်ရွက်ခြင်း၊
(ခ) ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
(ဂ) သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
(ဃ) မိလ္လာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
(င) လမ်းမီးပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
(စ) စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများတည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊
(ဆ) ကျွဲ၊ နွား ပွဲဈေးများ တည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊
(ဇ) လမ်းဘေးဈေးဆိုင်များကြီးကြပ်ခြင်း၊
(ဉ) မုန့်ဖိုများ၊ စားသောက်ဆိုင်များ ကြီးကြပ်ခြင်း၊
(ည) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းများ ကြီးကြပ်ခြင်း၊
(ဋ) မီးဘေး၊ ရေဘေး၊ လေဘေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
(ဌ) သားသတ်ရုံများတည်ထောင်ခြင်း၊ စားသုံးရန်ခြေလေးချောင်း တိရစ္ဆာန်များသတ်ဖြတ်ခွင့်ပြုခြင်း၊ အသားရောင်းချခြင်းကို ကြီးကြပ်ခြင်း၊
(ဍ) ကူးတို့လုပ်ငန်းများ စီမံခန့်ခွဲခြင်း၊
(ဎ) အပေါင်ဆိုင်လုပ်ငန်းများ ကြီးကြပ်ခြင်း၊
(ဏ) အနေးယာဉ်များ စီမံခန့်ခွဲခြင်း၊
(တ) လမ်း၊ တံတားများ တည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊
(ထ) လမ်းစည်းကမ်းနှင့် လမ်းအသုံးချမှုသတ်မှတ်ခြင်း၊ လမ်းအမည် သတ်မှတ်ခြင်း၊ အဆောက်အအုံအမှတ် သတ်မှတ်ခြင်း၊
(ဒ) စည်ပင်သာယာရေးအဖွဲ့ပိုင် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊
(ဓ) မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပုဂ္ဂလိကပိုင် အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊
(န) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြို့စည်ပင်သာယာရေးနယ်နိမိတ် ပြင်ပရှိ ကျေးလက်ဒေသတို့တွင် နယ်နိမိတ်ပိုင်းခြား သတ်မှတ်ကြေညာ၍ ယင်းနယ်နိမိတ်အတွင်း ပုဂ္ဂလိကပိုင်အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊
(ပ) ကျူးကျော်အဆောက်အအုံများ ဖျက်သိမ်းခြင်း၊
(ဖ) တည်းခိုခန်းများ ဖွင့်လှစ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊
(ဗ) မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်းကို ကြီးကြပ်ခြင်း၊ တိရစ္ဆာန်အသေကောင်များကို သုတ်သင်ရှင်းလင်းစေခြင်း၊
(ဘ) လေလွင့်သွားလာနေသော ရူးသွပ်သူ၊ ကုဋ္ဌနူနာရောဂါစွဲကပ်သူနှင့် တောင်းရမ်းစားသူများကို ဖမ်းဆီး၍ သက်ဆိုင်ရာသို့ အပ်နှံခြင်း၊
(မ) လေလွင့်သွားလာနေသော တိရစ္ဆာန်များကို ဖမ်းဆီးထိန်းသိမ်းစီမံခန့်ခွဲခြင်း၊
(ယ) ပန်းဥယျာဉ်၊ ပန်းခြံ၊ ကစားကွင်း၊ ရေကူးကန်၊ ရေချိုးဆိပ်၊ အပန်းဖြေနေရာများတည်ထောင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊
(ရ) သုသာန်များသတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် သင်္ချိုင်းစက်များတည်ထောင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊
(လ) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် သုသာန်များကို ဖျက်သိမ်းခြင်း၊ ဖျက်သိမ်းသည့် သုသာန်မြေများကို အခြားနည်း အသုံးပြုခြင်း၊
(ဝ) အများပြည်သူအကျိုးပြု အခြားစည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊
(သ) ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ပေးသည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

**နောက်ဆက်တွဲ ၄။ ။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/၉၃**

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/၉၃ (၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥပဒေ) ပါအခန်းများ

- အခန်း ၁။ အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်
- အခန်း ၂။ စည်ပင်သာယာရေးအဖွဲ့ ဖွဲ့စည်းခြင်း
- အခန်း ၃။ ကော်မတီ ဖွဲ့စည်းခြင်း
- အခန်း ၄။ လုပ်ငန်းတာဝန်များ
- အခန်း ၅။ ကော်မတီ၏ လုပ်ပိုင်ခွင့်များ
- အခန်း ၆။ အခွန်စည်းကြပ်ကောက်ခံခြင်း
- အခန်း ၇။ စည်ပင်သာယာရေးလုပ်ငန်းများ စီမံခန့်ခွဲခြင်း
- အခန်း ၈။ အနေးယာဉ်များစီမံခန့်ခွဲခြင်း
- အခန်း ၉။ ကူးတို့လုပ်ငန်းများစီမံခန့်ခွဲခြင်း
- အခန်း ၁၀။ တိရစ္ဆာန်များသတ်ဖြတ်မှုကို စီမံခန့်ခွဲခြင်း
- အခန်း ၁၁။ ကြီးကြပ်ခြင်း
- အခန်း ၁၂။ အယူခံဝင်ခြင်း
- အခန်း ၁၃။ ဘဏ္ဍာရေး
- အခန်း ၁၄။ ဝန်ထမ်းဖွဲ့စည်းပုံ
- အခန်း ၁၅။ ရန်ပုံငွေထိန်းသိမ်းခြင်း၊ စာရင်းစစ်ဆေးခြင်း
- အခန်း ၁၆။ တားမြစ်ချက်
- အခန်း ၁၇။ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များချမှတ်ခြင်း
- အခန်း ၁၈။ ပြစ်မှုနှင့် ပြစ်ဒဏ်များ
- အခန်း ၁၉။ အထွေထွေ

## နောက်ဆက်တွဲ ၅။ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ နောက်ဆက်တွဲ ဇယား- ၂

## တိုင်းဒေသကြီးနှင့်ပြည်နယ် ဥပဒေပြုစာရင်း

**၁။ ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍ**

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အရအသုံးခန့်မှန်းခြေငွေစာရင်း၊

( ခ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ၊

( ဂ ) မြေယာခွန်၊

(ဃ) ယစ်မျိုးခွန် (မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သည့် ဆေးဝါးများမပါ)၊

( င ) အဆောက်အအုံနှင့် မြေခွန်၊ ရေခွန်၊ လမ်းမီးခွန်၊ ဘီးခွန်စသည့် စည်ပင်သာယာရေးဆိုင်ရာ အခွန်အခများ၊

( စ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ဝန်ဆောင်မှုလုပ်ငန်းများ၊

(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပိုင်ပစ္စည်းများ ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့်အခြားနည်းဖြင့်ဆောင်ရွက်ခြင်း၊

( ဇ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများ ပြည်တွင်း၌ထုတ်ချေးခြင်း၊

(ဈ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများ ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံခြင်း၊

(ည) ဒေသန္တရစီမံကိန်း၊

( ဋ ) အသေးစားငွေချေးလုပ်ငန်း။

**၂။ စီးပွားရေးကဏ္ဍ**

(က) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်သည့် စီးပွားရေးကိစ္စများ၊

(ခ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်သည့် ကုန်သွယ်ရောင်းဝယ်ရေးကိစ္စများ၊

(ဂ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်သည့် သမဝါယမကိစ္စများ။

**၃။ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ**

(က) လယ်ယာစိုက်ပျိုးရေး၊

( ခ ) အပင်နှင့်သီးနှံဖျက်ပိုးမွှားရောဂါ ကာကွယ်ရေးနှင့် နှိမ်နင်းရေး၊

( ဂ ) ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲရေးနှင့် သဘာဝမြေဩဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေး၊

(ဃ) စိုက်ပျိုးရေး ချေးငွေနှင့် စုငွေများ၊

(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသော ဆည်မြောင်း၊ တာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းများ၊

( စ ) ရေချိုငါးလုပ်ငန်း၊

(ဆ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိရိစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျထိန်းကျောင်းရေး

**၄။ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ**

(က) ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး၊

( ခ ) ဆားနှင့်ဆားထွက်ပစ္စည်း၊

( ဂ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကျောက်မျက်ရတနာ ဖြတ်

တောက်ခြင်း၊ သွေးခြင်း၊

(ဃ) ကျေးရွာထင်းစိုက်ခင်း၊

( င ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်။

**၅။ စက်မှုလက်မှုကဏ္ဍ**

(က) ပြည်ထောင်စုအဆင့်က ဆောင်ရွက်ရန် သတ်မှတ်ထားသည့် စက်မှုလုပ်ငန်းများမှအပ အခြားစက်မှုလုပ်ငန်းများ၊

( ခ ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ။

**၆။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ**

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ၊
(ခ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့်လမ်းများ၊ တံတားများ၊
( ဂ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းသာသွားလာသည့် ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး၊

**၇။ လူမှုရေးကဏ္ဍ**

(က) ပြည်ထောင်စုက ချမှတ်ထားသည့် တိုင်းရင်းဆေးဆိုင်ရာ မူဝါဒများနှင့်မဆန့်ကျင်သော တိုင်းရင်းဆေးဆိုင်ရာကိစ္စများ၊
( ခ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း လူမှုဝန်ထမ်းလုပ်ငန်းများ၊
( ဂ ) မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး၊
(ဃ) ကုန်တင်ကုန်ချလုပ်ငန်း၊
( င ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် –

(၁) ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေး၊

(၂) ပြတိုက်နှင့်စာကြည့်တိုက်များ။

( စ ) ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ၊
(ဆ) ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများ။


**၈။ စီမံခန့်ခွဲရေးကဏ္ဍ**

(က) စည်ပင်သာယာရေး၊
( ခ ) မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေး၊
( ဂ ) ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ။

**နောက်ဆက်တွဲ ၆။ မြန်မာနိုင်ငံတွင် စည်ပင်သာယာရေးဥပဒေများ အဆင့်ဆင့်ပြောင်းလဲလာပုံ**

| *ဥပဒေများ* | အတည်ပြုပြဌာန်းသူ | ပြင်ဆင်သည့်ခုနှစ် | ဖျက်သိမ်းသည့် ခုနှစ် |
|---|---|---|---|
| *မြူနီစီပယ် ဥပဒေ၊ ၁၈၄၇* | ဗြိတိသျှအစိုးရ | | |
| *ဟက်ကနေ ကယ်ရီရေ့ချ် ဥပဒေ၊ ၁၈၇၉* | ဗြိတိသျှအစိုးရ | | နဝတ၊ ၁၉၉၃ |
| *ဘားမားမြူနီစီပယ်အက်ဥပဒေ၊ ၁၈၈၄* | ဗြိတိသျှအစိုးရ | | |
| *အထက်မြန်မာပြည်ဥပဒေ၊ ၁၈၈၇* | ဗြိတိသျှအစိုးရ | | |
| *ပုဂ္ဂလိကအိမ်ရာများစီမံခန့်ခွဲမှု ဥပဒေ၊ ၁၈၉၂* | ဗြိတိသျှအစိုးရ | | နဝတ၊ ၁၉၉၃ |
| *မြူနီစီပယ်အက်ဥပဒေ၊ ၁၈၉၈* | ဗြိတိသျှအစိုးရ | | နဝတ၊ ၁၉၉၃ |
| *ကူးတို့လုပ်ငန်းဥပဒေ၊ ၁၈၉၈* | ဗြိတိသျှအစိုးရ | | နဝတ၊ ၁၉၉၃ |
| *အစိုးရအဆောက်အဦများဥပဒေ၊ ၁၈၉၉* | ဗြိတိသျှအစိုးရ | | နဝတ၊ ၁၉၉၃ |
| *ဒေသန္တရ အစိုးရများငွေချေးခြင်း ဥပဒေ၊ ၁၉၁၄* | ဗြိတိသျှအစိုးရ | | နဝတ၊ ၁၉၉၃ |
| *မြန်မာကျေးလက်ကိုယ်ပိုင်အုပ်ချုပ်ရေး ဥပဒေ၊ ၁၉၂၁* | ဗြိတိသျှအစိုးရ | | နဝတ၊ ၁၉၉၃ |
| *ဒေသန္တရအစိုးရများ (ယာယီရုပ်သိမ်းခြင်း) ဥပဒေ၊ ၁၉၄၆* | ဗြိတိသျှအစိုးရ | | နဝတ၊ ၁၉၉၃ |
| *အဆောက်အအုံဥပဒေ (ဆောက်လုပ်ခြင်းနှင့် ပြင်ဆင်မွမ်းမံခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ)၊ ၁၉၄၆* | ဗြိတိသျှအစိုးရ | | နဝတ၊ ၁၉၉၃ |
| *ကျွဲနွားများသတ်ဖြတ်ခြင်းကို တားမြစ်သည့် ဥပဒေ၊ ၁၉၄၇* | ဗြိတိသျှအစိုးရ | | နဝတ၊ ၁၉၉၃ |
| *ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး ဥပဒေ၊ ၁၉၅၃* | မြန်မာနိုင်ငံအစိုးရ ၁၉၅၃ | | တော်လှန်ရေးကောင်စီ၊ ၁၉၆၂ |
| *မြူနီစီပယ်ဥပဒေ၊ ၁၉၈၄* | မဆလအစိုးရ | | တည်ဆဲ |
| *စည်ပင်သာယာရေးအဖွဲ့များဥပဒေ၊ ၁၉၉၃* | နဝတ အစိုးရ | နယက (၁၉၉၇) | |
| *ပြည်နယ်နှင့်တိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေများ* | ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်များ (၂၀၁၂-၂၀၁၄) | | |

**နောက်ဆက်တွဲ ၇ ။ ။ ပြည်နယ်နှင့်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံးများ၏ ဖွဲ့စည်းပုံဇယား**



## နောက်ဆက်တွဲ ၈ ။ ။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖွဲ့စည်းတည်ထောင်ရခြင်း၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) နိုင်ငံတော်မှဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများကို ဝိုင်းဝန်း ဆောင်ရွက်ပေးရန်။

(ခ) ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်နှင့် မြို့ပြနှင့် ကျေးလက် လူမှုစီးပွားဘဝ ကွာဟမှု ကျဉ်းမြောင်းစေရန်။

(ဂ) မြန်မာ့ကျေးလက်ယဉ်ကျေးမှုကိုထိန်းသိမ်းရန်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် အဓိက လုပ်ငန်းစဉ် (၁၂) ရပ်ချမှတ်ပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။ ၎င်းတို့မှာ-

(က) ကျေးရွာချင်းဆက်၊ ကျေးလက်နှင့်မြို့ဆက်နှင့် ခရိုင်ချင်းဆက် လမ်း/တံတားများ တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ခ ) ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်ပေးခြင်း၊

(ဂ ) ကျေးလက်ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဃ) ကျေးရွာများ တည်ဆောက်ပေးခြင်း၊

(င ) ကျေးလက်မီးလင်းရေးဆောင်ရွက်ခြင်း၊

(စ ) ကျေးလက်ကုန်ထုတ်လုပ်ငန်းများ ဖော်ထုတ်ဆောင်ရွက်ပေးခြင်း၊

(ဆ ) ကျေးလက်စီးပွားရေးလုပ်ငန်းများ ဖော်ထုတ်ဆောင်ရွက်ပေးခြင်း၊

(ဇ ) ကျေးလက်ပြည်သူများအတွက် အသေးစားချေးငွေလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဈ ) ကျေးလက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်း၊

(ည ) ကျေးလက်ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများ ဖော်ထုတ်ထိန်းသိမ်းခြင်း၊


(ဋ ) မြို့ပြနှင့်ကျေးလက်လူမှုစီးပွားဘဝ ကွာဟမှုကျဉ်းမြောင်းစေရေးအတွက် မဟာဗျူဟာအစီအမံများ ချမှတ်ဆောင်ရွက်ပေးခြင်း၊

(ဌ ) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ် (၈)ရပ်တွင် အကျုံးဝင်သော ကိစ္စရပ်များ ဆောင် ရွက်ပေးခြင်း။


ရင်းမြစ် - ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အင်တာနက်စာမျက်နှာ
HTTP://WWW.DRDMYANMAR.ORG/INDEX.PHP?PAGE=YWJVDXQ

နောက်ဆက်တွဲ ၉ ။ ။ မြို့နယ်စည်ပင်သာယာရေးရုံးအဖွဲ့ ဖွဲ့စည်းပုံ

(က) အဆင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဖွဲ့စည်းပုံ



နောက်ဆက်တွဲ ၁၀။ ။ စည်ပင်သာယာရေးအဖွဲ့များ၏ ဒဏ်ငွေနှင့် ပြစ်ဒဏ်များကွာခြားမှု နမူနာ



**နောက်ဆက်တွဲ ၁၁။ ။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား (၅)**

**တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များက ကောက်ခံရမည့်အခွန်အခများ**

၁။ မြေယာခွန်၊

၂။ ယစ်မျိုးခွန်၊

၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် ဆည်များ၊ တာတမံများကိုအရင်းခံသည့် ရေခွန်၊ တာတမံခွန်နှင့် ထိုဆည်များ၊ တာတမံများ၏ ရေအားဖြင့်ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားသုံးစွဲခ၊

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့်လမ်းများ၊ တံတားများဖြတ်သန်းခ၊

၅။ (က) ရေချိုငါးလုပ်ငန်းအပေါ်တွင် စည်းကြပ်ကောက်ခံသည့် ဘဏ္ဍာတော်ကြေး၊ ( ခ ) သတ်မှတ်ထားသော အကွာအဝေး အတွင်း ပင်လယ်ငါးဖမ်းလုပ်ငန်းအပေါ်တွင် စည်းကြပ်ကောက်ခံသည့် ဘဏ္ဍာတော်ကြေး။

၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်း၊ ရေလမ်းသုံးယာဉ်များဆိုင်ရာ ဥပဒေအရစည်းကြပ်သောအခွန်၊

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပိုင်ပစ္စည်းများ ရောင်းရငွေနှင့် ငှားရမ်းခများ၊ ယင်းပစ္စည်းများမှ ရရှိသော အခြားအကျိုး အမြတ်များ၊

၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဝန်ဆောင်မှုလုပ်ငန်းများအတွက် သတ်မှတ်ကောက်ခံသည့် အခကြေးငွေများ၊ အခွန်အခများနှင့် အခြားရငွေများ၊

၉။ တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် အပါအဝင်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ တရားရုံးများက ချမှတ်သည့် ဒဏ်ငွေများ၊ ဝန်ဆောင်မှုအတွက် ကောက်ခံသည့် အခွန်အခများနှင့် အခြားရငွေများ၊

၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများ ထုတ်ချေးသဖြင့် ရရှိသောအတိုးများ၊

၁၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုဖြင့်ရရှိသည့် အကျိုးအမြတ်များ၊

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ သစ်တောများမှ အောက်ပါပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်အခများ -

(က) ကျွန်းနှင့်သတ်မှတ်သောသစ်မာများမှအပ ကျန်သစ်များအပေါ်တွင် ကောက်ခံသည့် အခွန်၊

( ခ ) ထင်း၊ မီးသွေး၊ ကြိမ်၊ ဝါး၊ ငှက်သိုက်၊ ရှားစေး၊ သနပ်ခါး၊ ထင်းရှူးဆီ၊ သစ်မွှေး၊ ပျားထွက်ပစ္စည်းများ စသည်တို့အပေါ် ကောက်ခံသည့်အခွန်။

၁၃။ မှတ်ပုံတင်ကြေး၊

၁၄။ ပွဲခွန်၊

၁၅။ ဆားခွန်၊

၁၆။ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ရရှိသည့်ဘဏ္ဍာငွေများ၊

၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ စည်ပင်သာယာရေးဆိုင်ရာအဖွဲ့အစည်းများ၏ ထည့်ဝင်ငွေများ၊

၁၈။ ပိုင်ရှင်မပေါ်သော သွင်းထားငွေများနှင့်ပစ္စည်းများ၊

၁၉။ ရတနာသိုက်။

**နောက်ဆက်တွဲ - ၁၂။ ။ မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

ဖွဲ့စည်းပုံ

| | |
|---|---|
| ၁) ရွေးချယ်တင်မြှောက်ခံ မြို့မိမြို့ဖ | ဥက္ကဋ္ဌ |
| ၂) စည်ပင်အရာရှိ (အမှုဆောင်အရာရှိ) | အတွင်းရေးမှူး |
| ၃) လူမှုရေးရာ ကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၄) စီးပွားရေး ကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၅) ပညာရှင် ကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၆) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၇) ဒုတိယဦးစီးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |

**တာဝန်နှင့် ဝတ္တရားများ**

၁) မွန်ပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုနှင့်အတူ မြို့နယ်ကော်မတီသည် အောက်ပါ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်။

(က) ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရ၊ ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများထံမှ အတိုးနှင့် ချေးငွေရယူခြင်း။

(ခ) ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ တစ်ဦးတစ်ယောက်ချင်း၏ ပံ့ပိုးမှုနှင့် စည်ပင်သာယာရေး ကိစ္စရပ်များကို ဆောင်ရွက်ခြင်း။

၂) ကော်မတီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲခံနိုင်ခွင့်ရှိသည်။

၃) ရန်ပုံငွေများကို သီးခြားဘဏ်စာရင်းများဖြင့် ထိန်းသိမ်းထားရှိပြီး စည်ပင်လုပ်ငန်းများအတွက် အသုံးပြုသည်။ လိုအပ်ချက်အရ ရန်ပုံငွေ တိုးမြှင့်ခြင်းများလည်းရှိသည်။

၄) နိုင်ငံရပ်ခြားရင်းမြစ်များမှ ရရှိသော ရန်ပုံငွေများကို သီးခြားဘဏ်စာရင်းများဖြင့် ထိန်းသိမ်းထားရှိပြီး ဝန်ကြီးချုပ်၏ ခွင့်ပြုမိန့်နှင့် သုံးစွဲနိုင်သည်။

၅) ဥပဒေနှင့် လျော်ညီစွာ လျှောက်ထားပြီး ပုဂ္ဂလိကဘဏ်စာရင်းများ ဖွင့်လှစ်နိုင်သည်။

၆) ရန်ပုံငွေကို စီမံခန့်ခွဲခြင်း၊ စာရင်းကိုင်ခြင်းနှင့် စာရင်းစစ်ခြင်းများ လုပ်ဆောင်ရမည်။

၇) ကျေးရွာအုပ်စုများမှ တင်ပြလာသော ဦးစားပေးလုပ်ငန်းများကို မွန်ပြည်နယ်စည်ပင်သာယာရေးကော်မတီသို့ တင်ပြပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် တွဲဖက်လုပ်ဆောင်ရမည်။

၈) မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကို အကြံဉာဏ်ပေးခြင်း၊ လူထုစည်းရုံးခြင်းလုပ်ငန်းများတွင် ပါဝင်ရမည်။

၉) မြို့နယ်စည်ပင်သာယာရေး လုပ်ထုံးလုပ်နည်းများအတွက် လူထုကို စည်းရုံးခြင်း ၊အသိပေးခြင်းများ လုပ်ကိုင်ရမည်။

၁၀) မွန်ပြည်နယ် အစိုးရနှင့် မွန်ပြည်နယ် စည်ပင်သာယာရေးကော်မတီမှ တာဝန်ပေးထားသော လုပ်ငန်းများကို ဆောင်ရွက်ရမည်။

၁၁) မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ အကြံပြုချက်များနှင့် နည်းလမ်းများကို မွန်ပြည်နယ်စည်ပင်သာယာရေးကော်မတီသို့ တင်ပြပြီး ခွင့်ပြုပါက အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၁၂) မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ကော်မတီအတွင်းရေးမှူး) သည် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကော်မတီ၏ ဆုံးဖြတ်ချက်များအတိုင်း ရန်ပုံငွေ သုံးစွဲရမည်။

၁၃) လိုအပ်ပါက မြို့နယ်စည်ပင်သာယာရေးအတွက် ၅ နှစ်စာ ခန့်မှန်းဘတ်ဂျက်ကို ရေးဆွဲရမည်။

၁၄) မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တင်ပြသော အကြံပြုချက်များနှင့် ထောက်ခံချက်များကို မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ မဆောင်ရွက်နိုင်ပါက မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့သို့ တင်ပြရမည်။

၁၅) မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့သည် အောက်ပါကိစ္စရပ်များကို စောင့်ကြည့်ခြင်း၊ ကြီးကြပ်ခြင်း၊ သဘောတူညီခြင်း၊ ခွင့်ပြုခြင်းများ လုပ်ဆောင်ရမည်။

(က) နိုင်ငံ့ဝန်ထမ်း ဥပဒေအရ မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းတာဝန်များ ထမ်းဆောင်ခြင်း၊

(ခ) ဘဏ္ဍာရေး ဝန်ကြီးဌာန၏ စည်းမျဉ်းစည်းကမ်းများနှင့် အညီ ဘဏ္ဍာရေးကိစ္စရပ်များ ဆောင်ရွက်ခြင်း၊

(ဂ) ပြည်ထောင်စု စာရင်းစစ်ရုံး၏ စည်းမျဉ်းစည်းကမ်းများနှင့် အညီ စာရင်းစစ်ကိစ္စရပ်များ ဆောင်ရွက်ခြင်း၊

(ဃ) မြို့နယ်စည်ပင်သာယာရေးဥပဒေနှင့် ပြင်ဆင်ချက်များအရ ဝန်ထမ်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) ဘဏ္ဍာရေး လုပ်ငန်းများနှင့် စာရင်းစစ် လုပ်ငန်းများ

၁၆) မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ အစီရင်ခံစာကို မွန်ပြည်နယ်စည်ပင်သာယာရေးကော်မတီသို့ တင်ပြရမည်။

## နောက်ဆက်တွဲ- ၁၃။ ။ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများကိုယ်တိုင်ထုတ်ဖော်ပြောကြားသော အဖွဲ့အစည်း ဖွံ့ဖြိုးမှုဆိုင်ရာ လိုအပ်ချက်များ

၂၀၁၅ ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် အလုပ်ရုံဆွေးနွေးပွဲများအားပြုလုပ်ခဲ့ပြီး၊ စည်ပင်သာယာရေးအဖွဲ့ဝင် (၄၀၀) ကျော်တက်ရောက်ခဲ့ပါသည်။

| | အဓိကဦးစားပေးချက်များ/လိုအပ်ချက်များ | လိုအပ်သော အလုပ်ရုံဆွေးနွေးပွဲသင်တန်းများ |
|---|---|---|
| *တောင်ကြီး၊ ရှမ်းပြည်နယ်* | - | ၁။ စီမံခန့်ခွဲမှုနှင့် ဦးဆောင်မှုအရည်အသွေး<br>၂။ ပြည်သူလူထု ထိတွေ့ဆက်ဆံရေး၊ ပြည်သူလူထု ပူးပေါင်းပါဝင်မှု<br>၃။ ပြည်သူများပါဝင် စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း<br>၄။ ဘဏ္ဍာရေး စီမံခန့်ခွဲမှု၊ ဘက်ဂျက်ရေးဆွဲခြင်းနှင့် ပစ္စည်းဝယ်ယူရေး<br>၅။ အဖွဲ့၏ မဟာဗျူဟာနှင့် ပန်းတိုင်များဖော်ဆောင်ခြင်း<br>၆။ အဖွဲ့လိုအပ်ချက်များအား စမ်းစစ်ခြင်း<br>၇။ စီမံကိန်းနှင့်လုပ်ငန်းလုပ်ဆောင်နိုင်မှု စီမံခန့်ခွဲခြင်း<br>၈။ ဌာနချင်းပူးပေါင်းဆောင်ရွက်ခြင်း<br>၉။ ဝန်ထမ်းအရည်အသွေး - တာဝန်နှင့်လုပ်ငန်းဖော်ဆောင်နိုင်မှုများအား အကဲဖြတ်ခြင်း |
| *ပုသိမ်၊ ဧရာဝတီတိုင်းဒေသကြီး* | ၁။ သောက်သုံးရေ မလုံလောက်ခြင်း။<br>၂။ ပြည်သူလူထုပူးပေါင်းပါဝင်မှု အားနည်းခြင်း<br>၃။ အခွန်ရှောင်ခြင်း၊ အခွန်အခကောက်ခံခြင်း<br>၄။ ကော်မတီပေါင်းစပ်ညှိနှိုင်းမှုအားနည်းခြင်း<br>၅။ စည်ပင်သာယာရေးဥပဒေသိနားလည်မှု<br>၆။ ဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်းမှုအားနည်းခြင်း<br>၇။ ဝန်ထမ်းနည်းပါးခြင်း၊ ပင်စင်နှင့်လစာ | ၁။ အဖွဲ့လိုအပ်ချက်များအား စမ်းစစ်ခြင်း<br>၂။ အဖွဲ့၏ မဟာဗျူဟာနှင့် ပန်းတိုင်များဖော်ဆောင်ခြင်း<br>၃။ စီမံကိန်းနှင့်လုပ်ငန်းလုပ်ဆောင်နိုင်မှု စီမံခန့်ခွဲခြင်း<br>၄။ ပြည်သူလူထု ထိတွေ့ဆက်ဆံရေး၊ ပြည်သူလူထု ပူးပေါင်းပါဝင်မှု<br>၅။ စီမံခန့်ခွဲမှုနှင့် ဦးဆောင်မှုအရည်အသွေး<br>၆။ အဖွဲ့လုပ်ဆောင်ချက်များအား မြေပုံရေးဆွဲခြင်း<br>၇။ ဝန်ထမ်းအရည်အသွေး - တာဝန်နှင့်လုပ်ငန်းဖော်ဆောင်နိုင်မှုများအား အကဲဖြတ်ခြင်း<br>၈။ ပြည်သူများပါဝင် စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း |
| *ဟင်္သာတ၊ ဧရာဝတီတိုင်းဒေသကြီး* | ၁။ လမ်း၊တံတား အဆင့်မြှင့်တင်ခြင်း<br>၂။ ရေစီးရေလာကောင်းမွန်ရေး (ခြင်အန္တရာယ် – သွေးလွန်တုပ်ကွေး)<br>၃။ အမှိုက်အညစ်အကြေးစွန့်ပစ်ခြင်း<br>၄။ ယာဉ်ယန္တရားဝယ်ယူရေး (backhoe, garbage truck, fire engine, water truck, vacuum truck)<br>၅။ သန့်ရှင်းသောရေပေးဝေရေး<br>၆။ ဈေးများ၊ ဈေးနေရာများ ပြင်ဆင်ထိန်းသိမ်းခြင်း<br>၇။ လမ်းမီးထွန်းညှိခြင်း<br>၈။ ပန်းဥယျာဉ်နှင့် ကစားကွင်းများ<br>၉။ အဝေးပြေးယာဉ်ရပ်နားစခန်းများ<br>၁၀။ လမ်းအမှတ်အသားများ<br>၁၁။ မြို့တော်ခန်းမအသစ်တည်ဆောက်ခြင်း | ၁။ အဖွဲ့လိုအပ်ချက်များအား စမ်းစစ်ခြင်း<br>၂။ စီမံကိန်းနှင့်လုပ်ငန်းလုပ်ဆောင်နိုင်မှု စီမံခန့်ခွဲခြင်း<br>၃။ အဖွဲ့၏ မဟာဗျူဟာနှင့် ပန်းတိုင်များဖော်ဆောင်ခြင်း<br>၄။ စီမံခန့်ခွဲမှုနှင့် ဦးဆောင်မှုအရည်အသွေး<br>၅။ အခြား - တစ်ဦးချင်းအရည်အသွေးမြှင့်တင်ရေး၊ ဝေဖန်ပိုင်းခြားမှုအရည်အသွေး၊ နည်းပညာအသစ်များ<br>၆။ ဌာနချင်းပူးပေါင်းဆောင်ရွက်ခြင်း<br>၇။ ပြည်သူလူထု ထိတွေ့ဆက်ဆံရေး၊ ပြည်သူလူထု ပူးပေါင်းပါဝင်မှု<br>၈။ ဝန်ထမ်းအရည်အသွေး - တာဝန်နှင့်လုပ်ငန်းဖော်ဆောင်နိုင်မှုများအား အကဲဖြတ်ခြင်း |

| | | |
|---|---|---|
| *မော်လမြိုင်၊ မွန်ပြည်နယ်* | ၁။ ထိရောက်မှုမရှိသော အလုပ်ရုံဆွေးနွေးပွဲများအား စိတ်ပျက်ခြင်း<br>၂။ အဖြေထုတ်နိုင်သော ထိရောက်သည့်အလုပ်ရုံဆွေးနွေးပွဲများသာလိုချင်<br>၃။ ပြည်နယ်အဆင့်တာဝန်ရှိသူများသည် နိုင်ငံတကာအလှူရှင်အဖွဲ့များနှင့် ထိတွေ့မှုများသည်ဟုထင်ရ<br>၄။ ဦးစားပေးဖော်ထုတ်ထားသော အလုပ်ရုံဆွေးနွေးပွဲများသာပြုလုပ်လို<br>၅။ တိကျသော စွမ်းရည်မြှင့်လုပ်ငန်းများအား (က) ပထဝီဒေသအလိုက် သို့မဟုတ် (ခ) သက်ဆိုင်ရာကဏ္ဍအလိုက် ပြုလုပ်လို | - |
| *ထားဝယ်၊ တနင်္သာရီတိုင်းဒေသကြီး* | ၁။ ရန်ပုံငွေမရှိခြင်း - အခွန်အခနှုန်းများမည်သို့တိုးသင့်<br>၂။ ပြည်သူလူထု ဥပဒေလိုက်နာမှုတိုးစေခြင်း<br>၃။ ရေစီးရေလာအခက်အခဲ<br>၄။ လုံလောက်သော ယာဉ်ယန္တရားစက်ပစ္စည်း မရှိခြင်း<br>၅။ ဘေးကင်းသော သောက်သုံးရေပေးဝေရေး | ၁။ အဖွဲ့လိုအပ်ချက်များအား စမ်းစစ်ခြင်း<br>၂။ အဖွဲ့၏ မဟာဗျူဟာနှင့် ပန်းတိုင်များဖော်ဆောင်ခြင်း<br>၃။ စီမံကိန်းနှင့်လုပ်ငန်းလုပ်ဆောင်နိုင်မှု စီမံခန့်ခွဲခြင်း<br>၄။ ပြည်သူလူထု ထိတွေ့ဆက်ဆံရေး၊ ပြည်သူလူထု ပူးပေါင်းပါဝင်မှု<br>၅။ ဘဏ္ဍာရေး စီမံခန့်ခွဲမှု၊ ဘက်ဂျက်ရေးဆွဲခြင်းနှင့် ပစ္စည်းဝယ်ယူရေး<br>၆။ အဖွဲ့လုပ်ဆောင်ချက်များအား မြေပုံရေးဆွဲခြင်း |

*မြန်မာနိုင်ငံဒေသဆိုင်ရာအုပ်ချုပ်မှုစနစ်ဆွေးနွေးချက်စာတမ်းများ* သည် မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ်အဖွဲ့အစည်း၊ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (MDRI-CESD) နှင့် အာရှဖောင်ဒေးရှင်း (The Asia Foundation) တို့အကြား သုတေသနပူးပေါင်းဆောင်ရွက်မှု ကြိုးပမ်းချက် တစ်ရပ်ဖြစ်သည်။ ဤဆွေးနွေးချက်စာတမ်းများသည် နိုင်ငံအဆင့်နှင့် ဒေသန္တရအဆင့်ရှိ မူဝါဒ ချမှတ်သူများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ စီးပွားရေးနယ်ပယ်၊ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့်တကွ အခြားသော စိတ်ပါဝင်စားကြသည့် သက်ဆိုင်သူများအားလုံးအား မူဝါဒနှင့် ပြုပြင်ပြောင်းလဲခြင်း ဖြစ်စဉ်များအပေါ် တိုက်ရိုက်အသိပေးသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များအား အချိန်မီ သုတေသနပြုလုပ် တင်ပြနိုင်ရန် ရည်ရွယ်သည်။ ဤစာတမ်းများအတွက် ပြုလုပ်သည့် သုတေသနများတွင် အစိုးရ၊ နိုင်ငံရေးနယ်ပယ်၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ရပ်ရွာလူမှု အသိုက်အဝန်းများထံမှ အမြင်များကို ထည့်သွင်းလေ့လာထားပြီး ဆီလျော်မှုအရှိနိုင်ဆုံး မူဝါဒ ဆန်းစစ်လေ့လာချက် နှင့် နိုင်ငံတကာမှ အတွေ့အကြုံများကိုလည်း တင်ပြထားပါသည်။ MDRI-CESD နှင့် အာရှဖောင်ဒေးရှင်းတို့အနေဖြင့် ထုတ်ဝေခဲ့ပြီးဖြစ်သော၊ ဆောင်ရွက်ဆဲဖြစ်သော၊ ရှေ့တွင် ဆောင်ရွက်မည်ဖြစ်သော သုတေသနများအပေါ် ပါဝင် အကြံပြု ဆွေးနွေးမှုများကို ကြိုဆိုပါသည်။


The Asia Foundation

No. 21, Bo Yar Zar Street
14 Ward, Kyauk Kone
Yankin Township
Yangon, Myanmar

MDRI CESD

No. 27, Pyay Road, 6 ½ Mile
Hlaing Township
Yangon, Myanmar


Photo by : Thi Dar Nwe & Susanne Kempel